www.free4readers.com

news Watch
WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၃၅) ၁၆-၁၁-၂၀၁၉ (စနေ)



## ပါမောက္ခချုပ်ဆရာတော်ကြီးကို သာသနာရေးဝန်ကြီးက နုတ်ထွက်ခိုင်းခြင်း မဟုတ်ဘဲ ဆရာတော်ကြီး၏ ဆန္ဒအရ အနားယူခြင်းဖြစ်ဟုသိရ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသကို သာသနာရေးဝန်ကြီးက ရာထူးမှ နုတ်ထွက်ခိုင်းခြင်း စာ(၃)သို့

## လသာမြို့နယ်တွင် လမ်းဘေးပလက်ဖောင်းကို သန်း ၈၀ ကျော် အကုန်အကျခံ၍ ပြည်သူများ အပန်းဖြေနိုင်ရန် အကြီးစားပြုပြင် ဆောင်ရွက်နေ

အချပ်ပို တောင်းယူပါ။

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်တွင် အများပြည်သူအပန်းဖြေနေရာ ဖြစ်ပေါ်လာစေရေးအတွက် လူသွားစင်္ကြံ (ပလက်ဖောင်း)အား တိုးချဲ့ပြင်ဆင်ဆောင်ရွက်နေကြောင်း လသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်က News Watch သို့ ပြောသည်။ အများပြည်သူအပန်းဖြေနေရာ စာ(၁၈)သို့

## ၂၀၂၀ ရွေးကောက်ပွဲတွင် ကြိုတင်မဲဖြင့် အနိုင်ယူတာမျိုး မဖြစ်စေရဟု ရွေး/ကော်ဥက္ကဋ္ဌ ပြော

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်မဲဖြင့်အနိုင်ယူတာမျိုးမဖြစ်စေရဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြောသည်။ နေပြည်တော်ရှိ Grand Amara Hotel ၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းတွင် ၎င်းကအထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ "ပြီးခဲ့တဲ့ကာလတုန်းက ကြည့်ရင် ကြိုတင်မဲကိစ္စ လူထုကြားမှာ စာ(၂၄)သို့

# ဘွဲ့နှင်းသဘင်နဲ့ တရုတ်နဂါး

စာ(၁၃)သို့

ရန်ကုန်တက္ကသိုလ်ရဲ့ ဘွဲ့နှင်းသဘင် အဆောက်အဦးအပေါ်က တရုတ်နဂါး ဘယ်လိုရောက်လာသလဲ...



ဓာတ်ပုံ-ရွှေဖိး

## ဘယ်တော့မှ ပြင်ခွင့်ရမှန်းမသိသည့် ၂၀၀၈ ခြေ/ဥကို ထိုင်စောင့်နေ၍မရဟု ထွန်းအိန္ဒြာဗိုလ် ပြော

ဘယ်တော့မှပြင်ခွင့်ရမှန်းမသိသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိုင်စောင့်နေ၍မရဟု ထွန်းအိန္ဒြာဗိုလ်က ပြောဆိုလိုက်သည်။ "ကျွန်မတယောက်ထဲရဲ့ အမြင်လေးပါရှင့်။ ၂၀၀၈ ခြေ/ဥ က ပြင်ကို ပြင်ရမှာပါ။ ဒါပေမဲ့ ဘယ်တော့မှ ပြင်ခွင့်ရမယ် မသိတာကို ထိုင်စောင့်နေလို့တော့ မရဘူးထင်တယ်။ ခြေ/ဥ မပြင်သေးသော်လည်း ခြေ/ဥ နဲ့ တားမြစ်လို့ မရတဲ့ တိုင်းပြည်တိုးတက်ရေးတွေကို စာ(၂၃)သို့

## ပင်လယ်စာတိုးမြှင့်တင်ပို့နိုင်ရန် အီးယူနှင့်ဆွေးနွေးနေချိန် မြန်မာ့ငါးဖမ်းလုပ်ငန်းတွင် လုပ်သားကျွန်ပြုမှုများရှိနေကြောင်း ဂါးဒီးယန်းသတင်းဌာနဖော်ပြ



ထိုင်းနိုင်ငံ ငါးဖမ်းလုပ်ငန်းတွင် အဓမ္မခိုင်းစေမှုနှင့် လုပ်သားကျွန်ပြုမှုများ ရှိနေသည်ဆိုသောသတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေချိန်တွင် အခြားနိုင်ငံများတွင်လည်း အလားတူကိစ္စရပ်များ ဖြစ်ပေါ်နေခြင်းကို ကမ္ဘာက သတိမပြုမိကြချေ။

၎င်းနိုင်ငံများမှ ထွက်ရှိသောရေထွက်ပစ္စည်းအများစုမှာ ပြည်တွင်းစားသုံးမှုအတွက်သာ အသုံးပြုခြင်းကြောင့် စာ(၂၃)သို့

## ယာဉ်အမည်ပြောင်းခွန်နှင့် ကားဝယ်ရောင်းပြဿနာ

■ သာထက်စံ

"အခွန်ကောက်တယ်ဆိုတာ ကောက်သင့်ကောက်ထိုက်တယ်ဆိုရင်ကောက်ပါ။ မော်တော်ကားဆိုတာ စပြီးသွင်းလာကတည်းက သိန်း ၅၀ လောက်ပဲ ရှိတဲ့ကားက အခွန်နဲ့ပေါင်းရင် သိန်း ၂၀၀ လောက်ဖြစ်နေတယ်။ အခွန်ပေါင်းမြောက်မြားစွာပေးပြီး ကားသွင်းရတာ။ ဒါကို အခုအမည်ပြောင်းခွန် ထပ်ကောက်မယ်ဆိုတာ မဖြစ်သင့်ပါဘူး" စာ(၃၈)သို့

## YBS ငွေချေကတ် ၃၅၀၀၀ ကို စာသင်ကျောင်းနှင့် ဆေးရုံများတွင် အခမဲ့ဖြန့်ဝေပေးသွားမည်



YBS ယာဉ်လိုင်းများတွင် အသုံးပြုမည့်ငွေပေးချေကတ် ၃၅၀၀၀ ကို ဒီဇင်ဘာလဆန်းမှစတင်၍ အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ကတ်စနစ်အသုံးပြုရေး တင်ဒါအောင်ထားသော အေးရှားစတားမားကုမ္ပဏီမှသိရသည်။ ယခုလကုန်ပိုင်းမှ စာ(၁၈)သို့

## မန်းစည်ပင်၏ မြေကွက်တန်ဖိုးသတ်မှတ်မှု အချို့နေရာများတွင် ပေါက်ဈေးထက် မြင့်နေ၍ ပြန်ညှိပေးရန် တိုင်းအစိုးရထံ စာတင်ထား

စာ(၁၇)သို့

ဖြစ်ပေါ်ပြောင်းလဲနေသော ကမ္ဘာ့အရေး၊ မြန်မာ့အရေးသတင်းများကို News Watch က စောင့်ကြည့်နေသည်။

www.free4readers.com






# ဒေါ်နယ်ထရန့် ဖောက်ခွဲလိုက်သည့် နောက်ထပ်ဗုံးတလုံး

SM

ဒေါ်နယ်ထရန့်သည် ၂၀၁၆ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်စဉ် အကယ်၍ သူသာသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရလျှင် အမေရိကန်၏ အကျိုးစီးပွားကို ထိခိုက်စေသည့်စာချုပ်၊ သဘောတူညီချက်များမှ နုတ်ထွက်ခြင်း သို့မဟုတ် ပြန်လည်ညှိနှိုင်းခြင်းများ ပြုလုပ်မည်ဟု ကတိပြုခဲ့သည်။

သို့ဖြစ်၍ သမ္မတအဖြစ် တာဝန်ယူပြီးနောက် မစ္စတာထရန့်သည် သမ္မတအိုဘားမားလက်ထက်က လက်မှတ်ရေးထိုးခဲ့သည့် ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေးသဘောတူညီချက်မှ အမေရိကန်ပြည်ထောင်စုကို ဆွဲထုတ်ခဲ့သည်။ ယင်းနောက် အမေရိကန်နိုင်ငံအတွင်း တရားမဝင် ရောက်ရှိနေသော နိုင်ငံခြားသားများကို နေရပ်ပြန်ပို့ရန်နှင့် အလယ်ပိုင်း အမေရိကဒေသမှ ရွှေ့ပြောင်းအခြေချသူများ ဝင်ရောက်မှုကို တားဆီးရန် အမေရိကန်- မက္ကဆီကိုနယ်စပ်တွင် တံတိုင်းကာရံရန် ကြိုးပမ်းခဲ့သည်။ သမ္မတထရန့်သည် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ရှိ အမေရိကန်သံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့ခြင်း၊ အစ္စရေးတို့ သိမ်းပိုက်ထားသည့် ဆီးရီးယားနိုင်ငံပိုင် ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေးပိုင်နက် နယ်မြေအဖြစ် အသိအမှတ်ပြုခြင်းတို့ကြောင့် အာရပ်နိုင်ငံများ၏ ပြစ်တင်ဝေဖန်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ဆက်လက်ပြီး သမ္မတထရန့်သည် ကမ္ဘာ့တဝန်း လှုပ်လှုပ်ခတ်ခတ် ဖြစ်စေမည့်ကိစ္စတခုကို လုပ်ဆောင်ခဲ့သည်။ ယင်းမှာ အီရန်နှင့် ကမ္ဘာ့အင်အားကြီးငါးနိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၅ အီရန် နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။ ထရန့်က အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်သည်။ ထို့ပြင် အီရန်နှင့် ကုန်သွယ်မှု ပြုလုပ်သော နိုင်ငံများကို အရေးယူပိတ်ဆို့မည်ဟု ခြိမ်းခြောက်ခဲ့သည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၄ ရက်နေ့တွင် အမေရိကန်သမ္မတထရန့်သည် ကမ္ဘာ့တဝန်း ကြီးစွာဂယက်ရိုက်ခတ်စေမည့်လုပ်ရပ်တခု လုပ်ခဲ့ပြန်သည်။ အမေရိကန်ပြည်ထောင်စုသည် ၂၀၁၅ ပါရီ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သဘောတူစာချုပ်မှ နုတ်ထွက်မည်ဟု တရားဝင်ကြေညာသည်။ သမ္မတထရန့်သည် ပါရီစာချုပ်မှ အမေရိကန်နုတ်ထွက်ဖို့ ၂၀၁၇ ခုနှစ်ကတည်းက စဉ်ဆက်မပြတ် ကြိုးစားနေခဲ့သည်။ ယင်းစာချုပ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက နိုဝင်ဘာ ၄ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ထံ အစီရင်ခံစာတစောင် တင်သွင်းခဲ့သည်။

ပါရီသဘောတူစာချုပ်အရ အမေရိကန် ပြည်ထောင်စုသည် ၎င်း၏ ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချထုတ်လုပ်ခြင်းရှိ၊ မရှိ စောင့်ကြည့်ခြင်းခံနေရသည့်အပြင် အမေရိကန်၏ စီးပွားရေးကိုပါ ထိခိုက်စေပြီး ဝန်ထုပ်ဝန်ပိုးတခု ဖြစ်စေသည်ဟု မိုက်ပွန်ပီယိုက ၎င်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချသည့် အနေနှင့် ကမ္ဘာကြီး၏ စွမ်းအင်အရင်းအမြစ်များကို မြိုးခြိုးချွေတာသုံးစွဲပြီး ကမ္ဘာ့နိုင်ငံများ၏ အလယ်တွင် စံပြနိုင်ငံအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း မိုက်ပွန်ပီယိုက ထုတ်ပြန်ချက်တရပ်တွင် ရေးသားဖော်ပြထားသည်။

သမ္မတထရန့်က အမေရိကန်ပြည်ထောင်စုကို စွမ်းအင်ကဏ္ဍတွင် စူပါ ပါဝါအင်အားကြီးနိုင်ငံအဖြစ် ပြောင်းလဲပစ်ဖို့ ကတိပြုသည်။ ထို့ကြောင့် သမ္မတထရန့်အစိုးရသည် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကိုဖြစ်စေမည့် ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မီးသွေးနှင့် ရေနံထုတ်လုပ်မှု လျှော့ချခြင်းဆိုင်ရာ ဥပဒေများကို ဖယ်ရှားပစ်ဖို့ ကြိုးပမ်းခဲ့သည်။ သမ္မတအိုဘားမားလက်ထက် သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးအစီအစဉ်များသည် အမေရိကန်စွမ်းအင်ကဏ္ဍအပေါ် စစ်ပြုလိုက်ခြင်း ဖြစ်သည်ဟု သမ္မတထရန့်က ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ်တွင် နိုင်ငံပေါင်း ၂၀၀ နီးပါးက ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ပါရီသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ စာချုပ်ဝင်နိုင်ငံများသည် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုကို မည်မျှလောက် အတိုင်းအတာထိ လျှော့ချကြမည်ဆိုသည်ကိုလည်းကောင်း လျှော့ချမည့်ပမာဏနှင့် ကာလသတ်မှတ်ချက်ကိုလည်းကောင်း အတိအလင်း ကြေညာရသည်။

ကမ္ဘာ့နိုင်ငံများ နေ့စဉ်သုံးစွဲနေသည့် လောင်စာစွမ်းအင်မှ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှင့်မှုများပြားလွန်းသဖြင့် နေရောင်ခြည်တိုက်ရိုက်ထိတွေ့မှုဒဏ်ကို ကာကွယ်ပေးသော အိုဇုန်းလွှာများ ပါးလွှာပြီး ကမ္ဘာကြီးသည် တနေ့တခြား သိသိသာသာ ပူနွေးလာသည်။ ကျောက်မီးသွေး၊ လောင်စာဆီနှင့် ဓာတ်ငွေ့လောင်ကျွမ်းမှုများကြောင့် ဖြစ်ပေါ်လာသည့် ကာဗွန်ဒိုင်အောက်ဆိုက်သည် ၁၈၀၀ ပြည့်နှစ်နှောင်းပိုင်းကစပြီး ကမ္ဘာကြီးကို အပူချိန် ၁ ဒသမ ၈ ဒီဂရီထိ မြင့်တက်စေခဲ့သည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဧရာမ ရေခဲတုံးကြီးများ အရည်ပျော်လာသည်။ ရာသီဥတု ဖောက်ပြန်မှုများ ဖြစ်ပေါ်လာသည်။ သဘာဝဘေးအန္တရာယ်များကို လူသားများ ခံစားလာရသည်။

ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူပေါင်း ၈ ဒသမ ၈ သန်းကျော် သေဆုံးနေရသည်။ ယင်းတို့အနက် ထက်ဝက်ကျော်မှာ အာရှတိုက်မှ ဖြစ်သည်။ ယခင်က ကမ္ဘာပေါ်တွင် လေထုအညစ်ညမ်းဆုံး မြို့တော်စာရင်း၌ တရုတ်ပြည်၏ မြို့တော် ပေကျင်းက နံပါတ် ၁ နေရာ၌ တည်ရှိခဲ့သော်လည်း ယခုအခါ အိန္ဒိယနိုင်ငံ၏ မြို့တော်နယူးဒေလီက ကျော်တက်သွားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ၂၀၀၅ ခုနှစ်မှစပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့ချခဲ့သည့် ထိပ်တန်း ၁၀ နိုင်ငံစာရင်းတွင် မပါဝင်ခဲ့ပေ။ ကမ္ဘာပေါ်တွင် ကာဗွန်ထုတ်လုပ်မှု အများဆုံး တနိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ကမ္ဘာ့ခေါင်းဆောင်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက စိတ်ပျက်လက်ပျက်ဖြစ်ပြီး ပြစ်တင်ဝေဖန်ခဲ့ကြသည်။

ပြင်သစ်သမ္မတအီမန်နျူယယ် မက်ခရွန်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် နိုဝင်ဘာ ၆ ရက်နေ့က ပေကျင်းတွင် တွေ့ဆုံခဲ့ကြသည်။ သမ္မတနှစ်ဦးက ပါရီစာချုပ် နောက်ကြောင်းပြန်မလှည့်ရေး ကြိုးပမ်းကြမည်ဟု ကတိပြုကြသည်။ ပါရီစာချုပ်မှ အမေရိကန် နုတ်ထွက်ခြင်းအပေါ် စိတ်မကောင်းဖြစ်ရကြောင်းနှင့် ပြင်သစ်-တရုတ်နှစ်နိုင်ငံအနေနှင့် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကဏ္ဍများ၌ ပိုမို ပူးပေါင်းလုပ်ဆောင်သွားမည်ဟုလည်း ပြင်သစ်သမ္မတရုံးက ထုတ်ပြန်သည်။

တရုတ်အစိုးရက အမေရိကန်တို့အနေနှင့် အပြုသဘောမဆောင်သည့် လုပ်ရပ်များမလုပ်ရန် ပြောကြားသည်။ ဂျပန်နိုင်ငံကလည်း ပါရီစာချုပ်မှ အမေရိကန်နုတ်ထွက်မှုအပေါ် စိတ်ပျက်မိကြောင်း ပြောသည်။ ရုရှားကတော့ သဘောတူစာချုပ်ကို အမေရိကန် ပြည်ထောင်စုမပါဘဲ အကောင်အထည်ဖော်ရန် ခက်ခဲမည်ဟု ပြောသည်။

သမ္မတထရန့်၏ ဆုံးဖြတ်ချက်အပေါ် ရှုတ်ချဝေဖန်သူများတွင် နယူးယောက်မြို့တော်ဝန် မိုက်ကယ်ဘလွမ်းဘတ်လည်း ပါဝင်သည်။ အမေရိကန်ဒုသမ္မတဟောင်း အယ်လ်ဂိုးက သမ္မတထရန့်၏ ဆုံးဖြတ်ချက်သည် အမှားတရပ် ကျူးကျော်ရာရောက်ကြောင်း ပြောသည်။

''ရာသီဥတုဖောက်ပြန်မှုတွေကို ဖြေရှင်းဖို့ ကျွန်တော်တို့ လူသားတွေရဲ့ ကြိုးပမ်းမှုတွေကို ဘယ်လိုအရာမျိုးကမှ ကာကွယ်တားဆီးနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ မလိုလောဘအတွက် ကမ္ဘာကြီးကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာတဲ့သူတွေကိုတော့ သူတို့ရဲ့ လုပ်ရပ်တွေအတွက် လူသားတွေရဲ့ ရင်ထဲမှာ အမြဲအမှတ်တရ ရှိနေမှာပါ''ဟု အယ်လ်ဂိုးက ပြောသည်။

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့အခြေစိုက်ရာသီဥတုဆိုင်ရာ အဖွဲ့အစည်းတခုဖြစ်သည့် 'ဆီရာ'ကလပ် အမှုဆောင်အရာရှိချုပ် မိုက်ကယ်ဘရူနီက ပါရီစာချုပ်မှ နုတ်ထွက်ရန် သမ္မတထရန့်၏ ဆုံးဖြတ်ချက်ကို ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ခဲ့သည်။ ၎င်းက ''ဒေါ်နယ်ထရန့်ဟာ ကျွန်တော်တို့ရဲ့ သန့်ရှင်းတဲ့ရေ၊ သန့်ရှင်းတဲ့လေတွေ ရရှိအောင် ဖန်တီးပေးနေတဲ့ ရာသီဥတုဖြစ်စဉ်တွေကို ဖျက်ဆီးလိုက်တဲ့ သမိုင်းမှတ်တမ်းမှာ နာမည်ဆိုးတွင်စေမယ့် သမ္မတတဦးပဲ ဖြစ်ပါတယ်။

စာ(၂၉)သို့



www.free4readers.com

news Watch
WEEKLY
စောင့်ကြည့် သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၃၅) ၁၆-၁၁-၂၀၁၉ (စနေ)

# လျှပ်ကြောင့် မြေခဲ့သည့် ရွှေတိဂုံ စေတီတော်၏ အရန်စေတီတော်စိန်ဖူးတော်ကို နေ့ချင်းပြီး ပြန်တင်လှူဒါန်း



ရွှေတိဂုံစေတီတော်၏ အရန်စေတီတဆူဖြစ်သည့် မြေစိုက်စေတီ အမှတ်(၂၆) စိန်ဖူးတော်ကို နိုဝင်ဘာ ၁၃ ရက်ညနေပိုင်းတွင် ပြန်တင်လှူဒါန်းခဲ့ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၁၂ ရက် ည ၉ နာရီ ၄၅ မိနစ်အချိန်ခန့်က မြေလျှင်ကြောင့် မြေစိုက်စေတီ အမှတ်(၂၆)၏ စိန်ဖူးတော်မြေခဲ့ရပြီး ကျန်အရန်စေတီ ၂ ဆူမှာ ထီးတော်စောင်းသွားမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**စာ(၁၈)သို့**

# ပါဠိမောက္ခချုပ်ဆရာတော်ကြီးကို သာသနာရေးဝန်ကြီးက နုတ်ထွက်ခိုင်းခြင်း မဟုတ်ဘဲ ဆရာတော်ကြီး၏ဆန္ဒအရ အနားယူခြင်းဖြစ်ဟုသိရ



အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာ ဘိဝံသကို သာသနာရေးဝန်ကြီးက ရာထူးမှ နုတ်ထွက်ခိုင်းခြင်းမဟုတ်ဘဲ ဆရာတော်ကြီး၏ဆန္ဒအရ အနားယူခြင်းဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

''ဆရာတော်ကြီးက သူ့ဆန္ဒနဲ့သူ အနားယူတာပါခင်ဗျ။ သက်တော် ၇၀ ပြည့်သွားရင် extansion က ၅ နှစ်ပါ အဲလိုသွားရတာပါ။ လုပ်ထုံးလုပ်နည်း အတိုင်း သွားတာဖြစ်ပါတယ်။ အပြည့်အစုံ သိချင်ရင် ကမ္ဘာအေးမှာရှိတဲ့ တက္ကသိုလ်က တာဝန်ရှိသူတွေကို မေးလိုက်ပါ''ဟု သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) ညွှန်ကြားရေးမှူးဦးအောင်ဆန်းဝင်းက ပြောသည်။

ပါမောက္ခချုပ်ဆရာတော်ကြီးသည် သက်တော်ကြီးရင့်နေပြီဖြစ်သောကြောင့် ပါမောက္ခချုပ်ရာထူးမှ ဆန္ဒအလျောက် နုတ်ထွက်ခြင်းဖြစ်ပြီး ပါမောချုပ်နေရာတွင် တာဝန်ယူမည့် ဆရာတော်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အတည်ပြုချက်ဖြင့် ခန့်အပ်ရမည်ဖြစ်ကြောင်း သိရသည်။

''ပါချုပ်ဆရာတော်ကြီးက ကျွန်တော်တို့လိုပဲ ဝန်ထမ်းပေါ့ခင်ဗျ။ ညွှန်ချုပ်ရာထူးနဲ့ အတူတူပါပဲ။ အခုလာမယ့် တပေါင်းလမှာ သက်တော် ၈၀ ပြည့်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေက အသက် ၆၀ ပြည့်ရင် အငြိမ်းစားယူရတယ်။ ဆရာတော်ကြီးတွေကို ၆၅၊ ၇၀ အထိ ပေးထားတယ်။ လိုအပ်ရင် တနှစ်တကြိမ် သက်တမ်းတိုးပြီးတော့ ၇၅ နှစ်အထိ တာဝန်ထမ်းဆောင်ခွင့်ပေးထားတယ်။ သက်တမ်းတိုးတာက နိုင်ငံတော်သံဃမဟာနာယကကို တင်ပြပြီးတော့မှ သက်တမ်းတိုးရတာ။ ၇၅ နှစ်ဆိုရင်ကို အနားယူလို့ရနေပြီ။ ဆရာတော်ကြီးက ပါချုပ်တာဝန်ယူတာ ၁၄ နှစ်ရှိပါပြီ။ လောလောဆယ် ဘယ်ဆရာတော်ကြီးကို ပါချုပ်တာဝန်ပေးမယ်လို့ လျာထားတာမရှိသေးပါဘူး။ မဟာနက သင့်တော်တဲ့ ဆရာတော်တပါးပါးကို ချပေးပါလိမ့်မယ်''ဟု အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ရှိသူတဦးက News Watch သို့ ပြောသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေအရ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့်ဆရာတော်သည် သက်တော် ၅၀၊ သိက္ခာတော် ၃၀ ဝါပြည့်ပြီးသူဖြစ်ရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်သည့် ပါရဂူဘွဲ့ရရှိပြီးသူ ဖြစ်ရမည်ဖြစ်သည်။ ထို့ပြင် သာသနဓဇဓမ္မာစရိယ သို့မဟုတ် သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ သာသနဓဇသီရိပဝရဓမ္မာစရိယ သို့မဟုတ် ပါဠိပါရဂူ၊ ပရိယတ္တိသာသနာ့ဟိတဓမ္မာစရိယသကျသီဟ၊ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစက စသည့်စာမေးပွဲများအနက်မှ အနည်းဆုံးသုံးခုကို အောင်မြင်ရမည်။ ရဟန်းရှင်လူတို့ လေးစားထိုက်သော ကျမ်းစာအုပ်ကို ရေးသားပြုစုဖူးသော ဆရာတော်ဖြစ်ရမည်ဖြစ်ပြီး ဂုဏ် ၈ ပါးနှင့်လည်း ပြည့်စုံရမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားမိဘနှစ်ပါးမှ ဖွားမြင်သူဖြစ်ရမည့်အပြင် ရဟန်းရှင်လူအများ၏ ရိုသေလေးစားမှုကို ခံယူထိုက်သော ဆရာတော်ဖြစ်ရမည်။ တက္ကသိုလ်စီမံခန့်ခွဲရေးသင်ကြားရေးအစရှိသည့် လုပ်ငန်းအရပ်ရပ်ကို ဦးစီးပေးဆောင်ရွက်နိုင်သော ဆရာတော်ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

**နန္ဒမျိုးဆောင်**

# ဒေါ်အောင်ဆန်းစုကြည်၏ ဖိတ်ကြားချက်အရ ဖီဖာဖောင်ဒေးရှင်း ဒါရိုက်တာ ယူရီဂျော်ကာက်ဖ် မြန်မာနိုင်ငံသို့ လာရောက်မည်



ဖီဖာဖောင်ဒေးရှင်းဒါရိုက်တာ ပြင်သစ်နိုင်ငံသား ယူရီဂျော်ကာက်ဖ်သည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ မကြာမီလာရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ ဘောလုံးအားကစား၏ အခန်းကဏ္ဍကိုမြှင့်တင်ခြင်းဖြင့် လူမှုဆက်ဆံရေးနှင့် လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရေးအတွက် ဖီဖာနှင့်အာဆီယံအကြား ယခုလအစောပိုင်းက နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဘောလုံးအားကစားမှတဆင့် ရရှိနိုင်သည့် ဘဝတန်ဖိုးများကို ကလေးငယ်များသိရှိ သင်ယူနိုင်ရန်အတွက် ဘောလုံးလေ့ကျင့်ရေးစခန်းများဖွင့်လှစ်လိုသည့် စိတ်ဆန္ဒရှိကြောင်း ၁၉၉၈ ကမ္ဘာ့ဖလားကို ပြင်သစ်အသင်းနှင့်အတူ ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားတဦးဖြစ်သူ ယူရီဂျော်ကာက်ဖ်က AFP သတင်းဌာနသို့ ပြောသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုက အဆိုပါနားလည်မှုစာချွန်လွှာကို လက်တွေ့ကျကျအကောင်အထည်ဖော်ရန် စိတ်ဝင်စားလျက်ရှိကြောင်း ဖီဖာကပြောသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါအစီအစဉ်အရ ဖီဖာမှတာဝန်ရှိသူများကို ဖိတ်ကြားထားခြင်းဖြစ်ပြီး လာရောက်မည့်နေ့ကို အတိအကျ မသိရသေးချေ။ ဖီဖာအနေဖြင့် ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် ပြည်တွင်းတည်ငြိမ်မှုမရှိသည့် နိုင်ငံများကို ဦးစားပေးထိတွေ့ဆက်ဆံရေးဟူသောမှုကို ၎င်းတို့၏လုပ်ငန်းတာဝန်တခုအဖြစ် ချမှတ်ထားသည်။ ယခုလအစောပိုင်းက ထိုင်းနိုင်ငံတွင်ပြုလုပ်သည့် အာဆီယံထိပ်သီးအစည်းအဝေးပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖီဖာဥက္ကဋ္ဌအင်ဖာတီနိုတို့တွေ့ဆုံခဲ့ပြီး မြန်မာဘောလုံးလောက တိုးတက်ရေး၊ ဖီဖာနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

**ဝိရ Ref; AFP**

# အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီပိုင်ရှင် ဦးစိုးထွန်းရှိန် ဒုတိယအကြိမ်ရုံးထုတ်

နိုင်ငံတော်သို့ရွှေပိသာချိန် အများအပြားပေးသွင်းရန် ကျန်ရှိနေ၍ သတ္တုတွင်းဥပဒေပုဒ်မဖြင့် အမှုဖွင့်တရားစွဲဆိုခြင်းခံထားရသူ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီပိုင်ရှင်ဦးစိုးထွန်းရှိန်ကို နိုဝင်ဘာ ၁၃ ရက်က ရမည်းသင်းမြို့နယ်တရားရုံးတွင် ဒုတိယအကြိမ် ရုံးထုတ်ခဲ့သည်။

ဒုတိယအကြိမ်ရုံးထုတ်ရာတွင် တရားလိုဖြစ်သူ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းအထွေထွေမန်နေဂျာဦးအေးဇော်ကို စတင်စစ်ဆေးခဲ့ပြီး အမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေ ၁၈ ဦး တင်သွင်းထားကြောင်း သိရသည်။

ဦးစိုးထွန်းရှိန်ပိုင်ဆိုင်သည့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီသည် ရမည်းသင်းမြို့နယ်ရှိ ဧက ၆၀၀၀ ကျော်ရှိ



သည့် မိုးထိမိုးမိရွှေလုပ်ကွက်ကြီးတွင် နိုင်ငံတော် အစိုးရနှင့်စာချုပ်ချုပ်ဆို၍ လုပ်ကိုင်ခဲ့ပြီးသတ်မှတ်ထားသည့် ရွှေပိသာများကို နိုင်ငံတော်ကိုမပေးသွင်းခြင်း၊ တရားမဝင်ရွှေဆက်လက်တူးဖော်ခြင်းများကြောင့် ဦးစိုးထွန်းရှိန်အပါအဝင် ညီညီလွင်၊ ခင်ဇော်၊ မင်းမင်းစိုးနှင့် စောမောင်တို့အား မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၃၀(က)/ ကျင့် ၅၁၂ တို့ဖြင့် အမှုဖွင့်တရားစွဲဆိုထားခြင်းဖြစ်သည်။

ဦးစိုးထွန်းရှိန်သည် ၎င်းအပေါ်စွဲဆိုထားသည့်အမှုမှ တရားခံပြေးအဖြစ် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ရာမှ ထိုင်းရဲတပ်ဖွဲ့၏အကူအညီဖြင့် ပြီးခဲ့သည့် နိုဝင်ဘာ ၆ ရက်နေ့တွင် ဖမ်းဆီးနိုင်ခဲ့ပြီး မြန်မာဘက်သို့ လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်သည်။

အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ ရွှေတူးဖော်ရေးလုပ်ငန်းအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ခွင့်ပြုမိန့်ကို ပယ်ဖျက်ခဲ့ပြီး အဆိုပါနှစ် မေလ ၁၇ ရက်တွင် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ချုပ်ဆိုထားသည့် လုပ်ငန်းသဘောတူစာချုပ်အား ရပ်စဲပစ်ခဲ့သည်။

ယင်းနှင့်ပတ်သက်၍ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီအနေဖြင့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်နေရသည်ဟုဆိုကာ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၆ ရက်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သေးသည်။

ဦးစိုးထွန်းရှိန်က ၎င်းအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရှိလုပ်ကိုင်ခဲ့ကြောင်း၊ အစိုးရထံမှ ရွှေတကျပ်သားလိမ်လည်ထားသည်ဆိုပါက ကြိုးစင်တက်ဝံ့ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

''ကျွန်တော်တို့ (စ.စ.စ)နဲ့ စစ်နေကတည်းက စာရင်းအားလုံးကို လှန်ပြပြီးတော့ ကျွန်တော်တို့ရွှေတကျပ်သား မလိမ်ဝှက်ဘဲနဲ့ နိုင်ငံတော်အပေါ် သစ္စာရှိရှိ အလုပ်လုပ်ထားတယ်။ ရွှေတကျပ်သား လိမ်ထားတာတွေ့ရင် ကြိုးစင်တက်လိုက်မယ်လို့ ကျွန်တော် ဒီနေရာကနေ အာမခံရဲတယ်။ နိုင်ငံတော်အပေါ်သစ္စာရှိတာ။ နိုင်ငံတော်အပေါ် ချစ်တာ''ဟု ၎င်းကပြောကြားခဲ့သည်။

အမှု၏နောက်ရုံးချိန်းကို နိုဝင်ဘာ ၂၆ ရက်သို့ ပြန်လည်ချိန်းဆိုထားသည်။

**ထွန်း(နေပြည်တော်)**

www.free4readers.com



## မိမိကိုယ်ကိုယ် ယုံကြည်မှုရှိလျှင် မြန်မာပြည်သားများ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည်ဟု အောင်လအန်ဆန်းပြော



မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာဖြစ်ရခြင်းကြောင့် စိတ်အားမငယ်ဘဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရန်နှင့် ယုံကြည်မှုရှိလျှင် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း ONE CHAMPIONSHIP လိုက်ဟဲဗီးဝိတ်နှင့် မစ်ဒယ်ဝိတ်တန်း ချန်ပီယံအောင်လအန်ဆန်းက ပြောသည်။

မြန်မာ့သြဘာ၏စီစဉ်မှုဖြင့် ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့ တိုးရွှေဝါခန်းမတွင် နိုဝင်ဘာ ၁၁ ရက်က ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် အောင်လအန်ဆန်းက ယင်းသို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

''ပြောချင်တာက မြန်မာပြည်သားဆိုပြီး စိတ်အားမငယ်နဲ့နော်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိမယ်ဆိုရင် ကျွန်တော်တို့ သူများကို လိုက်မီတယ်။ သူများနဲ့ကစားလို့ရတယ်။ သူများနဲ့ စီးပွားရေးလုပ်လို့ရတယ်။ တခြားနိုင်ငံကလူတွေနဲ့ ကျွန်တော်တို့ ယှဉ်လို့ရတယ်။ အကယ်၍ စိတ်အားငယ်နေမယ်ဆိုရင် ဘယ်တော့မှ ယှဉ်လို့ရမယ်မဟုတ်ဘူး''ဟု ၎င်းက ဆိုသည်။

မိမိအနေဖြင့် ဂျပန်နိုင်ငံတွင် ထိုးသတ်ခဲ့သည့် လိုက်ဟဲဗီးဝိတ်ချန်ပီယံခါးပတ် ကာကွယ်ပွဲတွင် ဘရန်ဒန်ဗီရာသည် စိန်ခေါ်သူဖြစ်ပြီး မိမိသည် ချန်ပီယံဖြစ်သည်ဆိုသည့်စိတ်ကိုထည့်ထားခဲ့ကြောင်း၊ ဘရန်ဒန်ဗီရာသည် မိမိအတွက် ယခင်က လေးစားအားကျခဲ့ရသည့် ကစားသမားဖြစ်သော်လည်း ကြိုးဝိုင်းထဲတွင် ယင်းစိတ်ကို မထားဘဲ စိန်ခေါ်သူပြိုင်ဘက်တဦးအနေဖြင့် သဘောထား၍ ယှဉ်ပြိုင်ခဲ့သည့်အတွက် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်ဟု အောင်လအန်ဆန်းက ပြောသည်။

အောင်လအန်ဆန်း၏ ဧရာဝတီတိုင်းခရီးစဉ်တွင် ဒေသခံလယ်သမား အများအပြားလည်း လာရောက်အားပေးခဲ့ကြပြီး အမေးအဖြေများလည်း ပြုလုပ်ခဲ့ကြသည်။

''အောင်လလာပြီး လယ်သမားတွေနဲ့ တွေ့မယ်ဆိုလို့လာတာပေါ့။ ပြီးတော့ ကမ္ဘာ့ချန်ပီယံတဦးကို တွေ့ချင်တာလည်းပါတယ်။ နောက်ပြီး သူက စိုက်ပျိုးရေးနဲ့ ကျောင်းပြီးခဲ့တယ်လို့သိရတော့ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး မေးလို့ရမလားလို့ လာတာပေါ့။ ကျွန်တော်တို့က အခုစပါးပေါက်ဈေးနဲ့ ရောင်းချနေရတာ လယ်သမားတွေ အရှုံးပေါ်နေတဲ့ အကြောင်းမေးကြတယ်။ ဒါပေမဲ့ ကိုအောင်လက ကျွန်တော်တို့လိုချင်တဲ့အဖြေကိုတော့ မပေးနိုင်ခဲ့ဘူး။ သူပြန်ဖြေခဲ့တာ အရှုံးမပေးနဲ့ အကောင်းဆုံးကြိုးစားဆိုပြီးပြောတယ်။ ကျွန်တော်တို့လိုချင်တဲ့ အဖြေမရပေမဲ့ ကိုအောင်လပြောစကားတွေကို နားထောင်းရတာ ကျွန်တော်တို့အတွက် စိတ်ဓာတ်ခွန်အားတွေရပါတယ်''ဟု မအူပင်မြို့ ဒေသခံလယ်သမားတဦးက ပြောသည်။

TCM


# TRADEMARK CAUTION

HUAWEI TECHNOLOGIES CO., LTD. a company incorporated in P.R.China at Administration Building Huawei Technologies Co., Ltd, Bantian, Longgang District, Shenzhen, P.R.China is the Owner and Sole Proprietor of the following Trademark:-

## Ark Compiler

Reg : No.4/26877/2019

In respect of : Int'l Class 9 : Smartglasses; smartwatches; computer hardware; computer memories; integrated circuit cards (smart cards); sleeves for laptops; tablet computers; pedometers; fingerprint identifier; human face recognition devices; scales; bathroom scales; scales with body mass analyzers; portable digital electronic scales; smartphones; wearable activity trackers; cases for smartphones; covers for smartphones; protective films adapted for smartphones; transponders; network communication apparatus; modems; switchboards; transmitters of electronic signals; transmitting sets (telecommunication); stored program controlled telephone switching apparatus; radios; telecommunication apparatus in the form of jewellery; selfie sticks for mobile phones; holders for mobile phones; intercoms; wrist-mounted smartphones; digital photo frames; microphones; covers for tablet computers; stands adapted for tablet computers; flat panel displays; flexible flat panel displays for computers; laptop computers; notebook computers; bags adapted for laptops; computer keyboards; mouse (computer peripheral); computer programs, recorded; computer software applications, downloadable; black boxes (data recorders); interactive touch screen terminals; humanoid robots with artificial intelligence; electronic sheet music, downloadable; smart rings; security tokens (encryption devices); personal digital assistants (PDAs); computer software platforms, recorded or downloadable; thin client computers; hand-held electronic dictionaries; computer screen saver software, recorded or downloadable; computer software, recorded; downloadable graphics for mobile phones; wearable computers; downloadable mobile phone software applications; downloadable emoticons for mobile phones; computer operating programs, recorded; liquid crystal displays (LCD) with large screens; electronic diaries; liquid crystal displays (LCD); electronic pens; video image printers; computer styluses; computer programs, downloadable; cabinets for loudspeakers; headphones; earphones; virtual reality headsets; digital video recorder for vehicles; set-top boxes; loudspeakers; portable media players; sound transmitting apparatus; camcorders; monitoring apparatus, other than for medical purposes; video monitors; audio interfaces; electric and electronic effects units for musical instruments; equalizers (audio apparatus); security surveillance robots; wearable video display monitors; television apparatus; television apparatus for vehicles; ultra high-definition (UHD) televisions; liquid crystal display (LCD) televisions; selfie sticks (hand-held monopods); cameras (photography); thermal imaging cameras; selfie lenses; connected bracelets (measuring instruments); gas testing instruments; digital weather stations; biochips; infrared detectors; air analysis apparatus; laboratory robots; teaching robots; optical lenses; materials for electricity mains (wires, cables); USB data lines or data cables; USB data lines or data cables for mobile phones; electronic key fobs being remote control apparatus; video screens; integrated circuits; electronic chips; touch screens; electric plugs; electric sockets; sensors; digital door locks; alarm central units; electric batteries; chargers for electric batteries; mobile power source (rechargeable batteries).

In respect of : Int'l Class 35 : Presentation of goods on communication media, for retail purposes; advertising; online advertising on a computer network; price comparison services; business information; commercial information and advice for consumers (consumer advice shop); business management assistance; provision of an online marketplace for buyers and sellers of goods and services; sales promotion for others; marketing; providing information in the field of marketing; alcoholic beverage procurement services for others (purchasing goods for other businesses); providing marketing consulting in the field of social media; outsourcing services in the nature of arranging procurement of goods for others; goods import-export agencies; search engine optimization for sales promotion; data search in computer files for others; accounting; business auditing; account auditing; accounting services for mergers and acquisitions; accounting for third parties; consulting and information concerning accounting; marketing in the framework of software publishing.

In respect of : Int'l Class 36 : Insurance brokerage; electronic banking via a global computer network (internet banking); money order services; electronic check acceptance services; processing of credit card payments; apartment house management; real estate management; trusteeship; insurance information; currency trading; on-line real-time currency trading; bill payment services; providing stock or securities market information; financing services; securities brokerage; financial information; electronic funds transfer; financial analysis; financial management; financial consultancy; online banking; providing financial information via a web site; providing rebates at participating establishments of others through use of a membership card; processing of debit card payments; credit and loan services.

In respect of : Int'l Class 38 : Radio broadcasting; message sending; providing internet chatrooms; providing user access to a global computer network (service providers); providing access to databases; transmission of digital files; streaming of data; teleconferencing services; communications by cellular phones; videoconferencing services; video-on-demand transmission; computer aided transmission of messages and images.

In respect of : Int'l Class 41 : Training in the field of communication technologies; educational services; instruction services; training services provided via simulators; providing information about online education; organization of competitions (education or entertainment); arranging and conducting of colloquiums; arranging and conducting of symposiums; arranging and conducting of conferences; arranging and conducting of concerts; arranging and conducting of in-person educational forums; online publication of electronic books and journals; providing online electronic publications, not downloadable; providing amusement arcade services; preparing subtitles for movies; production of radio and television programmes; providing online music, not downloadable; providing online videos, not downloadable; providing films, not downloadable, via video-on-demand services; providing television programs, not downloadable, via video-on-demand services; providing recreation facilities; entertainment information; game services provided on-line from a computer network; conducting fitness classes; audio and video recording services; providing entertainment information via a website; entertainment services; conducting guided tours; ticket agency services (entertainment); television entertainment; news reporters services.

In respect of : Int'l Class 42 : Computer system design; creating and maintaining web sites for others; data conversion of computer programs and data (not physical conversion); computer software consultancy; rental of web servers; providing search engines for the internet; web site design consultancy; information technology (IT) consultancy; electronic data storage; providing information on computer technology and programming via a web site; cloud computing; computer technology consultancy; computer security consultancy; developing of driver and operating system software; technological research; research and development of new products for others; scientific research; technical project studies; telecommunications technology consultancy; computer programming; computer software design; updating of computer software; consultancy in the design and development of computer hardware; maintenance of computer software; recovery of computer data; conversion of data or documents from physical to electronic media.

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintip@mipadvocate.com
myint.advocate@mptmail.net.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 48/50, 1st Floor, 36th Street
Kyauktada Township, Yangon,
Myanmar., P.O. Box : 1126
PH : 95 1 373 344, 95 1 372 209
FAX : 95 1 371 990

16 November 2019

www.free4readers.com

News Watch WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၃၅) ၁၆-၁၁-၂၀၁၄ (စနေ)

# တက္ကသိုလ် ဆရာ၊ ဆရာမများ၏ အရည်အချင်းကို ပညာပဓာနမှတ်ကျောက်ဖြင့် အကဲဖြတ်ခဲ့သည့် အစဉ်အလာ

မောင်ခင်မင်(ဓနုဖြူ)




ခုတလောမှာ တက္ကသိုလ်ဆရာ၊ ဆရာမတွေ ရာထူးတိုးရေးကိစ္စနှင့်ပတ်သက်ပြီး အသံအမျိုးမျိုးကြားနေရသည်။ 'ဒီမူ မဟုတ်တော့ဘူး၊ ဟိုမူဖြစ်သွားပြီ'ဆိုတာမျိုး၊ 'ဒီကိစ္စရော ဟိုကိစ္စရော ထည့်စဉ်းစားမယ်'ဆိုတာမျိုးတွေ ဖြစ်သည်။ သည်ကြားထဲ သူများစာတမ်းကို ကိုယ့်စာတမ်းလုပ်ပြီး နာမည်တပ်သော ကျင့်ဝတ်ပျက်သည့်ကိစ္စတွေ၊ လိမ်လည်လှည့်ဖြားပုံများရိုက်သော အတုအယောင်ကိစ္စတွေလည်း ပါသေးသည်။

ထိုကိစ္စတွေကို အတွေးထဲမှာ ခုနစ်စင်အမျှင်တန်းမိရင်း တက္ကသိုလ်ဆရာ၊ ဆရာမများ၏ အရည်အချင်းကို အကဲဖြတ်ရာတွင် ခေတ်အဆက်ဆက်ကျင့် သုံးခဲ့ကြသော အစဉ်အလာအကြောင်းပြောချင်စိတ် ပေါ်လာပါသည်။ **ခေတ်တွေ ဘယ်လိုပြောင်းပြောင်း ပညာကို ပဓာနမှတ်ကျောက်အဖြစ် ထားခဲ့ကြသော အစဉ်အလာ** ဖြစ်ပါသည်။

ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်ပရိဝုဏ်တွင် ၁၉၆၀ ပြည့်နှစ်ကစ၍ ခြေချခဲ့ရာ ယခုအချိန်အထိလည်း ခြေချဆဲဖြစ်ပါသည်။ အမိတက္ကသိုလ် အကျိုး၊ မိခင်ဘာသာရပ် အကျိုးအတွက် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ပေးနေဆဲ ဖြစ်ပါသည်။ နှစ်တရာ ပြည့်တော့မည့် အမိတက္ကသိုလ်ကြီးတွင် ကျွန်တော်ကျင်လည်ခဲ့သည့်နှစ်ပေါင်းမှာ နှစ်ခြောက်ဆယ်ပင်ရှိနေပါပြီ။ ထိုအတွေ့အကြုံကို အခြေပြုလျက် ထိုအစဉ်အလာ အကြောင်းပြောဖို့ စိတ်ကူးမိခြင်း ဖြစ်ပါသည်။

ကျွန်တော်သိသော အစောဆုံးမှတ်ကျောက်မှာ တက္ကသိုလ်ဆရာတယောက်ကို နည်းပြသရုပ်ပြနှင့် လက်ထောက်ကထိက ခွဲခြားသည့် ပညာပဓာနမှတ်ကျောက်ဖြစ်သည်။ အခြားမဟုတ်ပါ၊ ဂုဏ်ထူးတန်းအောင်မြင်ခြင်း တနည်းအားဖြင့် ဝိဇ္ဇာ(ဂုဏ်ထူး) B.A (Hons)/ သိပ္ပံ(ဂုဏ်ထူး) B.Sc (Hons)ဘွဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က ရိုးရိုးဘွဲ့ရသူများကို နည်းပြသရုပ်ပြအဖြစ် ခန့်သေးသည်။ ဂုဏ်ထူးတန်းတက်ပြီး ဂုဏ်ထူးဘွဲ့ရသူများကိုတော့ လက်ထောက်ကထိကအဖြစ် တိုက်ရိုက်ခန့်သည်။ နည်းပြသရုပ်ပြ မလုပ်ရဘဲ လက်ထောက်ကထိကတန်းပြီးဖြစ်သည်။ ကျွန်တော်တို့၏ ဆရာကြီး၊ ဆရာမကြီးများ ထိုအစဉ်အလာအတိုင်း ဂုဏ်ထူးတန်းအောင်ပြီး အလုပ်ဝင်ဝင်ချင်း လက်ထောက်ကထိကတန်းပြီးဖြစ်ကြောင်း ကြားသိရသည်။ မဟာဘွဲ့ရပြီဆိုလျှင်တော့ မကြာမီ ကထိကဖြစ်သွားသည်။ နောက်ပိုင်းမှာ လက်ထောက်ကထိက ရာထူးနေရာလွတ်မရှိလျှင်တောင်မှ ဂုဏ်ထူးဘွဲ့ရသူများမှာ ခဏသာစောင့်ရသည်။ ကျွန်တော် ၁၉၆၃ ခုနှစ်မှာ ဂုဏ်ထူးဘွဲ့ရပြီး အလုပ်ဝင်တော့ နည်းပြအဖြစ်ဝင်ရသည်။ ကျွန်တော့်ရှေ့က အစ်ကို၊ အစ်မများမှာ နည်းပြအဖြစ် အများဆုံးသုံးလေးနှစ်လုပ်ပြီး လက်ထောက်ကထိကဖြစ်သွားကြသည်။ ရာထူးတိုးဖို့တန်းစီရာတွင် ဂုဏ်ထူးဘွဲ့ရသူ သို့မဟုတ် ဂုဏ်ထူးဘွဲ့နှင့်တန်းတူဖြစ်သော မဟာဝိဇ္ဇာ/မဟာသိပ္ပံ အရည်အချင်းစစ် M.A/M.Sc (Qualifying) အောင်သူတို့ကိုသာ တန်းစီသည်။ ရိုးရိုးဘွဲ့ရသူများ မပါဝင်ပါ။

၁၉၆၅ ခုနှစ်တွင် 'တက္ကသိုလ်ပညာ မြန်မာလိုသင်မည်' ဟူသော မူဝါဒအရ တက္ကသိုလ်ပညာပဒေသာစာစောင် ထုတ်ဝေသောအခါ ထိုစာစောင်မှာ သုတေသနဆောင်းပါးစာတမ်းပါဝင်ရေးသားမှုကို ရာထူးတိုးဖို့အတွက် အချက်တချက်အဖြစ် သတ်မှတ်ကြောင်းသိရသည်။

၁၉၇၀ လောက်မှာ ရာထူးတိုးမှုတခုသတ်မှတ်သည်။ နည်းပြသရုပ်ပြတယောက်သည် လက်ထောက် ကထိကဖြစ်ဖို့ လုပ်သက် ၇ နှစ်ရှိပြီး မဟာဘွဲ့ရပြီးဖြစ်ရမည်ဟူသောမူဖြစ်သည်။ လုပ်သက်များရုံသက်သက်ဖြင့် ရာထူးမတိုးနိုင်။ မဟာဘွဲ့ဟူသော ပညာမှတ်ကျောက်ပါမှ ရာထူးတိုးသည်။ ထိုမူကို မကြာမီအထိ နှစ်တော်တော်ကြာကြာ ကျင့်သုံးခဲ့သည်။ ၁၉၉၀ လောက်ကျတော့ နည်းပြသရုပ်ပြအဖြစ် ရိုးရိုးဘွဲ့ရသူကို မခန့်တော့ဘဲ မဟာဘွဲ့ရမှသာ ခန့်ထားသည့် မူပေါ်လာသည်။ ထိုမူကိုလည်း ကျင့်သုံးနေဆဲဖြစ်သည်။ ရိုးရိုးဘွဲ့ရသူများ လက်ထောက်ကထိကအဖြစ် ရာထူးတိုးဖို့ အခွင့်အလမ်းအတွက် မဟာအရည်အချင်းစစ်တန်းများဆက်တက်ရပြီး မဟာဘွဲ့ရအောင် ယူကြရသည်။ ထိုကာလတလျှောက်လုံး ရာထူးတိုးဖို့ ပဓာနမှတ်ကျောက်မှာ ပညာပြည့်ဝမှုဟူသော မှတ်ကျောက်ပင်ဖြစ်သည်။ မဟာဘွဲ့မရသော သက်ကြီးပိုင်းနည်းပြသရုပ်ပြများအတွက် M.Phil. (မဟာဒဿန)ဘွဲ့တီထွင်ပေးပြီး အတန်းမတက်စေဘဲ သုတေသနစာတမ်း ၆ စောင်ရေးစေပြီး ဘွဲ့ပေးသည့် အစီအစဉ်လည်း ပေါ်လာသေးသည်။ ထို့မှတဖန် မဟာဝိဇ္ဇာ/မဟာသိပ္ပံဘွဲ့ရပြီးသူများအတွက် M. Research (မဟာသုတေသန)ဘွဲ့တီထွင်ပြီး ကျမ်းပြုစေသည့်အစီအစဉ်ပေါ်လာသည်။ ယခုတော့ ပါရဂူ (Ph.D)ဘွဲ့ အစီအစဉ်ပေါ်နေပါပြီ။ ထိုကာလတလျှောက်လုံးမှာ တက္ကသိုလ်ဆရာ၊ ဆရာမများ၏ အရည်အချင်းကို ပညာပဓာနမှတ်ကျောက်ဖြင့် တိုင်းတာခဲ့ကြခြင်းဖြစ်သည်။ ပါရဂူဘွဲ့အစီအစဉ်ပေါ်လာပြီး နောက်ပါရဂူဘွဲ့မရခဲ့သော ဝါရင့်ကထိကဆရာကြီး၊ ဆရာမကြီးများအတွက်ရည်ရွယ်ပြီး ကထိကလုပ်သက် ၁၀ နှစ်ပြည့်လျှင် ပါရဂူဘွဲ့အတွက် သုတေသနလုပ်ပြီး ပါရဂူဘွဲ့ရယူနိုင်သည့် အစီအစဉ်လည်းပေါ်လာသည်။

ထိုကာလတွင် 'တက္ကသိုလ်ဆရာမတွေ တခြား အရည်အချင်းတွေနဲ့လည်း ပြည့်စုံဖို့လိုတယ်'ဆိုသောမူဖြင့် အရည်အသွေးကို အကဲဖြတ်သော 9 Platform (နိုင်းပလက်ဖောင်း)ဆိုသည့်မူကို ၂၀၀၀ ပြည့်နှစ်ဝန်းကျင်လောက်ကစပြီး ကျင့်သုံးသေးသည်။ သို့သော် သုတေသနပြုခြင်း၊ စာတမ်းဖတ်ခြင်း၊ စာပေရေးသားပြုစုခြင်း၊ ဘာသာရပ်ကျွမ်းကျင်ခြင်း စသည့်ပညာဆိုင်ရာ မှတ်ကျောက်များက ပဓာနနေရာမှာရှိနေပါသေးသည်။ လုပ်သက်တို့၊ လူမှုရေးဆောင်ရွက်ချက်တို့အပြင် ပရဟိတစိတ်ရှိမှုတို့၊ ထိုးထွင်းကြံဆမှုတို့ စသည့်တိုင်းတာရခက်သော မှတ်ကျောက်များလည်း ပါသေးသည်။ ထိုကာလတွင် ကျွန်တော်မှာနိုင်းပလက်ဖောင်းကို အကဲဖြတ် အမှတ်ပေးရသည့် ဌာနမှူးနေရာ သို့ရောက်နေရာ အလွန်'ခေါင်းကိုက်'ရသော ကိစ္စတွေနှင့် ကြုံရပါတော့သည်။ နိုင်းပလက်ဖောင်းခေါ် ခေါင်းစဉ် ၉ ခုနှင့် ပတ်သက်၍ ကာယကံရှင်များပုံစံဖြည့်ရာတွင် မမှန်မကန်အချက်တွေ ပါလာတတ်သည့်အတွက် ဟုတ်၊ မဟုတ် ပြူးပြဲပြီးစိစစ်ရသည်။ လုပ်သက်များချင်သဖြင့် နည်းပြမလုပ်ခင် 'စာစဉ်နည်းပြ'ခေါ် တဆင့်နိမ့်လုပ်သက်တွေ ရောထည့်သဖြင့် ပြန်ပြင်ခိုင်းရတာမျိုး၊ စာတမ်းဖတ်ပွဲတွေ ဆွေးနွေးပွဲတွေ ပရိသတ်အဖြစ် တက်နားထောင်ရုံနားထောင်သူက စာတမ်းဖတ်သယောင်ယောင် မဟုတ်မမှန်ဖြည့်သဖြင့် ပြန်ပြင်ခိုင်းရခြင်းမျိုး၊ ကလောင်နာမည်တခုတပ်ပြီး ကျောင်းမဂ္ဂဇင်းမှာရေးသော စာတိုစာစကလေးကို သုတေသန စာတမ်းယောင်ယောင်ပုံများရိုက်သဖြင့် ပြန်ပြင်ခိုင်းရခြင်းမျိုးတွေရှိပါသည်။ တက္ကသိုလ်ဆရာ၊ ဆရာမ၏ သိက္ခာနှင့်မတန်အောင် ကိုယ်ကျင့်တရားပျက်ယွင်းသည့် သာဓကများဖြစ်ပါသည်။

'လျှော့ဈေး ပေါ့ဈေး' တွေကလည်း ဆရာ၊ ဆရာမတွေ၏ အရည်အသွေးနိမ့်ကျအောင်လုပ်သလို ဖြစ်နေပါသည်။ ရန်ကုန်တက္ကသိုလ်စတင်ချိန်ကစ၍ နှစ် ၇၀ ကျော် တည်ငြိမ်စွာဖြတ်သန်းခဲ့သော '၄ နှစ် နှင့်ဘွဲ့ပေးသည့်စနစ်'ကို ၁ နှစ် လျှော့ပြီး ၃ နှစ်နှင့်ဘွဲ့ပေးသောအခါ အရည်အချင်းမပြည့်မှုတွေ ပေါ်လာပါသည်။ စာသင်နှစ်ဝက်အလိုက် သင်တန်းစာတွေ ဖြတ်သည့်အတွက် ကျောင်းသားက ပထမနှစ်ဝက်မှာ ဖြေပြီးသည့်စာကို ဒုတိယနှစ်ဝက်သို့ သယ်ဆောင်လာစရာမလိုတော့သဖြင့် ဘာသာရပ်ကွင်းဆက်တွေပြတ်ကုန်သည်။ ပထမနှစ်ဝက်မှာ သင်ထားသည့်စာကို ဒုတိယနှစ်ဝက်မှာမေးမိလျှင် ထိုဆရာ၊ ဆရာမကို ရာဇဝတ်မှုကျူးလွန်သူကဲ့သို့ ကြည့်တတ်ကြသည်။ မဟန်မှန်းသိလာတော့ ဆယ်နှစ်ကျော်လောက်အချိန် ပုပ်သွားပြီးမှ ၂၀၀၀ ကျော်ကာလမှာ မူလအတိုင်း ၄ နှစ်သို့ ပြန်ပြောင်းရသည်။ အခြားတက္ကသိုလ်များတွင်လည်း စာသင်နှစ်လျှော့တော့ ဆရာဝန်မွေးထုတ်သည့် ဆေးပညာဘွဲ့ကို ၆ နှစ်နှင့်ပေးသည်။ ဆေးတက္ကသိုလ်မှာ သိပ္ပံဘာသာတခုသင်သော ဆရာမက သူ့တပည့်တွေကို 'နင်တို့ ဆရာဝန်ဖြစ်ရင် ငါတော့အကုမခံရဲဘူး'ဟု ရယ်သလိုမောသလို ပြောဖူးကြောင်း ထိုဆရာမက ပြောပြပါသည်။ နောက်တော့ မူလအတိုင်းပြန်ဖြစ်သည်။ နောက်ပိုင်းမှာ 'လျှော့ဈေးပေါ့ဈေး'တွေ ဆက်ပေါ်လာသည်။ နည်းပြသရုပ်ပြ ၇ နှစ်ပြည့်မှာ ရာထူးတိုးသည့်မူကို ၃ နှစ်သို့ လျှော့ချလိုက်သောအခါ ၇ နှစ်ပြည့်မှ ရာထူးတိုးရသူလောက်တော့ အတွေ့အကြုံမရှိသည်မှာ အမှန်ပင်။ ထို့အတူဝါရင့် ပါရဂူဘွဲ့အတွက် ကထိကလုပ်သက် ၁၀ နှစ်ရှိရမည်ဟူသော သတ်မှတ်ချက်ကို ၃ နှစ်သို့ လျှော့ချလိုက်သောအခါ အရည်အသွေးမမီသည့် 'သောကောရောကော'တွေ အများကြီးပါလာသည်။ တာဝန်ရှိသည့် စီမံခန့်ခွဲသူများက နှစ်အပိုင်းအခြားကိုသာ ဝက်အူလျှော့လိုက်ပြီး အရည်အချင်းပိုင်းကို ဝက်အူပြန်မတင်းလေတော့ 'လွယ်ပါတယ်'ဆိုသောအတွေးဝင်ပြီး ပေါ့ပေါ့ဆဆတွေ ဖြစ်ကုန်သည်။ ပါရဂူသင်တန်း အစီအစဉ်တုန်းက အရည်အချင်းကို လျှော့ချပြီးအရေအတွက်တိုးလိုက်သည့်အတွက် 'မြင်သမျှလူပါရဂူ'ဟု သရော်ခံရသည့် အခြေအနေအထိ ဆိုးဝါးသွားသော သင်ခန်းစာရှိခဲ့ပြီးဖြစ်သည်။ တချိန်က နည်းပြသရုပ် ပြလုပ်သက်ဆယ်နှစ်ဆယ့်ငါးနှစ်ရှိသည့် ဆရာ၊ ဆရာမများမှာနေရာမရှိ၍ ရာထူးမတိုးသည့်တိုင် နည်းပြသရုပ်ပြဘဝမှာပင် ဌာနမှူးအဖြစ် စီမံခန့်ခွဲနိုင်သည့် အတန်းကြီးတွေပို့ချနိုင်သည်။ ယခုနည်းပြသရုပ်ပြ ၃ နှစ်နှင့် လက်ထောက်ကထိကဖြစ်လာသောအခါ အတွေ့အကြုံနည်းသေးသဖြင့် အားကိုး၍မရနိုင်သေးပါ။ သူတို့ကိုယ်တိုင်လည်း ၃ နှစ်နှင့် ရာထူးတိုးသဖြင့် ပေါ့ပေါ့တန်တန် သဘောထားသူတွေပေါ်လာသည်။ လျှော့ဈေး၏ဆိုးကျိုးများဖြစ်သည်။ သဘာဝအတိုင်း 'ပင်မှည့်' ဖြစ်လာမည့်အချိန်ကို မစောင့်နိုင်ဘဲ အတင်း'အုပ်မှည့်'လုပ်လိုက်တော့ မနူးမနပ်စိမ်းဆတ်ဆတ်တွေ အများကြီးထွက်လာတာ သဘာဝပါပဲ။

ရာထူးတိုးသည့်ကိစ္စမှာ 'အထက်ပုဂ္ဂိုလ်'၏ အကဲဖြတ်အမှတ်လည်း ပါသည်ဟုသိရသည်။ လက်အောက်ဝန်ထမ်း၏ အရည်အချင်းကို မှန်မှန်ကန်ကန် သမာသမတ်ကျကျ အကဲဖြတ်မှုများရှိသလို 'သာသာ ထိုးထိုး'လုပ်တာမျိုး၊ 'တွက်တွက်ကတ်ကတ်'လုပ်တာမျိုး၊ အဆင်မပြေသည့်ဝန်ထမ်းကို 'ငါ့လက်က လွတ်သွားရင်ပြီးရော'ဆိုပြီး အမှတ်တွေ ပိုပေးကာ 'တွန်းတင်'လိုက်တာမျိုးတွေလည်း ကြားရပါသည်။

ရာထူးတိုးသည့်ကိစ္စမှာ 'အထက်ပုဂ္ဂိုလ်'၏ အကဲဖြတ်အမှတ်လည်းပါသည်ဟု သိရသည်။ လက်အောက်ဝန်ထမ်း၏ အရည်အချင်းကို မှန်မှန်ကန်ကန် သမာသမတ်ကျကျ အကဲဖြတ်မှုများရှိသလို 'သာသာထိုးထိုး' လုပ်တာမျိုး၊ 'တွက်တွက်ကတ်ကတ်' လုပ်တာမျိုး၊ အဆင်မပြေသည့်ဝန်ထမ်းကို 'ငါ့လက်က လွတ်သွားရင်ပြီးရော'ဆိုပြီး အမှတ်တွေ ပိုပေးကာ'တွန်းတင်' လိုက်တာမျိုးတွေလည်း ကြားရပါသည် . . .

စာ(၈)သို့

www.free4readers.com





# နိုင်ချင်ရင် ပြိုင်ဘက်ကို လျှော့မတွက်သင့်

ခင်အောင်ထွန်း(ဟသ်ာတ)

အာဏာရှင်စနစ်များအတွက် ရွေးကောက်ပွဲဟာ သိပ်အရေးမကြီးလှပေမဲ့ အာဏာရှင်စနစ် ဆိတ်သုဉ်းလို့ ဒါမှမဟုတ် လျော့ကျသွားလို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းတဲ့နိုင်ငံများအဖို့ ရွေးကောက်ပွဲဟာ လွန်စွာမှ အရေးကြီးလှပါတယ်။ ရွေးကောက်ပွဲတခုဟာ နိုင်ငံမှာ ပြည်သူကိုကိုယ်စားပြု ပဲ့ကိုင်မောင်းနှင်မယ့် အစိုးရတရပ်ကို ရွေးချယ်ပေးရတာ ဖြစ်ပါတယ်၊ အစိုးရကောင်းမှ တိုင်းပြည်ကောင်းမှာပါ။ အစိုးကောင်းတရပ် ပေါ်ပေါက်ဖို့ရာမှာ ပြည်သူတို့ အပေါ်မှာ များစွာတည်မှီနေပါတယ်။ ပြည်သူတို့ရဲ့ နိုင်ငံရေးအသိ၊ အမြော်အမြင်ကြီးမှု၊ တက်ကြွမှုတို့ဟာ အဓိကကျပါတယ်။ နိုင်ငံရေးပါတီများဟာလည်း ရွေးကောက်ပွဲကို အနိုင်ရ လိုကြပါတယ်။ ဒါမှ မိမိတို့ပါတီရဲ့ မူဝါဒတွေ ရည်မှန်းချက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲဟာ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့ ရွေးကောက်ပွဲဖြစ်ပေမဲ့ သိပ်ထူးခြားတဲ့ ရွေးကောက်ပွဲတော့ မဟုတ်ပါဘူး၊ စစ်အာဏာရှင်ကနေ အဝတ်အစားပြောင်းလဲလိုက်သလိုမျိုးပဲ ဖြစ်မှာမို့ လူထုရင်ထဲမှာလည်း သိပ်ထူးခြားတယ်ရယ်လို့ မရှိခဲ့ပါဘူး။ ပြည်သူရွေးချယ်လိုတဲ့ အထင်ကရ ပြိုင်ဘက်ပါတီ ဝင်မပြိုင်ခြင်းကလည်း အဓိကအကြောင်းရင်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကတော့ ပြည်သူတင်မြှောက်လိုတဲ့ NLD ပါတီဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ပြည်သူတရပ်လုံးက စိတ်ဝင်တစား ရှိလှပါတယ်။ ရွေးကောက်ပွဲ အကြိုကာလဖြစ်တဲ့ ၂၀၁၄ ခုနှစ်ကတည်းက လှုပ်လှုပ်ရွရွ တွန်းတွန်းတိုက်တိုက် တွေလည်း များခဲ့ပါတယ်။ ပါတီအသီးသီးက ၎င်းတို့ပါတီရဲ့ မူဝါဒတွေ၊ သဘောတရားတွေ၊ ရည်မှန်းချက်တွေကို ပြည်သူတွေသိအောင် ကြိုးစားပမ်းစား ချပြကြပါတယ်၊ အပြိုင်အဆိုင်စည်းရုံးကြပါတယ်။ ပြည်သူကလည်း ၂၀၁၅ ခုနှစ်ကို မြန်မာနိုင်ငံအတွက် အပြောင်းအလဲနှစ်အဖြစ် သတ်မှတ်ကြပါတယ်။ မျှော်လင့်ထားကြတဲ့အတိုင်း၊ ဖြစ်စေချင်ကြတဲ့အတိုင်း NLD ကို ပုံအောလို့ မဲပိုင်းပေးလိုက်ကြပါတယ်။ ခုဆိုရင် NLD အနိုင်ရလို့ အုပ်ချုပ်ခဲ့တာ ၄ နှစ်ထဲကို ရောက်လာခဲ့ပါပြီ။ ဒီမိုကရေစီအစိုးရသစ်ကို ကိုယ်မျှော်လင့်သလို မဖြစ်လို့ မကျေမချမ်းအသံတွေလည်း ကြားရပါတယ်။

တနေ့ အိမ်ကိုရောက်လာတဲ့ ရေကြည်မြို့နယ်ထဲက လယ်သမားနှစ်ယောက်နဲ့ စကားပြောဖြစ်ပါတယ်။ လာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာ ဘယ်ပါတီနိုင်မယ်ထင်သလဲလို့ မေးပါတယ်။ NLD အတွက် မဲတွေလျော့သွားနိုင်ပေမဲ့ NLD နိုင်လိမ့်မယ်ထင်တယ်လို့ ပြောလိုက်ပါတယ်။ ထိုလယ်သမားနှစ်ယော်က်က ကျွန်တော်တို့ဆီမှာတော့ မဖြစ်နိုင်ဘူးလို့ ပြောပါတယ်။ ဘာဖြစ်လို့လဲမေးတော့ NLD အစိုးရသက်တမ်း ၅ နှစ်ပြည့်တော့မယ် ထူးခြားတဲ့ ပြောင်းလဲမှုမရှိကြောင်း၊ လယ်သမားတွေ စပါးဈေးမကောင်းလို့ ကျပ်တည်းကြောင်း၊ လူငယ်တွေ ထိုင်း၊ မလေး၊ ဂျပန်၊ ကိုရီးယားနိုင်ငံတွေကို သွားအလုပ်နေရကြောင်း၊ ပါတီက နုတ်ထွက်တာတွေ ပါတီတွေ ထပ်ထောင်တာကြောင့် မဲတွေကွဲပြီး NLD မနိုင်လောက်ဘူးလို့ ပြောပါတယ်။ သူတို့ကိုယ်နှိုက်ကလည်း NLD ဆိုတဲ့ပါတီကိုကြည့်ပြီး မဲမပေးတော့ဘူးဆိုတဲ့အကြောင်းတွေ ပြောပါတယ်။

စာရေးသူလည်း သူတို့ပြောတာတွေ စိတ်ရှည်လက်ရှည်နားထောင်ပြီး ကျွန်တော်လည်း တောင်သူဘဝကလာတာပါ။ ပဲဈေး၊ ရေတ်ဈေးက နှစ်စဉ်ကောင်းတာ မဟုတ်ပါဘူး။ နိုင်ငံခြားက အဝယ်လိုက်တဲ့အပေါ်မှာ မူတည်ပါတယ်။ တိုင်းပြည်ဆုတ်ယုတ်တယ် တိုးတက်တယ်ဆိုတာက တပြည်လုံးကို ခြုံကြည့်ရကြောင်း၊ လူတကိုယ်ချင်း ချောင်လည်မှု ကျပ်တည်းမှုဟာ မိမိတို့ရဲ့ကြိုးစားအားထုတ်မှု မိမိတို့ရဲ့ စီမံသုံးစွဲမှု အပေါ်မှာလည်း မူတည်ကြောင်း၊ လမ်းတွေ တံတားတွေ လျှပ်စစ်မီးတွေ တိုးချဲ့ကောင်းမွန်လာကြောင်း၊ ပညာရေး၊ ကျန်းမာရေးဘတ်ဂျက်ငွေကို အရင်ကထက် ပိုသုံးကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းအသီးသီး ကောင်းမွန်လာတာတွေ့ရကြောင်း၊ အသိမ်းခံလယ်မြေတွေ၊ လျော်ကြေးပေးစရာရှိတာတွေကို စိစစ်ပြီးပြန်ပေးနေကြောင်း၊ နိုင်ငံခြားထွက် အလုပ်လုပ်ကြတယ်ဆိုတာက လူ့သဘာဝအရ ပိုရတဲ့ဆီမှာ သွားအလုပ်လုပ်ရကြောင်း၊ ယခုသွားအလုပ်လုပ်ကြတဲ့နိုင်ငံများက လူများလည်း တခြားပိုရတဲ့နိုင်ငံများကိုထွက်ပြီး အလုပ်လုပ်ကြကြောင်း၊ ဦးသိန်းစိန်အစိုးရ ၅ နှစ်နဲ့ ယခု ၅ နှစ်ယှဉ်လိုက်လို့တူနေရင်တောင် ယခု ၅ နှစ်ကို မဲပေးသင့်ကြောင်း၊ နှစ်ပေါင်းများစွာက ပျက်စီးမှုကြီးကို ၅ နှစ်နဲ့ပြင်ဖို့ မလွယ်နိုင်ကြောင်း၊ ယခုက မိမိတို့ စိတ်ကြိုက်မဟုတ်တောင် ပိုကောင်းလာတာ တွေ့ရတဲ့အတွက် မဲပေးသင့်ကြောင်း စာရေးသူ အတော်ကလေးရှင်းပြလိုက်ပါတယ်။ လက်ခံပုံတော့ မပေါ်ပါဘူး။ သူတို့လည်း သူတို့ခံစားချက်တော့ ရှိနေကြမှာပါ။

ထိုကျပ်တည်းပါတယ်ဆိုတဲ့ လူတွေစီးတဲ့ ဆိုင်ကယ်က စာရေးသူရဲ့ ဆိုင်ကယ်ထက် အတော်ကောင်းကြောင်းလည်း တွေ့ရပါတယ်။ အချို့နယ်မြေခံရပ်ကွက် ကျေးရွာပါတီဝင်များရဲ့ အားနည်းချက်တွေကြောင့် ဒေသခံတွေ မကျေနပ်ကြတာလည်း ပါပါတယ်။ လေ့လာမှု၊ ဖြည့်တင်းမှု၊ စည်းရုံးမှု အားနည်းတာတွေ တွေ့ရပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်နဲ့ နယ်မြေခံပါတီဝင်တို့ ဟန်ချက်ညီဖို့လိုပါတယ်။ လူကိုပဲကြည့်တော့မယ်ဆိုတဲ့ အပြောများကိုလည်း အပြစ်မမြင်ဘဲ အမြင်ကြည်ကြည်နဲ့ ပြင်ဆင်ကြစေချင်ပါတယ်။ NLD ပါတီဒုဥက္ကဋ္ဌဒေါက်တာဇော်မြင့်မောင်ကလည်း ၂၀၂၀ ရွေးကောက်ပွဲမှာ ပါတီကိုသာကြည့်ပြီး ရွေးကြမှာမဟုတ်လို့ လွှတ်တော်အမတ်များ မိမိကိုယ်ကို ပြုစုပျိုးထောင်ပြီး ဝမ်းစာဖြည့်ကြရန်လိုကြောင်း သုံးပွင့်ဆိုင်ဆွေးနွေးပွဲမှာ သတိပေးပြောကြားထားတာ သတိတရရှိကြဖို့ လိုပါတယ်။** လူအများကလည်း ဓမ္မနဲ့ အဓမ္မကို ကွဲကြဖို့ လိုပါတယ်။ ခွဲမြင်ကြဖို့လိုပါတယ်။

NLD ပါတီကညံ့ခဲ့ရင်တောင် ဓမ္မဘက်မှာရှိတယ်ဆိုတာကို စဉ်းစားမိကြဖို့လိုပါတယ်။ NLD ပါတီဟာ ရွေးကောက်ပွဲနိုင်ရေးမှာ တဖက်ပါတီကို အကျောပေးပြီး ပြိုင်နေရတာပါ။ ဥပမာအနေနဲ့ပြောရရင် လက်နက်ပါတဲ့ လူ ၅ ယောက်ကို လက်နက်မပါတဲ့ လူ ၃ ယောက်က ဝင်နပန်းလုံးရတဲ့အဖြစ်မျိုးပါ။ ပရိသတ်များဘယ်သူ့ကိုအားပေးကြမလဲဆိုတာ ပရိသတ်ရဲ့ ခံယူချက်နဲ့ စဉ်းစားဉာဏ်အပေါ်မှာလည်း မူတည်ပါတယ်။ မိုးထဲရေထဲတလျှောက်လုံး တသွေးတည်း တသားတည်းဖြစ်ခဲ့တဲ့ ကျောင်းသားအဖွဲ့ကလည်း ပါတီထောင်လိုက်တာဟာလည်း မကောင်းတဲ့လက္ခဏာ ဖြစ်ပါတယ်။

တကယ်တော့ တဖွဲ့တစည်းထဲအတွင်းတောင် တားမရ ဆီးမရ ထွက်ကြတာတွေ၊ ကွဲကြတာတွေ သမိုင်းတလျှောက်လုံး ရှိနေခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းစဉ်က ညီညွတ်ခဲ့ကြပေမဲ့ လွတ်လပ်ရေးနောက်ပိုင်းကွဲခဲ့တဲ့ အကွဲတွေ သမိုင်းစာမျက်နှာတွေမှာ ရှိနေခဲ့ပါတယ်။ လက်ဝဲလက်ယာ ကွဲတယ်။ လက်ဝဲ အချင်းချင်းကွဲတယ်။ လက်ယာ အချင်းချင်းကွဲတယ်။ မြန်မာတွေမှာ သင်ခန်းစာတွေ အကြိမ်ကြိမ်ယူစရာတွေ ရှိခဲ့ကြပေမဲ့ မယူတတ်ကြပါဘူး။ ဒါကြောင့်လည်း တိုင်းပြည်ဟာ စစ်မီးလျှံတွေ၊ ဆင်းရဲမွဲတေမှုတွေက မလွတ်နိုင်သေးခြင်းပဲ ဖြစ်ပါတယ်။ ရှေ့က ရွေးကောက်ပွဲ အတွေ့အကြုံများကိုလည်း သင်ခန်းစာယူကြဖို့ လိုပါတယ်။ ရွေးကောက်ပွဲဝင်မယ်ဆိုကတည်းက လွှတ်တော်ကိုယ်စားလှယ်လောင်းကို ပါတီအသီးသီးဟာ စိစစ်ရွေးချယ်ကြပါတယ်၊ တကယ်ကတော့ ရွေးချယ်ပြီဆိုရင် ဒေသရဲ့ ယုံကြည်လေးစားသူဖြစ်ဖို့လိုသလို ဒေသလွှတ်တော်ကိုယ်စားလှယ်လောင်းဟာ ရွေးကောက်ပွဲစည်းမျဉ်းတွေနဲ့ ညီညွတ်တဲ့သူဖြစ်ဖို့ လိုပါတယ်။ အရည်အချင်းတွေ ပြည့်မီဖို့လိုပါတယ်။ ဒါမှမဟုတ် ဗဟိုကချပေးတဲ့သူ ဖြစ်နေခဲ့ရင်လည်း နယ်ခံက ငါ့ကိုမရွေးရကောင်းလားဆိုတဲ့ ခံစားမှုကို အသာထားပြီး ပါတီအတွက် ဝိုင်းဝန်းစည်းရုံးပေးသင့်ပါတယ်။ ဗဟိုကချပေးတဲ့သူဟာလည်း အညံ့စားလူကိုချပေးမယ်တော့ မဟုတ်ပါဘူး။

အဖြစ်အပျက်တခုပြရမယ်ဆိုရင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အင်္ဂပူမြို့ မဲဆန္ဒနယ် ၂ နေရာကို ဗဟိုကချပေးတယ်။ အဲဒီသူကို နယ်ခံဒေါက်တာဆန်းအောင်က မကျေနပ်လို့ခွဲထွက်ပြီး တသီးပုဂ္ဂလဝင်ပြိုင်ပါတယ်။ ဒေါက်တာဆန်းအောင်နိုင်ပါတယ်။ ဒါပေမဲ့ ဒေါက်တာဆန်းအောင်ဟာ စင်ပြိုင်အစိုးရနဲ့ အဆက်အသွယ်ရှိတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ပယ်လိုက်တော့ ဒုတိယမဲအများဆုံးဖြစ်တဲ့ တစည်ပါတီကလူ အနိုင်ရသွားပါတယ်။ ပြင်ဦးလွင်နဲ့ မြောင်မြို့နယ်များမှာလည်း နယ်ခံလူက မကျေနပ်လို့ ပါတီက နုတ်ထွက်ပြီး တသီးပုဂ္ဂလဝင်ပြိုင်ကြလို့ NLD က ရှုံးခဲ့ပါတယ်။ ပညာဘယ်လောက်တတ်တတ် ဘယ်လောက် ထက်မြက်ထက်မြက် နိုင်ငံရေး ရေချိန်နည်းရင်၊ ခံယူချက်အားမကောင်းရင် ဂိုဏ်းဂဏအစွဲတွေနဲ့ ကွဲတတ်ပါတယ်။ သင်ခန်းစာတွေ အလေးအနက်ယူကြဖို့ လိုပါတယ်။

ယခုလတ်တလောမှာလည်း ဒဂုံမြို့နယ် ပြည်သူ့လွှတ်ကိုယ်စားလှယ် ဒေါက်တာသက်သက်ခိုင်က ပါတီစည်းမျဉ်းတွေနဲ့ သူရဲ့ သဘောသဘာဝနဲ့ မကိုက်ညီဘူးထင်ပါတယ်။ ပါတီက နုတ်ထွက်ပြီး ပါတီတခုထောင်ပါတယ်။ ဒီမိုကရေစီအရ ထောင်ခွင့်ရှိပါတယ်။ တိုင်းပြည် ရှေ့ရေးကို ကြည့်မယ်ဆိုရင်တော့ ပါတီတွေ အပြိုင်အဆိုင် ထောင်ကြခြင်းထက် ဒီမိုကရေစီစံနှုန်းတွေ ပြည့်ဝအောင် အရင်ဝိုင်းဝန်းလုပ်ကြရဦးမယ်လို့ ထင်ပါတယ်၊ ဒါကလည်း တိုင်းပြည်အပေါ်ထားကြတဲ့ ခံယူချက်ချင်းမတူတဲ့အပေါ်မှာ မူတည်ပြီး အမြင်တွေကွဲသွားနိုင်ပါတယ်။ အထူးသဖြင့် ဆင်သွားရင်လမ်းဖြစ်တယ်ဆိုတဲ့သူတွေ ဆင်ခြင်သုံးသပ်ဖို့ လိုပါတယ်။

**မည်သို့ပင်ဖြစ်ပါစေ NLD အစိုးရအပေါ် အမြင်လွဲသူတွေ၊ အားမလိုအားမရ ဖြစ်တဲ့သူတွေ၊ စိတ်ပျက်သူတွေ၊ ထိုးချချင်သူတွေ အများအပြား ရှိနေကြပြီဆိုတာတော့ NLD ပါတီဝင်တွေ သေသေချာချာသိဖို့လိုသလို မိမိတို့ပါတီတွင်းမှာလည်း နိုင်ငံရေးရေချိန် ပြည့်ဝနေသူချည်း၊ အရည်အချင်း ပြည့်ဝနေသူချည်း ရှိနေတယ်လို့ မထင်မိပါစေနဲ့။ အမေရှိတယ်ဆိုပြီးလည်း မာန်မာနတွေ ထောင်လွှားမနေကြပါနဲ့။ မဲတပြားဟာ သိပ်အရေးကြီးပါတယ်။** ကိုယ့်ထိလို့မခံနိုင်တဲ့သူတွေ၊ NLD အပေါ် မကြိုက်တဲ့သူတွေ၊ အဂတိတရားတွေနဲ့ အသားကျနေတဲ့သူတွေကတော့ ပြည်သူဆိုတဲ့စကားလုံးကိုအငှားသုံးပြီး ပြည်သူတွေ ငတ်နေသယောင်၊ အမျိုးဘာသာသာသနာကို စော်ကားနေသယောင်၊ တိုင်းပြည်ကြီးပျက်စီးတော့မယောင် လုပ်ကြံဖန်တီးမှုမျိုးစုံနဲ့ သွေးထိုးကြပါလိမ့်မယ်။ မိမိတို့အချင်းချင်း ဂိုဏ်းဂဏတွေ မကွဲဘဲ အရည်အသွေးတွေထုတ်ပြပြီး ပြည်သူနဲ့ နွေးထွေးနေရင် ဒါတွေကိုကျော်လွှားနိုင်မှာဖြစ်ပါတယ်၊

၂၀၂၀ ရွေးကောက်ပွဲဟာလည်း နီးသည်ထက်နီးလို့ လာပါပြီ။ NLD ပါတီကလည်း ရွေးကောက်ပွဲအတွက် ပြင်ဆင်နေလောက်ပါပြီ။ ၂၀၂၀ အတွက် ကိုယ်စားလှယ်လောင်းများကို NLD က မြို့မိမြို့ဖများက သင့်လျော်သူကို ရွေးချယ်ပေးရမယ်လို့ဆိုပါတယ်။ မြို့မိမြို့ဖဆိုသူများကလည်း အဂတိတရားကင်းကင်းနဲ့ အရည်အသွေးရှိသူများကို ရွေးချယ်ပေးရမှာဖြစ်သလို ပါတီဝင်များကလည်း ရွေးချယ်ထားသူကို ဝိုင်းရံပေးဖို့လိုပါလိမ့်မယ်။ ငါ့လူကို မရွေးလို့ ငါ့လူငါ့အုပ်စုက လူမဟုတ်လို့ တစင်ထောင်ခြင်းမျိုးကိုတော့ ရှောင်ကြဉ်ကြဖို့ လိုပါတယ်။ အုပ်စုဖွဲ့ ဂိုဏ်းဂဏအစွဲတွေဟာ ပါတီအတွက် မကောင်းဘူးဆိုတာ သတိပြုရမယ့် အချက်ပါ။ ၂၀၁၉ ဟာ ၂၀၂၀ အတွက် အရေးကြီးတဲ့နှစ် ဖြစ်ပါတယ်။ ကြိုးစားရမယ့်နှစ်ဖြစ်ပါတယ်။ ၂၀၂၀ မှာ အနိုင်ရမှ တိုင်းပြည်အတွက် မိမိတို့လုပ်နိုင်ကြောင်း ပိုပြနိုင်မှာဖြစ်ပါတယ်။ ပြိုင်ဘက်တွေကလည်း ၂၀၂၀ အတွက် အကွက်စေ့စေ့ ပြင်ထားလောက်ပြီ ထင်ပါတယ်။ နိုင်ချင်ရင်ပြိုင်ဘက်ကို လျှော့မတွက်ဖို့လည်း လိုပါတယ်။

**ခင်အောင်ထွန်း(ဟသ်ာတ)**

# ရေစိမ်မခံသောဇာတ်ညွှန်းများနှင့် ပုံသဏ္ဍာန်အပစ်ခံရသော တိုင်းပြည်



မျိုးသည်မင်း

(၁)

**(၁) ဒေါင်ဒေါင်မြည်မှအိုး**

လူသိသွားမှာစိုးသောဇာတ်ညွှန်းဆိုသည်မှာ တကယ်တော့မနိုင်မာ၍လည်း ဖြစ်မည်။ ဇာတ်ခင်း ဇာတ်ကွက်အားနည်းဖျော့တော့လို့လည်း ဖြစ်မည်။ နိုင်ငံတကာမှာတော့ အတိုချုပ်ဇာတ်ညွှန်းများ အမြဲ ထည့်ထားတတ်သည်။ ဆိုရလျှင် သူတို့ဇာတ်ညွှန်းတွေ က ရေစိမ်ခံလို့ဖြစ်မည်။ ဩော် . . . မြန်မာ့မြန်မာ့ ရုပ်ရှင်။

ဟုတ်တော့လည်း ဟုတ်သည်။ မြန်မာ့ရုပ်ရှင် ဇာတ်ညွှန်းမှာပင်မဟုတ်။ နိုင်ငံရေးဇာတ်ညွှန်းမှာပင် 'သုံးလွန်းတင်မှကြိုး'ဟူသော စကားနှင့်မညီ။ အား ပျော့လှပေသည်။

ယခုတလော ရခိုင်ပြည်နယ်နိုင်ငံရေးဇာတ်ညွှန်း မှာပေါ်လောကြီးပေါ်လာသည်။ ရေစိမ်မခံဘူးဟုပြော ရမည်ထင်သည်။ အမျိုးသားရေးဟုအမည်ခံထားသော် လည်း အမှန်စင်စစ်နောက်ကွယ်က ဇာတ်လမ်းတွေ ရှိသည်ကို ပွဲကြည့်ပရိသတ်ကသိနေသည်။ မရိုးမ သောဇာတ်ညွှန်းမျိုးဖြစ်နေသည်ကို ပွဲကြည့်ပရိသတ် ကသိနေသည်။

ကြမ်းပြသည်။ ရမ်းပြသည်။ တောရိုင်းလူပမာ သတ်ပြသည်။ အကြမ်းဖက်ပြနေသည်။ AA အဖွဲ့၏ အတင့်ရဲမှုနောက်ကွယ်မှာ မည်သူတွေရှိသနည်းဆို သောမေးခွန်းကို ပရိသတ်ကမေးလည်းမေး၊ နားလည်း စွင့်ကြသည်။

ရခိုင်ပြည်နယ်မှာ ကုလားတန်စီမံကိန်းဆိုတာ ကြီးအကောင်အထည်ဖော်ဖို့ရှိနေသည်။ အိန္ဒိယနိုင်ငံ နှင့်ပူးပေါင်းဆောင်ရွက်မည့်စီမံကိန်းဖြစ်သည်။ ပထဝီ နိုင်ငံရေးနှင့်ပတ်သက်သည်လား။ ကိုယ်ကျိုးစီးပွားနှင့် ပတ်သက်သည်လား။ နောက်ကွယ်ကဇာတ်ညွှန်းရေး ဆရာ၏အရိပ်ကို ဖမ်းကြည့်နေကြသည်။ ရိုက်ကွင်း မန်နေဂျာတို့၏ခြေရာကို ရှာကြည့်နေမိကြသည်။

ဟုတ်သည်။ သူတို့အရဲကိုးလွန်းလာကြသည်မှာ သွေးရိုးသားရိုးမဟုတ်နိုင်ဆိုတာ ပြည်သူပြည်သား သူတော်ကောင်းများအားလုံးသိနေကြသည်။ သမိုင်း ပေးအသိဟုပင် ပြောရမည်ထင်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိုပင် အဖမ်း ပြခဲ့ပြီ။ သူတို့၏အကြောင်းပြချက်က ထိုပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်သည် 'တပ်မတော်၏လက် ကိုင်တုတ်'မို့လို့တဲ့။ လူမျိုးရေးပဋိပက္ခဖြစ်အောင် လှုံ့ဆော်သူဖြစ်လို့တဲ့။

ဇာတ်ညွှန်းကား၊ ဗီလိန်ဆန်လှသည်။ NLD အစိုးရက အမြန်ဆုံးလွှတ်ပေးဖို့တောင်းဆိုသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်မှာစိုးရိမ်ကြောင်း ပြောသည်။ မယုတ်မလွန်၊ ပျော့ပျော့ပျောင်းပျောင်း စကားလုံးအသုံးနှုန်းသုံး၍ ထုတ်ပြန်လိုက်သောကြောင့် ဖတ်ရသူအပေါင်းကပင် ကရုဏာဒေါသောနှင့် ရင်မော ရကြောင်း ထုတ်ပြောကြပြီ။

ဟိုလူတွေက ဘယ်လိုတုံ့ပြန်ကြလဲ။ ကြည့်ပါဦး။

'ဒေါက်တာအေးမောင်'ကိုဖမ်းခဲ့တာ မကျေနပ် ကြောင်းပြောသည်။ ဟောပြောပွဲမှာပြောသောစကား နှင့်ပင် အဖမ်းခံရတာကို မကျေနပ်ကြောင်းပြောသည်။ အကြောင်းပြချက် 'သင်း'လှပေသည်ဟု ဆိုရမည် လား။ 'အာဃာတ'ရှိပုံက အထင်းသားဆိုသော်ငြား အကြောင်းပြချက်မှာ ဟာကွက်တွေတလှေကြီးရှိနေ ပြန်သည်။

**သူတို့ဖမ်းထားသော ပြည်သူ့လွှတ်တော်ကိုယ် စားလှယ်မှာ NLD ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တယောက်ဖြစ်သည်။ သူတို့ပြောသလို 'တပ်မတော် ၏လက်ကိုင်တုတ်'ဆိုလျှင် ဖြစ်နိုင်ခြေရှိ၊ မရှိ ယုတ္တိဗေဒပညာပင်သုံးစရာမလိုဟု ဆိုရမည်ထင် သည်။**

“နှစ်(၇၀) ကြာတိုက်ပွဲတွေ။ ဘယ်သူ့ကိုတိုက်နေသည်လဲ။ ဘယ်ဝါဒကို တွန်းလှန်နေသည်လဲ။ မသဲကွဲကြသော်လည်း သေချာသည်က 'ကိုယ်ကျိုးစီးပွား' လုယက်သောပွဲ များသာဖြစ်သည်ဆိုခြင်းပင်။ 'ကိုယ့်နယ်မြေ' ဆိုပြီး စွဲလမ်းမက်မောနေသော တိုက်ပွဲတွေသာ ဖြစ်သည်။ 'ကိုယ့်လူမျိုး' ဆိုသော 'အစွဲ' မကျွတ်သေးသော တိုက်ပွဲတွေသာဖြစ်သည် . . .”

အင်း . . . 'နတ်ကရာ ကျီးမော'မဖြစ်ဖို့သာ အရေးကြီးသည်။ ယခုပင် ပလက်ဝမှာ ၁၄၄ ထုတ် ထားရသည်ဟု ကြားရသည်။ 'ဇာတ်ညွှန်း'က 'ဇာတ် သိမ်း'ကို ခန့်မှန်းလို့ရနေပြီ။

ဆွဲဆန့်ထားသော ဇာတ်အိမ်အတွက် ပွဲကြည့် သူပရိသတ်က သည်းခံနိုင်စွမ်းသိပ်မရှိတော့တာ သေချာသည်။ ဇာတ်ညွှန်းဆရာက မည်သူ။ ဇာတ် ဆောင်တွေက မည်သူ။ ဒါရိုက်တာက မည်သူ။ ဇာတ် လမ်းကမည်သို့----ဆိုတာ သိနေကြသည်ကကို တဒုက္ခ။

သေချာသည်က ---လက်နက်ကိုင်ထားသူ တွေရဲ့ ----စစ်ပွဲအကြောင်းရုပ်ရှင်တွေကို လူတွေ သိပ်ပြီးလက်မခံတော့တာ ကြာပြီဆိုတာပဲဖြစ်သည်။

မုဆိုးရာသီကုန်ပြီ။ လေးမြားလက်နက်တွေ မလိုတော့ပါဟူသော ကဗျာစာသားကို သတိရမိပါ၏။

ဩော် . . . ရေစိမ်မခံသောဇာတ်ညွှန်းများ။

(၂)

**(၂) ပုံသဏ္ဍာန်အပစ်ခံရလေသော . . . တိုင်းပြည်**

• မပွင့်ခင်က ကြွေသောပန်းကိုမြင်ဖူးပါသလား။ မမှည့်ခင်က အက်ကွဲနေသောအသီးကို မြင်ဖူးပါ သလား။ မြန်မာပြည်မြေပုံကိုသာကြည့်လိုက်ပါဟု ပြောလျှင် မလွန်ဟုထင်ပါသည်။

ဘယ်နေရာမှာမဆို . . . မညီညွတ်။ အသင်းအဖွဲ့ စိတ်ခါတ်နည်းပါး။ နှစ်ယောက်ရှိလျှင် (၁)ဖွဲ့။ (၃) ယောက်ရှိလျှင် (၂)ဖွဲ့။ (၁)ယောက်ထဲရှိလျှင် အိပ်နေ တတ်သော ကာရိုက်တာနှင့် ရွှေမြန်မာတွေ။

လောလောလတ်လတ်မှာပင် အတွေးအခေါ် ရင့်ကျက်သည်ဟုဆိုရမည်ဖြစ်သော စာပေပညာရှင် များ၏ 'ရောဝတီစာပေပွဲတော်'ဂယက်များက 'မညီ ညွတ်သောဗီဇ'ကိုပြသည်ဟု မြင်သည်။ လက်သိပ်ထိုး ဖိတ်သည်ဟူသော အသံကိုကြားရသည်။ သူ့အဖွဲ့၊ ကိုယ့်အဖွဲ့၊ ဂိုဏ်းဂဏစိတ်က၊ အထင်းသားမြင်သာ သည်။ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ဟူ သော ခွဲခြားသံတွေ ကြားရသည်။ ရောဝတီစာပေပွဲ တော်၏ 'ပထမအကြိမ်'မှာ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်တက်ရောက်ခဲ့သည်။ ထိုပွဲမှာ စည်ကားခဲ့သည်။ လှပခဲ့သည်။ ဂုဏ်ယူဖွယ်အခင်းအကျင်းတွေရှိခဲ့ကြ သည်။ ဒုတိယအကြိမ်ကစ 'ကွဲအက်သံ'သဲ့သဲ့ကြားရ သည်။

အခု . . . 'တတိယအကြိမ်'။ ခပ်အုပ်အုပ်ကျင်းပ သည်လား မေးခွန်းထုတ်ရမည်ထင်သည်။ စာနယ်ဇင်း မှာသိပ်ပြီးကြော်ငြာတာမတွေ့ရသလို ပွဲကျင်းပရေး မှာလည်း စည်စည်ကားကားသိပ်မတွေ့ရ။ ရန်ကုန် အဖွဲ့ဆိုပြီး ကားကြီးတစီးစာ စာရေးဆရာတွေပါလာ သည်။ မန္တလေးအဖွဲ့ဆိုတာကတော့ တယောက်စ၊ နှစ်ယောက်စ။ ပွဲသွားပွဲလာပရိသတ်လည်း ကျဲပါးတာ တွေ့ရသည်။

ဆွေးနွေးဝိုင်းတွေမှာလည်း ထိုင်ခုံအလွတ်တွေ ချည်းတွေ့ရသည်။ ပြောချင်သူ၊ ဟောချင်သူတွေ ခမျာလည်း ထိုင်ခုံအလွတ်များကိုကြည့်ပြီး ဟောကြ ရ၊ ပြောကြရသည်။ ဆွေးနွေးဝိုင်းတွေကတော့ အမျိုး အစားစုံလင်သည်။ ပညာရေး၊ နိုင်ငံရေး၊ စာပေ၊ အနုပညာအရေးတွေ။ နိုင်ငံရေးကာတွန်းဆရာများပွဲ မှာတော့ လူစည်ကားနေပုံတွေ ခါတ်ပုံတွေကတဆင့် တွေ့ရသည်။

အမေရိကန်စာရေးဆရာတယောက်၏ စာအုပ် မိတ်ဆက်ပွဲကိုတော့ ဝင်နားထောင်ဖြစ်သည်။ အစက မမီတော့ ရေရေရာရာတော့နားမလည်။ 'ဘာရာဇီး နိုင်ငံ၏နိုင်ငံရေးအကြောင်း'နောက်ခံစာအုပ်ဟု ပြောသံ ကြားရသည်။ မြန်မာနိုင်ငံမှာ တနှစ်ခွဲလောက်နေထိုင် ပြီးဖြစ်သော ထိုစာအုပ်ကိုရေးသူ၊ အမေရိကန်စာရေး ဆရာကို မြန်မာပြည်အကြောင်းရော ရေးဖို့ရှိလားဆို တော့ မြန်မာ့နိုင်ငံရေးကရှုပ်ထွေးကြောင်း လူမျိုးစု တွေများပြားကြောင်း၊ အယူအဆတွေများပြားကြောင်း ပြောပြီး ရေးဖို့လက်တွန့်နေသည်ကိုပြောသည်။

ဩော် . . . တနှစ်ခွဲပဲ နေထိုင်ရသေးသူပင်။ အတော်သဘောပေါက်နေရှာသည်ကိုး။ မြန်မာတတွေ ၏အကွဲအပြား။ စိတ်နေစိတ်ထား။ အပြုအမူ၊ အနေအထိုင်၊ အယူအဆ။ စာရေးဆရာလက်တွန့်ရ လေသော မြန်မာပြည်အရေး။

လွတ်လပ်ရေးရပါပြီဆိုကတည်းက ကွဲခဲ့ကြ သည်။ လက်နက်ကိုင်ပြီး စုဖွဲ့ကြသည်။ တော်လှန် ကြသည်။ တိုက်ခိုက်ကြသည်။ တိုက်ပွဲတွေ။ နှစ်(၇၀) ကြာတိုက်ပွဲတွေ။ ဘယ်သူ့ကိုတိုက်နေသည်လဲ။ ဘယ် ဝါဒကို တွန်းလှန်နေသည်လဲ။ မသဲကွဲကြသော်လည်း သေချာသည်က 'ကိုယ်ကျိုးစီးပွား'လုယက်သောပွဲ များသာဖြစ်သည်ဆိုခြင်းပင်။ 'ကိုယ့်နယ်မြေ'ဆိုပြီး စွဲလမ်းမက်မောနေသောတိုက်ပွဲတွေသာ ဖြစ်သည်။ 'ကိုယ့်လူမျိုး'ဆိုသော 'အစွဲ'မကျွတ်သေးသော တိုက်ပွဲတွေသာဖြစ်သည်။

'အိမ်ကြက်ချင်းခွပ်'ကြတာ တဖြန်းဖြန်းမဟုတ် လား။ နယ်ချဲ့သုတ်သွားသောအိုးမဲက ပြယ်နေတာ ကြာလောက်ပါပြီ။

ခွပ်ချင်လို့ကိုခွပ်နေတာ။ ကွဲချင်လို့ကို ကွဲနေကြ တာ။ ''မကွဲရင် မနေနိုင်တာကလွဲလို့''လို့ သီချင်း ဟစ်ရမည့်လူမျိုး။

စာ(၁၇)သို့

www.free4readers.com



# ၁၂၂ ကြိမ်မြောက် ရှင်ဥက္ကဌဓမ္မပူဇာပွဲ ကျင်းပမည်



လူသေလူဖြစ်၊ ကျောက်ကွင်း အရေးတော်ပုံစသည့် စာအုပ်များဖြင့် ထင်ရှားကျော်ကြားခဲ့သော မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် မောင်းတိုင်(၂)ရပ်ကွက် နတ်မိုတောရကျောင်းဆရာတော်ရှင်ဥက္ကဌ၏ ၁၂၂ ကြိမ်မြောက် ဓမ္မပူဇာပွဲကြီးကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နှစ်စဉ်ကျင်းမြဲအတိုင်း အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓမ္မပူဇာပွဲသို့ ဆရာတော်ရှင်ဝိရိယ(တောင်စွန်း)၊ ဆရာတော်မုနိကုမာရ (လမ်းပျဉ်းမနား)၊ စာရေးဆရာမောင်စိန်ဝင်း (ပုတီးကုန်း) တို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ဓမ္မပူဇာပွဲတွင် ဆရာတော်ကြီးများက တရားရေအေးတိုက်ကျွေးသွားမည်ဖြစ်ပြီး စာရေးဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)က အသိအမြင် ဗဟုသုတကြွယ်ဝစေသောစာပေများ ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

ဆရာတော် ရှင်ဥက္ကဌကို ၁၈၉၇ ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး ၁၉၇၈ ခုနှစ် သက်တော် ၈၁ နှစ်အရွယ်တွင် ပျံလွန်တော်မူခဲ့သည်။ ပျံလွန်တော်မမူခင် လူသေလူဖြစ် စာအုပ်အပါအဝင် လက်ဝဲနိုင်ငံများနှင့် ဘာသာလွတ်လပ်ပုံ၊ စစ်တွင်းကြုံရ ငါ့ဘဝ စသည့် စာအုပ်ပေါင်း ၃၆ အုပ်ကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ အူရဒူဘာသာများဖြင့် ရေးသားတော်မူခဲ့သည်။

ဓမ္မပူဇာပွဲနေ့တွင် ဆရာတော်ကြီးများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ရန်ကုန်မြို့မှ အလှူရှင် ဦးဘန်သိမ်းမိသားစုတို့က ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပြီး ဧည့်ပရိသတ်များကို နေ့လယ်စာထမင်းဖြင့် ဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **ဟသာ(တောင်တွင်းကြီး)**

## စာ-၅ (တက္ကသိုလ် ဆရာ၊ ဆရာမများ၏ အရည်အချင်းကို ပညာပဓာန မှတ်ကျောက်ဖြင့် အကဲဖြတ်ခဲ့သည့် အစဉ်အလာ) မှအဆက်

ခုတလောမှာတော့ ဆရာ၊ ဆရာမများ ရာထူးတိုးဖို့ သုတေသနဆောင်ရွက်ချက်တွေကို စိစစ်ရာမှာ ပညာရှင်ကျင့်ဝတ်ဖောက်ဖျက်ပြီး မမှန်မကန်လုပ်ထား တာတွေပေါ်လာသည်ဟု ဆိုသည်။ သုတေသနစာတမ်းတစောင်တည်းကို ၂ နေရာ၊ ၃ နေရာလှည့်ဖတ်ပြီး အပွားစတာထားတာမျိုး၊ တင်ပြီးသားစာတမ်းကို စာသားနည်းနည်းပါးပါးပြောင်းပြီး ပုံမှားရိုက်တင်ထားတာမျိုး၊ အင်တာနက်အပါအဝင် ဟိုကသည်ကကူးယူပြီး ကိုယ့်သုတေသနမဟုတ်တဲ့ ဟုတ်သယောင်ယောင် လိမ်ညာလှည့်ဖြားထားတာမျိုး၊ နိုင်ငံခြား စာတမ်းကို ပိုက်ဆံပေးဝယ်ထားပြီး ကိုယ့်စာတမ်းအဖြစ် ခပ်တည်တည်တင်တာမျိုး၊ မနေ့တနေ့က ပြထားသော စာတမ်းအရေအတွက်ကို အချိန်တိုအတွင်းမှာ 'ဗမာ့တန်ခိုးနဲ့ နှစ်ဆတိုးထားတာမျိုး' စသည်စသည်ဖြင့် မသမာမှုပြုကြသည့် သတင်းတွေ သိပ္ပံဘက်မှာရော၊ ဝိဇ္ဇာဘက်မှာပါ ကြားရသည်မှာ စိတ်မချမ်းသာစရာပါ။ 'ငါးပွက်ရာငါးစာချသလို' ဖြစ်နေပါသည်။

တာဝန်ရှိသူများဘက်ကလည်း 'ခုတမျိုး တော်တော်ကြာတမျိုး' လုပ်လုပ်နေသည့်အတွက် အခုလို ပွက်စိပွက်စိဖြစ်ရခြင်းမှာ အလွန်ရုပ်ပျက်ပါသည်။ ပညာမှတ်ကျောက်ကို ပဓာနပြု၍ စိစစ်သည့်အစဉ်အလာအတိုင်း ထိုမှုကို တသဘောတည်းကိုင်စွဲကာ ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ် ကျင့်သုံးခြင်းဖြင့် ပညာရှင် ဆရာ၊ ဆရာမများ၏ ဂုဏ်သိက္ခာကို မထိခိုက်စေဘဲ အရည်အချင်းကို မှန်မှန်ကန်ကန် အကဲဖြတ်ဖော်ထုတ်နိုင်ကြပါစေဟူ၍ သာ . . . ။

**မောင်ခင်မင်(ဓနုဖြူ)**


## TRADEMARK CAUTION

HUAWEI TECHNOLOGIES CO., LTD. a company incorporated in P.R.China at Administration Building Huawei Technologies Co., Ltd, Bantian, Longgang District, Shenzhen, P.R.China is the Owner and Sole Proprietor of the following Trademark:-

# HUAWEI ARK COMPILER

Reg : No.4/26875/2019

In respect of : Int'l Class 9 : Compiler software; operating systems for electronic devices.

In respect of : Int'l Class 42 : Design and development of compiler software and operating systems for electronic devices; design and development of mobile phone applications featuring compiler software; software as a Service (Saas) featuring compiler software.

# Harmony Studio

Reg : No.4/26873/2019

In respect of : Int'l Class 9 : Smartglasses; smartwatches; computer hardware; computer memories; integrated circuit cards (smart cards); sleeves for laptops; tablet computers; covers for tablet computers; stands adapted for tablet computers; flat panel displays; flexible flat panel displays for computers; laptop computers; notebook computers; bags adapted for laptops; computer keyboards; mouse (computer peripheral); computer programs, recorded; computer software applications, downloadable; black boxes (data recorders); interactive touch screen terminals; humanoid robots with artificial intelligence; electronic sheet music, downloadable; smart rings; security tokens (encryption devices); personal digital assistants (PDAs); computer software platforms, recorded or downloadable; thin client computers; hand-held electronic dictionaries; computer screen saver software, recorded or downloadable; computer software, recorded; downloadable graphics for mobile phones; wearable computers; downloadable mobile phone software applications; downloadable emoticons for mobile phones; computer operating programs, recorded; liquid crystal displays (LCD) with large screens; electronic diaries; liquid crystal displays (LCD); electronic pens; video image printers; computer styluses; computer programs, downloadable; pedometers; fingerprint identifier; human face recognition devices; scales; bathroom scales; scales with body mass analyzers; portable digital electronic scales; smartphones; wearable activity trackers; cases for smartphones; covers for smartphones; protective films adapted for smartphones; transponders; network communication apparatus; modems; switchboards; transmitters of electronic signals; transmitting sets (telecommunication); stored program controlled telephone switching apparatus; radios; telecommunication apparatus in the form of jewellery; selfie sticks for mobile phones; holders for mobile phones; intercoms; wrist-mounted smartphones; digital photo frames; microphones; cabinets for loudspeakers; headphones; earphones; virtual reality headsets; digital video recorder for vehicles; set-top boxes; loudspeakers; portable media players; sound transmitting apparatus; camcorders; monitoring apparatus, other than for medical purposes; video monitors; audio interfaces; electric and electronic effects units for musical instruments; equalizers (audio apparatus); security surveillance robots; wearable video display monitors; television apparatus; television apparatus for vehicles; ultra high-definition (UHD) televisions; liquid crystal display (LCD) televisions; selfie sticks (hand-held monopods); cameras (photography); thermal imaging cameras; selfie lenses; connected bracelets (measuring instruments); gas testing instruments; digital weather stations; biochips; infrared detectors; air analysis apparatus; laboratory robots; teaching robots; optical lenses; materials for electricity mains (wires, cables); USB data lines or data cables; USB data lines or data cables for mobile phones; electronic key fobs being remote control apparatus; video screens; integrated circuits; electronic chips; touch screens; electric plugs; electric sockets; sensors; digital door locks; alarm central units; electric batteries; chargers for electric batteries; mobile power source (rechargeable batteries); encoded identity cards; digital signal processors; short-range radio apparatus; electronic access control systems for interlocking doors; electronic publications, downloadable; chips (integrated circuits); printed circuit boards; printed circuits; central processing units (processors) for processing information, data, sound or images; central processing units (processors).

In respect of : Int'l Class 42 : Technological research; research and development of new products for others; scientific research; technical project studies; telecommunications technology consultancy; computer programming; computer software design; updating of computer software; consultancy in the design and development of computer hardware; maintenance of computer software; recovery of computer data; conversion of data or documents from physical to electronic media; computer system design; creating and maintaining web sites for others; data conversion of computer programs and data (not physical conversion); computer software consultancy; rental of web servers; providing search engines for the internet; web site design consultancy; information technology (IT) consultancy; electronic data storage; providing information on computer technology and programming via a web site; cloud computing; computer technology consultancy; computer security consultancy; developing of driver and operating system software; testing of computer software; testing of computer programs; product testing; consultancy in the field of software design; design and development of database.

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintip@mipadvocate.com
myint.advocate@mptmail.net.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 48/50, 1st Floor, 36th Street
Kyauktada Township, Yangon,
Myanmar., P.O. Box : 1126
PH : 95 1 373 344, 95 1 372 209
FAX : 95 1 371 990

16 November 2019

# ပါတီကိုကြည့်ပါ

ကိုလေးမြတ်



ကျွန်တော်တို့ဟာ ဖြတ်သန်းနေကြတဲ့ သမိုင်းကြောင်းရဲ့ အဓိကဖြစ်စဉ်ကို နားလည်ထားကြဖို့ လိုအပ်ပါတယ်။ အဲဒီ နားလည်မှုပေါ်က ညီညွတ်မှုတရပ် ထူထောင်ကြဖို့ လိုပါလိမ့်မယ်။ ဒါမှသာ ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိကြပါလိမ့်မယ်။ အဓိကဖြစ်စဉ်က ဘာလဲ။ စစ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကို အကူးအပြောင်းကာလပါ။ စစ်အာဏာရှင်တွေကတော့ ဒီမိုကရေစီကို အေးချမ်းစွာ ကူးပြောင်းပေးနိုင်ကြတယ်ဆိုပြီး ဂုဏ်ယူကျေနပ်နေကြလေရဲ့။ သူတို့ ခင်းပေးထားတဲ့ လမ်းအတိုင်း လျှောက်နေကြရတာကိုး။

စစ်အာဏာရှင်တွေက စေတနာသဒ္ဒါပေါက်ပြီး ကျွန်တော်တို့ကို ဒီမိုကရေစီလမ်းကြောင်းပေါ် တင်ပေးခဲ့တာ မဟုတ်ပေဘူး။ သူတို့ရဲ့ ကျပ်တည်း ခက်ခဲလှတဲ့ အခြေအနေကို သူတို့စည်းစိမ်၊ သူတို့ဘဝ လုံခြုံစိတ်ချရတဲ့ ၂၀၀၈ ခြေ/ဥနဲ့ ချည်နှောင်ပြီး လွှတ်ပေးလိုက်တာ ဖြစ်တယ်။ နအဖ စစ်အစိုးရလက်ထက် တတိယအာဏာအရှိဆုံးသူလို့ သတ်မှတ်ထားတဲ့သူက ၂၀၀၈ ခြေ/ဥဟာ သူတို့စည်းစိမ်၊ သူတို့ဘဝ လုံခြုံစိတ်ချရအောင် ရေးဆွဲထားတာဖြစ်တယ်လို့ တရားဝင် ထုတ်ဖော်ပြောဆိုထားပြီး မဟုတ်ပါလား။ ဒါကြောင့်လည်း အဲဒီသူကို သူတို့ဘက်က သစ္စာဖောက်လို့ သတ်မှတ်လိုက်ကြဟန်တူရဲ့။ ထား။

၂၀၀၈ ခြေ/ဥ ပြဋ္ဌာန်းပြီး ၂၀၁၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲတရပ် ကျင်းပပေးခဲ့တယ်။ NLD ပါတီ ပါဝင်ခြင်း၊ မရှိတဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ ပြည်ခိုင်ဖြိုးပါတီက အာဏာရပါတီ ဖြစ်လာခဲ့တယ်။ ပြည်ထောင်စု အစိုးရအဖွဲ့မှာရော၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရမှာရော၊ စစ်သည်တော်ဟောင်းတွေ အားလုံးနီးပါး နေရာပြန်ယူကြတယ်။ ငယ်စဉ်ကတော့ မောင်ပေါ်ပေါ့။ အရွယ်လေးရောက်လာ နှုတ်ခမ်းမွေးတိုနံ့နံ့ဖြစ်လာတော့ ကိုပေါ် ဖြစ်လာတယ်။ 'မောင်' ကနေ 'ကို' ဖြစ်လာတယ်။ သူက သူပါပဲ။ ပြည်သူတွေကတော့ ပိပိရိရိလှည့်မပြနိုင်တဲ့ မျက်လှည့်ဆရာတွေလို့ သတ်မှတ်ကြလေရဲ့။

အဲဒီမှာ ထူးခြားတာကတော့ လွှတ်တော်တွင်း ပြင်ဆင်ဖို့ မဖြစ်နိုင်တဲ့ ၂၀၀၈ ခြေ/ဥကို လွှတ်တော်တွင်း တင်သွင်းပြီး အချိန်ဖြုန်းခဲ့ကြခြင်းပါပဲ၊ အာဏာရပါတီဟာ ပြည်သူအကြိုက်ဖြစ်အောင် နိုင်ငံရေးလက်ဦးမှုယူခဲ့တာလို့ သုံးသပ်ခဲ့ကြတယ်။ အဲဒီမှာ သမ္မတဖြစ်ခွင့်ရှိတဲ့ အရည်အချင်းထဲမှာ ပါဝင်တဲ့ 'စစ်ရေးအမြင်'ဆိုတဲ့ စကားလုံးအစား 'ကာကွယ်ရေးအမြင်' ဆိုတဲ့ စကားရပ်နဲ့ အစားထိုးပြုပြင်နိုင်ခဲ့တယ်။ ဒါတောင် အတည်မဖြစ်သေးပါဘူး။ ပြည်သူ့ဆန္ဒခံယူပြီးမှ အတည်ပြုနိုင်မှာပါ။ ခြေထောက်ကို ဆွဲ၊ တွဲ ... လဲပေါ့။ စကားလုံး တလုံးတောင် ပြင်ဆင်ဖို့ ခဲယဉ်းလှတဲ့ ၂၀၀၈ ခြေ/ဥပါ။

၂၀၀၈ ခြေ/ဥဟာ နအဖလက်ထက် တာဝန်ရှိတဲ့သူတွေ စိတ်ကြိုက်ရေးဆွဲခဲ့တဲ့ ခြေ/ဥ ဖြစ်ပါတယ်။ အဲဒီ ခြေ/ဥ ရေးဆွဲစဉ်က ပါဝင်ခဲ့ကြတဲ့ ပြည်ခိုင်ဖြိုးတွေက သူတို့ကိုယ်တိုင် လက်မခံနိုင်တာကြောင့် ပြင်ဆင်ဖို့ ကြိုးစားခဲ့ကြတယ်ဆိုတာတော့ မှတ်တမ်းဖြစ်ခဲ့တာပေါ့လေ။ မှတ်တမ်းတင်ထားကြပါတယ်။ ကိုယ့်ငါးချဉ်ကို မချဉ်ကြတော့တဲ့ သဘောကိုး။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာတော့ NLD ပါတီ ပါဝင်ယှဉ်ပြိုင်လာတယ်။ ပြည်ခိုင်ဖြိုးပါတီကလည်း ဆက်လက်ထိန်းချုပ်နိုင်ဖို့ ကြိုးစားလာတယ်။ ဒါပေမဲ့ ပြည်သူတွေရဲ့ဆန္ဒကိုတော့ မဟန့်တားနိုင်တော့ဘူး။ အဲဒီမှာ လူထုခေါင်းဆောင်က လူကို မကြည့်ပါနဲ့ ''ပါတီကို ကြည့်ကြပါ''လို့ ဆော်ဩလာတယ်။ ဝေဖန်မှုတွေ ညံ့စီသွားတယ်။ ကျွန်တော်တို့ အနေနဲ့လည်း 'ပါတီကိုကြည့်ပါ'ဆိုတဲ့မှုကို လက်ခံပါတယ်။ ဘာလို့လဲဆိုတော့ စီးချင်းထိုးကြရမယ့် အချိန်အခါဖြစ်လို့ပါပဲ။

ပြည်ခိုင်ဖြိုးပါတီကို ယှဉ်ပြိုင်နိုင်တဲ့ပါတီဟာ NLD ဖြစ်ပါတယ်။ NLD ပါတီ အနိုင်ရရှိလိုက်တာနဲ့ ဒီမိုကရေစီစနစ် လက်ငင်းမကူးပြောင်းနိုင်ပေမဲ့ ပြည်သူနဲ့နီးစပ်တဲ့ အစိုးရတရပ်တော့ဖြင့် ဆန္ဒထုတ်ဖော်နိုင်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် ပါတီကိုကြည့်ပါဆိုတဲ့ မှုကို လက်ခံခြင်းပါပဲ။ ရွေးကောက်ပွဲမှာ အင်အားကြီးတဲ့ ယှဉ်ပြိုင်ဘက်ပါတီကိုအောင်နိုင်ဖို့ လိုအပ်တယ်မဟုတ်ပါလား။

အခု NLD ပါတီက အစိုးရဖွဲ့စည်းနိုင်တဲ့ အင်အားနဲ့အာဏာရပါတီဖြစ်နေပါပြီ။ ဒါပေမဲ့ အရာရာလုပ်ဆောင်မှုတိုင်းမှာ အဟန့်အတားတွေ၊ အနှောင့်အယှက်တွေ ရှိနေသေးတာ တွေ့ကြရတယ်။ အားလုံးသိရှိတွေ့မြင်နေတာမို့ အကျယ်မချဲ့တော့ပါဘူး။ ပြည်သူတွေ နိုင်ငံရေးအသိ နိုးကြားလို့သာတောင့်ခံနိုင်တာပါ။ နို့မဟုတ်ရင် ရေစုန်မျောသွားတာကြာပေါ့။ သူတို့အာဏာလက်လွှတ်လိုက်စဉ်က ကြည့်နေ ၃ လခံမယ့်အစိုးရမဟုတ်ဘူးလို့ ကြိမ်းဝါးသံတွေကြားခဲ့ရတယ် မဟုတ်ပါဘူး။

လက်ရှိမှာ ၂၀၀၈ ခြေ/ဥကို လွှတ်တော်မှာ ပြင်ဆင်လို့ ဖြစ်နိုင်ခြေ နည်းပါးတာကြောင့် တခြားနည်းလမ်းနဲ့ ပြင်ဆင်နိုင်အောင် ကြိုးစားကြည့်နေတယ်။ သိကြတဲ့အတိုင်း ကန့်ကွက်သံတွေ စီညံပွက်လောရိုက်ခတ်သွားတယ်။ ပြင်ဆင်တာကို ကန့်ကွက်တာ မဟုတ်ဘူး။

စာ(၁၀)သို့



www.free4readers.com





## ဒီနေ့ကံကောင်းချင်ရင်

***တနင်္လာနေ့(၁၈-၁၁-၂၀၁၉)***

ဒီနေ့ကံကောင်းချင်ရင် အဝါရောင်၊ ငွေရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **အုန်းညွှန့် ၁၃ ညွှန့်** လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၅ ဂဏန်း၊ ၃ ဂဏန်းနဲ့ ၄ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် စာအုပ်စင်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ ညှိနှိုင်းရခက်သူတွေနဲ့ ပြေလည်သွားနိုင်တဲ့နေ့ပါပဲ။

***အင်္ဂါနေ့(၁၉-၁၁-၂၀၁၉)***

ဒီနေ့ကံကောင်းချင်ရင် ပန်းရောင်၊ အပြာရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **ပေါက်စီ ၃ လုံး** ဆွမ်းတော်ကပ်လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၆ ဂဏန်း၊ ၅ ဂဏန်းနဲ့ ၈ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် မုန့်ထုပ်ပေါ်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ အတွက်အဆ မှားတတ်တဲ့နေ့ပါပဲ။

***ဗုဒ္ဓဟူးနေ့(၂၀-၁၁-၂၀၁၉)***

ဒီနေ့ကံကောင်းချင်ရင် အဖြူရောင်၊ အစိမ်းရောင်၊ ငွေရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **သပြေ ၇ ညွှန့်** လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၇ ဂဏန်း၊ ၀ ဂဏန်းနဲ့ ၆ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ရေချိုးခန်းမှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ အပျက်စီး အဆုံးရှုံးများတတ်တဲ့နေ့ပါပဲ။

***ကြာသပတေးနေ့(၂၁-၁၁-၂၀၁၉)***

ဒီနေ့ကံကောင်းချင်ရင် အနက်ရောင်၊ ခရမ်းရင့်၊ အပြာရင့် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **ကံ့ကော် ၂၄ ညွှန့်** လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၈ ဂဏန်း၊ ၆ ဂဏန်းနဲ့ ၂ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဂျာနယ်ပေါ်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ ထူးထူးခြားခြား အောင်မြင်တတ်တဲ့နေ့ပါပဲ။

***သောကြာနေ့(၂၂-၁၁-၂၀၁၉)***

ဒီနေ့ကံကောင်းချင်ရင် အနီရောင်၊ ခရမ်းရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **ကိတ်မုန့်နဲ့ကော်ဖီ** ဆွမ်းတော်ကပ်လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၉ ဂဏန်း၊ ၇ ဂဏန်းနဲ့ ၂ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ပန်းကိုကြည့်ပြီး နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ အထင်အမြင် အလွဲခံရတတ်တဲ့နေ့ပါပဲ။

***စနေနေ့(၂၃-၁၁-၂၀၁၉)***

ဒီနေ့ကံကောင်းချင်ရင် အဖြူရောင်၊ ရွှေရောင်၊ အဝါရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **သစ်သီး ၆ လုံး** လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၁ ဂဏန်း၊ ၄ ဂဏန်းနဲ့ ၆ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် လက်မှတ်တစောင်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ သတင်းကောင်း၊ ဧည့်သည်ကောင်း ရောက်တတ်တဲ့နေ့ပါပဲ။

***တနင်္ဂနွေနေ့(၂၄-၁၁-၂၀၁၉)***

ဒီနေ့ကံကောင်းချင်ရင် အဖြူရောင်၊ အစိမ်းရောင်၊ ငွေရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် **ဂုဏ်တော် ၉ ပါး ပုတီး ၉ ပတ်** စိပ်ပါ။

ဒီနေ့ကံကောင်းချင်ရင် ၂ ဂဏန်း၊ ၇ ဂဏန်းနဲ့ ၉ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဖိတ်စာပေါ်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ ငွေဟောင်း ပစ္စည်းဟောင်းတွေ ပြန်ပေါ်တတ်တဲ့နေ့ပါပဲ။

***ဇင်ယော်နီ***

# ရန်ကုန်-တောင်ငူရထားလမ်းပိုင်း သံလမ်းခင်းခြင်းလုပ်ငန်း ၂၀၂၀ နှစ်ဆန်းပိုင်းတွင် စတင်မည်

ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းအပိုင်း(၁) ဖြစ်သည့် ရန်ကုန်-တောင်ငူ မီးရထားလမ်းပိုင်းအဆင့်မြှင့်မှုစီမံကိန်း၏ လုပ်ငန်းစဉ်တခုဖြစ်သည့် သံလမ်းခင်းသည့် လုပ်ငန်းကို ၂၀၂၀ နှစ်ဆန်းပိုင်းတွင် စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါ ရထားလမ်းပိုင်းအား ရန်ကုန်-ပဲခူး၊ ပဲခူး-ညောင်လေးပင်၊ ညောင်လေးပင်- တောင်ငူ CP 101, CP 102, CP 103 ဟူ၍ အပိုင်း ၃ ပိုင်းခွဲကာ အောက်တိုဘာလဆန်းမှ စတင်၍ ဒွေးလမ်းမှ ကေ လမ်း စနစ်အဖြစ် ကန်ထရိုက်တာ ၃ ဦးမှ ဆောင် ရွက်နေခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အဟောင်းများ ဖြုတ်သိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြောင်း မြန်မာ့မီးရထား၊ သွားလာရေးဌာနမှ တာဝန်ရှိသူတဦးက ပြောသည်။

''အခုက သံလမ်းအဟောင်းတို့၊ ဇလီဖားအဟောင်းတို့ အဟောင်းတွေ ဖြုတ်သိမ်းတဲ့လုပ်ငန်း လုပ်နေတယ်။



နောက် တချို့နေရာတွေမှာလည်း တာဘောင်ပြင်တဲ့လုပ်ငန်းတွေ လုပ်နေတယ်။ သံလမ်းခင်းတဲ့ လုပ်ငန်းကတော့ လိုသေးတယ်။ အဟောင်းတွေ ဖြုတ်သိမ်းတယ်။ ပြီးရင်တာဘောင်မြေသားတွေကို တချို့ပြင်တဲ့နေရာပြင်နေတယ်။ လိုအပ်တဲ့နေရာတွေမှာ မြေသား အစားထိုးတာမျိုး လုပ်ရမှာပေါ့။ အဲဒီလုပ်ငန်းစဉ်တွေ ပြီးမှ သံလမ်းခင်းတဲ့လုပ်ငန်းကို လုပ်မှာ။ အနည်းဆုံးတော့ ၂ လ၊ ၃ လ လောက် လိုသေးတယ်''ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ရန်ကုန်မှ တောင်ငူအထိ အပိုင်း ၁၊ တောင်ငူမှ မန္တလေးအထိ အပိုင်း ၂ ဟူ၍ အပိုင်း ၂ ပိုင်း ခွဲခြားကာ ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ JICA ODA Loan ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ လက်ရှိဆောင်ရွက်နေသည့် ရန်ကုန်- တောင်ငူ ရထားလမ်းပိုင်းအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ဂျပန်ယန်း ၉၁ ဒသမ ၉၂၁ ဘီလီယံဖြစ်ပြီး စီမံကိန်းကာလသည် ၃ နှစ်နှင့် ၅ လ ကြာမြင့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

***ကိုလင်း***

# သီလဝါအထူးစီးပွားရေးဇုန်တွင် တနေ့ တန် ၁၂၀၀ ထုတ်လုပ်မည့် ဆန်စက်ကြီးတည်ဆောက်မည်

စင်ကာပူအခြေစိုက် ဝီလ်မာအင်တာနေရှင်နယ်လီမိတက်သည် ဝီလ်မာမြန်မာနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် တနေ့တန် ၁၂၀၀ ခန့် ထုတ်လုပ်နိုင်သည့် ဆန်စက်ကြီးတလုံး တည်ဆောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဝီလ်မာအင်တာနေရှင်နယ်လီမိတက်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အကြီးမားဆုံးဆန်စက်ကြီးကို တည်ဆောက်ခြင်းဖြစ်သည်ဟု ကုမ္ပဏီဥက္ကဋ္ဌနှင့် CEO Kuok Khoon Hong ၏ ပြောစကားကို ကိုးကားလျက် Eleven Media Group က ဖော်ပြသည်။

Kuok Khoon Hong က''မြန်မာနိုင်ငံဟာ စီးပွားရေးနဲ့စိုက်ပျိုးရေးကဏ္ဍများတွင် အရင်းအမြစ်များ ကြွယ်ဝတယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကုမ္ပဏီအနေနဲ့ ဒေသဆိုင်ရာစိုက်ပျိုးရေးဝန်ဆောင်မှုများကိုသာမက ပြည်တွင်း၊ ပြည်ပဈေးကွက်များကိုပါ ဖန်တီးနိုင်မှာဖြစ်ပါတယ်''ဟုပြောသည်။

အဆိုပါ ဆန်စက်ကြီးတည်ဆောက်ပြီးစီးပါက သီလဝါမှတဆင့် အခြားနိုင်ငံများသို့ ဆန်အိတ်များတင်ပို့သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

''ဝီလ်မာမြန်မာဟာ ၂၀၁၈ မတ်လ ၂၅ ရက်နေ့က ဝီလ်မာဆိပ်ခံတံတားကို ဖွင့်လှစ်ခဲ့တယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အစိုးရနဲ့ နှစ် ၅၀ BOT သဘောတူညီချက်တခုအရ ဝီလ်မာမြန်မာ ဆိပ်ခံတံတားများ လုပ်ကိုင်လည်ပတ်ခွင့် ဝီလ်မာကို ပေးအပ်ခဲ့တယ်။ ဆိပ်ခံတံတားဟာ အလျား ၂၃၄ မီတာ၊ အကျယ် ၂၅ မီတာရှိတယ်။ ဒ့ါပြင် ဆိပ်ခံတံတားကို အလျား ၃၉၀ မီတာ၊ အနက် ၁၃ မီတာထိ တိုးချဲ့တည်ဆောက်သွားဖို့ အစီအစဉ်တွေ လုပ်နေတယ်''ဟု Eleven Media က ဖော်ပြသည်။

မလေးရှား PPB Group သည် ဝီလ်မာအင်တာနေရှင်နယ်လီမိတက်တွင် အစုရှယ်ယာ ၁၈ ဒသမ ၅ ရာခိုင်နှုန်း ထည့်ဝင်ထားရာ ဝီလ်မာက သီလဝါတွင် အကြီးမားဆုံးဆန်စက်ကြီး တည်ဆောက်မည်ဆိုသောသတင်းကြောင့် PPB ၏ ရှယ်ယာတန်ဖိုး ၀ ဒသမ ၂၂ ရာခိုင်နှုန်း မြင့်တက်သွားကြောင်း မလေးရှားမှ edgemarkets.com က ဖော်ပြသည်။

***S.M***

***Ref : (edgemarkets.com)***

*စာ-၉ (ပါတီကိုကြည့်ပါ) မှအဆက်*

ဥပဒေနည်းလမ်းမကျတာကို ကန့်ကွက်တာ။ လမ်းမတန်းကမသွားဘဲ အိမ်ကြိုအိမ်ကြားက သွားနေလို့ ပြောပြတာတဲ့၊ ကျေးဇူးတင်ပါတယ်။ ပြင်ဆင်သင့်တာကို မဖြစ်နိုင်တဲ့နည်းလမ်းနဲ့သွားနေရင် အချိန်ကုန်လူပန်းတာပဲ ရှိနေမပေါ့။ ဒီတော့ ဖြစ်နိုင်ရင်တဲ့နည်းလမ်းနဲ့ သွားရပေလိမ့်မယ်။ တချို့က မအောင့်နိုင်၊ မအည်းနိုင် စစ်တလင်းဖြစ်သွားမယ်လို့ ခြိမ်းခြောက်လိုက်သေးတယ်။ ကြောက်လှချည့်ရဲ့။

သူတို့ရဲ့စေတနာက စည်းကမ်းကျတဲ့ ဒီမိုကရေစီ ဖြစ်ထွန်းစေချင်တာတဲ့။ ကျွန်တော့်အနေနဲ့ မအောင့်နိုင်၊ မအည်းနိုင်လို့ပြောပါရစေ။ လွှတ်တော်အသီးသီးမှာ ရွေးကောက်ခံကိုယ်စားလှယ်မဟုတ်တဲ့သူတွေ ၂၅ ရာခိုင်နှုန်း ပါဝင်နေတယ်။ ၂၀၀၈ ခြေ/ဥပြဋ္ဌာန်းချက်အရပါ။ စည်းကမ်းကျတဲ့ ဒီမိုကရေစီမှာ လွှတ်တော်အသီးသီးမှာ ရွေးကောက်ခံကိုယ်စားလှယ်တွေကလွဲပြီး တခြားမည်သည့် ပုဂ္ဂိုလ်မှ ရှိနေခွင့်မပြုပါဘူး။ အခု ကျွန်တော်တို့နိုင်ငံရဲ့လွှတ်တော်ထဲမှာ ရွေးကောက်ခံကိုယ်စားလှယ်မဟုတ်တဲ့ ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းရှိနေတယ်။ အဲဒီအချက်ကိုက စည်းကမ်းကျတဲ့ ဒီမိုကရေစီ မဟုတ်ဘူးဆိုတာ ညွှန်းဆိုပါတယ်။ ဒီတော့ စည်းကမ်းကျတဲ့ ဒီမိုကရေစီအမှန် တကယ်ဖြစ်စေချင်တဲ့ စေတနာရှိရင် အလိုအလျောက် ထွက်ခွာသွားကြဖို့ လိုပါလိမ့်မယ်။

လူထုခေါင်းဆောင်ကတော့ ၂၀၂၀ ရွေးကောက်ပွဲ မတိုင်ခင် ၂၀၀၈ ခြေ/ဥ ပြင်ဆင်နိုင်မယ်မဟုတ်ဘူးလို့ ထုတ်ဖော်ပြောဆိုသွားပါပြီ။ ကျွန်တော်တို့ ၂၀၂၀ ရွေးကောက်ပွဲ နောက်ပိုင်းထိ ခရီးကြမ်းဖြတ်သန်းရဦးမယ့် အနေအထားပါ။ ဒီတော့ ကျွန်တော်တို့ ညီညွတ်ကြဖို့ လိုအပ်ပါတယ်။

ဒီမှာ ၂၀၂၀ ရွေးကောက်ပွဲ နီးလာတာနဲ့အမျှ ပါတီတွေရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖို့အောင်နိုင်ဖို့ ကြိုးစားလာနေကြတာ တွေ့ရတယ်၊ တနိုင်ငံလုံး အတိုင်းအတာနဲ့ယှဉ်ပြိုင်နိုင်မယ့် ပါတီတွေကတော့ NLD နဲ့ ပြည်ခိုင်ဖြိုးတို့ပါ။ ထူးခြားတာက ၂ ပါတီစလုံး အာဏာရပါတီတွေ ဖြစ်ခဲ့ကြတယ်။ နှိုင်းယှဉ်ကြည့်ရှု အကဲဖြတ်လို့ရနိုင်တဲ့ အနေအထားပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် နိုင်ငံချစ်စိတ်နဲ့ တိုင်းကြည့်ပါက ကျွန်တော်တို့အနေနဲ့ NLD ကို ရွေးချယ်ရပါလိမ့်မယ်။ အပြောထက် လက်တွေ့ဆောင်ရွက်ချက်ကို ကြည့်ရှုရမယ်မဟုတ်လား။

ဆိုပါစို့၊ အာဏာရရှိခဲ့ကြဖူးတဲ့ ပါတီ ၂ ရပ်လုံးကို မထောက်ခံနိုင်ဘူး။ ပါတီသစ်တရပ်ရပ်ကို ရွေးချယ်ကြမယ်။ ဘယ်ပါတီကို ရွေးချယ်ကြမလဲ။ ရွေးချယ်လိုက်တဲ့ပါတီက အစိုးရ ဖွဲ့စည်းနိုင်တဲ့ အနေအထားရှိကြပါသလား။ ကျွန်တော့်အမြင်ပြောရရင်တော့ NLD ကလွဲပြီး အစိုးရဖွဲ့စည်းနိုင်တဲ့ ပါတီမရှိတာကို တွေ့ကြရတယ်။ လက်ရှိ အနေအထားမှာ လွှတ်တော်အသီးသီးမှာ NLD ကအများစု လွှမ်းမိုးထားနိုင်ပေမဲ့ ၂၀၀၈ ခြေ/ဥ ပြင်ဆင်ဖို့ဆိုတာ အခက်အခဲဖြစ်နေပါသေးတယ်။ လွှတ်တော်တွင်း ပါတီတွေ ကွဲပြားတည်ရှိနေရင် ပိုမိုပြီး ၂၀၀၈ ခြေ/ဥ ပြင်ဆင်ဖို့ အလှမ်းဝေးကွာသွားပါလိမ့်မယ်။

၂၀၀၈ ခြေ/ဥ ပြင်ဆင်ဖို့ဆိုတာ ဖြတ်သန်းနေတဲ့ သမိုင်းကြောင်းရဲ့ အဓိကဖြစ်စဉ်တရပ်ပါ။ ပြောင်းလဲနိုင်မှ ကျွန်တော်တို့ဟာ ဥဒ္ဒံထဲမှ လွတ်မြောက်ပြီး စစ်မှန်တဲ့ ဒီမိုကရေစီကောင်းကင်ယံကို ပျံသန်းနိုင်ပါလိမ့်မယ်။ နို့မဟုတ်ရင် ဝဲဂယက်ထဲ ဝဲလည်ပြီး ရှေ့မဆက်နိုင် ဖြစ်နေမှာပါပဲ။

ဒီတော့ ၂၀၂၀ ရွေးကောက်ပွဲဟာ အရေးကြီးပါတယ်။ ဒီမိုကရေစီ အင်အားစုတွေ ပြန့်ကျဲနေလို့ မဖြစ်ပါဘူး။ စုစည်းကြဖို့ လိုအပ်တယ်၊ ဒီတော့ အနေ အထားအရ ကျွန်တော်တို့ဟာ လူထက် ပါတီကိုကြည့်ဖို့ လိုပါတယ်၊ ပါတီကလည်း သူ့လူကို ပြည်သူတွေကြား ပျော်ဝင်နေမှုနဲ့ ကြည့်ဖို့လိုပါလိမ့်မယ်။ စစ်မှန်တဲ့ ဒီမိုကရေစီဖြစ်ထွန်းလာမှ ကျွန်တော်တို့ဟာ ပန်းပေါင်းစုံ ဥယျာဉ်ကြီးကို ကြည့်ရှုခံစားရအောင်ပါ။ စစ်မှန်တဲ့ ဒီမိုကရေစီဖြစ်ထွန်းလာအောင် ကြိုးပမ်းတိုက်ပွဲဝင်နေချိန်မှာတော့ ကျွန်တော်တို့ဟာ ယှဉ်ပြိုင်အနိုင်ရနိုင်မယ့်ပါတီကိုသာ ရွေးချယ်ကြဖို့ လိုအပ်ကြောင်းပါ။ ***ကိုလေးမြတ်***

www.free4readers.com

# လူဖြစ်နေခြင်းမှ ရပ်တန့်ပစ်လိုက်သင့်သူတွေ

ကိုမာကျော

နှစ်ပေါင်းလေးဆယ်ကျော် ကြာခဲ့ပြီဖြစ်သည့် လွန်ခဲ့သော ၁၉၇၇ ခုနှစ်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် ဆောနယ်ဘက်ရှိ မြို့ပြနှင့် လွန်စွာဝေးလံသီခေါင်လှသော တောတောင်လျှိုမြောင်များအကြားမှ ရွာလေးတရွာ၏ (ကျောင်းတွင် တယောက်တည်းသာရှိသော) မူလတန်းကျောင်းအုပ်ကြီး ဖြစ်ခဲ့ပါ၏။ သို့သော် ကျွန်တော့်ရွာ အစိုးရမူလတန်းကျောင်းကိုမှီလျက် အခြားရွာလေးနှစ်ရွာမှ တွဲဖက်မူလတန်းကျောင်းကလေးနှစ်ကျောင်းကလည်း ရှိပြန်သဖြင့် ကျွန်တော်သည် သုံးကျောင်းအုပ်ဆရာလေးဟုဆိုလျှင် ပို၍မှန်ပါမည်။ ထိုတောအထပ်ထပ် တောင်အစွယ်စွယ်ကြားတွင် ရွာနှင့်သုံးမိုင်ခန့်ဝေးသော တောင်ယာတဲလေးတလုံးဝယ် အဘိုးတခု၊ မြေးတခုတို့နေထိုင်ကာ တောင်ယာလုပ်ကိုင်စားကြ၏။ ကျွန်တော်က မြို့သို့ လစာထုတ်ဆင်းပြီးပြန်လာတိုင်း ထိုတဲကလေးသို့ တခါတရံတွင် ဝင်၍နားတတ်ပါသည်။ ဤသို့ဖြင့် များမကြာမီတွင် အဘိုး၏ဆယ့်လေးနှစ်အရွယ် မြေးမလေးတွင် ကိုယ်ဝန်ဆောင်ထားသည်ကို တွေ့ရပါတော့သည်။ ကျွန်တော်က အသက် ၇၀ ကျော်အရွယ် အဘိုးနှင့်မြေးမလေးတို့ကိုသာ တွေ့ရပြီး ကောင်လေးတယောက် တလေကိုမျှ မတွေ့ရ၍ စပ်စပ်စုစုလုပ်ကာ ''အဘရဲ့ မြေးသမက်လည်း မမြင်မိပါလား၊ ဘယ်သူများတုံး အဘရဲ့''ဟုမေးမိ၏။ (ကျွန်တော့်တပည့်တယောက်ယောက်ဖြစ်မည်ထင်၍ သွေးရိုးသားရိုးဖြင့် မေးလိုက်ခြင်းသာပါ။) အဘိုးကြီးက ဟန်မပျက်ပင် မဆိုင်းမတွပြန်ဖြေပါ၏။ ''ကျုပ်ပဲလေ'' ဟူ၍။ ကျွန်တော့်မှာ 'ဗုဒ္ဓေါ' ဟုပင် အသံမထွက်ဘဲ တမိပါတော့သည်။ နောင်သော်ထိုတဲသို့ ကျွန်တော်မဝင်တော့။ ရွာကလည်း သူတို့အပေါ် မည်သို့မျှသဘောမထားဟူ၏။ များမကြာမီ လစာထုတ်ဆင်း၍ ထိုတဲနားသို့ရောက်တိုင်း နို့စို့ကလေးငိုသံစာစာလေးကို ကြားရတတ်ပါတော့သည်။ ကျွန်တော်ကား မကြားယောင်ပြု၍သာ။ ကိုယ့်အသက်ကလည်း နှစ်ဆယ်ပင်မပြည့်သေးသူ (ဆရာပေါက်စလေးတယောက်) ဖြစ်နေသည်မဟုတ်ပါလား။

သည်လိုနှင့် နှစ်တွေကြာလာပြီး ဘဝအခြေများလည်း ပြောင်းလဲခဲ့ပြီးနောက် ဤမှာဘက် နဝတညြဖ အရှိန်အလွန်တက်လှသည့်ကာလ ၁၉၉၇ ခုနှစ်သို့ ရောက်လာခဲ့ပါ၏။ ကျွန်တော်ကား မော်လမြိုင် တက္ကသိုလ်တွင် ဒုဿနဆရာတာဝန်ထမ်းဆောင်နေလေပြီ။ ထိုအချိန်တွင် ကြာအင်းဆိပ်ကြီးမှ မော်လမြိုင်တက္ကသိုလ်သို့ နွေသင်တန်းလာတက်သော တပည့်တယောက်နှင့် ဆုံခဲ့ပါ၏။ သူက ကျွန်တော့်ကို ဇဟုသုတအလို့ငှာ ပြောပြလာပါ၏။ သူတို့ရွာတွင် ထူးဆန်းလှသော အမှုတခုဖြစ်သည်။ ရွာတွင်ရောက်ရှိစခန်းချနေသော တပ်မတော်မှ (စစ်အုပ်ချုပ်ရေးဖြစ်နေခြင်းကြောင့်) စစ်ဆေးသည်ဟူ၏။ အမှုမှာ အသက် (၇၀) ကျော်အဘိုးကြီးက (သူနှင့် သူ၏နောက်မိန်းမတို့မှမွေးသော) အသက် ၁၇ နှစ်အရွယ် သမီးအရင်းကို ပြန်ယူထားမှုဖြစ်သည်။ ထိုအမှုမှာ ကာယကံရှင်က မကျေနပ်၍အချင်းများကာ အခင်းဖြစ်လာသည်မဟုတ်။ ရပ်ရွာနေလူအများတို့က အမြင်မတော်၊ အကြားမလျော်၍ တပ်ကိုလာတိုင်ခြင်းဖြစ်၏။ တပ်မှတာဝန်ရှိသူက စစ်ဆေးမေးမြန်းလေသော် အဘိုးကြီးက သူ့ထက်အသက်များစွာငယ်သော တပ်မတော်သားတို့ကို ပမာမခန့်လုပ်သည်ဆို၏။ ထိုအခါ တာဝန်ရှိသူက သူ့အားရိုက်မည့်နှက်မည့်ဟန်ပြင်လေသော် အဘိုးကြီးပြောလိုက်သောစကားတခွန်းကြောင့် အားလုံးမှာ ရိုက်ရခက် နှက်ရခက်ဖြစ်ကာ ငိုအားထက် ရယ်အားသန်ရတော့မည်သို့ ဖြစ်သွားရသည်ဟူပါ၏။ အဘိုးကြီးပြောလိုက်သည်မှာ ''ဆရာတို့ကလည်း ခက်လိုက်တာဗျာ။ ကိုယ်စိုက်တဲ့အသီးကို ပြန်ခူးမစားရတော့ဘူးလားဗျာ''ဟူပါသတဲ့။ ထိုစဉ်ကာလများတွင်ကား သက်ငယ်မုဒိမ်းဟူသည်မှာ ယနေ့ကဲ့သို့ ထမင်းစားရေသောက်ဟိုမှသည်မှ မကြာခဏ ကြားရတတ်သော ဝေါဟာရမဟုတ်ပါဘူး။ ထို့ကြောင့်လည်း သေခါနီးအဘိုးကြီးက ကိုယ့်သမီးအရင်းခေါက်ခေါက် မြေးအရွယ်ပေါက်စနအား မယားအံ့ဖြစ်ရွေးကောက်သည်ကို အထူးအဆန်းလူမဆန်တိရစ္ဆာန်ဇာတ်ပမာ ခံစားကြရကာ ခွင့်မလွှတ်နိုင်ဖြစ်ကြဟန်တူပါသည်။ အဘိုးကြီးကမူ သူစိုက်တဲ့အသီး သူခူးစားသည်ဟူ၏။ ဤလောကမြေမဟီ ရှက်မှ မရှက်ကြလေပြီလား။

ကျွန်တော် ဤအဖြစ်သနစ်များကို ပြန်ပြောင်းအောက်မေ့ကာ တင်ပြနေရခြင်းမှာ အကြောင်းရှိ၍ဖြစ်ပါသည်။ လွန်ခဲ့သည့်အပတ်က ဖြစ်ပါ၏။ DVB Debate အစီအစဉ်တခုကို ကြည့်ရှုနားထောင်လိုက်ရပါသည်။ 'သက်ငယ်မုဒိမ်းမှု'ကိစ္စတွင် သေဒဏ်ပေးသင့်၊ မပေးသင့်ကို လွတ်လပ်စွာ သဘောကွဲလွဲခွင့်ဖြစ်ပါသည်။ ရောဝတီဒေသကြီးကိုယ်စားပြု စီအက်စ်အိုအက်စ်အမျိုးသမီးကြီးတဦး၊ ရှမ်းမြောက်ကိုယ်စားပြု အမျိုးသမီးကြီးတဦး၊ စာပေတိုက်ပိုင်ရှင်တဦးနှင့် ယနေ့လူသိထင်ရှားလှသည့် တရားလွှတ်တော်ရှေ့နေကြီးတဦးတို့ကို DVB မှ ဖိတ်ခေါ်ကာ သဘောကွဲလွဲငြင်းခုံကြစေခြင်းဖြစ်ပါသည်။ စီအက်စ်အိုအက်စ်ကိုယ်စားပြု အမျိုးသမီးကြီးနှစ်ဦး၏ ငြင်းခုံမှုမှာ လူမှုရေးကို ကျောရိုးမဏ္ဍိုင်ပြုထားလွန်းသည့်အတွက် သက်ငယ်မုဒိမ်းကျူးလွန်သူသည် အဖေက (သို့မဟုတ်) ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘလေး စသည်ဖြင့် သွေးသားရင်းခြံများဖြစ်လေသော် တပူနှစ်ပူဆင့်မည်မို့ သေဒဏ်မပေးသင့်ကြောင်း၊ နှစ်ရှည်ထောင်ဒဏ်ကိုသာ အလုပ်ကြမ်းနှင့်တကွ ပြစ်ဒဏ်ချမှတ်သင့်ကြောင်း၊ ရောဒေသကြီးနှင့် ရှမ်းမြောက်တို့တွင် ကြုံရတတ်သည့် ထုံးဟောင်းသာဓကများကို ပုံဆောင်ကာ ငြင်းခုံကြလေ၏။ စာပေတိုက်ပိုင်ရှင်ကလည်း သွေးသားရင်းချာသာမက ဘုန်းကြီးများပါ ပါဝင်ကျူးလွန်တတ်သည့်သာဓကကြောင့် သူ့အနေဖြင့်လည်း သေဒဏ်ကိုကန့်ကွက်၍ အလုပ်ကြမ်းနှင့် နှစ်ရှည်ထောင်ဒဏ် ချမှတ်ခြင်းကိုသာ ဆန္ဒပြုလိုကြောင်း ငြင်းခုံပြန်ပါ၏။



ဝါရင့်လူသိထင်ရှား ကျော်ကြားလှသော တရား လွှတ်တော်ရှေ့နေကြီးကမူ အသက် ၄ နှစ်နှင့်အောက် ကလေးသူငယ်တို့အပေါ် ကျူးလွန်သူ မည်သူ့ကိုမဆို ထိုက်ထိုက်တန်တန်ပင် သေဒဏ်ပေးသင့်ကြောင်း၊ အကြောင်းမှာ ကလေးငယ်တွင် စိတ်ဒဏ်ရာပြင်းစွာ ရရှိသွားသဖြင့် (ဖြစ်စဉ်တခုတွင်ဆိုလျှင် ကလေးငယ်သည် ဝါဝါမြင်တိုင်း ထိတ်လန့်ချောက်ချားဖြစ်နေရရှာသည်ဟု သာဓက ပုံဆောင်ကာ) သေဒဏ်ပေးရန်သာ ယတိပြတ်တောင်းဆိုသွားပါ၏။ ဤတွင် စီအက်စ်အိုအက်စ်အမျိုးသမီးကြီးနှစ်ယောက်က သူတို့၏ ငြင်းခုံချက်ကို ပို၍ခိုင်မာစွာ အတည်ပြုနိုင်စေရန် တရားစီရင်ရေးမဏ္ဍိုင် ယိုင်ယိမ်းစောင်းစွေနေသည့်ကိစ္စကို ဖွတ်တင်းပြောပြန်လေ၏။ တရားစီရင်ရေးတို့၏ ''မားချက်မမှန်၊ တူချက်မဟန်၊ မျက်နှာကို စည်းထားသောပဝါချက်ကလည်း လျော့ရိလျော့ရဲ မြင်နေရကြားနေရ၊ လိုက်လိုသည့်ဘက် လိုက်နေကြ''အခြေအနေ အခင်းအကျင်းများကြောင့် မမှန်ကန်သော စီရင်မှုများပေါ်လာနိုင်ကြောင်း၊ ထိုသို့သော အကြောင်းကြောင့်လူတယောက်၏ မူလအခွင့်အရေးဖြစ်သည့် အသက်ရှင်ရပ်တည်ခွင့်ကို တိမ်းပါးသွားစေနိုင်ကြောင်း၊ ထို့ပြင်သွေးသားရင်းမှပြစ်မှုကျူးလွန်သည်ဆိုလျှင်လည်း ထိုကျူးလွန်သူ၏ ထိုအချိန်တွင် ဖြစ်ပေါ်နေသော စိတ်အခြေအနေကိုစစ်ဆေးသင့်ကြောင်း၊ စိတ်ကျန်းမာရေးကြောင့်သာဆိုလျှင် သေဒဏ်မပေးသင့်ကြောင်း စသဖြင့် လူ့အခွင့်အရေးဆိုသည်တို့ကိုပါ ဆွဲထည့်ငြင်းခုံလာပြန်ပါတော့သည်။

> “ ဝါရင့်လူသိထင်ရှား ကျော်ကြားလှသော တရားလွှတ်တော်ရှေ့နေကြီးကမူ အသက် ၄ နှစ်နှင့်အောက် ကလေးသူငယ်တို့အပေါ် ကျူးလွန်သူ မည်သူ့ကိုမဆို ထိုက်ထိုက်တန်တန်ပင် သေဒဏ်ပေးသင့်ကြောင်း၊ အကြောင်းမှာ ကလေးငယ်တွင် စိတ်ဒဏ်ရာပြင်းစွာ ရရှိသွားသဖြင့် (ဖြစ်စဉ်တခုတွင်ဆိုလျှင် ကလေးငယ်သည် ဝါဝါမြင်တိုင်း ထိတ်လန့် ချောက်ချားဖြစ်နေရရှာသည်ဟု သာဓကပုံဆောင်ကာ) သေဒဏ်ပေးရန်သာ ယတိပြတ်တောင်းဆိုသွားပါ၏ . . . ”

တရားလွှတ်တော်ရှေ့နေကြီးကမူ လူဖြစ်ပါလျက် လူမဆန်စွာ တိရစ္ဆာန်ကဲ့သို့ စက်ဆုပ်ဖွယ်ရာပြုမူလာသော ပြစ်မှုကျူးလွန်သူအား တရားမျှတမှုအလို့ငှာ (Justice ဘက်မှပင်) သွေးသားရင်းဖြစ်စေ သေဒဏ်ပေးကိုပေးရမည်ဟု ပြတ်သားစွာရပ်တည်ပြသွားပါတော့၏။ နောက်ဆုံးတွင် ဖြစ်ပြီးကိစ္စအတွက် တခုတည်းသော ဖြေရှင်းနည်းပေါ်ထွက်မလာတော့ဘဲ မဖြစ်မီ ကာကွယ်ရေးဘက်ကို ပြောင်းသွားပါတော့၏။ ဤကိစ္စအတွက်တော့ တခုတည်းသောအဖြေထွက်လာပါ၏။ လိင်ပညာပေးအဖြစ် သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းကာ ကျောင်းသင်ခန်းစာထဲတွင် ထည့်သွင်းသင်ကြားပေးသင့်ကြောင်း တညီတညွတ်ဆုံးဖြတ်ကြပါတော့သည်။ ဟုတ်သလိုလိုနှင့်ပါစင်အောင်လွဲသွားသော အလွဲကြီးပါတည်း။

စာ(၁၂)သို့



# ဘွဲ့နှင်းသဘင်နဲ့ တရုတ်နဂါး



မကြာခင် ရက်ပိုင်းအတွင်း 'ဖိုးလ' (ဆရာမြသန်းတင့်သား)က ည ၁၁ နာရီလောက် တယ်လီဖုန်းဆက်လို့ ဖုန်းကိုင်လိုက်တယ်။ ဘာကိစ္စလဲမေးတော့ ဦးလေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ နဖူးစည်းပေါ်က နဂါး နှစ်ကောင်နဲ့ပတ်သက်ပြီး ဘာဖြစ်လို့ တက္ကသိုလ်နဂါး ဖြစ်နေတာလဲလို့ အမေး ရှိလာပါတယ်။ ပထမတော့ အတော် ကြောင်သွားတာကို။ ညကြီးအချိန်မတော် ဒီကောင်လေး ဘာတွေလာမေးနေသလဲ ပေါ့။ ဒီအချိန်ကြီးမေးရအောင် ပြဿနာ မှလည်း မဟုတ်တာ။ စိတ်ထဲတမျိုးဖြစ်လို့ ပြန်မေးလိုက်တယ်။

''ဟေ့ကောင် ဖိုးလ ညကြီးအချိန်မတော် ဘာတွေစာရင်းရှုပ်နေတာလဲ''

''စာရင်းရှုပ်တာ မဟုတ်ဘူး ဦးလေးရေ။ ကျွန်တော်တို့ ရှင်းမရတဲ့ ပြဿနာတခုရှိလို့ ဦးလေးတော့ သိမှာပဲ ဆိုပြီး လှမ်းမေးတာ။ ဘွဲ့နှင်းသဘင်ခန်းမ နဖူးစည်းမှာရှိတဲ့ နဂါးနှစ်ကောင် ဦးလေး သိပါတယ်။ အဲဒီနဂါးတွေဟာ ဗမာ နဂါးမဟုတ်ဘဲ ဘာဖြစ်လို့ တရုတ်နဂါး ဖြစ်နေရတာလဲဆိုတာ သိချင်လို့ပါ။ ပဟေဠိဖြစ်နေလို့ပါ''

''အေး မင်းမေးတဲ့မေးခွန်းက ငါ ငယ်ငယ်က သိချင်ခဲ့တဲ့ မေးခွန်းပဲ။ ငါ တက္ကသိုလ်ရောက်ပြီး ၃-၄ နှစ်အကြာမှ အဲဒီနဂါးကို စိတ်ဝင်စားလာတယ်။ ငါနဲ့ ရင်းနှီးတဲ့မိတ်ဆွေတချို့၊ ဆရာတချို့ကို မေးမြန်းခဲ့ဖူးတယ်။ ကျေနပ်လောက်တဲ့ အဖြေ ဘယ်သူ့ဆီကမှမရခဲ့ဘူး။ ၁၉၅၄ ခုနှစ်မှာ ငါသတင်းစာလောက ရောက်လာတယ်။ သတင်းစာဆရာကြီးတချို့နဲ့ သိခဲ့ကျွမ်းခဲ့တယ်။ ဦးညိုမြ၊ ဦးထင်ဖတ်၊ ဦးစိုးမောင်၊ ဦးတင်၊ ဦးစိန်၊ ဘကြီးဘဘေ၊ ယူပီအိုင်ဦးဘသန်း၊ ကြီးပွားရေး ဦးလှ၊ ဆရာကြီးရွှေဥဒေါင်း၊ ကြော်ငြာဦးစံတင်၊ ဦးလှ ထွန်းဖြူ၊ ဦးထွန်းဖေ၊ ဦးအုန်းခင် စသူတွေပေါ့''

''သူတို့တွေထဲမှာ သူရိယသတင်းစာတည်ထောင်သူ အယ်ဒီတာချုပ် ဘကြီးဘဘေနဲ့ အတော်ရင်းနှီးခဲ့တယ်။ ဦးဘဘေဆိုတာ ဝိုင်အမ်ဘီအေ တည်ထောင်သူ။ ဗမာပြည်အုပ်ချုပ်ရေး တိုးတက်ရရှိရေးအတွက် အိန္ဒိယနိုင်ငံသွားပြီး မွန်တေဂူ ချမ်းစ်ဖို့နဲ့တွေ့ခဲ့သူ။ အုပ်ချုပ်ရေးတိုးပေးခဲ့တဲ့ထဲမှာ ဗမာပြည်မပါတာကြောင့် အုပ်ချုပ်ရေးတိုးတက်ရရှိရေး အင်္ဂလန်သွားတဲ့ 'ဘေပုရှိန်'ကိုယ်စားလှယ်တော်ကြီး ၃ ဦးအနက်တဦး ဖြစ်တယ်။ အဲဒါအပြင် ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်ကာလ အမျိုးသားပညာရေးအဖွဲ့ထူထောင်ရာမှာ ပါဝင်ခဲ့သူဖြစ်သကိုး''

အမျိုးသားကျောင်းတချို့နဲ့ အမျိုးသားပညာရေး အဖွဲ့ပျက်သွားပြီးတဲ့နောက် ဒိုင်အာခီခေတ်မတိုင်မီနဲ့ ဒိုင်အာခီခေတ်ကာလအတွင်း ဘကြီးဘဘေဟာ ရန်ကုန်တက္ကသိုလ် ဆောက်လုပ်ရေးကော်မတီဝင်၊ ရန်ကုန်တက္ကသိုလ် အဆောက်အဦများထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်တဦးလည်း ဖြစ်သည်။

ဖိုးလမေးခွန်းကို စာရေးသူလည်း ဘကြီးဘဘေနဲ့ အမျိုးသားတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးပုကို မေးခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းသိချင်သလို ငါသိချင်တဲ့ အဖြေမရသေးတဲ့အတွက် စိတ်ထဲမှာ မကျေမနပ်ဖြစ်ခဲ့တာကလား။

''ဘေပုရှိန်နဲ့ ၁၉၂၀ ပထမသပိတ်အကြောင်း စာအုပ်ရေးဖို့မေးတဲ့အခါ အဲဒီမေးခွန်း ဘကြီးဘဘေနဲ့ ဦးပုကို မေးဖြစ်ခဲ့တယ်။ ဒါပေမဲ့ အဲဒါက ကြာပြီ။ ၁၉၆၅-၆၆ လောက်က မေးခဲ့တာ။ ကြာလှပြီ ခုဆို ၅၃ နှစ်ရှိပြီ။ ငါ့မှတ်စုတွေ ပြန်ရှာရင် တွေ့နိုင်မယ်ထင်တယ်။ မင်းမေးတာ ကျေးဇူးပဲ။ ပြန်ရှာဖြစ်တာပေါ့''

♛ ♛ ♛

ဖိုးလအမေးကြောင့် မှတ်စုတွေပြန်ရှာတဲ့အခါ တော်တော်လေး ရှာလိုက်ရသပေါ့။ ၂၊ ၃ ရက်အချိန် ပေးရတယ်။ ရှာနေရင်း စိတ်ထဲမှာ စနိုးစနောင့်ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စာရေးသူ အဖမ်းခံရတဲ့ အခါတိုင်း စစ်ထောက်လှမ်းရေးက စာအုပ်တွေသိမ်းသွားခဲ့လို့။ သိမ်းတဲ့အထဲ ပါသွားမလားလို့ပေါ့။ ဒါပေမဲ့ ကံအားလျော်စွာ ဖုံတွေအလိမ်းလိမ်း ကပ်ငြိနေတဲ့ မှတ်စုစာအုပ်တွေကို တွေ့ပါတယ်။ ဖုံတွေရှင်းပြီး အထဲမှာ မသဲမကွဲ မှိန်နေတဲ့ မှတ်စုစာတချို့ကို တွေ့ရပါတယ်။ မှတ်စုစာအုပ်ရဲ့အလယ်လောက်မှာ မင်အနက်နဲ့ ရေးထားတဲ့ ခေါင်းစည်းတခု တွေ့ပါတယ်။ 'တရုတ်နဂါး'ဆိုတဲ့ ခေါင်းစဉ်ပါ။

ဘကြီး ရန်ကုန်တက္ကသိုလ် အဆောက်အဦတွေ ဆောက်စဉ်က ဘကြီးဟာ အဆောက်အဦတွေ ဆောက်လုပ်တဲ့ အဖွဲ့မှာပါတယ်လို့ သိရတယ်။ ဘွဲ့နှင်းသဘင်လောက်လုပ်တဲ့အကြောင်းတွေကို နည်းနည်းပြောပါဦး။ ဘွဲ့နှင်းသဘင်အပါအဝင် သထုံ၊ ပဲခူး၊ ပင်းယ၊ အင်းဝ စတဲ့ အဆောင်တွေဆောက်တဲ့ အကြောင်းပေါ့။

''ဟုတ်တယ်၊ ဆောက်လုပ်ရေးအဖွဲ့မှာပါတယ်။ တို့ပါတဲ့ အဆောက်အဦအဖွဲ့က တကောင်း၊ ပြည်၊ ပုဂံ အဆောင်တွေဆောက်တဲ့အဖွဲ့ မဟုတ်ဘူး။ တို့အဖွဲ့က ၁၉၂၆-၂၇ မှာ ဆောက်တဲ့အဖွဲ့ဖြစ်တယ်။ ဘွဲ့နှင်းသဘင်အဆောက်အဦကိုလည်း တို့အဖွဲ့က ဆောက်ခဲ့တာပါ။ ဒါပေမဲ့ တို့အဖွဲ့က ဆောက်တယ်ဆိုပေမဲ့ တို့က ဘာမှပြောပိုင်ဆိုပိုင်ခွင့်ရှိတာ မဟုတ်ဘူး။ နောက်ပြီး ပြောရဦးမယ်။ နယ်ချဲ့အစိုးရဟာ ဒီတက္ကသိုလ်ကို သူတို့က အရင်းစိုက်ထုတ်ဆောက်လုပ်ပေးချင်တာမဟုတ်ဘူး။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ချင်တာ။ ပြောပြမယ်။ ပထမ အခု တက္ကသိုလ်မြေနေရာကို အစိုးရက သိမ်းလိုက်တယ်။ ဦးဘကျော်က မခံနိုင်လို့ အစိုးရကို တရားပြန်စွဲလို့ လျော်ကြေးငွေ ၈ သိန်းနဲ့ အဲဒီနေရာ တွေမှာရှိတဲ့ အင်ယားရွာဟောင်း၊ ဘုန်းကြီးကျောင်း စတာတွေကို မြေနေရာအစားပေးခဲ့ရတယ်''

ရန်ကုန်တက္ကသိုလ်ကို စတင်တည်ထောင်တဲ့ အချိန်တက္ကသိုလ်အတွက် ဘဏ်မှာအပ်ထားတဲ့ငွေ ၁ သိန်း ၄ သောင်း ၂၇ ကျပ် ၂ ပဲ ၄ ပိုင် (၁၄၀,၀၂၇/-၂ ပဲ- ၄ ပိုင်)နဲ့ အစိုးရငွေစုစာချုပ်က ၃ သိန်း ၄ သောင်း ၃ ထောင် ၂ ရာ (၃၄၃၂၀၀/-)ရှိတယ်။ လက်ဝယ်ရှိငွေသား ၄၉ ကျပ် ၁၄ ပဲသာရှိပါသတဲ့။ တက္ကသိုလ်ဟာ အစိုးရကို အားမကိုးဘဲ အဆောက်အဦဆောက်ဖို့နဲ့ ကိုယ့်ငွေနဲ့ ကိုယ်ရပ်တည်နိုင်ဖို့ ရန်ပုံငွေအဖွဲ့။ (Rangoon University Endowment Fund) တည်ထောင်ရန် တက္ကသိုလ် အဓိပတိ ဗမာပြည် ဒုတိယဘုရင်ခံဆာ ဟာကုတ်ဘတ္တလာ (Sir Harcourt Butler)က ၁၉၂၇ ခုနှစ်က တည်ထောင်ခဲ့တယ်။ အဲဒီအဖွဲ့ရန်ပုံငွေရှာတာ ရိုးရိုးမဟုတ်ဘူး။ အာဝါဒေးဖွင့်ပြီး (ဗမာပြည်အနှံ့ လောင်းကစားဝိုင်းတွေလုပ်·အကောက်အစားတွေ ယူတဲ့နည်း)။ ရတဲ့ အကောက်အစားကို တက္ကသိုလ်ရန်ပုံငွေ လုပ်တယ်။ တိုင်းသူပြည်သားက မွဲဆေးဖော်ပေးလိုက်တာပေါ့။

နောက်တနည်းက များများလှူသူကို ကေအက်စ်အမ် (K.S.M)ခေါ် ကျက်သရေဆောင် ရွှေစလွယ်ရ မင်းတံဆိပ်။ အေတီအမ်(A.T.M)ခေါ် အမှုထမ်းကောင်းမင်းတံဆိပ် ဘွဲ့ထူးဂုဏ်ထူးတွေပေးတယ်။ အလှူငွေ မတန်တဆလှူသူကို အယ်လ်အယ်လ်ဘီ (L.L.B)ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ပေးအပ်တယ်။

တက္ကသိုလ်အားကစားရုံနဲ့ လဟာပြင်ကပွဲရုံ ဆောက်လုပ်ရန် သူဌေးမစ္စတာ ချန်ချောခိုင်က ငွေတသိန်း (၁၀၀,၀၀၀)နဲ့ ဘဏ်လုပ်ငန်းနဲ့ ဝါဏိဇ္ဇပညာရပ်များ သင်ကြားရန် ချစ်တီးအမျိုးသားသူဌေးက ငွေကျပ် ၁ သိန်း ၅ သောင်း ၂ ထောင်ကျပ် (၁၅၂၀၀၀/)ကို လှူဒါန်းကြတယ်။ တက္ကသိုလ်စာကြည့်တိုက်ဆောက်ရန် ငွေ ၂ သိန်းလှူခဲ့တဲ့ သူဌေးရာဂျာ-ရာမာနသာ ရက်ဒီယားနဲ့ တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦဆောက်လုပ်ရန်နဲ့ တက္ကသိုလ်လှေ အသင်းအတွက် ၂ သိန်း (သမဂ္ဂအတွက် ၁ သိန်း ၇ သောင်း၊ လှေသင်းအတွက် ၃ သောင်း) လှူတဲ့ သူဌေး ဦးညိုတို့ကို (L.L.B) ဂုဏ်ထူးဆောင်ဥပဒေပါရဂူ ဒေါက်တာဘွဲ့ချီးမြှင့်ခဲ့တယ်။

စာ(၂၇)သို့



News Watch WEEKLY
စောင့် ကြည့် သ တင်း ဂျာ နယ်

**အယ်ဒီတာချုပ်**
ချစ်မောင်(အဝကျွန်း)
**အကြံပေး**
ဝိုင်းတော်သားတဦး၊ တင်တင်ဦး
**စာတည်း**
ဦးစံမြင့်
**အယ်ဒီတာ**
ဥက္ကာဦး၊ ရဲမွန်ထော၊ နှင်းမောင်ဦး
**ဘာသာပြန်အဖွဲ့**
ချစ်မြိုင်၊ ထွဋ်ဝင်းထွဋ်
**သတင်းထောက်ချုပ်**
လင်းလင်းအောင်
**အကြီးတန်းသတင်းထောက်**
တင်အောင်ငြိမ်း
**သတင်းထောက်**
သားချမ်းမြတ်၊ ကျော်သူ၊
ကျော်ကျော်၊ ပရိုဆန်း
**မန္တလေးသတင်း**
နောင်(ရှုပ)၊ စိုင်းထူးခန့်၊ ဦးရာဇ
**နေပြည်တော်**
ထွန်း(နေပြည်တော်)၊ ဖူးဖူးအောင်
**တောင်ကြီး**
သန်းဝေ(တောင်ကြီး)
**မော်လမြိုင်**
ထွန်းထွန်း
**ရခိုင်ပြည်နယ်**
ကံကြီးအောင်
**ကရင်ပြည်နယ်**
ကစောဝါး၊ နေနော်(မြဝတီ)
**ဒီဇိုင်း**
မျိုးမင်း၊ အောင်သက်ခိုင်၊ ကျော်ဆန်း
**စာစီအဖွဲ့**
စံစံ၊ သဲစု၊ လွင်ကိုကိုဦး
**Proof တာဝန်ခံ**
တင့်လွင်၊ သန်းအေး
**မန်နေဂျာ**
ရွှေဖီး
**Coordinator**
မင်းဇာနည်(IT)
**ကြော်ငြာအဖွဲ့**
ခင်လေးသစ္စာ၊ တင်ဇာဦး၊ ရီရီဌေး
**မန္တလေးကြော်ငြာအဖွဲ့**
မီဒီယာစီးတီး၊ ၀၉၄၀၂၅၃၇၈၈၈
**ဓာတ်ပုံ**
ရွှေဖီး၊ ကိုလင်း(လင်းစတူဒီယို)၊
ဗစ်တာ၊ မောင်မောင်ဝင်းကို၊
နေမင်းထွန်း(Amazing Grace)
**ကူညီပံ့ပိုးသူ**
သက်
**ဥပဒေအကြံပေး**
ဦးအောင်စိုးဦး
BA.RL,D.B.L,D.M.L,D.I.L
ဦးသိန်းသန်းဦး
တရားလွှတ်တော်ရှေ့နေ (BSc.R.L)
**ထုတ်ဝေသူ**
ဦးချစ်မောင် (၀၀၀၆၃)၊
အမှတ်(၁၉၉)၊ပ-ထပ်၊ပန်းဆိုးတန်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖုန်း-၀၁၃၈၈၇၆၃
**ပုံနှိပ်သူ**
ဦးမြတ်နိုင် (၀၀၀၂၃)
မိတ္တဗလပုံနှိပ်တိုက်
**မန္တလေးဖြန့်ချိရေး**
ထွန်းဦးစာပေ
**တန်ဖိုး**
၂၀၀ ကျပ်
**Email**
newswatchjournal@gmail.com

# ဝင်ငွေနည်းပြည်သူများအတွက် သိန်း ၃၀ တန်နေအိမ်စီမံကိန်းများ အကောင်အထည်ဖော်နေမှု ရန်ကုန်တိုင်းအစိုးရကျေနပ်အားရမှုရှိဟုဆို



ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ငွေနည်းပြည်သူများအတွက် ကျပ်သိန်း ၃၀ တန်လူမှုအဖွဲ့အစည်းအခြေပြု အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်နေမှုများပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျေနပ်အားရမှုရှိနေကြောင်း ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

"ရပ်ရွာလူထုစိတ်တိုင်းကျ လုပ်ပေးရတာမို့ ဒီအိမ်ရာရတဲ့သူတွေက ပျော်ကြတယ်။ ကျေနပ်ကြတယ်ပေါ့။ ဒီလိုရပ်ရွာလူထုက စိတ်ကျေနပ်မှုရတဲ့အပေါ်မှာ သူတို့အနေနဲ့လည်း စိတ်ကျေနပ်တာပေါ့။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်တိုင်ပါဝင်ပြီးတော့ အောက်ခြေကနေ တက်လာတာတွေကို သူတို့ဖြည့်ဆည်းရတယ်။ ဒီလိုဖြည့်ဆည်းပေးရတဲ့အပေါ်မှာလည်း ပြည်သူကလည်း ကျေနပ်တယ်ဆိုတော့ သူတို့ကလည်း ကျေနပ်မှုရှိတယ်ပေါ့။ ပြီးတော့ လိုအပ်တာတွေကို အချိန်မရွေးတင်ပြပါ။ သူတို့ကလည်း လုပ်ငန်းမြန်ဆန်ဖို့ရယ်၊ ပံ့ပိုးဖို့လိုအပ်တာတွေကို အမြဲတမ်းအဆင်သင့်လုပ်ပေးမယ်ဆိုတဲ့ သဘောထားမှတ်ချက်တွေပေးပါတယ်"ဟု ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းတည်ထောင်သူ ဒေါ်ဗန်လီဇာအောင်က ပြောသည်။

ယင်းစီမံကိန်းသည် ဝင်ငွေနည်းသူများ၊ နေထိုင်စရာအခက်အခဲရှိသူများအတွက်ရည်ရွယ်ကာ တိုင်းအစိုးရနှင့် ပျိုမေ့အိမ်အသင်းတို့ ပူးပေါင်းအကောင်အထည်ခြင်းဖြစ်သည်။ တိုင်းအစိုးရက မြေနေရာ၊ ရေ၊ မီး၊ လမ်း စသည့် အခြေခံအဆောက်အအုံများ ပံ့ပိုးပေးမည်ဖြစ်ကာ ပျိုမေ့အိမ်က နေထိုင်ရေးအခက်အခဲရှိသူများ စာရင်းပြုစုကောက်ခံခြင်း၊ ငွေစုငွေချေးဖွဲ့စည်းခြင်းနှင့် ချေးငွေရရှိရေးဆောင်ရွက်ပေးခြင်းများ ပြုလုပ်ဖော်ဆောင်သည့်စနစ်ဖြစ်သည်။

ရွှေပြည်သာမြို့နယ် အမှတ် ၁၉ ရပ်ကွက်တွင် အကောင်အထည်ဖော်နေသည့်ကျပ်သိန်း ၃၀ တန် အိမ်ခြေ ၂၆၀ ကျော် လူမှုအဖွဲ့အစည်းအခြေပြုစီမံကိန်းသည် ဒီဇင်ဘာအတွင်း အခြေခံအဆောက်အဦများတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကာ လာမည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလပိုင်းတွင် လူနေထိုင်ခွင့်ပေးမည်ဖြစ်ကြောင်း ဒေါ်ဗန်လီဇာအောင်က ပြောသည်။

"အိမ်တိုင်ထူတယ်၊ ခေါင်းမိုး မိုးတယ်။ ၂၆၀ နီးပါးတော့ ပြီးသွားပြီ။ အချောသတ်ဖို့ကတော့ ဒီလကုန်ပြီးမယ်ထင်ပါတယ်။ နေထိုင်ဖို့ကတော့ ဒီဇင်ဘာလမှ မီးကိစ္စ၊ ရေကိစ္စအခြေခံလုပ်မယ့် ရေမြောင်းကိစ္စတွေလုပ်ဦးမယ်။ လုပ်ပြီးတာနဲ့ တလပိုင်းလောက်မှာ စတင်ပြီးနေထိုင်လို့ရအောင် စီစဉ်နေပါတယ်။ တချို့ကျတော့ အခက်အခဲရှိတယ်။ ဟိုဘက်မှာလည်း အိမ်ငှားထားတယ်။ ဒီဘက်မှာငွေသွင်းရမယ်ဆိုတာကတော့ အခက်အခဲရှိကြတယ်။ တချို့မိသားစုတွေကျတော့ ကိုယ့်အိမ်လေးကိုရှိတော့ မြန်မြန်ပြောင်းချင်ကြတာမျိုးရှိတယ်။ သူတို့အားလုံးရဲ့စိတ်ဆန္ဒလေးတွေကို ဖြည့်ဆည်းပေးဖို့ ပြင်ဆင်နေပါတယ်"ဟု ၎င်းကပြောသည်။

ရွှေပြည်သာမြို့နယ် အိမ်ရာစီမံကိန်းတွင် နေအိမ်ဝယ်ယူနေထိုင်လိုသည့် အိမ်ထောင်စု ၂၆၄ ဦးအား တဦးလျှင် ကျပ်သိန်း ၃၀ နှုန်းဖြင့် KEB Hana Microfinance Limited မှ စက်တင်ဘာလအတွင်း ချေးငွေများထုတ်ပေးခဲ့ပြီး ၎င်းအိမ်ထောင်စုများအတွက် ကျပ်သိန်း ၃၀ တန် ၁၈ပေ x ပေ ၃၀၊ ၁၆ပေ x ပေ ၃၄ ရှိသည့် မြေနေရာအကျယ်အဝန်းများတွင် ၁၆ ပေ ပေ ၃၀ x ၁၂ ပေ ၃၂ အကျယ်အဝန်းရှိ နေအိမ်များတည်ဆောက်မည်ပေးနေခြင်းဖြစ်သည်။

*ကိုလင်း*

# အင်းစိန်အကျဉ်းထောင်တွင် ဘာသာကြီး ၄ မျိုး ဘုရားဝတ်ပြုဆုတောင်းဆောင်များ လွတ်လပ်စွာခွင့်ပြုထား

အင်းစိန်အကျဉ်းထောင်တွင် ဘာသာကြီး ၄ မျိုးဖြစ်သော ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာဝင်များ ဘုရားဝတ်ပြုဆုတောင်းရန်အဆောင်များပြုလုပ်ထားရှိကြောင်းကို အကျဉ်းဦးစီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးက News Watch သို့ပြောသည်။

"ဘာသာကြီးလေးမျိုးဆုတောင်းဝတ်ပြုဆောင်တွေဆောက်ပေးထားပါတယ်။ ခရစ်ယာန်ဆိုလည်း ခရစ်ယာန်အပတ်စဉ်ဝတ်ပြုဆုတောင်းနိုင်အောင် ပြုလုပ်ပေးထားပါတယ်။ အခုဆိုရင် စာကြည့်တိုက်တွေလည်း အကျဉ်းသားတွေဖတ်နိုင်အောင်ပြုလုပ်ပေးထားပါတယ်။ အစ္စလာမ်ဘာသာဆိုရင် သောကြာနေ့ပေါ့ဗျာ။ အခြားဘာသာဖြစ်တဲ့ ဟိန္ဒူဘာသာတို့၊ ခရစ်ယာန်ဘာသာတို့ဆိုလည်း သက်ဆိုင်ရာနေ့အလိုက် ဝတ်ပြုနိုင်အောင်ဆောက်လုပ်ပေးထားပါတယ်။ အဓိကဝတ်ပြုဆုတောင်းဆောင်တွေကတော့ (၁)အဆောင်နဲ့ (၂)အဆောင်မှာ ဆောက်လုပ်ပေးထားတယ်"ဟု ၎င်းကပြောသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရန်အောင်က "ထောင်ကကျွန်တော်တို့ခေတ်တုန်းကလို မဟုတ်တော့ဘူး။ အခုဆိုရင် အသားဟင်း တပတ်လေးကြိမ်တောင် ကျွေးနေပါပြီ။ အိမ်သာဆိုရင်လည်း ရေလောင်းအိမ်သာဖြစ်နေပြီ"ဟု ၎င်းကပြောသည်။

နိုဝင်ဘာ ၁၁ ရက်နေ့တွင် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ နယ်လုံဝန်ကြီး၊ လဝကဝန်ကြီး၊ ဦးနိုင်ငံလင်း၊ ဦးဟန်ထွန်း၊ (NLD)ပါတီထဲက ဦးမြင့်ဌေးအပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၂ ဦးနှင့်အတူ သိန်းပေါင်း ၂၀၀၀ ကျော်ဖိုး အင်းစိန်အကျဉ်းထောင်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

*သဒ္ဓါထက်(လှည်းတန်း)*



# ကျား၊ မ ရေးရာ ဘက်လိုက်မှုမရှိသောသတင်းများ တင်ဆက်ခြင်းစာအုပ် မိတ်ဆက်




ကျား၊ မရေးရာ ဘက်လိုက်မှုမရှိသော သတင်းများတင်ဆက်ခြင်း စာအုပ်မိတ်ဆက်ပွဲကို နိုဝင်ဘာ ၁၂ ရက်နေ့တွင် Park Royal Hotel တွင် ကျင်းပခဲ့သည်။ အဆိုပါစာအုပ်ကို မြန်မာအမျိုးသမီးဂျာနယ်လစ်ကွန်ရက်(MWJS)မှ ပြုစုရေးသားခဲ့ခြင်းဖြစ်ပြီး တနှစ်ခန့် အချိန်ယူပြင်ဆင်ခဲ့ရကြောင်း သိရသည်။

"Gender balance လို့ပြောလိုက်ရင် လူတွေက အမျိုးသမီးအရေးလုပ်နေတယ်လို့ပဲ မြင်ကြတယ်။ သတင်းလောကမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုနှုန်းက အရမ်းနည်းတယ်။ အဲဒါကြောင့် ကျွန်တော်တို့က အမျိုးသမီးတွေရဲ့အသံက ပါဝင်မှုမြင့်တက် လာစေချင်တယ်။ အမျိုးသမီးတွေရဲ့ပါဝင်မှုလို့ပြောလိုက်ရင် ဈေးဆိုင်တွေ မီးဖိုချောင်တွေမှာပဲရှာကြတယ်။ အဲဒါကြောင့် ဒီစာအုပ်လေးကိုထုတ်ဖို့ စီစဉ်ဖြစ်ခဲ့ကြတာ။ အဲဒီချိန်နဲ့ UNESCO က အဆိုကျတဲ့ အချိန်နဲ့ကိုက်သွားတော့ သူတို့က ဘတ်ဂျက်ထုတ်ပေးတာပေါ့"ဟု မြန်မာအမျိုးသမီးဂျာနယ်လစ်ကွန်ရက်မှ အလုပ်အမှုဆောင်ဖြစ်သူ ဒေါ်စန္ဒာမော်က ပြောသည်။

မြန်မာအမျိုးသမီးဂျာနယ်လစ်ကွန်ရက်အနေနှင့် အဆိုပါစာအုပ်ကို ပထမဆုံးအကြိမ် ထုတ်ဝေခြင်းဖြစ်ပြီး ဒုတိယအခွင့်အရေးရလျှင် ဒုတိယအကြိမ်ထပ်မံထုတ်ဝေရန်အစီအစဉ်ရှိကြောင်း သိရသည်။

*တွယ်တာလှိုင်*

www.free4readers.com



# သူရဲကောင်းတို့ရဲ့နေရာ

ဇေယျာတု(မကွေး)

နေရာမက်လို့ တိုက်ခဲ့ရတဲ့ စစ်ပွဲတွေ နည်းမှာ မဟုတ်ဘူး။ လူမှုရေးစစ်ပွဲတွေ၊ နိုင်ငံရေးစစ်ပွဲတွေ၊ အယူဝါဒနဲ့ အကျိုးစီးပွားစစ်ပွဲတွေက နေရာအနှံ့မှာ ပြန့်ကျဲလို့နေပါတယ်။ မပေးဘဲ လိုချင်နေတဲ့နေရာ၊ ပေးပြီးပေမဲ့ မရသင့်တော့တဲ့နေရာ၊ ယုံကြည်အားကိုးရသူကလွဲပြီး ပေးလို့မဖြစ်တော့တဲ့နေရာ။ ဒီလိုနေရာတွေအတွက် တိုက်ပွဲဆိုတာကတော့ လူ့အဖွဲ့အစည်းအတွင်းမှာ ဆက်ရှိနေဦးမှာပါပဲ။

ဒီလိုတိုက်ပွဲတွေကြားမှာ တချို့က ဒဏ်ရာဗရပွနဲ့။ တချို့က ခြေပြတ်လက်ပြတ်နဲ့။ တချို့က အဖတ်ဆယ်လို့မရတဲ့ သိက္ခာတွေနဲ့။ တချို့ကလည်း လက်ခုပ်ဩဘာသံတွေနဲ့။ တချို့ကတော့ အမှတ်တရဖြစ်စရာတွေအပြည့်နဲ့ ဖြစ်ပါတယ်။ ဆရာအောင်သင်းစကားငှားပြောရရင် ''မစားဘဲနဲ့ စွန့်သွားတဲ့လူတွေကြောင့် ငါတို့တွေ မစွန့်ဘဲနဲ့ စားနေရတာ''လို့ တခုတ်တရ ဂုဏ်ပြုအပ်လောက်တဲ့သူတွေလည်း ရှိနေပါတယ်။

သူတို့ကိုသက်ဆိုင်ရာ လူ့အဖွဲ့အစည်းက 'သူရဲကောင်း'လို့ ကင်းပွန်းတပ်ကြပါတယ်။ သူတို့ကို အောက်မေ့သတိရကြပါတယ်။ စာပေတွေရေးဖွဲ့လို့ မှတ်တမ်းတင်ကြပါတယ်။ အထိမ်းအမှတ်ရုပ်တုတွေ ထားလို့ ဂုဏ်ပြုကြပြန်ပါတယ်။ လူတွေရဲ့ရင်ထဲမှာ သူတို့အတွက် နေရာရှိနေပါတယ်။ လူ့သမိုင်းရဲ့ပြယုဂ်အဖြစ်ထားဖို့ သူအတွက် နေရာပေးကြပြန်ပါတယ်။

ဒီလိုနေရာတွေအများကြီးထဲက တခုသောအကြောင်းက မကွေးတိုင်းထဲမှာ ရှိနေပါတယ်။ မကွေးမြို့နဲ့ ၁၄ မိုင်ကွာဝေးတဲ့ ကားလမ်းနံဘေးက ရွာလေးတခုမှာပါ။ သူ့အမည်က 'သရက်လေးပင်'လို့ ခေါ်ပါတယ်။ ဒီရွာလေးမှာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးရဲ့ ရေနံမြေအလုပ်သမားခေါင်းဆောင် 'အာဇာ၀က သခင်ဘိုးလှကြီး'ကို အဖဦးသာမုန်း၊ အမိဒေါ်ရမ်းတို့ကနေ ၁၉၀၅ ခုနှစ်မှာ မွေးဖွားခဲ့တာပါ။

သူဟာ ကိုလိုနီခေတ်၊ နယ်ချဲ့အစိုးရ၊ သူ့ကျွန်ဘ၀မှာ လူဖြစ်ခဲ့ရတဲ့သူပါ။ လယ်ခွန်ယာခွန်မပေးနိုင်လို့ သူ့အဖေကို ပုလိပ်တွေဖမ်းသွားတာ ကိုယ်တွေ့ကြုံခဲ့ရသူပါ။ အင်္ဂလိပ်စစ်တပ်မှာ ၃ နှစ် တာ၀န်ထမ်းပြီးတဲ့နောက် အဖိနှိပ်ခံ၊ ရေနံမြေလုပ်သားတွေနဲ့အတူ ချောက်ရေနံမြေမှာ အလုပ်လုပ်ခဲ့ပါတယ်။ မကွေးမြို့၊ သရက်လေးပင်ရွာလေးကနေ ချောက်ရေနံ မြေမှာ သူအလုပ်လုပ်ခွင့်ရခဲ့ခြင်းက မြန်မာ့လွတ်လပ်ရေးအောင်ပွဲအတွက် အထောက်အပံ့ကောင်းတရပ်ဖြစ်စေခဲ့ပါတယ်။

''ငရဲဘ၀မှာမနေ၊ သေလျှင်သေစေ၊ ရှင်လျှင်အောင်စေ၊ ဓွေးဓွေးနီတဲ့ သခင်မျိုးတွေ''ဆိုတဲ့ ရုန်းထပေါက်ကွဲသံတွေနဲ့အတူ အုံ့မခန်းနိုင်စရာ မိုင် ၄၀၀ ကျော်ခရီးကြမ်းကို ပုလိပ်တပ်၊ မြင်းတပ်၊ လုံစွပ်တပ်တွေနဲ့ အထပ်ထပ်ကာရံပြီး ဖမ်းဆီးထောင်ချနေတဲ့ကြားက တပ်သား ၂၀၀၀ ကျော်နဲ့အတူ ဖြတ်ကျော်ချီတက်ခဲ့ပါတယ်။

၁၃၀၀ ပြည့်အရေးတော်ပုံကြီးဟာ (၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့)၃၀-၁၁-၁၉၃၈ မှာ ဖြစ်ပွားခဲ့တာပါ။ ဒီအရေးတော်ပုံကြီးက ကျောင်းသား၊ ပြည်သူ၊ ရဟန်းရှင်လူ၊ အလုပ်သမား၊ လယ်သမား လူတန်းစားပေါင်းစုံ စုရုံးပါ၀င်ကြတဲ့ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုကြီးပဲ ဖြစ်ပါတယ်။

''မီးဒုတ်ကြီး၊ မီးဒုတ်ကြီးရေနံမြေက မီးဒုတ်ကြီး၊ မီးဒုတ်ကြီးရဲ့ အလင်းရောင်၊ ဗမာပြည်ဘောင်ထွန်းပြောင်စေသား''လို့ ကြွေးကြော်ခဲ့ကြသလို အရေးတော်ပုံကြီးပြီးလို့ ဆယ်နှစ်ခန့်အကြာမှာတော့ မြန်မာပြည်ဟာ လွတ်လပ်ရေးရခဲ့ပါတယ်။ သခင်ဘိုးလှကြီးကတော့ လွတ်လပ်ရေးရဲ့အရသာကို သိခွင့်မရရှာပါဘူး။ လွတ်လပ်ရေးမရခင် ၅ နှစ်အလိုမှာ သေဆုံးသွားခဲ့တာကြောင့်ပါ။

သူဟာ သပိတ်တိုက်ပွဲမှာ မကွေးထောင်ကို ပို့ခံခဲ့ရပါတယ်။ ထောင်က မကြာမီပြန်လွတ်ပြီး သပိတ်တပ်နဲ့ ပြန်ပေါင်းနိုင်ခဲ့ပါတယ်။ ရန်ကုန်ရောက်ပြီး မကြာခင်မှာပဲ နယ်ချဲ့အင်္ဂလိပ်အစိုးရက သူ့ကိုရှုံးသွပ်သွားပြီလို့ စွပ်စွဲပြီး အရူးထောင်ကို ပို့လိုက်ကြပြန်ပါတယ်။ ထောင်ကပြန်လွတ်လာချိန်မှာ သပိတ်တပ်အင်အားနည်းနေတာကြောင့် ကိုရင်ကြီး ခဏ၀တ်ပြီး သပိတ်စစ်ပွဲစာအုပ်ကို ရန်ပုံငွေရှာဖို့ ရေးသားခဲ့ပါတယ်။

သံမဏိသပိတ်တပ်ဖွဲ့ပြီး ဆက်လက်ဆန္ဒပြခဲ့ပါတယ်။ အစာရေစာငတ်ခံဆန္ဒပြနေသည်ကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဖျောင်းဖျလို့ အစာရေစာပြန်လည်စားသောက်ခဲ့ပါတယ်။ အဲဒီနောက်မှာ ရေနံမြေကုမ္ပဏီရဲ့ ကတိက၀တ်တွေရရှိတာကြောင့် တနှစ်ခွဲကြာမြင့်ခဲ့တဲ့ ရေနံမြေသပိတ်ကြီးလည်း ပြီးဆုံးပြီး အလုပ်သမားတွေ အညာကို သဘော်နဲ့ပြန်ခဲ့ကြပါတယ်။

သပိတ်ကြီးပြီးလို့ ချောက်ရေနံမြေပြန်ရောက်ပြီးတဲ့အခါ အလုပ်ပြန်မ၀င်တော့ဘဲ အလုပ်သမားတွေအကျိုးကိုသာ တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၄၀ ပြည့်နှစ်မှာ လုပ်သားထု လွှတ်တော်ခေါ်ယူရန်ကြိုးပမ်းနေချိန်မှာ အင်္ဂလိပ်အစိုးရက ဖမ်းဆီးပြီး မြစ်ကြီးနား၊ ဗန်းမော်ထောင် အပို့ခံရပြန်ပါတယ်။ ဘီအိုင်အေတပ်ဖွဲ့က ထောင်မှလွှတ်ပေးပြီးတဲ့နောက် ဗန်းမော်မြို့ အုပ်ချုပ်ရေးတာ၀န်ပေးခံခဲ့ရပါတယ်။

ဂျပန်ခေတ်မှာ ဂျပန်တပ်ဖွဲ့ကို အန်တုပြီး ရေနံမြေအလုပ်သမားတွေရဲ့အရေးကို မနေမနားဆောင်ရွက်ခဲ့ပါတယ်။ ဗန်းမော်အုပ်ချုပ်ရေးတာ၀န်ကို ပြန်အပ်ပြီး ချောက်မြို့ကိုပြန်ခဲ့ရာမှာ ချောက်မြို့ရဲ့အုပ်ချုပ်ရေးတာ၀န်ကို ပေးအပ်ခံခဲ့ရပြန်ပါတယ်။ ၀မ်းဗိုက်ရောဂါကြီးစွဲကပ်လာလို့ ဘီအိုင်အေစစ်ဆေးရုံကြီးမှာ ကုသခဲ့ပေမဲ့ ၁၉၄၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်နေ့မှာ ကွယ်လွန်သွားခဲ့ပါတယ်။ ချစ်ရတဲ့ဇနီးသည်နဲ့ သားသမီး ၆ ယောက်ကတော့ သူရဲကောင်းရဲ့မိသားစု၀င်တွေအဖြစ် လောကကြီးမှာ ကျန်ရစ်ခဲ့ကြပါတယ်။

၂၀၁၉ ခုနှစ် အခြေအနေမှာတော့ သူရဲကောင်းရဲ့မိသားစု၀င်တွေဟာ မကွေး၊ နတ်မောက်၊ ချောက်စတဲ့ နေရာအနှံ့မှာ အခြေချနေထိုင်ကြတယ်လို့ သိရပါတယ်။ **အသက် ၉၀ အရွယ်ရှိနေပြီဖြစ်တဲ့ သခင်ဘိုးလှကြီးရဲ့သမီး ဒေါ်ကြင်ကြင်၀ေကတော့ နတ်မောက်မြို့မှာ သက်ရှိထင်ရှားရှိနေဆဲပါ။ သခင်ဘိုးလှကြီးရဲ့တူမအရင်းတွေကမွေးတဲ့ မြေးမြစ်တွေက သရက်လေးပင်ရွာလေးမှာ ဦးရေ ၅၀ ၀န်းကျင်လောက်ရှိနေပါတယ်။**

သခင်ဘိုးလှကြီး ကွယ်လွန်ပြီးတဲ့နောက် နှစ်ပေါင်း ၃၀ အကြာ ၁၉၇၃ ခုနှစ်မှာတော့ ယင်းချောင်းတံတားကြီးနဲ့အတူ ယင်းတံတားထိပ်က တောင်ကုန်းလေးမှာ တောင်သူလယ်သမားခေါင်းဆောင် ဆရာစံနဲ့အတူတွဲပြီး သခင်ဘိုးလှကြီး အထိမ်းအမှတ်ရုပ်တုကို ထားရှိခဲ့ကြပါတယ်။

သူကွယ်လွန်ပြီး ၇၅ နှစ်လောက်ကြာတဲ့အချိန် ၂၀၁၇ ခုနှစ်မှာတော့ သရက်လေးပင် ရွာအ၀င်လမ်း (မကွေး-တောင်တွင်း ကားလမ်းဘေးမှာ) သခင်ဖိုးလှကြီးရဲ့အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို ချောက်မြို့မှ ကုသိုလ်ရှင်ဦးမင်းမင်းထွေး၊ ဒေါ်သက်သက်ဦးမိသားစုက အကျိုးဆောင်များအကူအညီနဲ့ စိုက်ထူခဲ့ကြပါတယ်။

၂၀၁၇ ခုနှစ်ထဲမှာပဲ ယင်းတံတားထိပ်က ဆရာစံနဲ့ သခင်ဘိုးလှကြီးရုပ်တုထားရာ ၀င်းထဲမှာ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ အမြင်မတင့်ဖြစ်နေလို့ NLD မကွေးတိုင်းအစိုးရသစ်လက်ထက်မှာ ရှင်းလင်းခဲ့ကြပါသေးတယ်။ လတ်တလောအခြေအနေမှာတော့ ရုပ်တုတွေရဲ့ဆေးသားတွေ မကောင်းတာ၊ ချုံနွယ်တွေ ပြန်ထူထပ်နေတာ၊ ဆရာစံရဲ့လက်ချောင်းထိပ်တွေ ကျိုးပဲ့ပြီး သံချောင်းတွေပေါ်နေတာကို တွေ့ရပါတယ်။

''ပြင်ပေးဖို့ ဘယ်သူ့ကို ပြောရမှန်းလဲမသိဘူး။ မထည်၀ါတော့တဲ့ ရုပ်တုကြီးကိုကြည့်ပြီး စိတ်မချမ်းမသာဖြစ်နေကြရတယ်။ သန့်သန့်ပြန့်ပြန့်နဲ့ လူအများလည်း ကြည်နူးလောက်တဲ့အနေအထားရှိအောင် ပြန်ပြီး ပြုပြင်စေချင်ပါတယ်''လို့ အသက် ၆၀ အရွယ်ရှိ သရက်လေးပင်ရွာသား ဦးသံချောင်းက သူတို့ရွာသားတွေရဲ့ခံစားချက်ကို ပြောလာပါတယ်။

သရက်လေးပင်ရွာသူ၊ ရွာသားတွေဟာ သူတို့ရွာကနေ မကွေးကိုသွားတိုင်း ရုပ်တုကြီးကိုကြည့်ပြီး စိတ်မချမ်းမသာဖြစ်နေကြရတာပါ။ သခင်ဘိုးလှကြီးရဲ့ ကျေးရွာမှာရှိနေတဲ့ မျိုးဆက်တွေဟာလည်း အများစုက လက်လုပ်လက်စား ဆင်းရဲနွမ်းပါးသူတွေ ဖြစ်နေပါတယ်။

စာ(၁၆)သို့





လက်ရှိ သရက်လေးပင်ရွာတွင် နေထိုင်လျက်ရှိသော သခင်ဖိုးလကြီး၏မျိုးဆက် မိသားစု၀င်များ

''သရက်လေးပင်ရွာသူ၊ ရွာသားတွေဟာ သူတို့ရွာကနေ မကွေးကိုသွားတိုင်း ရုပ်တုကြီးကို ကြည့်ပြီး စိတ်မချမ်းမသာ ဖြစ်နေကြရတာပါ။ သခင်ဘိုးလှကြီးရဲ့ ကျေးရွာမှာရှိနေတဲ့မျိုးဆက်တွေ ဟာလည်း အများစုက လက်လုပ်လက်စား ဆင်းရဲနွမ်းပါးသူတွေ ဖြစ်နေပါတယ် . . .''

www.free4readers.com



# ရှစ်လေးလုံးသမိုင်းအမှန်ပေါ်ပေါက်ရေးနှင့် ရှစ်လေးလုံးအရေးတော်ပုံတွင် တနိုင်ငံလုံး၏သေဆုံး၊ ပျောက်ဆုံးစာရင်းကောက်ယူမည်

ရှစ်လေးလုံးသမိုင်း အမှန်ပေါ်ပေါက်ရေးနှင့် ရှစ်လေးလုံးကာလတွင် သေဆုံး၊ ပျောက်ဆုံးသူများစာရင်းအတိအကျကို တနိုင်ငံလုံးတွင်ကောက်ယူမည်ဟု ရှစ်လေးလုံးလူထုဒီမိုကရေစီအရေးတော်ပုံ သမိုင်းပြုစုရေးလွတ်လပ်သောအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးယဉ်ထွန်းက News Watch သို့ ပြောသည်။



''ကျွန်တော်တို့ဒီအဖွဲ့အစည်းကို ရှစ်လေးလုံးနှစ်(၃၀)ပြည့်ကတည်းက စတင်လုပ်ဆောင်တာပါ။ အခုဆိုရင် ပထမလုပ်ငန်းဖြစ်တဲ့ သတင်းအချက်အလက်ပြုစုပြီးပါပြီ။ ရှစ်လေးလုံးသမိုင်းစဖြစ်လာခဲ့တဲ့ ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန်၊ ၂၅ ကျပ်တန်ငွေစက္ကူစသိမ်းတဲ့အချိန်ကစပြီး မတ်လ၊ ဇွန်လအရေးတော်ပုံနဲ့ ရန်ကုန်တက္ကသိုလ်ထဲမှာ (မဆလ) ဗိုလ်နေဝင်းကိုဆန့်ကျင်တာကအစ တနိုင်ငံလုံးပေါ်ပေါက်ခဲ့တဲ့ သပိတ်ပေါင်းစုံ၊ လူထုလူတန်းစားအသီးသီးရဲ့ သမိုင်းအမှန်ပေါ်ပေါက်ရေးအတွက် ဒီအဖွဲ့အစည်းကို ဖွဲ့တာပါ။ စစ်တပ်ကပုံဖျက်ထားတဲ့ 'လှိုင်းကြီးလေ့ထန်ဖြစ်ရပ်မှန်'ဆိုတဲ့ ၈၈ အရေးအခင်းပုံဖျက်ပြသမှုတွေ အခုချိန်အထိ မြဝတီရုပ်သံမှာပြတုန်းပဲ။ ဒါမျိုးတွေမဖြစ်စေချင်ဘူး။ လူထုတင်မြှောက်ထားတဲ့ အစိုးရကလည်း ဒါကိုမျက်နှာလွှဲနေတဲ့သဘောဖြစ်တယ်'' ဟု ၎င်းကပြောသည်။

ရှစ်လေးလုံးအရေးတော်ပုံကာလတွင် လူထုက တပါတီအာဏာရှင်စနစ်ကို မလိုလားသောကြောင့် ရှစ်လေးလုံးအရေးတော်ပုံကြီးပေါ်ပေါက်လာကြောင်း၊ ယင်းအရေးတော်ပုံကိုပုံဖျက်ကာ မမှန်မကန်သတင်းထုတ်လွှင့်သောလုပ်ရပ်များကို (မဆလ)ပါတီက လုပ်လာကြောင်းကို နိုင်ငံရေးအကျဉ်းသားဟောင်း ရှစ်လေးလုံးလူထုဒီမိုကရေစီအရေးတော်ပုံသမိုင်း ပြုစုရေး လွတ်လပ်သောအဖွဲ့အစည်းကော်မတီဝင်ဦးဗသက်အောင်က ပြောသည်။

''ဥပမာဗျာ ရှစ်လေးလုံးအရှိန်ရတော့ ထောင်ထဲကလူဆိုးတွေကို လွှတ်ပေးပြီး အဆိပ်ခတ်တာတို့၊ အကြမ်းဖက်ပုံဖော်လို့ရအောင် ဆန်ဂိုဒေါင်တွေဖောက်တာတို့၊ ကုန်တိုက်တွေကိုဝင်စီးတာတို့၊ ဂိုဒေါင်ကိုသူတို့ကဖောက်ပြီး လက်ကျန်တွေကို ပြည်သူတွေလုယူအောင် လွှတ်ပေးထားတယ်။ မသိနားမလည်တဲ့ ပြည်သူတွေကိုလွှဲချလို့ရအောင် လုပ်တယ်။ နောက်ပြီး ဗိုလ်ခင်ညွှန့်သတင်းစာရှင်းလင်းပွဲလုပ်တဲ့ စာအုပ် အနီ၊ အစိမ်းထဲမှာပါတဲ့ အချက်တွေကလည်း မှားနေတယ်။ အဲဒါတွေကို အယ်ဒီတာအဖွဲ့ပညာရှင်တွေနဲ့ ညှိနှိုင်းပြီး သမိုင်းအမှန်ပေါ်အောင် စာအုပ်ထုတ်ပါမယ်''ဟု ၎င်းက ပြောသည်။

ရှစ်လေးလုံးလူထုဒီမိုကရေစီ အရေးတော်ပုံကြီးသည် မြန်မာ့နိုင်ငံရေးသမိုင်း၌ အကြီးမားဆုံးနှင့် အပြင်းထန်ဆုံးလူထုအရေးတော်ပုံကြီးတရပ်အဖြစ် မော်ကွန်းထိုးမှတ်တမ်းတင်ရမည့် လူထုလှုပ်ရှားမှုတရပ်ဖြစ်ပါသည်။

ထိုအရေးတော်ပုံကြီး နှစ်(၃၀) လွန်ခဲ့သော်လည်း သမိုင်းအချက်အလက်မှားများဖြင့်ပုံဖော်သရုပ်ဖျက်နေမှုများ အများအပြားရှိနေသေးသည်ကို တွေ့ကြရမည်ဖြစ်သည်။

ထို့ကြောင့် ထိုအရေးတော်ပုံကြီး၏ သမိုင်းမှတ်တမ်းမပျောက်ပျက်စေရန်နှင့် သမိုင်းအချက်အလက်မှန်ကန်စွာ မှတ်တမ်းတင်နိုင်ရန် စတင်လုပ်ဆောင်မည့်လွတ်လပ်သောအဖွဲ့အစည်းတရပ် ဖွဲ့စည်းဆောင်ရွက်နေကြောင်း၊ မည်သည့်အဖွဲ့အစည်းမဆို ပူးပေါင်းဆောင်ရွက်နိုင်ကြောင်းလည်း သတင်းထုတ်ပြန်ထားသည်။

***သဒ္ဒါထက်(လှည်းတန်း)***

စာ-၁၅ (သူရဲကောင်းတို့ရဲ့နေရာ)မှအဆက်

''ပြင်ချင်တယ်။ ဒါပေမဲ့ မိသားစုတွေက အမွေအချာတွေဆိုတော့ ဒီအတိုင်းကြည့်နေရတာ။ ကြာပြီ။ ရုပ်တုတွေ အိုဟောင်းနေတာကိုသိတယ်။ တနေ့လုပ်မှ တနေ့စားရသူတွေဆိုတော့ စိတ်မကောင်းရုံဘဲ တတ်နိုင်တယ်''ဟု သခင်ဖိုးလှကြီး၏တူမ(ဒေါ်ရွှေခန့်၏သမီးဖြစ်သူ) ဒေါ်ထွေးမြင့်က ဆိုပါတယ်။

သခင်ဖိုးလှကြီးရဲ့ငယ်နာမည်ဟာ တုတ်လှဖြစ်ပြီး မှန်တယ်ထင်လျှင် ဇွတ်တရွတ်လုပ်တတ်သူဖြစ်တာကြောင့် ရေနံမြေကနေ ကိုတုတ်လှကြီးရွာပြန်လာလျှင် အားလုံးကကြောက်ရတယ်လို့ ဆွေမျိုးတွေထံက ကြားသိရပါတယ်။ လူကောင်ထွားထွား၊ မေးရိုးခိုင်ခိုင်နဲ့ သူ့မျက်နှာက စိတ်ဓာတ်မာကျောပြီး အနစ်နာခံဝံ့တဲ့ ဥပဓိရုပ်မျိုးပါ။

အများမြင်ဖူးကြတဲ့ သူ့ရဲ့ဓာတ်ပုံတွေမှာ လည်ပင်းကနေ တွဲလောင်းချထားတဲ့ သံကြိုးပုံသဏ္ဍာန်ကြိုးတချောင်းကို တွေ့ရပါလိမ့်မယ်။ အမှန်က သံကြိုးမဟုတ်ပါဘူး။ အရေးတော်ပုံခရီးထွက်ခါနီး ဇနီးဖြစ်သူ ဒေါ်စောညွှန့်က အမြန်လုပ်ပေးလိုက်ရတဲ့ ဝါချည်နဲ့လုပ်ထားတဲ့ သံကွင်းဆက်ပုံခရာကြိုးပါလို့ ဆွေမျိုးတော်စပ်သူတွေက အခိုင်အမာပြောဆိုကြပါတယ်။

''ဓာတ်ပုံတွေမှာပါတဲ့ကြိုးက ချည်ခရာကြိုးဗျ။ အထောက်အထားတွေရှိတယ်။ ယင်းတံတားထိပ်က ရုပ်တုနဲ့ပတ်သက်ပြီး ပြောရရင်တော့ ကျွန်တော်တို့ဘိုးဘွားလည်းဖြစ်တယ်။ တိုင်းပြည်ရဲ့ သူရဲကောင်းတယောက်လည်းဖြစ်တဲ့အတွက် အမြင်မတင့်တာကို ဒီလိုကြီးမြင်ရတာ စိတ်မချမ်းသာဘူး''ဟု သခင်ဘိုးလှကြီး၏တူမဖြစ်သူ ဒေါ်တော မျိုးဆက်မှ မြေးဖြစ်သူ ကိုမောင်ကျော်က သူ့သဘောထားကို ပြောပြပါတယ်။

ဆွေမျိုးတော်စပ်သူတွေဟာ ဆင်းရဲနွမ်းပါးသူတွေဖြစ်တာကြောင့် ငွေကြေးမတတ်နိုင်ပေမဲ့ ပြုပြင်ထိန်းသိမ်းမယ့်သူပေါ်လာရင် လုပ်အားတွေပေးဖို့ အဆင်သင့်ရှိနေတယ်လို့ ဒေါ်ထွေးမြင့်ထံမှ သိရပါတယ်။

သရက်လေးပင်၊ ကြောင်ပျောက်၊ ကြာပစ်အင်းဆိုတဲ့ သုံးရွာတအုပ်စုထဲမှာပါဝင်တဲ့ သရက်လေးပင်ရွာလေးမှာ အိမ်ခြေ ၃၇၃၊ အိမ်ထောင်စု ၄၈၀ နဲ့ လူဦးရေ ၁၇၇၈ ဦး နေထိုင်ကြပါတယ်။ ပဲ၊ နှမ်းသီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ယင်းချောင်းတလျှောက်မှာလည်း ကြက်သွန်၊ အာလူးစိုက်ပျိုးကြပါတယ်။ နိုင်ငံခြားအလုပ်ထွက်လုပ်သူ ၁၈ ဦးလောက်ရှိပါတယ်။

ဒီရွာလေးမှာ ဘုန်းကြီးကျောင်း သုံးကျောင်း၊ ကျန်းမာရေးဆေးပေးခန်းနဲ့ ဓမ္မာရုံတွေရှိပါတယ်။ အလကစာသင်ကျောင်းတကျောင်းရှိပြီးတော့ မီတာပေါက်တပ်ပေးဖို့လိုနေတယ်လို့ သိရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနာမည်နဲ့ စာကြည့်တိုက်တခုရှိပြီး သော့ပိတ်ထားတာကို တွေ့ရပါတယ်။ ကျေးရွာမီးလင်းရေးကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်တွေ ကွင်းဆင်းဖြေရှင်းပေးမဲ့ အငြင်းပွားမှု၊ မပြေလည်မှုတွေရှိနေသေးတယ်လို့ ကြားသိရပါတယ်။



သခင်ဖိုးလှကြီး၏မြေး တော်စပ်သူ အသက် (၇၀)နှစ်အရွယ် ဒေါ်တော

လမ်းပန်းဆက်သွယ်ရေးကတော့ ကောင်းပါတယ်။ သရက်လေးပင်ဘူတာရုံရှိပြီးတော့ မနက် ၅ နာရီဆိုရင် ရထားဟာ မကွေးဘက်ကရောက်လာပြီး ညနေ ၄ နာရီလောက်ဆို တောင်တွင်းဘက်က ပြန်လာတယ်လို့ ကြားသိရပါတယ်။

မကွေးမြို့ကနေ ၁၄ မိုင်အကွာ ရွာအဝင်ဆိုင်းဘုတ်ကနေ လမ်းအနောက်ဘက်ကို ချိုးကွေ့ဝင်လိုက်ရင် ခြေလှမ်းတရာကျော်အတွင်းမှာ ရထားသံလမ်းတခုကို တွေ့ရပါတယ်။ ဘယ်ဘက်ကိုချိုးကွေ့ဝင်ပြီး သံလမ်းကိုဖြတ်တဲ့ လမ်းပေါက်ကတဆင့် ရွာအဝင်လမ်းမကြီးကို ရောက်ပါတယ်။

လမ်းကကျယ်ပေမဲ့ ဖုန်ထူထူလမ်းမကြီးမှာ ဆိုင်ကယ်စီးရင် သဲမလူးဖို့ ဂရုစိုက်ရပါတယ်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွေမှာ အလှူအတန်းတွေ များလှပါတယ်။ အလှူမလာနိုင်တဲ့သူတွေရဲ့အိမ်ကို အလှူငါးကြော်၊ ဆီးဖြူသီးသုပ်နဲ့ ပဲဟင်းတွေ လိုက်လံဝေငှလေ့ ရှိကြပါတယ်။ ရွာသူရွာသားအများစုက ယဉ်ကျေးဟန်ရှိပြီးတော့ ဖော်ရွေတာကို တွေ့ရပါတယ်။ ရွာထဲမှာ လူကြီးပိုင်းတွေ အသက် ၈၀ ကျော်၊ ၉၀ ကျော် အသက်ရှည်ကြတာကိုလည်း တွေ့ရပါတယ်။

ယင်းချောင်းတံတားကြီးမပြီးခင်က ယင်းချောင်းကူးတို့ သမဝါယမအသင်းဆိုတာရှိခဲ့ပါတယ်။ ချောင်းရေတက်တဲ့ကာလမှာ ရေလုပ်သားတွေက ကမ်းတဖက်ကနေတဖက်ကို ကူညီပို့ဆောင်ပေးကြပါတယ်။ ကူးတို့ခကို တမတ်ယူကြပါတယ်။ သဒ္ဓါပေါက်တဲ့ ခရီးသည်တွေက တခါတရံ တကျပ်ပေးလို့ ပျော်ခဲ့ရတာတွေရှိတယ်လို့ အသက် ၇၀ ကျော်အရွယ် အဘဦးအောင်တုတ်က ပြောပြပါတယ်။

လုပ်သားတွေက တရက်ဆယ်ပြားစီစုကြပြီး ကျေးရွာထဲက မလှူနိုင်၊ ရှင်ပြုနားသမလုပ်နိုင်သူတို့ရဲ့ သားသမီးတွေကို လှူတန်းပေးခဲ့ကြတဲ့ သမိုင်းတွေလည်း ကြားသိခဲ့ရပါတယ်။ သခင်ဘိုးလှကြီးမိသားစုနေထိုင်ခဲ့တဲ့ ပေ ၄၀- ပေ ၆၀ အကျယ်ဝိုင်းမြေနေရာဟာ ရွာအလယ်ပိုင်းမှာ ခုထက်ထိရှိနေပြီးတော့ ဆွေမျိုးတွေ ဆက်လက်နေထိုင်လျက်ရှိပါတယ်။ မူလအိမ်ကတော့ ဒီနေရာမှာ မရှိတော့ပါဘူး။

ယင်းချောင်းတံတားကို ၁-၁၀-၁၉၇၀ ကနေ ၃၀-၄-၁၉၇၃ အတွင်း ဆောက်လုပ်ခဲ့တာပါ။ တံတားအရှည် ၄၆၀ ပေ၊ ကားလမ်းအကျယ် ၂၄ ပေ ဖြစ်ပြီးတော့ ချဉ်းကပ်လမ်းကို ငွေ ၈၉၁၉၂၀ ကျပ်၊ တံတားကို ၃၀၁၆၀၃၁ ကျပ် အကုန်ကျခံဆောက်လုပ်ခဲ့ပါတယ်။ တိုင်းအင်ဂျင်နီယာစောဒေးဗစ်၊ ဆိုရှယ်လစ်လုပ်သားသူရဲကောင်း ဦးချစ်-စက်ပြင်(ပ)တို့နဲ့ အင်ဂျင်နီယာ ၁၇ ဦး၊ ကျွမ်းကျင်လုပ်သားကြီးဦးကျေး အပါအဝင် ၂၉ ဦးတို့ တံတားဆောက်တဲ့နေရာမှာ ပါဝင်ခဲ့ပါတယ်။

သခင်ဘိုးလှကြီးနဲ့ ဆရာစံရုပ်တုတွေဟာ ယင်းချောင်းတံတားသမိုင်းနဲ့အတူ ဖြစ်တည်လာခဲ့တာပါ။ တံတားပေါ်ကနေ ယာဉ်ရထားတွေ၊ လူတွေ ဥဒဟိုဖြတ်သန်းသွားလာနေသလို ယင်းချောင်းတံတားထိပ်ရောက်တိုင်း ဒီရုပ်တုကြီးတွေကို မြင်တွေ့ကြရပါတယ်။ ရုပ်တုထားတဲ့နေရာက ယိုယွင်းပျက်စီးနေမှုတွေဟာ တန်ဖိုးထားမြတ်နိုးသူတွေအတွက်တော့ စိတ်မချမ်းမြေ့စရာ မြင်ကွင်းဖြစ်နေဦးမှာပါပဲ။

လူ့သမိုင်းမှာ တောတွေ၊ တောင်တွေ၊ သစ်ပင်တွေကို ကိုးကွယ်ရိုသေသမှုပြုခဲ့ကြတဲ့ သမိုင်းရှိသလို အယူဝါဒနဲ့ မျိုးရိုးအစဉ်အလာအလျောက် ယစ်ပူဇော်တာတွေ၊ ထူးခြားပုဂ္ဂိုလ်နဲ့ နတ်ကိုးကွယ်မှုတွေလည်း ရှိခဲ့ပါတယ်။ ကွဲပြားတဲ့ အမည်နာမတွေနဲ့ ဘုရားတွေရှိသလို အစွဲအလမ်းနဲ့ ယုံကြည်မှုတွေကိုလည်း လူသားဗဟိုပြုမှုအရ လက်ခံပေးထားကြရပါတယ်။ သူတို့ရဲ့ နေရာပေးမှုကိုလည်း အသိအမှတ်ပြုပေးကြရပါတယ်။

ယုံကြည်ကိုးကွယ်မှုလိုပါပဲ။ နိုင်ငံ၊ နယ်မြေနဲ့ လူမျိုးစုတိုင်းမှာ သူတို့လက်ခံတဲ့ သူရဲကောင်းဝါဒတွေရှိနေပါတယ်။ သူတို့ ဂုဏ်ယူတန်ဖိုးထားတဲ့ သူရဲကောင်းတွေလည်း ရှိနေတတ်ပါတယ်။ လူသားတွေရဲ့ဘဝမှာ အမြင့်ဆုံးနဲ့ အမြတ်ဆုံး ကိုးကွယ်မှုလို့ဆိုနိုင်တဲ့ဘုရားကိုတောင် ဘုံကိုးကွယ်နိုင်တဲ့ ဘုရားတပါးတည်းအဖြစ် သတ်မှတ်လိုက်လို့ မရနိုင်ပါဘူး။ မတူကွဲပြားမှုကို အသိအမှတ်ပြုပေးရပါတယ်။

ဘုံဘုရားသခင်၊ ဘုံသူရဲကောင်းဆိုပြီး ထားလို့မရပေမဲ့ ဘုံချစ်ကြည်ရင်းနှီးမှုနဲ့ ဘုံငြိမ်းချမ်းရေးကို တော့တည်ဆောက်နိုင်ပါသေးတယ်။ ဒီအတွက် ငါ့သူရဲကောင်း။ သူ့ သူရဲကောင်းမခွဲခြားဘဲ နေရာပေးရပါလိမ့်မယ်။ ဒီလိုနေရာပေးမှုကသာ သူရဲကောင်းဝါဒတွေ ထွန်းကားပြီး ကောင်းမွန်တဲ့ အနာဂတ်မျိုးဆက်နဲ့ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်၊ ပိုင်ဆိုင်ခွင့်ရနိုင်ပါလိမ့်မယ်။

သူရဲကောင်းတွေရဲ့နေရာဟာ ဘယ်လိုမျိုးလဲ။ ဘယ်လောက်ထိ ကြီးကျယ်ခမ်းနားလဲဆိုတာ သမိုင်းမှာ ချန်ထားပေးခဲ့ဖို့ လိုပါတယ်။

သူရဲကောင်းတွေရဲ့ ကြီးကျယ်မြင့်မြတ်မှုကို နောင်မျိုးဆက်တွေမသိရင် ကိုယ်က သူရဲကောင်းစိတ်နဲ့လုပ်ခဲ့တာတွေရှိရင်တောင် ဘယ်သူကမှအရေးလုပ်ပြီး တန်ဖိုးထားကြမှာ မဟုတ်ဘူးဆိုတာ မမေ့အပ်ပါကြောင်း . . . ။

**ဇေယျတု(မကွေး)**

www.free4readers.com



# အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးများကို ရာခိုင်နှုန်းအနည်းငယ်သာ ကာကွယ်စောင့်ရှောက်နိုင်ဟုဆို

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးများကို ရာခိုင်နှုန်းအနည်းငယ်သာ ကာကွယ်စောင့်ရှောက်နိုင်သည့်အခြေအနေတွင်သာရှိနေသေးကြောင်း ဒဂုံမြို့သစ် (အရှေ့ ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်က နိုဝင်ဘာ ၁၃ ရက်က ကျင်းပသော ပြည်ထောင်စုလွှတ်တော်တွင် ပြောသည်။

၎င်းက ''လူ့အခွင့်အရေး ထိခိုက်နစ်နာစေမှုများနဲ့ပတ်သက်တဲ့ တိုင်တန်းချက် ၃ မှုကိုလည်း သက်ဆိုင်သူတွေကို ကော်မရှင်ရုံးသို့ ခေါ်ယူတွေ့ဆုံခဲ့တယ်ဆိုတာလောက်သာ သိရပါတယ်။ ကျန်တဲ့ တိုင်ကြားစာတွေကို သက်ဆိုင်ရာဌာနများကို အကြောင်းကြားခဲ့ခြင်းမျိုးသာ လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။ ဌာနဆိုင်ရာတွေကိုပဲ လိုအပ်တဲ့စုံစမ်းစစ်ဆေးမှုတွေ ရှိခဲ့တယ်လို့ သိရပါတယ်။ ပြီးတော့ ဌာနဆိုင်ရာတွေရဲ့ ပြန်ကြားစာတွေကိုလည်း တိုင်ကြားသူကာယကံရှင်များဆီသို့ တဆင့်ပြန်ကြားပေးတာတွေပဲ တွေ့ရပါတယ်'' ဟု တင်ပြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလ ၂၄ ရက်နေ့အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)တွင် ကော်မရှင်အနေဖြင့် တိုင်တန်းချက်၊ စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ၊ လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက်စစ်ဆေးရမည်ဟု ပြဆိုထားကြောင်း သိရသည်။

ယခုထုတ်ပြန်ထားသောအစီရင်ခံစာတွင် အမှုပေါင်း ၇၂၅ မှုကို ကိုင်တွယ်ဆောင်ရွက်သည့်နေရာတွင် ကော်မရှင်မှ ကွင်းဆင်းစစ်ဆေးခဲ့သောအမှုမှာ ၂ မှုသာ တွေ့ရပြီး အလွန်နည်းပါးလှကြောင်း ဦးနေကျော်က ထောက်ပြသည်။

ထို့အပြင် ကော်မရှင်၏လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းဆောင်တာများတွင် မည်သို့မည်ပုံဖြင့်အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့သည်ဆိုသည့်အချက်များသာ အစီရင်ခံစာတွင် ရှန်းဝေစွာ ဖော်ပြထားကြောင်း ၎င်းဆိုသည်။

''ကော်မရှင်အနေနဲ့ တချို့သော လုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ရာမှာ ဘယ်လိုအတားအဆီးတွေကြောင့် ဘယ်လိုအခက်အခဲတွေကြောင့် ဆောင်ရွက်မှုတွေမှာ ဘယ်လိုအားနည်းချက်တွေ ရှိခဲ့တယ်။ ဘယ်လိုအချက်တွေကြောင့် လုပ်ကိုင်ဆောင်ရွက်ရာမှာ မအောင်မမြင်ဖြစ်ခဲ့တယ်ဆိုတာမျိုးကို အစီရင်ခံစာမှာ လုံးဝဖော်ပြထားတာ မတွေ့ရပါဘူး။ ခေါက်ရိုးကျိုးနေတဲ့ အားလုံးကောင်းပါတယ်ခင်ဗျာ ဆိုတာမျိုးဖြစ်နေပါတယ်''ဟု ၎င်းက ဆွေးနွေးသည်။

ထို့အပြင် အကျဉ်းထောင် ၂၀ နှင့် အကျဉ်းစခန်းပေါင်း ၂၂ ခုကို သွားရောက်ကြည့်ရှုစစ်ဆေးသည့်အခါ အကျဉ်းသူ၊ အကျဉ်းသား ၁၆၀၀ ကျော်က ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို တင်ပြခဲ့သည်ဟု ကော်မရှင်အစီရင်ခံစာတွင်ဖော်ပြထားသော်လည်း ၎င်းတို့အတွက် မည်ကဲ့သို့ကုစားပေးနိုင်ခဲ့ကြောင်းကို ဖော်ပြထားခြင်းမတွေ့ရကြောင်း ဦးနေကျော်က ဆိုသည်။

ကော်မရှင်အနေဖြင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်း၊ ရဲစခန်းများကိုသာ အကြိမ်များစွာသွားခဲ့ပြီး ကျန်ရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပွားနေသော နေရာများ၊ သဘာဝဘေးကြောင့်ဖြစ်စေ၊ စစ်ဘေးကြောင့်ဖြစ်စေ၊ နေရပ်ဒေသရွှေ့ပြောင်းခိုလှုံနေရသူများစခန်းများသို့ တကြိမ်တခါမှ သွားရောက်ခဲ့ခြင်းမျိုးမတွေ့ရကြောင်းလည်း ၎င်းက ဝေဖန်ထောက်ပြသည်။

အလုပ်အကိုင်အခွင့်အလမ်းများကြောင့်ဖြစ်စေ၊ ရပိုင်ခွင့်များကြောင့်ဖြစ်စေ ဖြစ်ပေါ်နေသည့်အငြင်းပွားမှုများအပေါ် မတရားသဖြင့် ခံနေရသူများအတွက် ကော်မရှင်အနေဖြင့် တရားရေးပိုင်းကို ဝင်ရောက်စွက်ဖက်ခြင်းမဟုတ်ဘဲ ဥပဒေကြောင်းအရ လုပ်သင့်လုပ်ထိုက်သည်များ လုပ်နိုင်သည်များ ရှိနေပါလျက် မလုပ်ဆောင်နိုင်ခဲ့သည်များအပေါ် များစွာစိတ်မကောင်းဖြစ်မိကြောင်း ၎င်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်းက ''ကျွန်တော်တို့နိုင်ငံက ပြည်သူအများစုဟာ လူ့အခွင့်အရေး အခြေခံသဘောတရားများကိုလည်းကောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါအချက်အလက်များကိုလည်းကောင်း သိရှိမှု အလွန်နည်းပါးပါတယ်''ဟု ဆိုသည်။

ထို့ကြောင့် မြို့နယ်အသီးသီးရှိ ပြည်သူများအတွင်း အသိပညာပေးဟောပြောပွဲများဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် ဖြစ်နိုင်လျှင် ကျေးရွာများရှိလူထုများအထိ ပညာပေးဟောပြောပေးမည်ဆိုပါက ပိုမိုကောင်းမွန်ကြောင်း ၎င်းက ကော်မရှင်ကို အကြံပြုခဲ့သည်။

**ဖူးအောင်**

# မန္တလေးစည်ပင်၏ မြေကွက်တန်ဖိုးသတ်မှတ်မှု အချို့နေရာများတွင် ပေါက်ဈေးထက် မြင့်နေ၍ ပြန်ညှိပေးရန် တိုင်းအစိုးရထံစာတင်ထား



မန္တလေးစည်ပင်သာယာနယ်နိမိတ် ၆ မြို့နယ်အတွင်းရှိ မြေကွက်များကို အိမ်ခြံမြေ ရာဖြတ်တန်ဖိုးများသတ်မှတ်ခဲ့ရာတွင် အချို့နေရာများ၌ လက်ရှိ ပြင်ပပေါက်ဈေးများထက်ပင်မြင့်မားနေ၍ ပြန်လည်ညှိနှိုင်းပေးရန် တိုင်းအစိုးရထံတင်ပြထားကြောင်း မန္တလေးတိုင်းဒေသကြီး အိမ်၊ ခြံ၊ မြေကိုယ်စားလှယ်များဖွံ့ဖြိုးတိုးတက်ရေးအသင်းဝင် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်များထံမှ သိရသည်။

အဆိုပါ ၆ မြို့နယ်အတွင်းရှိ မြေကွက်များကို ရာဖြတ်တန်ဖိုးသတ်မှတ်ရာတွင် ချမ်းအေးသာစံမြို့နယ်ရှိ မြေကွက်များမှာ တန်ဖိုးအမြင့်ဆုံးဈေးဖြစ်ပေါ်လျက်ရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး)မှ နောက်ဆုံးထုတ်ပြန်ခဲ့သော စာရင်းများအရသိရသည်။

လက်ရှိဘဏ္ဍာနှစ်အတွက် မန္တလေးမြို့ပေါ် ၆ မြို့နယ်ရှိ အိမ်ခြံမြေရာဖြတ်တန်ဖိုးသတ်မှတ်နှုန်းထားများမှာ အောင်မြေသာစံမြို့နယ်တွင် လမ်း ၈၀၊ ၂၂ လမ်းနှင့် ၂၆ လမ်းကြားမြေကွက်များမှာ ၁ ပေကျပ်သန်း ၁၂၂၀၀ ကျော်မှ ၁၂၉၀၀ ကျော်အထိလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်တွင် ၂၆ လမ်းနှင့် ၃၅ လမ်းကြား၊ လမ်း ၈၀ မှ ၈၄ လမ်းကြား မြေကွက်များမှာ ၁ ပေလျှင် ကျပ်သန်း ၁၈၂၀၀ ကျော်မှ ကျပ်သန်း ၁၈၇၀၀ ကျော်နှင့် ၇၈ လမ်း၊ ၂၆ လမ်းနှင့် ၃၅ လမ်းကြား ၁ ပေလျှင် ကျပ်သန်း ၁၇၂၀၀ ကျော်အထိလည်းကောင်း၊ မဟာအောင်မြေမြို့နယ်တွင် လမ်း ၈၀၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြား မြေကွက်များမှာ ၁ ပေလျှင် ကျပ်သန်း ၁၂၉၀၀ ကျော်မှ ကျပ်သန်း ၁၄၄၀၀ နှင့် ၃၅ လမ်း၊ ၇၆ လမ်းနှင့် ၇၈ လမ်းကြားတွင် ၁ ပေကျပ်သန်း ၁၂၂၀၀ ကျော်မှ ကျပ်သန်း ၁၃၇၀၀ ကျော်အထိလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ သိပ္ပံလမ်းပေါ်တွင် ၁ ပေလျှင် ကျပ်သန်း ၁၄၁၀၀ ကျော်မှ ကျပ်သန်း ၁၄၈၀၀ ကျော်အထိလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးလမ်းမပေါ်ရှိ မြေကွက်များမှာ ၁ ပေလျှင် ကျပ်သန်း ၇၂၀၀ မှ ကျပ်သန်း ၈၆၀၀ ကျော်အထိလည်းကောင်း၊ အမရပူရမြို့နယ်တွင် မှန်တန်းရပ်၊ စစ်ကိုင်း-မန္တလေးလမ်းမပေါ်ရှိ မြေကွက်များမှာ ၁ ပေလျှင် ကျပ်သန်း ၁၁၀၀ မှ ကျပ်သန်း ၁၃၀၀ ဝန်းကျင်အထိလည်းကောင်း သတ်မှတ်ထားသည်။

''အခွန်ဥပဒေအရ လက်ရှိဘဏ္ဍာနှစ်မှာ အိမ်ခြံမြေရောင်းဝယ်ခြင်း၊ အမည်ပြောင်းခြင်းနှင့်ပတ်သက်ပြီးတော့ ပေးဆောင်ရမယ့် အခွန်နှုန်းတွေကို ယခင်နှစ်ထက် သိသိသာသာ လျှော့ချခဲ့တာကြောင့် ရာဖြတ်တန်ဖိုးတွေကို ပြန်လည်တိုးမြှင့်သတ်မှတ်ခြင်းဖြစ်ပါတယ်။ ယခင်နှစ်က အခွန်နှုန်းမြင့်ပြီး ရာဖြတ်တန်ဖိုးလျှော့ချသတ်မှတ်ပေးခဲ့ပြီးတော့ ယခုနှစ်မှာ အခွန်နှုန်းထားတွေ လျှော့ချခဲ့တာကြောင့် နိုင်ငံတော်အတွက် အခွန်ရရှိမှုလျော့နည်းသွားမှာဖြစ်တဲ့အတွက် ရာဖြတ်တန်ဖိုးတွေကို ပြန်လည်မြှင့်တင်သတ်မှတ်ပေးဖို့ အောက်တိုဘာလမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခဲ့တယ်။ အဲဒီလမှာပဲ ပြန်ကျခဲ့တယ်။ ဒီနိုဝင်ဘာလမှာ အတည်ဖြစ်ပါတယ်။ အခုဟာက ၂၀၁၇-၁၈ ခုနှစ်က စံနှုန်းကို ပြန်အတည်ပြုလိုက်တာပါ။ အလျှော့အတင်း မလုပ်ဘူး။ ၂၀၁၈-၁၉ ခုနှစ် ရာဖြတ်နှုန်းက အများကြီးလျှော့နေတယ်။ အိမ်၊ ခြံ၊ မြေစံနှုန်းက နဂိုပုံစံအတိုင်း ပြန်ဖြစ်သွားတာပါ။ ဒီနှစ် အိမ်၊ ခြံ၊ မြေ အခွန်ရငွေတော့ လျော့သွားမယ်။ ဆောင်တဲ့သူလည်း အခွန်ငွေလျော့မှာပါပဲ။ အခွန်ထမ်းသူတော့ အရင်ကထက်များလာပါတယ်''ဟု ပြည်တွင်းအခွန်များဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး) ညွှန်ကြားရေးမှူးဦးထွန်းထွန်းအောင်က ပြောကြားခဲ့သည်။

အိမ်၊ ခြံ၊ မြေ ရာဖြတ်တန်ဖိုး သတ်မှတ်ရာတွင် ပြီးခဲ့သည့်နှစ်နှုန်းထားများကို အခြေခံကာ သက်ဆိုင်ရာမြို့နယ်အလိုက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အိမ်ခြံမြေအကျိုးဆောင်များထံမှ သတင်းစုံစမ်း၍ ဖြစ်နိုင်ခြေရှိသော နှုန်းထားများကို သတ်မှတ်ခြင်းဖြစ်ပြီး ယင်းသို့သတ်မှတ်ရာတွင် ၁ ပေကွက်များဖြစ်သည့်အတွက် အိမ်၊ ခြံ၊ မြေ ဝယ်ယူသူများအနေဖြင့် ရာဖြတ်နှုန်းထားအပေါ်အခြေခံကာ အခွန်ပေးဆောင်ရမည်ဖြစ်သည်။

မန္တလေးမြို့ပေါ်ရှိ မြေနေရာများသည် အခွန်ဌာန၏ ရာဖြတ်တန်ဖိုးသတ်မှတ်ချက်မှာ ယခင်နှစ်ထက် သိသိသာသာ မြင့်တက်ခဲ့ပြီး အချို့နေရာများတွင် လက်ရှိပေါက်ဈေးထက်ပင် မြင့်တက်နေသည့်အတွက် အရောင်းအဝယ် အနည်းငယ်တန့်သွားနိုင်ကြောင်း၊ မန္တလေး အိမ်၊ ခြံ၊ မြေ ရာဖြတ်နှုန်းထားများ တိုးမြှင့်သတ်မှတ်ထားသည့်အပေါ် ပြန်လည်ညှိနှိုင်းပြင်ဆင်ပေးရန် တိုင်းအစိုးရထံ တင်ပြထားကြောင်း မန္တလေးတိုင်းဒေသကြီး အိမ်၊ ခြံ၊ မြေကိုယ်စားလှယ်များဖွံ့ဖြိုးတိုးတက်ရေးအသင်းဝင် အိမ်၊ ခြံ၊မြေအကျိုးဆောင်များထံမှ သိရသည်။

၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ဝင်ငွေရလမ်း ဖော်ပြနိုင်ခြင်းမရှိသော ငွေကြေးဖြင့် အိမ်၊ ခြံ၊ မြေကဲ့သို့ အခြေခံပစ္စည်းများ ဝယ်ယူလျှင်ပေးဆောင်ရမည့် အခွန်နှုန်းထားများမှာ တကျပ်မှ ကျပ်သိန်း ၁၀၀၀ အထိ ၃ ရာခိုင်နှုန်း၊ ကျပ်သိန်း ၁၀၀၀ ကျော်မှ ကျပ်သိန်း ၃၀၀၀ အထိ ၅ ရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀၀ ကျော်မှ ကျပ်သိန်း ၁၀၀၀၀ အထိ ၁၀ ရာခိုင်နှုန်း၊ ကျပ်သိန်း ၁၀၀၀၀ ကျော်မှ ကျပ်သိန်း ၃၀၀၀၀ အထိ ၁၅ ရာခိုင်နှုန်းနှင့် ကျပ်သိန်း ၃၀၀၀၀ ကျော်လျှင် အခွန် ၃၀ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်သည်။

**ဦးရာဇ**

## စာ-၇ (ရေစိမ်မခံသောဇာတ်ညွှန်းများနှင့် ပုံသကူအပစ်ခံရသော တိုင်းပြည်) မှအဆက်

တိုင်းပြည်ကို အလကားမတ်တင်း ပေါပေါပဲပဲ 'ပုံသကူ'ပစ်ချင်ကြသူတွေနှင့် များပြားလှသည်က ရင်နာစရာကောင်းလှသည်။ စည်းနှင့်ကမ်းနှင့် ဥပဒေနှင့်ညီညွတ်သော နိုင်ငံတကာနှင့်ပူးပေါင်းမှုများဆိုလျှင်ဖြင့် မနှစ်သက်မလိုလားကြ။ တိုင်းပြည်တိုးတက်ဖို့၊ ပညာရေးကိုအဆင့်မြှင့်တင်ဖို့၊ ချေးငွေရယူဖို့၊ သမ္မတကိုယ်တိုင် တင်သွင်းလာသောစီမံကိန်းကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကကန့်ကွက်ဖို့ အကြောင်းပြလာသည်မှာလည်း ပူပူနွေးနွေးကိစ္စဖြစ်သည်။

''ကြွေးတင်ရင် ရှင်ဘုရင်ဆပ်မဟုတ်ဘဲ ရှင်ဘုရင်ယူထားသောအကြွေးကို ပြည်သူတွေကဆပ်ရတာမျိုး မဖြစ်သင့်ဘူး''ဆိုသောစကားလုံးများ၏ နောက်ကွယ်က ယူဆချက်တွေကိုကြားရသူအပေါင်းက ရင်ထုမနာဖြစ်ကြရသည်ကို တွေ့ရသည်။

သြော်... အမေရိကန်စာရေးဆရာ မတို့မထိရဲလေသည့် ပုံသကူအပစ်ခံရသော တိုင်းပြည်အရေး၊ ကိုယ့်တိုင်းပြည်ကို ကျိုးထိုးထိုး၊ လဒဆွဲဆွဲဆိုသည့် စိတ်ထားတွေပွားများနေလေသည့် မြန်မာတွေ။

(၃)

ကမ္ဘာမှာ ပညာရေး (4.0) အဆင့်တက်နေကြပြီ။ မြန်မာမှာ ဆွဲတင်မည့်သူနည်းနည်းကြားမှာ ဆွဲချသူအများအပြားနှင့် 'တတိယကမ္ဘာ'ဘဝက မတက်နိုင်အောင်ဖြစ်နေရတုန်းပင်ဖြစ်သည်။

တကယ်လိုအပ်နေသည်က ညီညွတ်မှု။ ကြောက်ရွံ့ခြင်းမှကင်းဝေးရေး။ တိုင်းပြည်ကို ပုံသကူ အပစ်မခံရရေး။ သိနေသော 'ဇာတ်ကျောရိုး'ကို မပြောဘဲ နေနေရမည့် အောင့်သက်သက်ခံစားမှု။

**မျိုးသည်မင်း**

ဆရာမ ဒေါ်နွယ်နွယ်ခင်၊ ဦးစီးသင်ကြားသည့်
**အောင်ဗိုမာန်**
ဆေးဝါး၊ကျွမ်းကျင် နှင့် အကူသူနာပြုသင်တန်းကျောင်း
အမှတ်(၂၈၁/၂၈၅)၊ပထမထပ်၊အနော်ရထာလမ်း၊ကုန်ဈေးတန်းမှတ်တိုင်ရှေ့၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉၄၂၁၁၁၉၇၀၀၊ ၀၉၇၉၁၁၁၉၇၀၀၊ ၀၉၄၄၃၀၄၁၂၉၆၊ ၀၉၇၃၀၄၁၂၉၆
ကိုယ်ပိုင်ဆေးဆိုင်ဖွင့်လိုသူများ၊ အကူသူနာပြုလုပ်ကိုင်လိုသူများတက်ရောက်နိုင်ပါသည်။
သင်တန်းဆင်းလက်မှတ်ပေးသည်။ ဘော်ဒါဆောင်စီစဉ်ပေးသည်။ အလုပ်အကိုင်ရရှိရန် ကူညီဆောင်ရွက်ပေးသည်။ တစ်လပြတ်သင်တန်း -၂-၁၂-၂၀၁၉ စမည်။ (တနင်္လာမှသောကြာ)
နှစ်လပြတ်သင်တန်း -၇-၁၇-၂၀၁၉ စမည်။ (စနေနှင့်တနင်္ဂနွေ)
သုံးလပြတ်သင်တန်း -၈-၁၂-၂၀၁၉ စမည်။ (တနင်္ဂနွေတစ်ရက်တည်း)
အကူသူနာပြုလိုအပ်ပါက စုံစမ်းဆက်သွယ်နိုင်ပါသည်။ ပိတ်ရက်မရှိပါ။

www.free4readers.com

# လသာမြို့နယ်တွင် လမ်းဘေးပလက်ဖောင်းကို သန်း ၈၀ ကျော် အကုန်အကျခံ၍ ပြည်သူများ အပန်းဖြေနိုင်ရန် အကြီးစားပြုပြင်ဆောင်ရွက်နေ

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်တွင် အများပြည်သူအပန်းဖြေနေရာ ဖြစ်ပေါ်လာစေရေးအတွက် လူသွားစင်္ကြံ (ပလက်ဖောင်း)အား တိုးချဲ့ပြင်ဆင်ဆောင်ရွက်နေကြောင်း လသာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်က News Watch သို့ ပြောသည်။

အများပြည်သူအပန်းဖြေနေရာဖြစ်ပေါ်လာစေရေးအတွက် လသာမြို့နယ် အနော်ရထာလမ်း ရွှေတိဂုံဘုရားလမ်းနှင့် လမ်းမတော်လမ်းကြားအထိ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလမ်းဖြစ်မြောက်ရေးအတွက် ပလက်ဖောင်းအား အနည်းငယ်တိုးချဲ့ခဲ့ပြီး အားကစားလုပ်နိုင်သည့်နေရာများအပြင် ထိုင်ခုံများ မီးအလှဆင်မှုများပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကုန်ကျစရိတ် ကျပ်သန်း ၈၀ ကျော်ကုန်ကျနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

''အစကတော့ ရေမြောင်းဖုံးလုပ်ဖို့ပဲ စီစဉ်ထားတာနောက်တော့ ရန်ကုန်မြို့တွင်း မြို့နယ်မှာ အများပြည်သူလမ်းလျှောက်ဖို့ အပန်းဖြေဖို့ နေရာကရှားတော့ ဒီပလက်ဖောင်းကို အများပြည်သူတွေ အပန်းဖြေနေရာ အားကစားလုပ်ဖို့အတွက် အကြံရပြီးတော့ စည်ပင်သာယာဌာနရယ်၊ အုပ်ချုပ်ရေးမှူး EPC နဲ့ ကျွန်တော်တို့ဌာနတွေ ပူးပေါင်းပြီးတော့ဆောင်ရွက်တာ။ ဒီလမ်းကို လုပ်ဆောင်ဖို့အတွက်က ဘတ်ဂျက် ၅၁ သန်း ချပေးထားတယ်။ ကျန်တဲ့လိုအပ်ချက်ကိုတော့ တာဝန်ရှိသူတွေ ဌာနတွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားမယ်။ လက်ရှိကတော့ နမူနာအနေနဲ့ပဲ လုပ်ထားတာ။ အသေးစိတ်ဒီဇိုင်းကိုရေးဆွဲပြီး စည်ပင်ကိုတင်ပြီးတော့ ဆက်လက်ဆောင်ရွက်မှာ။ ၃ လကျော်အတွင်း အပြီးဆောင်ရွက်မယ်''ဟု ဦးဇော်ဝင်းနိုင်က ပြောသည်။

အဆိုပါ ပလက်ဖောင်းအောက်ရှိ ရေမြောင်းသည် ၅ ပေအနက်ရှိကာ နှစ်စဉ်နှစ်တိုင်းရေမြောင်းပိတ်ခြင်းကြောင့် ဆယ်ယူခြင်းများ မကြာခဏ ပြုလုပ်နေခဲ့ရပြီး အမှိုက်များ ပိတ်ဆို့မှုမရှိစေရေးအတွက် အမှိုက်စစ်၊ သဲစစ်စနစ်များ ထည့်သွင်းဆောင်ရွက်ခြင်းအပြင် အကောင်းဆုံးလမ်းဖြစ်စေရေးနှင့် မသန်စွမ်းများ အသုံးပြုနိုင်ရေးအတွက်ပါ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

''ကျွန်တော်တို့မြို့နယ်မှာက အပန်းဖြေဖို့ လမ်းလျှောက်ဖို့ အားကစားလုပ်ဖို့ နေရာက ရှားတယ်၊ အဲဒီအတွက် ဌာနဆိုင်ရာတွေ ရပ်မိရပ်ဖတွေနဲ့ ညှိနှိုင်းတော့ အများပြည်သူတွေ ရန်ကုန်ဆေးရုံကြီးက ပြည်သူတွေ စိတ်အပန်းဖြေလမ်းလျှောက် အားကစားပြုလုပ်နိုင်ဖို့ ဒီနေရာလေးကို ရွေးလိုက်တာ။ အဆင့်မြှင့်ခြင်းလုပ်ငန်းတွေ ပြုလုပ်ပြီးသွားရင် ရပ်မိရပ်ဖတွေနဲ့ ညှိနှိုင်းပြီးတော့ တခြားလိုအပ်တာလေးတွေ ထပ်ဖြည့်သွားမယ်''ဟု လသာမြို့နယ် အုပ်ချုပ်ရေးမှူးဦးမြင့်ထွန်းက ပြောသည်။

ဌာနဆိုင်ရာများပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး လျှပ်စစ်ဌာနမှ မြေအောက်ကြိုးအတွက်ပါ ပါဝင်ဆောင်ရွက်နိုင်ခြင်းကြောင့် ယခင်ကဲ့သို့ မြေအောက်ကြိုးများပြင်ဆင်ရာတွင် လမ်းဖျက်ရခြင်းများရှိမည်မဟုတ်ကြောင်းနှင့် မြောင်းအတွင် အမှိုက်ဆယ်ယူရေးလုပ်ငန်း သက်သာခြင်းအပြင် မိုးတွင်းရေကြီးရေလျှံမှုများကိုပါ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

''ကျွန်တော်တို့မြို့နယ်မှာ ဒီလိုနေရာလေး ပေါ်ပေါက်အောင်ဆောင်ရွက်ပေးတဲ့ အတွက် အရမ်းကို ကျေးဇူးတင်တယ်။ ဒီလိုလုပ်ပြီးသွားရင် ကလေးနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဘေးကင်းဖို့ ဘေးက အကာလေးပြုလုပ်ပေးစေချင်တယ်။ အကာ မပါဘူးဆိုရင် ကလေးငယ်တွေနဲ့ အမြင်ဝါးတဲ့ သက်ကြီးရွယ်အိုတွေအတွက် ကားလမ်းမက အန္တရာယ်တခုလို ဖြစ်နေတယ်''ဟု လသာမြို့နယ်မှ မြို့မိမြို့ဖတဦးဖြစ်သော ဦးနိုင်ကိုကိုက ပြောသည်။

ကျော်ကျော်

# AA အဖွဲ့မှ ဖမ်းဆီးထားသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဝှေ့တင်းကို အမြန်ဆုံးပြန်လွှတ်ပေးရေး လွှတ်တော်တွင် ဆွေးနွေးမည်



AA အဖွဲ့မှ ဖမ်းဆီးထားသော ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝှေ့တင်း အပါအဝင် ဖမ်းဆီးခံရသူများကို အမြန်ဆုံးပြန်လွှတ်ပေးရေး တင်သွင်းသည့် အရေးကြီးအဆိုကို ပြည်ထောင်စုလွှတ်တော်တွင် လက်ခံဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုမှာ ''နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာတွင် အဓိကကျသည့် ဥပဒေပြုအာဏာတည်ရှိရာဖြစ်သော ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ်အဖြစ် ပြည်သူကရွေးချယ်တင်မြောက်ထားသည့် ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၁) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝှေ့တင်းအား ၃-၁၁-၂၀၁၉ ရက်နေ့တွင် ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ၁၄ ကြိမ်မြောက်ပုံမှန်အစည်းအဝေး တက်ရောက်ရန်လာရောက်ခဲ့သည့်ခရီးစဉ်အတွင်း ရခိုင်လက်နက်ကိုင်အဖွဲ့ AA က အကြမ်းဖက် ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် နိုင်ငံတော်က ဆောင်ရွက်နေသည့် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့အပြင် ပြည်သူလူထုဆန္ဒနှင့် ကိုယ်စားပြုမှုအပေါ် တိုက်ရိုက်ဆန့်ကျင်အကြမ်းဖက်ခြင်းဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းနှင့် ယခုကဲ့သို့ ဦးဝှေ့တင်း၊ ဝန်ထမ်းများ၊ အရပ်သားများကို ဖမ်းဆီးထားခြင်းမှ လုံခြုံစိတ်ချအန္တရာယ်ကင်းရှင်းစွာ ခွင့်ချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးပါရန် တောင်းဆိုကြောင်း ''အရေးကြီးအဆိုဖြစ်ပြီး အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော်၌ တင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုရှင် ဒေါက်တာလှမိုးက ''အဓိကက ဘာကြောင့်အဆိုတင်လဲဆိုတော့ ဒီလိုဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရှုတ်ချချင်လို့ပါ''ဟု လွှတ်တော်အစည်းအဝေး အပြီးတွင် သတင်းထောက်များကို ပြောသည်။

အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်က ထောက်ခံဆွေးနွေးခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝှေ့တင်းအား AA အဖွဲ့မှ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းထားခြင်းမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆိုးရွားစွာထိခိုက်စေကြောင်း ဦးမောင်မောင်လတ်က ပြောသည်။

ထို့အပြင် လက်နက်မဲ့ ပြည်သူ့ကိုယ်စားလှယ်တဦးကို လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ပတ်သက်သည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းစစ်ဆေးနေသည်မှာ လွှတ်တော်ကိုယ်စားလှယ်တဦး၏အခွင့်အရေးကို ချိုးဖောက်ရာရောက်ပြီး ပြည်ထောင်စုလွှတ်တော်တရပ်လုံးအပေါ် ဥပဒေမဲ့လုပ်ရပ်ကျူးလွန်ခဲ့ခြင်းသာဖြစ်ကြောင်းနှင့် လူပုဂ္ဂိုလ်တဦးတယောက်အပေါ် ကျူးလွန်သည့်သဘောမဟုတ်ဘဲ နိုင်ငံတော်အပေါ် အနိုင်အထက်ပြု ဖောက်ဖျက်ကျူးလွန်ခြင်းသာဖြစ်ကြောင်း ၎င်းကဆိုသည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က ''အခုအမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝှေ့တင်း အဖမ်းခံရတာက ၃ ရက်နေ့ကတည်းကဆိုရင် ၂ ပတ်နီးပါးလောက်တောင်ကြာပြီ။ တကယ်လို့သာ အသက်အန္တရာယ်နဲ့ စိုးရိမ်ရမယ့်အခြေအနေမျိုးဆိုရင် တော်တော်လေးစိုးရိမ်ရတဲ့ အခြေအနေ ဖြစ်နေပါပြီ'' ဟု ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ၊ ဝန်ထမ်းများ ဖမ်းဆီးခံရသည့်ကိစ္စမျိုးတွင် အရေးတယူဆောင်ရွက်ပေးရန်လိုကြောင်း၊ နည်းလမ်းတခုခုရှာကြံ၍ ညှိနှိုင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အချိန်ဆွဲထားမည်ဆိုပါက နိုင်ငံသားတယောက်၏ အသက်အန္တရာယ်ကို တန်ဖိုးမထားရာရောက်သည်ဟု ခံစားမိကြောင်း ၎င်းကပြောသည်။

ထို့ကြောင့် ယခုကဲ့သို့ အရေးကြီးအဆို တင်သွင်းခြင်းကို ထောက်ခံသော်လည်း အဆိုတင်သွင်းခြင်းမှာ နောက်ကျနေကြောင်း ၎င်းကထောက်ပြသည်။

အဆိုပါ အရေးကြီးအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို နိုဝင်ဘာလ ၁၈ ရက်တွင် ဆောင်ရွက်ရန်လျာထားသည်။

ဖူးအောင်

# YBS ငွေချေကတ် ၃၅၀၀၀ ကို စာသင်ကျောင်းနှင့် ဆေးရုံများတွင် အခမဲ့ဖြန့်ဝေပေးသွားမည်

YBS ယာဉ်လိုင်းများတွင် အသုံးပြုမည့်ငွေပေးချေကတ် ၃၅၀၀၀ ကို ဒီဇင်ဘာလဆန်းမှစတင်၍ အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ကတ်စနစ်အသုံးပြုရေး တင်ဒါအောင်ထားသော အေးရှားစတားမား ကုမ္ပဏီမှ သိရသည်။

ယခုလကုန်ပိုင်းမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လမ်းညွှန်သည့် ဆေးရုံ၊ ကျောင်း အစရှိသောနေရာများမှ အစိုးရဝန်ထမ်းများနှင့် ပြည်သူများကို YBS ငွေပေးချေကတ် ၃၅၀၀၀ စတင်ဖြန့်ဝေသွားမည်ဖြစ်ပြီး ဆက်လက်၍ အဆိုပါကတ်များကို ဆူးလေ၊ သမိုင်းနှင့် တာမွေတို့တွင် ဆားပစ်စင်တာကြီးများဖွင့်လှစ်ကာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း အေးရှားစတားမားကုမ္ပဏီမှ CMO အရာရှိ ဒေါ်ရီရီခင်က ပြောသည်။

''ကနဦးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်ချက်နဲ့ YBS ငွေပေးချေကတ် သုံးသောင်းခွဲကိုအခမဲ့ဖြန့်ဝေပေးသွားမှာပါ။ တဆက်တည်းမှာပဲ ကတ်တွေကို G&G ဆိုင်တွေမှာပဲဝယ်လို့ရဦးမယ်ပေါ့။ ဒီငွေပေးချေတဲ့ကတ်တွေကို G&G ဆိုင်တွေမှာ အရင်ဦးဆုံးရောင်းချရခြင်းကလည်း ဒီဆိုင်တွေက ဘတ်(စ်)ကားမှတ်တိုင်တွေနဲ့ အနီးဆုံးမှာရှိတတ်တာကြောင့်ဖြစ်ပါတယ်''ဟု ၎င်းကပြောသည်။

YBS ငွေပေးချေကတ်တကတ်လျှင် ငွေကျပ် ၂၀၀၀ ကျသင့်မည်ဖြစ်ပြီး အနည်းဆုံးကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ငွေဖြည့်နိုင်ကြောင်း သိရသည်။

YBS ယာဉ်အစီးရေ ၁၅၀၀ ပေါ်တွင် ငွေပေးချေစက်များတပ်ဆင်နေပြီဖြစ်ပြီး ထိုစက်များသို့ ယာဉ်စီးခပေးချေသည့်စနစ်ထည့်သွင်းနိုင်ရန် ဘတ်(စ်)ကားကုမ္ပဏီများ၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)တို့နှင့် ပူးပေါင်း၍ YBS စီးနင်းသည့်မှတ်တိုင်အကွာအဝေးအလိုက်ကောက်ခံမည့်ယာဉ်စီးခနှုန်းထားများကို ဆက်လက်ဆွေးနွေးနေကြောင်း အေးရှားစတားမားကုမ္ပဏီမှ သိရသည်။

သွားရောက်မည့်ခရီးအကွာအဝေးအပေါ်မူတည်ကာ ယာဉ်စီးခကျသင့်စေမည့်နည်းလမ်းအသုံးပြုရန် ရည်ရွယ်ထားပြီး ယာဉ်စီးခပေးချေခြင်းကို YBS (Yangon Payment System) ကတ်ဖြင့်စတင်မည်ဖြစ်သော်လည်း ၂ နှစ်အတွင်း မာစတာကတ်၊ ဗီဇာကတ်များဖြင့်လည်း စီးနင်းအသုံးပြုနိုင်ရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း အောက်တိုဘာလ ၂၇ ရက်ကပြုလုပ်သည့် မြို့ပတ်ယာဉ်လိုင်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

YUPT ကုမ္ပဏီယာဉ်လိုင်းမှ ယာဉ်စီးရေ ၅၀၀၊ YBPC ကုမ္ပဏီယာဉ်လိုင်းမှ ယာဉ်စီးရေ ၅၀၀၊ ဗန္ဓုလကုမ္ပဏီယာဉ်လိုင်းမှ ယာဉ်စီးရေ ၃၀၀ နှင့် ရွှေတောင်ပိုင်းကုမ္ပဏီမှ ယာဉ်စီးရေ ၈၀ ကျော်တို့တွင် စက်များတပ်ဆင်ကာ စမ်းသပ်အသုံးပြုမည်ဖြစ်ကြောင်း၊ အဆိုပါစက်များ ထည့်သွင်းပြီးပါက ကတ်ဖြင့်ငွေပေးချေသည့်စနစ်ကို ပြည်သူများစတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ YBS ဘတ်စကားစနစ်တွင် ယာဉ်အစီးရေလေးထောင်ကျော်ဖြင့် ခရီးသည် ၂ ဒသမ ၅ သန်းကို နေ့စဉ်သယ်ယူပို့ဆောင်လျက်ရှိကြောင်း YRTA မှ သိရသည်။

ကျော်သူ

# စာ-၃ (ငလျင်ကြောင့် မြေခခဲ့သည့် ရွှေတိဂုံစေတီတော်၏ အရန်စေတီတော် စိန်ဖူးတော်ကို နေ့ချင်းပြီး ပြန်တင်လှူဒါန်း) မှအဆက်

''ဒီနေ့ပဲ (နိုဝင်ဘာ ၁၃) နေ့ချင်းပြီး ငြမ်းဆင်တယ်။ ညနေ ၆-နာရီဝန်းကျင်လောက်မှာ ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ စိန်ဖူးတော်ကတော့ စိန်အစစ်တော့ မဟုတ်ပါဘူး။ သလင်းကျောက်ပါ။ လူမှုကွန်ရက်မှာ ရေးနေသလို စိန်တွေပြုတ်ကျတယ်ဆိုတာ မဟုတ်ပါဘူး''ဟု ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးအေးထွန်းက ပြောသည်။

ရွှေတိဂုံစေတီတော်၏ အရန်စေတီတော်များဖြစ်သည့် မြေစိုက်စေတီ ၄၉ ဆူ၊ အထက်ပစ္စယံတွင် အရန်စေတီ ၆၈ ဆူရှိကာ စိန်ဖူးတော်မြေခခဲ့ရသည့် မြေစိုက်စေတီ အမှတ်(၂၆)မှာ ဉာဏ်တော် ပေ ၅၀ နှင့် ထီးတော်စောင်းသွားသည့် အရန်စေတီတော် ၂ ဆူမှာ ဉာဏ်တော် ပေ ၂၀ ရှိကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

''မြေစိုက်စေတီ(၂၆)က စိန်ဖူးတော် မြေခတာပါ။ အရန်စေတီ ၂ ဆူက လူတွေပြောနေကြသလို ထီးတော်ပြုတ်ကျတာ မဟုတ်ပါဘူး။ နည်းနည်းစောင်းသွားတာပါ''ဟု မြေစိုက်စေတီ အမှတ်(၂၆)တွင် ငြမ်းဆင်နေသူတဦးက ပြောသည်။

နိုဝင်ဘာ ၁၂ ရက် ည ၉ နာရီ ၅၀ မိနစ်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မိုင် ၃၀ ခန့်အကွာ မြန်မာနိုင်ငံပြည်တွင်း တိုက်ကြီးမြို့၏ အနောက်တောင်ဘက် ၁၃ မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၁၇ ဒသမ ၁၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တခု လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားပြီး အမေရိကန်နိုင်ငံ ဘူမိတိုင်းထွာရေးဌာနက အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၄ နှင့် ထိုင်းနိုင်ငံ ငလျင်စောင့်ကြည့်ရေးဌာနက အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ ငလျင်တခုလှုပ်ခတ်သွားကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

TCM

www.free4readers.com



# ဆရာဝန်တယောက်ရဲ့ အမှားသေးသေးလေးက လူနာတယောက်ရဲ့ အသက်တချောင်းကို နုတ်ယူသွားတယ်

# Ankur Arora Murder Case

နေသစ်နီ









ကျွန်တော်တို့ဆရာဝန်မဖြစ်ခင်က ကတိသစ္စာဆိုရတာရှိပါတယ်။ ဟစ်ပိုကရေးတစ်ကတိသစ္စာ (Hippocratic Oath) လို့ ခေါ်ပါတယ်။ အမှန်တရားကိုလိုက်နာပါမယ် ကျမ်းကျိန်သလိုပေါ့။ ကျွန်တော်တို့လည်း လူ့အသက်တိုင်းကို တန်ဖိုးထားပါတယ်။ ကိုယ့်ကိုယ်ထက်ပိုပြီးလူနာကို တန်ဖိုးထားပါမယ်လို့ ကတိသစ္စာပြုရတာပါ။ ကတိသစ္စာပြုတာက လွယ်လွယ်လေးပေမဲ့ ကတိတည်ဖို့ကတော့ ခက်တယ်။ အဲဒီလမ်းဆုံမှာပဲ ဒီဇာတ်လမ်းကစခဲ့တာပေါ့။

ဒါက Ankur Arora Murder Case ဆိုတဲ့ အိန္ဒိယရုပ်ရှင်ကားလေးရဲ့ စဖွင့်တဲ့အခန်းပါ။ ဒီကားက ဆေးဘက်ဆိုင်ရာ ဆရာဝန်တွေရဲ့ပေါ့ဆမှုကြောင့် သေဆုံးသွားခဲ့တဲ့ ကလေးတယောက်ရဲ့တကယ့်အဖြစ်မှန်ကိုအခြေခံပြီး ရိုက်ထားတဲ့ကားပေါ့။ ပြီးတော့လည်း ဒီရုပ်ရှင်က ဒီအဖြစ်အပျက်တွေဖြစ်ခဲ့ပြီး တနှစ်နီးပါးအကြာမှ တကယ်ဖြစ်ပျက်ခဲ့ပုံနဲ့အနီးစပ်ဆုံးဖြစ်အောင် သုတေသနပြုပြီး ရိုက်ကူးထားတဲ့ကားဖြစ်တယ်လို့ ဆိုပါတယ်။ ဒီကားကို ဒါရိုက်တာဗိကရန်ဘဟတ်က ဇာတ်ညွှန်းရေးပြီး သူကိုယ်တိုင်ပဲရိုက်ကူးခဲ့တာပါ။ ဒီကားက ၂၀၁၃ ခုနှစ် ဇွန်လ ၁၄ ရက်နေ့ကတည်းက ထွက်ခဲ့တဲ့ကားပါ။

အစိုးရဆေးရုံတွေရော၊ ပုဂ္ဂလိကဆေးရုံတွေမှာပါ လူနာတွေနဲ့ပတ်သက်ပြီး ဂရုမစိုက်မှုတွေ၊ တချို့မသေသင့်ဘဲ သေရတဲ့ကိစ္စတွေ တကယ်ရှိနေချိန်မှာ ဒီကားကိုရိုက်ခဲ့တာဟာ လူတွေအတွက်အကျိုးအမြတ်ရှိခဲ့ပေမဲ့ ငွေကြေးအရတော့ အမြတ်အစွန်းသိပ်ရတဲ့ကားမဟုတ်ပါဘူး။ ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းကုန်ခဲ့ပြီး ပြန်ရငွေက ၁ ဒသမ ၄ သန်းပဲပြန်ရခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ပါရဂူတွေဖြစ်ပြီး ကိုယ့်တာဝန်ကို ပေါ့တီးပေါ့ဆလုပ်နေသူတွေ၊ ဆေးရုံရဲ့အမြတ်အစွန်းကလွဲပြီး လူနာတွေရဲ့ဝေဒနာတွေကို ဂရုမစိုက်ကြတဲ့ ပုဂ္ဂလိကဆေးရုံကြီးတွေ၊ အစိုးရဆေးရုံတွေဖြစ်ပြီး ဖြစ်ချင်သလိုဖြစ် အကျင့်စာရိတ္တပျက်ပြားနေတဲ့ ယဉ်ကျေးမှုကြီးအမြစ်တွယ်နေချိန်မှာ ဒီလိုကားမျိုးတွေကိုရိုက်ပြကြတာတော့ ကျေနပ်ဖို့ကောင်းပါတယ်။

♛ ♛ ♛

ဒီရုပ်ရှင်ကစပြပြချင်းမှာ ရှက်ကာဝက်အထွေထွေရောဂါကုဆေးရုံကြီးမှာ ဆေးရုံဝန်ထမ်းတွေအခန်းသန့်ရှင်းရေးလုပ်နေတာနဲ့ စပြတယ်။ နောက်ခံစကားပြောတာကတော့ ဆရာဝန်တယောက်မဖြစ်ခင် ကတိသစ္စာဆိုရတယ်ဆိုတဲ့ စကားနဲ့စဖွင့်တာပေါ့။ ဒီဆေးရုံမှာ ဒီနယ်ရဲ့နာမည်အကြီးဆုံး အထွေထွေခွဲစိတ်ဆရာဝန်ကြီးဒေါက်တာအက်သနား (မင်းသားကြီး Kay Kay Memom)ရှိပြီး သူ့ရဲ့လက်အောက်မှာ ဟောက်ဆာဂျင်ဆင်းနေတဲ့ ဆရာဝန်ပေါက်စတွေရှိတယ်။ ဒီထဲမှာ ဒေါက်တာရိုးမက်(မင်းသား Arjum Mathur) နဲ့ ဆရာဝန်မလေးဒေါက်တာရီယာသီရိဗာစတဲ့ (မင်းသမီး Vishakha Singh) တို့လည်း ပါတာပေါ့။ သူတို့နှစ်ယောက်ကတော့ ဆရာဝန်ဖြစ်ပြီးတာနဲ့ လက်ထပ်ကြမယ့်ချစ်သူတွေ။ တိုက်ခန်းတခုမှာ အတူနေကြတယ်။ ရီယာ့မိဘတွေက ဩစီမှာ။

အဲဒီနေ့က ဆေးရုံမှာဆရာဝန်တွေပျာယာခတ်နေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနယ်ရဲ့ထိပ်တန်းစီးပွားရေးသမားဖြစ်သူ မစ္စတာလက်စမင်ဂါဂါလ်ကားအက်ဆီးဒင့်ဖြစ်လို့၊ သတင်းထောက်တွေကလည်း ဆေးရုံမှာသတင်းလာယူကြ။ ဂါဂါလ်ရဲ့သား အာမစ်ဂါဂါလ်က ဒေါက်တာအက်သနားကို တအားကပ်နေလို့ အက်သနားက "ကျုပ်မှာ ပြောစရာသုံးခုပဲရှိတယ်။ ပထမမိသားစုဝင်တွေ ကျုပ်နဲ့ ဝေးဝေးနေပေးပါ။ ဒုတိယလူနာအခြေအနေကို ထပ်ခါထပ်ခါ မမေးပါနဲ့၊ စိတ်ရှုပ်လို့ နောက်ဆုံးတချက်က မင်းအဖေကိုကယ်နိုင်တာ ငါပဲရှိတယ်။ ရှင်းပါတယ်နော်။ ဘေးဖယ်"ဆိုပြီး လူနာရဲ့သား အာမစ်ကိုမောင်းထုတ်ပစ်တယ်။ ပြီးတော့ သတင်းသမားတွေကိုလည်း "ဒါ ဆပ်ကပ်ရုံ မဟုတ်ဘူး"ဆိုပြီး ပြောလွှတ်လိုက်တယ်။

ရီယာနဲ့ရိုးမက်ကို ခွဲစိတ်ဖို့ပြင်ခိုင်းတယ်။ နောက်တော့ ခွဲစိတ်မှုကိုစတယ်။ လူနာက အရိုးတွေအများကြီးကျိုးထားပြီး သရက်ရွက်လည်း စုတ်ပြဲနေပြီ။ ခွဲစိတ်ရင်း သွေးဖိအားကျတယ်။ နှလုံးခုန်နှုန်းကျတယ်။ နှလုံးဆေးအင်နီနရင်းကို လေးခုနဲ့သုံးခုမြောက် နံရိုးကြားထဲကိုထိုးသွင်းဖို့ ဆရာဝန်လေးရိုးမက်ကို လုပ်ခိုင်းတယ်။ ရိုးမက်က နှလုံးကိုတိုက်ရိုက်ထိသွားမယ်ဆိုပြီး ချီတုံချတုံဖြစ်နေလို့ ဒေါက်တာအက်သနားကိုယ်တိုင်ယူထိုးလိုက်ရတယ်။ ပြီးတော့ မင်းကိုဘယ်သူခွဲစိတ်ခန်းထဲ ဝင်ခိုင်းတာလဲဆိုပြီး ဆဲတာပေါ့။

ခွဲစိတ်မှုကပြီးသွားပါပြီ။ သတင်းမီဒီယာတွေကိုလည်း လူနာကအရိုးတွေအများကြီးကျိုးနေပြီး သရက်ရွက်က စုတ်ပြဲတဲ့အကြောင်း၊ ဒါပေမဲ့ မကြာခင်သက်သာသွားမယ့်အကြောင်း ပြောတာပေါ့။ အိန္ဒိယမှာ ခရစ်ကတ်အားကစားသမားတွေ အရေးကြီးသလို ဒီဆေးရုံပိုင်ရှင် ရှက်ကာဝက်နဲ့ သူကလည်း အရေးကြီးကြောင်းကိုလည်း ဒေါက်တာအက်သနားက ဂုဏ်ယူဝင့်ကြွားပြီးပြောခဲ့သေးတယ်။ အလုပ်သင်ဆရာဝန်ရိုးမက်ကတော့ မပြတ်သားမှု၊ တွေဝေခဲ့မှုတွေအတွက် သူ့ကိုယ်သူနောင်တရနေတယ်။ သူ့ချစ်သူ ရီယာက အတွေ့အကြုံရှိသူတွေတောင် ဒီလိုဖြစ်နိုင်တဲ့အတွက် ဘာမှစိတ်မကောင်းမဖြစ်ဖို့ ရိုးမက်ကိုနှစ်သိမ့်အားပေးခဲ့တယ်။

♛ ♛ ♛

တနေ့မှာပဲ ဆေးရုံကိုကောင်လေး အင်ကူးအေရိုရာ(ကလေးသရုပ်ဆောင် Vishesh Tiwari) နဲ့ သူ့အမေ နာဒီတာ(သရုပ်ဆောင် Tisca Chopra) တို့ ရောက်လာကြတယ်။ အင်ကူးက ဗိုက်အောင့်လို့။ အင်ကူးကိုရိုးမက်က စစ်ဆေးကြည့်တော့ အူအတက်ရောင်နေတာ။ တအားလည်း အရေးမကြီးသေး အာထရာဆောင်းကလည်း မနက်ကျမှရိုက်ရမှာမို့ ကလေးကိုဆေးရုံတက်ခိုင်းလိုက်တယ်။ နောက်တော့ နာဒီတာရဲ့ အလုပ်ရှင်လည်းဖြစ် သူငယ်ချင်းလည်းဖြစ်သူ အာဂျေး(သရုပ်ဆောင် Sachin Khurana) ရောက်လာပြီး လာကူညီတယ်။ နာဒီတာက ယောကျ်ားနဲ့ကွဲနေခဲ့သူ။ ညဘက်မှာ နာဒီတာဆေးရုံမှာ စောင့်အိပ်တယ်။ မနက်ဖက် ဒေါက်တာအက်သနားလာပြီး ကြည့်တယ်။ အာထရာဆောင်းရိုက်၊ ဒီနေ့သည်းခြေအိတ်ခွဲစရာရှိလို့ နက်ဖြန်မှခွဲမယ်ဆိုပြီး ပြောပြတာပေါ့။

ရိုးမက်က "ဒီနေ့ သည်းခြေအိတ်ခွဲမယ့်အစီအစဉ်ပျက်သွားလို့ ဒီနေ့ပဲခွဲလို့ရတယ် ဆရာ"လို့ ဝင်ပြောတယ်။ လူနာခန်းအပြင်လည်းရောက်ရော ရိုးမက်ကိုဒေါက်တာအက်သနားက အပြစ်ပြောပါရော။ "ဆေးရုံက ဆေးဖိုးတွေ၊ နောက်ဆုံးပေါ်စက်တွေ၊ ဝန်ထမ်းတွေနဲ့ လည်ပတ်နေရတယ်။ ပိုက်ဆံနဲ့လည်ပတ်နေရတယ်။ ပိုက်ဆံမရှိရင် ဆေးရုံမရှိဘူး။ ငါက နောက်နေ့ခွဲဆို နောက်နေ့ခွဲ၊ လူနာရှေ့မှာ ငါ့ကိုဒီအချိုးလာမချိုးနဲ့"ဆိုပြီး ပြောတာပေါ့။

ပြီးတော့မှ "မင်းသိပ်သနားရင် သူ့အမေကိုသွားပြော။ တလတခါ အလှပြင်ဆိုင်သွားတဲ့စရိတ်တွေလျှော့ဖို့။ သူ့ကလေးကို သူတောင်ဂရုမစိုက်လို့ ဒီလိုဖြစ်တာ။ ငါတို့က ဂရုစိုက်စရာလား"ဆိုပြီး အပြစ်ပြောခဲ့တာ။ ပြီးတော့ အားလုံးသဘောပေါက်လားဆိုပြီးပြောသွားခဲ့တယ်။ အာထရာဆောင်းကို ရိုးမက်က ရိုက်ပေးခဲ့တယ်။ ကောင်လေးက အူအတက်ဖြတ်ရင် သေမှာလားမေးနေလို့ ရိုးမက်ကမသေဘူးဆိုပြီး ကောင်လေးကိုရှင်းပြရတာပေါ့။

♛ ♛ ♛

ခွဲမယ့်တနာရီအလိုမှာ လူနာခန်းထဲကို နပ်စ်မရိစီနာဝင်လာပြီး လိုတဲ့ဆေးတွေ ဝယ်ခိုင်းခဲ့တယ်။ နာဒီတာက ဒီမှာလူနာစောင့်မရှိလို့ ကျေးဇူးပြုပြီး ဝယ်ပေးပါလားပြောတော့ နပ်စ်မတွေ ပိုက်ဆံကိုင်ခွင့်မရှိလို့ပါ။ မကြာပါဘူး။ အောက်ကဆိုင်မှာ သွားဝယ်လိုက်ပါဆိုပြီး ပြောနေလို့ နာဒီတာကိုယ်တိုင်သွားဝယ်ရတယ်။ အဲဒီအချိန်မှာပဲ အင်ကူးလေးက စားပွဲပေါ်တင်ထားတဲ့ ဘီစကွတ်မုန့်ကို စားပစ်လိုက်တယ်။ အမေက ခွဲခန်းဝင်မှာမို့ မစားနဲ့လို့ပြောထားတာကို အင်ကူးက စားမိလိုက်တာ။

ဒါကြောင့် ခွဲခန်းမဝင်ခင်မှာ ဒေါက်တာအက်သနားကို ရိစီနာကသတင်းပို့တယ်။ အက်သနားက မုန့်စားထားလို့ ခွဲစိတ်တာကိုအပျက်မခံနိုင်ဘူး။ ခွဲမယ့်လူနာက တန်းစီနေတယ်။ အစာပြန်စုပ်တဲ့ Ryles Tube သုံးမယ်ဆိုပြီးပြောပေမဲ့ တကယ်ခွဲတော့ ဒါကိုသုံးဖို့မေ့သွားပါရော။ ခွဲပြီးတော့ အေးအေးဆေးဆေးပဲဆိုပြီး ခွဲခန်းထဲက သူပြန်ထွက်လာတယ်။ လူနာရှင်ကိုလည်း အဆင်ပြေတယ်ပေါ့။ ဒါပေမဲ့ ကလေးက အန်နေပြီ။ သူ့ကိုပြေးခေါ်တယ်။ သူပြန်လာပြီး လုပ်သင့်တာတွေလုပ်ပေမဲ့ အစာအဆိပ်က အဆုတ်ထဲဝင်ပြီး ကလေးက ကိုမာဖြစ်၊ အရေးပေါ်အခန်းကိုပြောင်းနောက်သုံးရက်မှာ ကလေးက သေသွားပါရော။

သူကတော့ ဒီကိစ္စတွေမပေါက်ကြားဖို့ ခွဲစိတ်တဲ့လက်ထောက်ဆရာဝန်တွေကို ပိတ်တယ်။ ခွဲတဲ့အထဲမှာ ရိုးမက်မပါပေမဲ့ သူ့ချစ်သူရီယာပါနေတယ်။ ဒါတွေကဖြစ်တတ်တာပဲ၊ ခွဲစိတ်စဉ်မှာ ကလေးအဆုတ်က ခံနိုင်ရည်မရှိလို့ဆိုပြီး လိမ်ခိုင်းတယ်။

စာ(၂၅)သို့





www.free4readers.com

ပန်းချီနှင့် တယောတီးရတာကိုနှစ်သက်တဲ့ ရှောင်ကျန့်သည် CTBU (Chongqing Technology and Business University)တွင် တက်ရောက်ခဲ့ပြီး၊ သူရဲ့အစောပိုင်းကာလကို ဂရပ်ဖစ်ဒီဇိုင်းဆရာတဦးအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ၂၀၁၆ မှာတော့ တေးဂီတ X NINE အဖွဲ့တွင် ပါဝင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အထိ သူရဲ့အနုပညာလုပ်ငန်းသည် အောင်မြင်မှုများစွာတော့ မရရှိခဲ့ပါ။ ၂၀၁၉ မှာတော့ သူပါဝင်သရုပ်ဆောင်ထားသော The Untamed ဇာတ်လမ်းတွဲသည် မထင်မှတ်လောက်အောင်မြင်ခဲ့ပါသည်။ The Untamed ဇာတ်လမ်းတွဲပြီးတဲ့ နောက်မှာတော့ ရှောက်ကျန့်သည် တရုတ်ပြည်မရဲ့ လူငယ်သရုပ်ဆောင်များတွင် အအောင်မြင်ဆုံးနှင့်လူကြိုက်အများဆုံး အမျိုးသားသရုပ်ဆောင်တဦး ဖြစ်လာခဲ့ပါသည်။ ဒီတပတ်တော့ တရုတ်ဇာတ်လမ်းတွဲတွေကို နှစ်သက်သည့် ပရိသတ်တွေအတွက် ရှောင်ကျန့်ရဲ့အင်တာဗျူးတချို့ကို ဖော်ပြလိုက်ပါသည်။

## ကျွန်တော့်ဘဝမှာ ကိုယ်ပိုင်တန်ဖိုးဆိုတာ ရှိတယ်လို့ပြောလာတဲ့

## Xiao Zhan (ရှောင်ကျန့်)



**အခုလက်ရှိပိုင်ဆိုင်ထားတဲ့ အောင်မြင်မှုတွေက ကံကောင်းလို့လား၊ ဒါမှမဟုတ် ရသင့်ရထိုက်လို့ ရခဲ့တာလား။**

ကံကောင်းလို့ပါ။ ကြိုးစားနေတဲ့ သူတွေ အများကြီးပဲလေ။ တကယ့်ကို ကံကောင်းတာပါ။ ရရှိလာတဲ့ အခွင့်အရေးတွေကိုလည်း တန်ဖိုးထားရပါတယ်။

**အနာဂတ်အတွက် စိုးရိမ်မှုတွေရှိနေသလား။ တကယ်လို့ တနေ့မှာ လူကြိုက်မများတော့ရင်ပေါ့။**

လူကြိုက်များတယ်ဆိုတာ ဘာကိုပြောတာလဲ။ လုံးဝကိုပေါက်ကွဲထွက်သွားတယ်ဆိုတာလည်း ဘာလဲ။ ဘယ်လိုတွက်ချက်ကြတာလဲ။ ဘယ်သူက သတ်မှတ်တာလဲ။ အမှန်က ကိုယ့်တန်ဖိုးကိုကိုယ်ပဲ ဖန်တီးရမှာ။ တခြားသူတွေ တန်ဖိုးသတ်မှတ်မှုရမှာလား။ ကျွန်တော်အနေနဲ့တော့ တခဏပဲခံတဲ့ပန်းပွင့်တပွင့် မဖြစ်ချင်ဘူး။ မီးခိုးငွေ့လို့ခဏပဲ မြင်လိုက်ရတာမျိုးလေ။ ကြယ်ကြွေသလိုပေါ့။ သိပ်ကို တောက်ပနေပြီးဆိုရင် အောက်ကိုကြွေကျတော့မှာလေ။ ကိုယ်တိုင်ဖန်တီးထားတဲ့ တန်ဖိုးကတော့ ကိုယ့်အတွက်နေရာပဲလေ။

**ကိုယ်တိုင်သတ်မှတ်ထားတဲ့ တန်ဖိုးက ဘာလဲ။**

ဂရပ်ဖစ်ဒီဇိုင်းနာတဦးအဖြစ်နဲ့ပေါ့။ ဒါပေမဲ့ အခုအခြေအနေက သိပ်ကိုမငြိမ်မသက်ဘဲ။ ကိုယ့်ကိုယ်ကိုယ်လည်း သာမန်ဘဝလို နေလို့မရပေမဲ့၊ ဘဝကတော့ မပြောင်းမလဲ ဖြတ်သန်းနေရတာပဲလေ။

**အခုရင်ဆိုင်နေရတာနဲ့ မပြောင်းလဲတတ်တဲ့ အကျင့်စရိုက်တွေနဲ့ ပတ်သက်နေသလား။**

အခက်အခဲတွေဖြစ်လာရင် ထိပ်တိုက်တွေ့လိုက်တယ်။ ရှောင်ပုန်းမနေဘူး။ အခက်အခဲတွေကြားကနေ ထွက်ပြေးဖို့ အကြောင်းပြချက်တွေ ရှာမနေတော့ဘူး။ မနက်ဖြန်တွေက ပိုအရေးကြီးတယ်လေ။ လူတွေအားလုံးလည်း နောက်ပိုင်းမှာ ပိုပိုပြီးကောင်းလာမှာပါ။

**ဇာတ်လမ်းတွေထဲမှာ ငိုရတဲ့ အခန်းတွေများတယ်နော်။ ပြင်ပဘဝမှာလည်း ငိုရတာနှစ်သက်လား။**

ငိုရတာကို မနှစ်သက်ပါဘူး။ ဇာတ်လမ်းအတွက် တဘဝလုံးစာမျက်ရည်တွေကို အသုံးပြုလိုက်ရတယ်။ ပြင်ပဘဝမှာတော့ ငိုလေ့ငိုထမရှိပါဘူး။

စာ(၂၃)သို့

# ဘဝကို အတက်အကျ အနိမ့်အမြင့်တွေနဲ့ ဖြတ်သန်းခဲ့ရတယ် အေးမြတ်သူ




ဇာတ်ကားရိုက်ကူးမှုတွေ အတန်အသင့်ကျဲပါးသွားပေမဲ့ ပွဲတက်တွေ၊ ကြော်ငြာတွေတော့ ရိုက်ကူးဖြစ်နေတယ်ဆိုတဲ့ သရုပ်ဆောင်အေးမြတ်သူက ကိုယ်ပိုင်စီးပွားရေးလုပ်ချင်ပေမဲ့ ငွေကြေးမတတ်နိုင်သေးလို့ မလုပ်ဖြစ်ဘူးလို့ ပြောပါတယ်။

''အေးမြတ်သူက အခုတော့ ဖိတ်ထားတဲ့ပွဲတွေ တက်ဖြစ်တယ်။ ကြော်ငြာတွေ ရိုက်ဖြစ်ပါတယ်။ တခါတလေတော့လည်း ခရီးတွေထွက်ဖြစ်တာပေါ့။ အေးမြတ်သူတို့ အနုပညာရှင်တွေဆိုတာ အသက်အရွယ်နဲ့လုပ်ရတာဆိုတော့ ကိုယ်ပိုင်စီးပွားရေးကတော့ လုပ်သင့်တယ်နော်။ တချို့လည်း ကိုယ်ပိုင်စီးပွားရေးတွေလုပ်နေကြတယ်။ ပရိသတ်ကလည်း အားပေးကြတာ တွေ့ရပါတယ်၊ အေးမြတ်သူကတော့ အဲလိုမျိုးကိုယ်ပိုင်စီးပွားရေးဆိုပြီး ကိုယ်ပိုင်ထုတ်ဖို့တော့ မရှိပါဘူး။ အေးမြတ်သူမှာ အဲလောက်၊ တောင့်တင်းခိုင်မာတဲ့ ငွေကြေးအင်အားလည်း မရှိပါဘူး။ ဖြစ်နိုင်လို့ ငွေကြေးတတ်နိုင်ရင်လည်း တန်ဖိုးကြီး Brand ဆိုတာမျိုးထက်၊ အကုန် လုံးတန်းတူညီတူသုံးစွဲလို့ရမယ့်၊ ရေရှည်သွားနိုင်မယ့်ပစ္စည်းမျိုးပဲ ထုတ်ချင်တယ်'' လို့ ဆိုပါတယ်။

ဘဝအတွေ့အကြုံတွေများတဲ့သူတယောက်အနေနဲ့ သူမရဲ့ဘဝက အရမ်းကို ဒရာမာဆန်တယ်လို့လည်း ပြောပါတယ်။

''အေးမြတ်သူတို့ဘဝက ချွေလင်ပန်းနဲ့အချင်းဆေးပြီး မွေးဖွားလာခဲ့ရတာ မဟုတ်ဘူး။ ဘဝကအတက်အကျ အနိမ့်အမြင့်တွေနဲ့ ဒရာမာဆန်ပါတယ်။ ဘဝကို ရိုးရိုးသားသားနဲ့ ကြိုးစားပြီး လျှောက်ခဲ့ရတာပါ။ ရိုးသားတယ်ဆိုတာထက် အများကြီးကြိုးစား၊ ရုန်းကန်ခဲ့ရတယ်။ ဒါကြောင့် အေးမြတ်သူပြောတဲ့စကားတွေက လက်တွေ့ဆန်တာလေ။ စာအုပ်ထဲကလာတာ မဟုတ်ဘူး။ ဘဝထဲကလာတာ။ အဲဒါကြောင့်လည်း ဘဝမှာ တဖောက်ကန်းလုပ်ခဲ့တာတွေရှိတယ်၊ ပညာဉာဏ်နည်းခဲ့တော့ တခါတလေမှာ အဝေးကြီးကို ကြည့်ပေမဲ့ မမြင်တာတွေရှိတယ်။ ပညာဉာဏ် ရှိတဲ့သူတွေကျတော့ ပညာအလင်းကြောင့် ပိုမြင်တယ်လေ။ အဲဒါကြောင့် အေးမြတ်သူရဲ့ဆုံးဖြတ်ချက်တွေက တခါတလေမှာ တဖွတ်ထိုးဆန်တတ်တယ်။ အဲဒီအတွက် အမှားအယွင်းက များတယ်။ လူဆိုတာ မျက်စိတဆုံးကို ကြည့်တတ်ရတာ မဟုတ်လား။ အေးမြတ်သူကျတော့ အခုချိန်ထိ မရှိမာနကြောင့် ကိုယ့်ကိုအမှားတွေဖြစ်စေတယ်။ အခုချိန်အထိပညာ ဉာဏ်ရှိတဲ့သူနဲ့ ယှဉ်လိုက်ရင် အေးမြတ်သူက အနည်းငယ်တော့ အတွေးအခေါ်ပိုင်းမှာ အားနည်းနေပါသေးတယ်''တဲ့။ **ကလျာဆွေ**

www.free4readers.com

# စူပါအဆိုတော် စူပါဘောလုံးသမားနှင့် ဆိုက်ပရပ်က စူပါအိမ်ကြီး



ကိုလံဘီယာသူ ကမ္ဘာကျော်အဆိုတော် ရှာကီရာနဲ့ ခင်ပွန်းသည်ကမ္ဘာကျော်ဘောလုံးသမား ဂျရတ်ပီကေး (Gerard Pique) တို့နှစ်ယောက် မကြာသေးမီက ဆိုက်ပရပ်ကျွန်းမှာ ဒေါ်လာသန်းရာချီတန်တဲ့ အိမ်ကြီးတလုံး ဝယ်လိုက်တယ်။ မြေထဲပင်လယ်ဒေသမှာရှိပြီး အလွန်လှပတဲ့ ကျွန်းပေါ်က ရှာကီရာတို့အိမ်ကြီးဟာ သူတို့အပန်းဖြေနားနေဖို့ နေရာဖြစ်လာနိုင်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂ ရက် ပြင်သစ်ရုပ်သံ TF 1 မှာ သူမနဲ့ခင်ပွန်းဖြစ်သူတို့က အကမ့်တ် Akamas ပင်လယ် ဘက်ကိုမျှော်ရှုနိုင်တဲ့ ကြီးမားကျယ်ပြန့်ခမ်းနားတဲ့ အိမ်ကြီးတလုံးဝယ်ယူဖို့ ဆုံးဖြတ်ခဲ့ကြောင်း ပြောခဲ့ကြတယ်။ ဒီအိမ်ကြီးဟာ Paphos မြို့နားမှာ ရှိပါတယ်။ ရှာကီရာ သူ့ခင်ပွန်းနဲ့ ကလေးနှစ်ယောက်ဟာ အရင်ကဆိုက်ပရပ်ကျွန်းကို တကြိမ်မကလာပြီး အဖရိုဒိုက်ကျွန်းမှာ လာရောက် အပန်းဖြေလေ့ရှိတယ်။ ဘာစီလိုနာမှာ အခြေစိုက်နေထိုင်တဲ့ ရှာကီရာတို့မိသားစုဟာ ဆိုက်ပရပ်နိုင်ငံက Akamas ပင်လယ်ဒေသကို အရမ်းသဘောကျသွားပြီး ဒီဒေသမှာပဲ သူတို့အမြဲတမ်းအခြေချနေထိုင်ကြဖို့ ဆုံးဖြတ်ခဲ့ကြတယ်။

ရှာကီရာတို့ မိသားစုက ဆိုက်ပရပ်လာရင် ကိုယ်ပိုင်ဂျက်လေယာဉ်နဲ့လာတယ်။ ရှာကီရာရဲ့စံအိမ်သစ်ကြီးဟာ စတုရန်းမီတာ ၂၅၀၀ ရှိတဲ့ မြေကွက်ပေါ်မှာတည်ဆောက်ထားပြီး ပင်မအဆောက်အဦမှာ အိပ်ခန်း ၆ ခန်း၊ ရေချိုးခန်း ၈ ခန်း၊ အိမ်တွင်းရုပ်ရှင်ကြည့်တဲ့ခန်းမတခု၊ အပူဓာတ်ပေးထားတဲ့ရေပူစမ်းတခု၊ အတွင်းနဲ့အပြင် ရေကူးကန်တကန်စီ ပါရှိပါတယ်။ ကြီးမားခမ်းနားတဲ့ အိမ်ကြီးရဲ့ ဥယျာဉ်ရင်ပြင်ပေါ်က လှမ်းကြည့်လိုက်ရင် မြေထဲပင်လယ်ကိုတွေ့နိုင်ပါတယ်။ ဒါတင်မကဘူး။ ကျယ်ဝန်းလှတဲ့ခြံကြီးထဲမှာ တင်းနစ်ကစားကွင်းတွေ၊ ဘောလုံးကွင်းတွေနဲ့ မြင်းစီးနိုင်တဲ့နေရာတွေလည်း ပါဝင်တဲ့အပြင် ကလေးတွေကစားဖို့ အားကစားရုံ၊ ကစားကွင်းတွေ၊ စားသောက်ခန်းတွေလည်း ပါဝင်တယ်။

**တေဇာဝင်း – Ref: Mail Online**

# တကိုယ်တည်းသမားမဟုတ်ဘူး မိမိကိုယ်ကိုယ်အဖော်ပြုနေတယ်ဆိုတဲ့ အသက်၃၀ပြည့် Emma Watson ရဲ့အတွေး

ပြင်ပကဖိအားပေးမှုတွေ သူဟာ စိတ်ဖိစီးမှုနဲ့ စိုးရိမ်ပူပန်ရမှုတွေဖြစ်ခဲ့ရကြောင်း၊ ဒါပေမဲ့ အခုတော့ တကိုယ်တည်း ဘဝနဲ့ပျော်နေကြောင်း အမ်မာဝပ်ဆန် Emma Watson ကိုပြောခဲ့ပါတယ်။ ဒါပေမဲ့ ဝပ်ဆန်က တကိုယ်တည်းဆိုတဲ့ စကားလုံးထက် မိမိကိုယ်ကိုယ် မိမိအဖော်ပြုနေတဲ့သူလို့ဖော်ပြခဲ့တယ်။ ဧပြီလဆိုရင် အမ်မာဝပ်ဆန် အသက် ၃၀ ပြည့်ပါပြီ။ ဆယ်ကျော်သက်အရွယ်ကတည်းက ကမ္ဘာကျော်ဟယ်ရီပေါ်တာတကားနဲ့ နာမည်ကျော်လာခဲ့တဲ့ အမ်မာဝပ်ဆန်က သူဖြတ်သန်းခဲ့ရတဲ့ အသက်အပိုင်းအခြားဟာ ခက်ခဲကြမ်းတမ်းခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသက် ၃၀ အရွယ်ဘဝဘယ်လိုဖြစ်လာမလဲဆိုတဲ့အတွေး ဝက်ပါထဲမှာ ဝဲလည်နေလို့ဖြစ်တဲ့အကြောင်း ပြောပါတယ်။

တကယ်တော့ အမ်မာဝပ်ဆန်ဟာ အမျိုးသမီးတွေရဲ့စွမ်းအားနဲ့ပတ်သက်ရင် ပွင့်ပွင့်လင်းလင်းပြောခဲ့သူ ဖြစ်ပါတယ်။ ရုပ်ရှင်လောကမှာ လိင်ကိစ္စနှောင့်ယှက်စော်ကားတာတွေကို တိုက်ပွဲဝင်တဲ့ Time's UP လှုပ်ရှားမှုမှာလည်း ရှေ့ဆောင်ရှေ့ရွက် ပါဝင်ခဲ့သူဖြစ်ပါတယ်။ မကြာသေးမီက အလုပ်ခွင်မှာ လိင်ကိစ္စအနှောင့်အယှက်ပေးခံရတဲ့အမျိုးသမီးတွေအတွက် ဥပဒေအရ အခမဲ့အကြံပေးဆွေးနွေးနိုင်တဲ့ hotline တခုကို Time's Up နဲ့တွဲပြီး စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဗြိတိသျှမှာ အမျိုးသမီးတွေလိင်ကိစ္စနှောင့်ယှက်ခံရမှုတိုက်ဖျက်ရေးအတွက် ဖွဲ့စည်းထားတဲ့ ယူနိုက်တက်ကင်းဒမ်းတရားမျှတမှုနှင့် တန်းတူမှုရန်ပုံငွေအဖွဲ့ကို အမ်မာဝပ်ဆန်က ပေါင်စတာလင်တသန်းလှူဒါန်းခဲ့ပါတယ်။ ဝပ်ဆန်ဟာ ၂၀၁၉ ခုနှစ် မတ်လမှာ Little Woman ဇာတ်ကားတွင် မာဂရက်မက်အဖြစ် သရုပ်ဆောင်ထားတယ်။ အမျိုးသမီးအခွင့်အရေးကို သရုပ်ဖော်ထားတဲ့ဇာတ်ကားဖြစ်ပါတယ်။

**တေဇာဝင်း**
**Ref: Sky News**



# ပရိသတ်တွေအားလုံးက ချစ်တယ်ဆိုတာနဲ့ပဲ ကျေနပ်နေပြီဆိုတဲ့ အေးမြဖြူ

(Myanmar Idol Season4)



အသက် ၈ နှစ်အရွယ်ကတည်းက ရုပ်ရှင်ဇာတ်ကားတချို့မှာ သရုပ်ဆောင်ဖြစ်ပြီးနောက်ပိုင်း 'ဂီတတံခါးလေး ဖွင့်ပါဦး' 'Starless Sky' အစရှိတဲ့ အစီအစဉ်တွေမှာပြိုင်ပွဲဝင်ဖြစ်ခဲ့ပြီးနောက်ပိုင်း ပညာရေးကိုပဲ ဦးစားပေးဖြစ်နေတာကြောင့် အနုပညာနဲ့ အဆက်ပြတ်သွားခဲ့ပေမဲ့ ဆယ်တန်းအောင်ပြီးနောက်မှာတော့ သူမရဲ့အနုပညာသွေးတွေ ပြန်လည်စီးဆင်းခွင့်ရလာခဲ့တယ်လို့ Myanmar Idol Season 4 ရဲ့ ပြိုင်ပွဲဝင်တဦးဖြစ်သူ အေးမြဖြူက ပြောပါတယ်။

"သမီးအသက် ၈ နှစ်မှာကတည်းက 'ဘိုမ'ဇာတ်ကားမှာ သရုပ်ဆောင်ဖြစ်တာ။ တော်ဝင်စင်တာရဲ့ မြန်မာသံသီချင်းဆိုပြိုင်ပွဲမှာ မြန်မာ့ကြေးကြော်သံနဲ့ ပထမဆုရခဲ့တယ်။ 'ဂီတတံခါးလေးဖွင့်ပါဦး' အစီအစဉ်မှာ မဖြူဖြူကျော်သိန်းရဲ့ 'ဘယ်သူကိုယ့်လောက် ချစ်သလဲ'သီချင်း နောက်ပြီး 'တိုင်ပြောမယ်'ဆိုတဲ့ သကြန်သီချင်းတွေနဲ့ သမီးကိုပရိသတ်သိခဲ့တယ်။ ငါးတန်းလောက်အထိတော့ ပြိုင်ပွဲတွေဝင်ပြိုင်ဖြစ်တယ်။ နောက်ပိုင်း ၈ တန်းလောက်ရောက်တော့မှ ပညာရေးကိုဦးစားပေးပြီး အနုပညာအလုပ်တွေကို လျှော့လိုက်တာ။ မိဘတွေက သမီးသီချင်းဆိုတာကို အားပေးကြပေမဲ့ ပညာရေးကိုတော့ဖြစ်မြောက်စေချင်ကြတယ်လေ။

စာ(၂၃)သို့




# အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး

## ကံကောင်းလိုသူများအတွက်

## ( ၂၀၁၉ နိုဝင်ဘာ ၁၆ မှ ၂၂ )

**တနင်္ဂနွေသားသမီးများ**

မထင်မှတ်သော ကံအခွင့်အရေးကောင်းတွေ ပေါ်လာတတ်ပါတယ်။ ထိပေါက်၊ မဲပေါက်သလို ဝမ်းသာရတတ်ပါတယ်။ တန်ဖိုးကြီးပစ္စည်းများ ဝယ်ခြင်း၊ ရောင်းခြင်း၊ သို့လှောင်ခြင်းတွေ အထူးကောင်းပါတယ်။ အလိမ်အညာခံရခြင်း၊ လက်နှင့်ရင်ဘတ် ကျန်းမာရေးညံ့ခြင်းတွေကို သတိပြုပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ရန်ဖြစ်ပြီးမှ ပြန်ချစ်တဲ့ ကိန်းမျိုး ကြုံတတ်ပါတယ်။ အနုပညာနှင့်ပတ်သက်သူများ အပြိုင်အဆိုင်များပြီး အောင်မြင်ရတတ်ပါတယ်။ ၄ အစ ၁ အစ ထိထိုးပါ။

*ကံကောင်းရန် –အပြာရောင်အားပြု၍ ဝတ်ဆင်အသုံးပြုပါ။ ဘုရားမှာ ပန်း ၄ မျိုး လှူဒါန်းပါလေ။*

**တနင်္လာသားသမီးများ**

မိဘ၊ ဆရာ၊ ကြီးကဲသူတို့ထံမှ အကူအညီကောင်းတွေ ရတတ်ပါတယ်။ ဘာသာရေး၊ ပညာရေး၊ ပညာရေး ရည်ရွယ်ချက်များ အောင်မြင်မယ်။ လျှပ်စစ်ပစ္စည်း၊ သယ်ယူပို့ဆောင်ရေး၊ လျှောက်လွှာတင်ရေးကိစ္စတွေ အထူးကောင်းပါတယ်။ မျက်စိ၊ မျက်မှန်ဒုက္ခပေးတတ်ပါတယ်။ အချစ်ရေးအိမ်ထောင်ရေးမှာ လူကြီးမိဘတို့ဆီက အကူအညီကောင်းရတတ်ပါတယ်၊ အနုပညာနှင့် ပတ်သက်သူများ အရေးကြီးကိစ္စများကို အဓိဋ္ဌာန်ပုတီးစိပ်ပြီး ဆုတောင်းသင့်ပါတယ်။ ၉ အစ ၃ အစ ထိထိုးပါ။

*ကံကောင်းရန် – လိမ္မော်ရောင်အားပြု၍ ဝတ်ဆင်အသုံးပြုပါ။ ကြီးကဲသူများကို ဆေးဝါးလှူပါလေ။*

**အင်္ဂါသားသမီးများ**

မတင်မကျ၊ မရေမရာတွေ များနေတတ်ပါတယ်။ အချိန်းအချက်တွေ လွဲချော်တာ၊ အရောင်းအဝယ်ကိစ္စ ပျက်ချော်တာ၊ ကတိပျက်တာမျိုးတွေ ကြုံရတတ်ပါတယ်။ အရေးကြီးသော ဆုံးဖြတ်ချက်ကြီးတွေ မချသင့်ပါ။ အချိန်ဆွဲခြင်း၊ ရက်ရွှေ့ခြင်းတွေ ပြုသင့်ပါတယ်။ အချစ်ရေးအိမ်ထောင်ရေးမှာ ညီအစ်ကိုမောင်နှမကြောင့် စိတ်ရှုပ်ရတတ်ပါတယ်။ အနုပညာနှင့်ပတ်သက်သူများ မုန်းချက်နှင့် နမ်းထွက်မကိုက်ဆိုတာမျိုး ကြုံရတတ်ပါတယ်။ ၁ အစ ၂ အစ ထိထိုးပါ။

*ကံကောင်းရန် – ခရမ်းရောင်အားပြု၍ ဝတ်ဆင်အသုံးပြုပါ။ ထီး သို့မဟုတ် အဝတ်အထည် ဒါနပြုပါလေ။*

**ဗုဒ္ဓဟူးသားသမီးများ**

အိမ်ပြောင်း၊ နေရာပြောင်း၊ အလုပ်ပြောင်းကိစ္စများ အထူးကောင်းပါတယ်။ ပစ္စည်းတွေ အဟောင်းထုတ်၊ အသစ်ဝယ်မယ်ဆိုရင် ကောင်းပါတယ်။ ငွေစုခြင်း၊ ပစ္စည်းများ စုဆောင်းသိုလှောင်ခြင်းတွေ ပြုလုပ်သင့်ပါတယ်။ ချစ်သူအိမ်ထောင်ဘက်ရဲ့ ခရီးသတင်းကောင်းကြားရတတ်ပါတယ်။ အနုပညာနှင့်ပတ်သက်သူများ အစီအစဉ်တွေ ပြောင်းလဲပြီး အောင်မြင်တတ်ပါတယ်။ ၄ အစ ၅ အစ ထိကိုထိုးပါ။

*ကံကောင်းရန် – မရန်းရောင်အားပြု၍ ဝတ်ဆင်အသုံးပြုပါ။ ဘုရားမှာ ဖျော်ရည် ၂ မျိုး ကပ်လှူပါလေ။*

**ကြာသပတေးသားသမီးများ**

ငွေချေးခြင်း၊ ကြွေးတောင်းခြင်း၊ ထစ်ငေါ့ခက်ခဲနေသောကိစ္စ ညှိနှိုင်းခြင်းများ ပြုလုပ်သင့်ပါတယ်။ နေအိမ်၊ ရုံးခန်း၊ ဆိုင်ခန်းမွမ်းမံပြင်ဆင်တာတွေ ပြုလုပ်သင့်ပါတယ်။ စာချုပ်စာတမ်း၊ စာရင်းဇယားကိစ္စများ အောင်မြင်နိုင်ပါတယ်။ အချစ်ရေး အိမ်ထောင်ရေးမှာ ကွဲကွာနေသူများ ပြန်ဆုံရတတ်ပါတယ်။ အနုပညာနှင့်ပတ်သက်သူများ လုပ်ငန်းအခွင့်အရေးဟောင်း ပြန်ပေါ်တတ်ပါတယ်။ ၁ အစ ၇ အစ ထိကိုထိုးပါ။

*ကံကောင်းရန် – အကွက်အပြောက်များ အားပြု၍ ဝတ်ဆင်အသုံးပြုပါ။ မိမိ၏ အလုပ်စားပွဲကို အနည်းငယ် နေရာရွှေ့လိုက်ပါလေ။*

**သောကြာသားသမီးများ**

လူကြီးမိဘ ဆရာကြီးကဲသူတို့ရဲ့ အထင်လွဲမှားခြင်းကို ခံရတတ်ပါတယ်။ အဝယ်မှား၊ အရောင်းမှား၊ အဆုံးအဖြတ်မှားတတ်တာတွေ သတိထားပါ။ အမှုပတ်တတ်၊ ကြားညပ်ဖြေရှင်းရတတ်ပါတယ်။ ခြေထောက်၊ ခါး ကျန်းမာရေး သတိပြုပါ။ ချစ်သူအိမ်ထောင်ဘက်ရဲ့ အပေါင်းအသင်းကိစ္စကြောင့် စိတ်ညစ်ရတတ်ပါတယ်။ အနုပညာနှင့် ပတ်သက်သူများ စကားများ ဖြေရှင်းရတတ်ပါတယ်။ ၄ အစ ၈ အစထိထိုးပါ။

*ကံကောင်းရန် – အပြာရင့်ရောင်အားပြု၍ ဝတ်ဆင်အသုံးပြုပါ။ ပညာရေးဆိုင်ရာ ကုသိုလ်တခုခုပြုပါလေ။*

**စနေသားသမီးများ**

ငွေဟောင်း၊ ပစ္စည်းဟောင်း၊ အလုပ်ဟောင်းတွေ ပြန်ပြီးအကျိုးပေးတတ်ပါတယ်၊ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေနဲ့ ပြန်လည်ဆုံစည်းရတတ်ပါတယ်၊ ပြဿနာဟောင်း၊ ရောဂါဟောင်းများလည်း သတိထားပါ။ ထူးထူးခြားခြား အကြံကောင်းဉာဏ်ကောင်းများလည်း ရတတ်ပါတယ်။ အချစ်ရေးအိမ်ထောင်ရေးမှာ ပြဿနာဟောင်း ပြန်ပေါ်တတ်ပါတယ်။ အနုပညာနှင့်ပတ်သက်သူများ အဝေး ပြည်ပခရီးကောင်းပေါ်တတ်ပါတယ်။ ၂ အစ ၉ အစထိထိုးပါ။

*ကံကောင်းရန် – အဖြူရောင်အားပြု၍ ဝတ်ဆင်အသုံးပြုပါ။ ဘုရားမှာ မုန့်လုံးရေပေါ်လှူပါလေ။*

**ဇင်ယော်နီ**



# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ၁၇ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူပွဲကျင်းပ

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများ၏ ၁၇ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စွယ်တော်လမ်းရှိ နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်၌ နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ ၃ ကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ကလေးဝတောရကျောင်း နာယကဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ၎င်းနောက် ကလေးဝတောရကျောင်းနာယကဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားရွတ်ဖတ်၍ ပရိတ်တရားနာယူ ကြသည်။ အစီအစဉ်အရ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ယခုနှစ်အတွက် ကလေးဝတောရစာသင်တိုက်ကျောင်း၊ ရခိုင်ဒေသဘုန်းတော်ကြီးကျောင်း ၈ ကျောင်း၊ ဗဟန်းမြို့နယ်မှ ၁ ကျောင်း၊ သန်လျင်မြို့နယ်မှ ၂ ကျောင်း၊ စုစုပေါင်း ၁၁ ကျောင်းတို့အား ကထိန်အလှူ လှူဒါန်းဖြစ်ပုံနှင့် ၁၇ ကြိမ်မြောက် ကလေးဝတောရကျောင်းတွင် သာသနာတော်ဆိုင်ရာလှူဒါန်းဖြစ်ပုံများကို လျှောက်ထားပြီး ကလေးဝတောရနာယက ဆရာတော်ထံ ကထိန်လျာမြတ်သင်္ကန်းနှင့် လှူဖွယ်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများက ဆက်ကပ်လှူဒါန်းကြသည်။ လှူဒါန်းမှုအစုစုအတွက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားပြီးဆုံးခဲ့သည်။

"ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးရဲ့ ၁၇ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်မှာ ကျွန်တော်တို့ ရုပ်ရှင်ဗီဒီယိုလောကသားတွေရဲ့ ချွေးနဲ့စာလေးတွေနဲ့ စုပေါင်းပြီး လှူဒါန်းတာပါ။ စုပေါင်းဘုံကထိန်အလှူပွဲမှာ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၄၅၇၀၀၀/ လှူဒါန်းနိုင်ခဲ့ပါတယ်။ ဒါက စာရင်းကောက်ထားလို့ ရတာပါ။ စာရင်းကောက်လို့မပါဘဲ အလွတ်လှူတာလည်း ရှိပါတယ်။ အားလုံးပေါင်းရင်တော့ သိန်း ၁၇၀ လောက်ရှိမှာပါ။ ကျောင်းပေါင်း ၁၁ ကျောင်းကို ခွဲဝေလှူဒါန်းသွားမှာပါ။ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ဘုရားဟောတရားနဲ့အညီ နိဗ္ဗာန်အကျိုးနှီးဆော်ပြီး လှူဒါန်းတဲ့ အလှူဖြစ်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ပြောဆိုသည်။

**SP**



# ပင်လယ်စာတိုးမြှင့်တင်ပို့နိုင်ရန် အီးယူနှင့်ဆွေးနွေးနေချိန် မြန်မာ့ငါးဖမ်းလုပ်ငန်းတွင် လုပ်သားကျွန်ပြုမှုများရှိနေကြောင်း ဂါးဒီးယန်းသတင်းဌာနဖော်ပြ



ထိုင်းနိုင်ငံ ငါးဖမ်းလုပ်ငန်းတွင် အဓမ္မခိုင်းစေမှုနှင့် လုပ်သားကျွန်ပြုမှုများရှိနေသည်ဆိုသော သတင်းများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေချိန်တွင် အခြားနိုင်ငံများတွင်လည်း အလားတူကိစ္စရပ်များဖြစ်ပေါ်နေခြင်းကို ကမ္ဘာက သတိမပြုမိကြချေ။

၎င်းနိုင်ငံများမှထွက်ရှိသော ရေထွက်ပစ္စည်းအများစုမှာ ပြည်တွင်းစားသုံးမှုအတွက်သာ အသုံးပြုခြင်းကြောင့် နိုင်ငံတကာက သတိမပြုမိခြင်းဖြစ်သော်လည်း မကြာမီ အခြေအနေများပြောင်းလဲလာဖွယ်ရှိနေသည်။

မြန်မာ့ပင်လယ်စာ ပြည်ပတင်ပို့မှုသည် တစတစ တွင်ကျယ်လာသည်နှင့်အမျှ ဥရောပသမဂ္ဂ (EU) ဈေးကွက် အပါအဝင် ပြည်ပဈေးကွက်များကို တိုးချဲ့ရှာဖွေလာနေသည်။ လက်ရှိတွင် မြန်မာ့ပင်လယ်စာတင်ပို့မှု တိုးမြှင့်ရန်အတွက် မြန်မာနှင့်အီးယူအကြား ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

အီးယူအနေဖြင့် မြန်မာ့ငါးဖမ်းလုပ်ငန်းတွင် လူမဆန်စွာ မတရားခိုင်းစေမှု၊ လုပ်သားကျွန်ပြုမှုများရှိနေသည်ဆိုသော အခိုင်အမာအထောက်အထားများကို လျစ်လျူရှုထားမည်ဆိုပါက အီးယူအနေဖြင့် ပြဿနာများနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

မုတ္တမပင်လယ်ကွေ့အတွင်း ငါးဖမ်းလုပ်ငန်းများမှာ အလွန်အန္တရာယ်ကြီးသည့် လုပ်ငန်းဖြစ်သည်။ လုပ်အားချိန်ကြာမြင့်ပြီး အလုပ်မှာလည်း အလွန်တရာခက်ခဲကြမ်းတမ်းလှသည်။ ၂၀၀၈ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းအတွင်း လူဦးရေ ထောင်နှင့်ချီ သေဆုံးခဲ့ရသည်။ ထိုသို့သော သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးမှုများသာမက အခြားအချိန်များတွင်လည်း ငါးဖမ်းလုပ်သားများ သေဆုံးမှုမှာ မကြာခဏ ဖြစ်ပွားနေသည်။ ဂါဒီးယန်းမှ တွေ့ဆုံခဲ့သည့် ငါးဖမ်းလုပ်သားတဦး၏ ပြောပြချက်အရ ၎င်း၏လုပ်ဖော်ကိုင်ဖက်နှစ်ဦး ငါးဖမ်းပိုက်ကွန်နှင့်ငြိပြီး ခေါင်းပြတ်သွားသည်ကို မြင်တွေ့ခဲ့ရသည်ဟု ဆိုသည်။

သို့သော်လည်း ငါးလုပ်ငန်းမှာ အမြတ်အစွန်းများများရသည့် လုပ်ငန်းဖြစ်သည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာလမှ ယခုနှစ်မေလအတွင်း ပင်လယ်စာတန်ချိန် ၁ သောင်းခန့် ဖမ်းမိခဲ့သည်။ ငါးဖမ်းလုပ်ငန်းတွင် လုပ်သားအင်အား ၅ သောင်းဝန်းကျင်ခန့် လုပ်ကိုင်လျက်ရှိသည်။

ငါးဖမ်းလှေပိုင်ရှင်များက မြိုးမြိုးမြက်မြက် ရရှိနေသော်လည်း လှေလုပ်သားများမှာကား ကျွန်လုပ်သားများသဖွယ် ဖြစ်လျက်ရှိသည်။

ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ မြို့နယ် ၅ ခုမှ ငါးဖမ်းလှေလုပ်သားများနှင့် တွေ့ဆုံစကားပြောခဲ့ရာမှ လှေလုပ်သားအနေဖြင့် တနေ့လျှင် ၁၆ နာရီအထိ နားရက်မရှိ အလုပ်လုပ်ရကြောင်း၊ တခါတခါ ငါးဖမ်းထွက်လျှင် အချိန် ၉ လခန့်အထိ ကြာမြင့်ကြောင်း သိရှိခဲ့ရသည်။ ၎င်းတို့သည် လှေကိုကမ်းကပ်ရန်အတွက် ရာသီဥတု ငြိမ်သက်ချိန်ကို စောင့်ဆိုင်းနေကြသည်။ လှေသူကြီးဆိုသူများ၏ ရိုက်နှက်ခိုင်းစေခြင်း၊ အချို့ဖြစ်ရပ်များတွင် လူသတ်ခြင်းများကိုပင် ကျူးလွန်ကြသည်ဆိုသော အတည်မပြုနိုင်သည့် ပြောစကားများကိုလည်း ကြားခဲ့ရသည်။ လှေလုပ်သားအများစု၏ ပြောပြချက်များအရ လုပ်ငန်းခွင်အခြေအနေများမှာ နိုင်ငံတကာစံအရ ကျွန်ပြုမှုအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံမှပုစွန်များသည် မကြာမီဥရောပ စားသောက်ဆိုင်ကြီးများတွင် ဈေးကြီးဟင်းလျာများ ဖြစ်လာဖို့ရှိနေသည်။ မြန်မာအစိုးရအနေဖြင့် ဥရောပဈေးကွက်သို့ ပင်လယ်စာတင်ပို့နိုင်ရန်အတွက် အစားအစာထုပ်ပိုးထုတ်လုပ်သူများ၊ ပြည်ပတင်ပို့သူများအနေနှင့် ရေရှည်တည်တံ့ခိုင်မြဲသော လုပ်ငန်းကျင့်စဉ်စည်းမျဉ်းများကို လိုက်နာဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးလျက်ရှိသည်။

အီးယူအနေနှင့် တင်ပို့ကုန်များ၏ထုတ်လုပ်မှုလမ်းကြောင်းတွင် လုပ်သားကျွန်ပြုမှုရှိ၊ မရှိဆိုခြင်းနှင့်ပတ်သက်၍ အထူးအလေးထားဆောင်ရွက်သည့် အလေ့အထမရှိခဲ့သလို မြန်မာနှင့်ချိတ်ဆက်လုပ်ကိုင်မည့် အနာဂတ်ကုန်သွယ်မှုများ၌ လူ့အခွင့်အရေးချိုးဖောက်မှုများမရှိစေရေးကို သေချာစွာစစ်ဆေးအတည်ပြုရန် လိုအပ်လျက်ရှိသည်။ အီးယူအနေဖြင့် လုပ်သားကျွန်ပြုမှုပြဿနာရပ်၏ အကြောင်းရင်းများကို ရှာဖွေရန်လိုအပ်ပါသည်။ လုပ်သားအများစု ကျွန်ပြုခံရခြင်း၌ ကြွေးမြီပြဿနာသည် အဓိကဖြစ်ကြောင်း တွေ့ရှိရသည်။ မြန်မာ့ကျေးလက်ဒေသများတွင် ဆင်းရဲနွမ်းပါးသောမိသားစုများမှ အကြွေးနွံတွင်နစ်မွန်းပြီး မတရားခိုင်းစေမှု၊ လုပ်အားခေါင်းပုံဖြတ်ခံရမှုသံသရာထဲသို့ ရောက်ရှိသွားရခြင်းဖြစ်သည်။

ဆင်းရဲမွဲတေမှုနှင့် အကြွေးသံသရာမှ ရုန်းထွက်ရန်အတွက် ထောင်ပေါင်းများစွာသော လုပ်သားများမှာ အိမ်နီးချင်းထိုင်းနိုင်ငံ၏ ငါးဖမ်းလုပ်ငန်းများသို့ ရောက်ရှိကြရာ ထိုတွင်လည်း အဓမ္မခိုင်းစေမှုများနှင့် ကြုံရပြန်သည်။

မုတ္တမပင်လယ်ကွေ့အတွင်း ငါးဖမ်းလှေများတွင်လုပ်ကိုင်သည့် လှေသူကြီးများမှာ ၉ လစာလုပ်အားခအဖြစ် ဒေါ်လာ ၁၀၀၀ (ကျပ် ၁၅ သိန်းခွဲဝန်းကျင်) ရရှိကြသည်။ ကျေးလက်ဒေသများတွင် ငွေကြေးလုပ်ငန်းလုပ်ကိုင်သူများသည် များသောအားဖြင့် မြင့်မားသောအတိုးနှုန်း ၂၀ ရာခိုင်နှုန်းအထိယူကြသဖြင့် သာမန်လှေလုပ်သားများအနေဖြင့် ၎င်းတို့ရရှိသည့်ဝင်ငွေမှာ အတိုးဆပ်နိုင်ရုံသာရှိပြီး အကြွေးကျေသည်အထိ မတတ်နိုင်သည့်အခြေအနေဖြစ်သည်။ ဤသို့ဖြင့် ၎င်းတို့မှာပင်လယ်ပြင်တွင် လုပ်သားကျွန်ပြုမှုသံသရာမှ မရုန်းထွက်နိုင်ဘဲရှိကြတော့သည်။

အတင်းအဓမ္မခိုင်းစေခြင်းသည် မြန်မာနိုင်ငံတွင် ကြီးမားသောပြဿနာဖြစ်သော်လည်း အလေးထားကိုင်တွယ်ဖြေရှင်းခြင်း မရှိသေးသည့်ကိစ္စရပ်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေး ၁၀ ဦးလျှင် ၁ ဦးမှာ အဓမ္မခိုင်းစေခံနေရသည်။ စစ်အစိုးရအုပ်ချုပ်မှုကာလတလျှောက် နိုင်ငံတကာ၏ပိတ်ဆို့အရေးယူခံရမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု များစွာနောက်ကြကျန်ခဲ့ရခြင်း၏အကျိုးဆက်ဖြစ်သည်။

မြန်မာအစိုးရအနေဖြင့် အမြတ်ကြီးစားငွေချေးလုပ်ငန်းများနှင့် ၎င်းလုပ်ငန်းများကြောင့် တင်ကျန်နေသောကြွေးမြီများကို ဥပဒေပြဋ္ဌာန်း၍ ပယ်ဖျက်နိုင်မည်ဆိုပါက အကြွေးဖြင့်ချုပ်နှောင်ခြင်းခံထားရသည့် ဘဝပေါင်းများစွာအတွက် လွတ်လပ်မှုကိုပေးစွမ်းနိုင်မည်ဖြစ်ပေသည်။ သို့သော် ထိုအရာတခုတည်းက လုပ်သားကျွန်ပြုမှုကို အကြွင်းမဲ့ပပျောက်သွားအောင် စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ပါချေ။

အီးယူအနေဖြင့် လုပ်အားခေါင်းပုံဖြတ်မှုနှင့် လုပ်သားကျွန်ပြုမှုကို စဉ်ဆက်မပြတ်ဖြစ်ပေါ်စေသော အကြွေးပြဿနာကိုဖြေရှင်းရန် ခိုင်မာအားကောင်းသောနည်းလမ်းများကို မရှာဖွေနိုင်သေးသရွေ့ မြန်မာနိုင်ငံမှတင်ပို့လိုက်သော ပင်လယ်စာများတွင် ကျွန်စနစ်၏သွေးများ စွန်းထင်နေမည်ဆိုခြင်းကို ပြက်ပြက်ထင်ထင်သိထားရမည်ဖြစ်သည်။

ဝီရ Ref; The Guardian

## စာ-၂၁ (ပရိသတ်တွေအားလုံးက ချစ်တယ်ဆိုတာနဲ့ပဲ ကျေနပ်နေပြီဆိုတဲ့ အေးမြဖြူ (Myanmar Idol Season4)) မှအဆက်

အဲဒါကြောင့်ပဲ သမီးဝါသနာပါတာကို ခဏနားပြီး ပညာဆက်သင်ခဲ့တာပါ။ အခုဆယ်တန်းလည်း အောင်ပြီးပြီဆိုတော့ အနုပညာအလုပ်တွေ ဆက်လုပ်ဖြစ်တာပေါ့။ သမီးကိုငယ်ငယ်ကတည်းကနေ ခုထိဆက်ပြီး အားပေးကြတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်''လို့ အေးမြဖြူက ပြောပါတယ်။

Myanmar Idol Season 4 မှာ ပါဝင်ခဲ့ရလို့ ဝမ်းသာကျေနပ်မိပေမဲ့ winner ဖြစ်ဖို့တော့ မမျှော်လင့်ထားဘူးလို့လည်း သူမကပြောပြပါတယ်။

''သမီးကို ငယ်ငယ်ကတည်းကနေ ခုထိမှတ်မိပြီး အားပေးကြတဲ့ပရိသတ်တွေ ရှိနေတာ အရမ်းဝမ်းသာတယ်။ ကျေးဇူးလည်း တင်ပါတယ်။ အဆင့်တိုင်းကိုတော့ သမီးဘက်က အကောင်းဆုံးကြိုးစားသွားပါ့မယ်။ သမီးက အသက်အငယ်ဆုံးဖြစ်လို့ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ ခံနိုင်ရည်မရှိမှာကို ဝိုင်းပြီးစိုးရိမ်ကြတယ်။ ဒါပေမဲ့ Myanmar Idol က သမီးတို့အားလုံးကို စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ အကောင်းဆုံး ပြင်ဆင်ထားဖို့ မှာတယ်။ အားပေးတဲ့သူတွေရှိသလို ဝေဖန်ရှုတ်ချတဲ့သူတွေလည်း ရှိတတ်တော့ စိတ်ဓာတ်ကိုပြင်ဆင်ထားဖို့ မှာပါတယ်။ သမီးကြိုးစားပြီး ယှဉ်ပြိုင်သွားမှာပါ။ စိုးရိမ်ပေးကြတာကိုလည်း ကျေးဇူးတင်ပါတယ်။ Winner ဖြစ်ဖို့တော့ မမျှော်လင့်ပါဘူး။ ပရိသတ်တွေအားလုံးက ချစ်တယ်ဆိုတာနဲ့ပဲ ကျေနပ်နေပါပြီ''တဲ့။

အဆိုရှင်အေးမြဖြူက အကယ်၍ သူမသာ Winner ဖြစ်ခဲ့ရင် နယ်ဘက်တွေမှာပြန်ပြီးတော့ ပရဟိတအလုပ်တွေ လုပ်ချင်တယ်လို့လည်း ဖွင့်ဟပြောဆိုပါတယ်။

အဖြူရောင်

## ဘယ်တော့မှ ပြင်ခွင့်ရမှန်းမသိသည့် ၂၀၀၈ ခြေ/ဥကို ထိုင်စောင့်နေ၍မရဟု ထွန်းအိန္ဒြာဗိုလ် ပြော

ဘယ်တော့မှ ပြင်ခွင့်ရမှန်းမသိသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိုင်စောင့်နေ၍မရဟု ထွန်းအိန္ဒြာဗိုလ်က ပြောဆိုလိုက်သည်။

''ကျွန်မတယောက်ထဲရဲ့ အမြင်လေးပါရှင့်။ ၂၀၀၈ ခြေ/ဥ က ပြင်ကို ပြင်ရမှာပါ။ ဒါပေမဲ့ ဘယ်တော့မှ ပြင်ခွင့်ရမယ်မသိတာကို ထိုင်စောင့်နေလို့တော့ မရဘူးထင်တယ်။ ခြေ/ဥ မပြင်သေးသော်လည်း ခြေ/ဥ နဲ့ တားမြစ်လို့မရတဲ့ တိုင်းပြည်တိုးတက်ရေးတွေကို ရှာဖွေလုပ်ကိုင်ရင်း ခြေ/ဥ ပြင်နိုင်တဲ့နေ့ကို သွားရမှာပါ'' ဟု ၎င်းက ပြောသည်။

ပြည်သူ့ရှေ့ဆောင်ပါတီ၏ Facebook တွင် ဖော်ပြထားသော ဒေါက်တာသက်သက်ခိုင်နှင့်အင်တာဗျူး၌ ထွန်းအိန္ဒြာဗိုလ်က MiMiKhaing အကောင့်ဖြင့် အထက်ပါအတိုင်း မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။

ထွန်းအိန္ဒြာဗိုလ်၏ မှတ်ချက်နှင့်ပတ်သက်၍ NLD ပါတီ၏ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က NLD ပါတီအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ထိုင်စောင့်မနေဘဲ လုပ်စရာရှိသည်များကို တဆင့်ချင်းလုပ်ဆောင်နေသည်မှာ ပြည်သူအားလုံးအသိပင်ဖြစ်ကြောင်း News Watch သို့ ပြောသည်။

''ကျွန်တော်တို့ဘက်ကတော့ ၂၀၀၈ ခြေ/ဥကို ပြင်ဆင်ဖို့ ကြိုးစားနေတာ ပြည်သူအားလုံးအသိပဲလေ။ ထိုင်စောင့်နေတာ မဟုတ်ပါဘူး။ တဆင့်ချင်း မှန်မှန်လေးလုပ်နေပါတယ်''ဟု ၎င်းက ပြောသည်။

သရုပ်ဆောင်တေးသံရှင် အကယ်ဒမီထွန်းအိန္ဒြာဗိုလ်သည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီအတွက် အဓိကမဲဆွယ်ခဲ့သည့် အနုပညာရှင်တဦးဖြစ်ပြီး ၎င်း၏ညီမဖြစ်သူ ဒေါက်တာသက်ခိုင်သည် NLD ပါတီမှ နုတ်ထွက်၍ ပြည်သူ့ရှေ့ဆောင်ပါတီကို တည်ထောင်ထားသည်။

နန္ဒမျိုးဆောင်

## စာ-၂၀ (ကျွန်တော့်ဘဝမှာ ကိုယ်ပိုင်တန်ဖိုးဆိုတာ ရှိတယ်လို့ပြောလာတဲ့ Xiao Zhan (ရှောင်ကျန့်)) မှအဆက်

**ရုပ်ရည်က အလုပ်အတွက် အထောက်အပံ့ဖြစ်သလား။**

သရုပ်ဆောင်လောကမှာ ရုပ်ရည်ချောင့်တဲ့သူတွေ အများကြီးပဲ။ ကံလေးနည်းနည်းပိုကောင်းတော့။ လူတွေက ပိုကြိုက်တယ်ပေါ့။ ကောင်းမွန်တဲ့အပြုအမူပုံရိပ်တွေကတော့ ကိုယ့်တန်ဖိုးကိုတက်စေပါတယ်။ လူဆိုတာ ခံစားမှုအာရုံတွေနဲ့ ဖွဲ့စည်းထားတဲ့သတ္တဝါတမျိုးလေ။ ကိုယ့်မျက်လုံးထဲကို လှလှပပ၊ သက်သောင့်သက်သာဖြစ်မယ့် ပုံရိပ်တွေဆိုရင် သဘောကျတတ်တယ်။ နှစ်သက်ကြတယ်။

**မအောင်မြင်ခင်တုန်းကတော့ မျက်နှာသွင်ပြင်က အခွင့်အရေးတွေကို ပိုင်ဆိုင်ဖို့ ကူညီခဲ့မှာပေါ့။**

ကိုယ့်ကိုနှစ်သက်တယ်လို့ ပြောလာတဲ့သူတွေတော့ ရှိတယ်ပေါ့။ ကျွန်တော် ဂရပ်ဖစ်ဒီဇိုင်းနာအဖြစ် လုပ်ကိုင်တုန်းကမှ လူတွေက ကျွန်တော်ပြောတာတွေကို သေသေချာချာ ဂရုတစိုက် နားထောင်သေးတယ်။ အများအမြင်မှာတော့ ရုပ်ရည်ချောတာ အမှတ်အပိုရနိုင်တယ်ပေါ့။ ဒါပေမဲ့ ဒါကလည်း အခွင့်အရေးဆိုတဲ့တံခါးကို ပွင့်သွားအောင်လုပ်ပေးတဲ့ သော့တချောင်းလောက်ပါပဲ။ တံခါးပွင့်သွားပြီးဆိုရင်တော့ ကျန်တာတွေကတော့ ကိုယ်တိုင်အားထုတ်ရတော့မှာလေ။

**အခုလောလောဆယ်ဆယ် ဘယ်လိုဇာတ်ကောင်မျိုးတွေကို လက်ခံချင်သလဲ။**

ဗီလိန်ဇာတ်ကောင်မျိုးတွေကို စိန်ခေါ်ချင်ပါတယ်။ ခပ်ဆိုးဆိုးပေါ့။ ဒါပေမဲ့ လူကောင်းတယောက်ရဲ့ ပုံရိပ်မျိုးတွေနဲ့လေ။

သက်

ref: Tengxun

www.free4readers.com



# TRADEMARK CAUTION

HUAWEI TECHNOLOGIES CO., LTD. a company incorporated in P.R.China at Administration Building Huawei Technologies Co., Ltd, Bantian, Longgang District, Shenzhen, P.R.China is the Owner and Sole Proprietor of the following Trademark:-

# Kunpeng

Reg : No.4/26874/2019

In respect of : Int'l Class 9 : Printed circuits; integrated circuits; chips (integrated circuits); video screens; printed circuit boards; sensors; electronic chips; chargers for electric batteries; electric batteries; computer hardware; mobile power source (rechargeable batteries); smartglasses; smartwatches; wearable activity trackers; cases for smartphones; covers for smartphones; selfie sticks (hand-held monopods); connected bracelets (measuring instruments); liquid crystal displays (LCD) with large screens; electronic diaries; flat panel displays; digital signal processors; liquid crystal displays (LCD); short-range radio apparatus; intercoms; ultra high-definition (UHD) televisions; television apparatus for vehicles; alarm central units; security tokens (encryption devices); covers for tablet computers; black boxes (data recorders); interactive touch screen terminals; humanoid robots with artificial intelligence; electronic sheet music, downloadable; smart rings; downloadable mobile phone software applications; human face recognition devices; scales with body mass analyzers; video monitors; touch screens; central processing units (processors) for processing information, data, sound or images; electronic pens; flexible flat panel displays for computers; stands adapted for tablet computers; video image printers; encoded identity cards; holders for mobile phones; liquid crystal display (LCD) televisions; USB data lines or data cables; USB data lines or data cables for mobile phones; digital door locks; hand-held electronic dictionaries; computer screen saver software, recorded or downloadable; downloadable graphics for mobile phones; wearable computers; portable digital electronic scales; selfie sticks for mobile phones; wrist-mounted smartphones; monitoring apparatus, other than for medical purposes; security surveillance robots; bathroom scales; protective films adapted for smartphones; electric and electronic effects units for musical instruments; audio interfaces; equalizers (audio apparatus); virtual reality headsets; digital video recorder for vehicles; set-top boxes; thermal imaging cameras; infrared detectors; digital weather stations; biochips; electronic key fobs being remote control apparatus; electronic access control systems for interlocking doors; personal digital assistants (PDAs); computer software platforms, recorded or downloadable; thin client computers; wearable video display monitors; selfie lenses; laboratory robots; teaching robots; computer styluses; computer programs, downloadable; downloadable emoticons for mobile phones; electric plugs; electric sockets; telecommunication apparatus in the form of jewellery; network communication apparatus; computer programs (downloadable software); computer memories; computer programs, recorded; computer keyboards; computer operating programs, recorded; computer software, recorded; mouse (computer peripheral); central processing units (processors); integrated circuit cards (smart cards); notebook computers; electronic publications, downloadable; laptop computers; bags adapted for laptops; sleeves for laptops; computer software applications, downloadable; tablet computers; pedometers; fingerprint identifier; scales; switchboards; transmitters of electronic signals; transmitting sets (telecommunication); radios; modems; transponders; smartphones; stored program controlled telephone switching apparatus; cabinets for loudspeakers; loudspeakers; microphones; sound transmitting apparatus; television apparatus; portable media players; digital photo frames; earphones; cameras (photography); air analysis apparatus; gas testing instruments; optical lenses; materials for electricity mains (wires, cables); camcorders; headphones.

In respect of : Int'l Class 35 : Provision of an online marketplace for buyers and sellers of goods and services; search engine optimization for sales promotion; commercial information and advice for consumers (consumer advice shop); alcoholic beverage procurement services for others (purchasing goods for other businesses); accounting for third parties; presentation of goods on communication media, for retail purposes; price comparison services; accounting; business information; business auditing; marketing; accounting services for mergers and acquisitions; advertising; providing information in the field of marketing; providing marketing consulting in the field of social media; outsourcing services in the nature of arranging procurement of goods for others; business management assistance; goods import-export agencies; data search in computer files for others; sales promotion for others; consulting and information concerning accounting; online advertising on a computer network; account auditing; marketing in the framework of software publishing.

In respect of : Int'l Class 38 : Transmission of digital files; videoconferencing services; streaming of data; video-on-demand transmission; internet broadcasting services; broadcasting programmes via the internet; transmission of sound and images via satellites; communications by cellular phones; radio broadcasting; message sending; computer aided transmission of messages and images; teleconferencing services; providing user access to a global computer network (service providers); providing internet chatrooms; providing access to databases.

In respect of : Int'l Class 41 : Training in the field of communication technologies; educational services; instruction services; training services provided via simulators; providing information about online education; organization of competitions (education or entertainment); arranging and conducting of colloquiums; arranging and conducting of symposiums; arranging and conducting of conferences; arranging and conducting of concerts; arranging and conducting of in-person educational forums; online publication of electronic books and journals; providing online electronic publications, not downloadable; providing amusement arcade services; preparing subtitles for movies; production of radio and television programmes; providing online music, not downloadable; providing online videos, not downloadable; providing films, not downloadable, via video-on-demand services; providing television programs, not downloadable, via video-on-demand services; providing recreation facilities; entertainment information; game services provided on-line from a computer network; conducting fitness classes; audio and video recording services; providing entertainment information via a website; entertainment services; conducting guided tours; ticket agency services (entertainment); television entertainment; news reporters services.

In respect of : Int'l Class 42 : Cloud computing; information technology (IT) consultancy; recovery of computer data; technological research; technical project studies; conversion of data or documents from physical to electronic media; providing search engines for the internet; creating and maintaining web sites for others; research and development of new products for others; telecommunications technology consultancy; electronic data storage; scientific research; web site design consultancy; rental of web servers; computer security consultancy; computer technology consultancy; consultancy in the design and development of computer hardware; data conversion of computer programs and data (not physical conversion); computer system design; computer programming; computer software consultancy; updating of computer software; maintenance of computer software; computer software design; providing information on computer technology and programming via a web site; developing of driver and operating system software.

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintip@mipadvocate.com
myint.advocate@mptmail.net.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 48/50, 1st Floor, 36th Street
Kyauktada Township, Yangon,
Myanmar., P.O. Box : 1126
PH : 95 1 373 344, 95 1 372 209
Fax : 95 1 371 990

16 November 2019

## ၂၀၂၀ ရွေးကောက်ပွဲတွင် ကြိုတင်မဲဖြင့် အနိုင်ယူတာမျိုး မဖြစ်စေရဟု ရွေး/ကော်ဥက္ကဋ္ဌ ပြော

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်မဲဖြင့် အနိုင်ယူတာမျိုးမဖြစ်စေရဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးလှသိန်းက ပြောသည်။

နေပြည်တော်ရှိ Grand Amara Hotel ၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲဆိုင်ရာစွမ်းရည်မြှင့်သင်တန်းတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

''ပြီးခဲ့တဲ့ကာလတုန်းကြည့်ရင် ကြိုတင်မဲကိစ္စ လူထုကြားမှာ အပြောအများဆုံးဖြစ်ပါတယ်။ ပြောရလောက်အောင်လည်း အရင်ရွေးကောက်ပွဲတွေက ဖြစ်ခဲ့ပါတယ်။ ကြိုတင်မဲတွေနဲ့ မတရားသဖြင့် အနိုင်ယူတယ်ဆိုတာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ကော်မရှင်လက်ထက် ၂၀၂၀ ရွေးကောက်ပွဲမှာ ကြိုတင်မဲနဲ့ ဘယ်လိုနည်းနဲ့မှ အနိုင်ယူလို့မရအောင် ကျွန်တော်တို့ကော်မရှင်မှာ တာဝန်ရှိပါတယ်။ ကြိုတင်မဲကိစ္စကို အလေးအနက်ထားဂရုစိုက်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အရင်ဖြစ်ခဲ့တာတွေသိခဲ့ပြီ။ ကြိုတင်မဲနဲ့ အနိုင်ယူတဲ့ကိစ္စ ကျွန်တော်တို့လက်ထက်မှာ တစ္စန်းတစမှမပေါ်ပေါက်အောင် စောင့်ရှောက်ထိန်းသိမ်းရပါမယ်''ဟု ၎င်းကပြောသည်။

ထို့အပြင် ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်တွင် မည်မျှအထိ အရေးကြီးသည်ကို ပြည်သူများသိရှိစေရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေးသည် အရေးကြီးကြောင်း ဦးလှသိန်းက ပြောသည်။

''ရွေးကောက်ပွဲဟာ ဘယ်လောက်အရေးကြီးလဲ။ ဒီမိုကရေစီစနစ်မှာ ဘယ်လိုအရေးကြီးတယ်ဆိုတာ သိအောင်ပါ။ အကြမ်းဖျင်းပြည်သူတွေသိတာက ရွေးကောက်ပွဲလုပ်တာ အစိုးရကလုပ်တာ။ အစိုးရကခိုင်းတာကို လိုက်လုပ်နေတယ်လို့ ယူဆနေကြတယ်။ ကျွန်တော်တို့အတွေ့အကြုံက ၂၀၁၀၊ ၂၀၁၅ ပဲရှိသေးတယ်လေ။ ပြည်သူတွေကို အပြစ်မပြောလိုပါ။ ဒီမိုကရေစီစနစ်က စနေဆဲလေ။ ပြည်သူအမြင်မှာတော့ ရွေးကောက်ပွဲဆိုတာ အစိုးရကလုပ်တာ။ သူတို့ဖြစ်ချင်တာကို လုပ်ပေးရတာလို့ ယူဆသူတွေကရှိနေပါသေးတယ်။ မဲပေးတာက ၅ နှစ်တကြိမ်ပေးရတာ။ အဆုံးအဖြတ်မှားသွားရင် ၅ နှစ်ခံပေတော့ဆိုတဲ့ စိတ်ဓာတ်တွေရှိနေတယ်လေ။ ဒါကိုနားလည်အောင် ပြောပေးရမယ်''ဟု ၎င်းကပြောသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၇ ရက်ထုတ် The Global New Light of Myanmar သတင်းစာတွင် အမေရိကန်အခြေစိုက် International Foundation For Electoral System (IFES) မှ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖြန့်ဝေပေးရန်အတွက် လက်ပ်တော့အလုံး ၁၃၀၀ နှင့် ဆက်စပ်ပစ္စည်းအတွက် တင်ဒါတစောင်နှင့် ပရင်တာအလုံး ၃၃၀ နှင့် ဆက်စပ်ပစ္စည်းများအတွက် တင်ဒါတစောင် စုစုပေါင်း တင်ဒါနှစ်စောင်အား တရက်တည်းရက်စွဲဖြင့် တင်သွင်းရန် ခေါ်ယူခဲ့မှုအပေါ် ကန့်ကွက်ကြောင်းနှင့် ရွေးကောက်ပွဲကော်မရှင်ကို နိုင်ငံရေးပါတီအများစု လက်ခံနိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုးဆောင်ရွက်ရန် ကြံ့ခိုင်ရေးပါတီအပါအဝင် နိုင်ငံရေးပါတီ ၂၀ က နိုဝင်ဘာ ၂ ရက်တွင် ကြေညာချက် ထုတ်ပြန်၍ တောင်းဆိုထားသည်။

ထွန်း(နေပြည်တော်)

www.free4readers.com



# စာရင်းစစ်ပီပြင်လျှင် အဂတိတိုက်ဖျက်ရေးကို ထောက်ကူမည်

ကေမောင်မြင့်

မီနီဘတ်ဂျက်တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် အသုံးစရိတ်ကျပ်သန်းပေါင်း ၃၉၀ ကျော် ချထားပေးခဲ့သော်လည်း ဆိပ်ကြီးခနောင်တိုနှင့် ထန်းတပင်တို့အတွက် အသုံးပြုခဲ့သောငွေများရေစီးထဲမျောပါသွားပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီ ဥက္ကဋ္ဌဒေါ်စန္ဒာမင်းကပြောကြောင်း သတင်းဖတ်ရသည်။

ဒီသတင်းကိုဖတ်ရသည့်အခါ ကျွန်တော့်စိတ်တွေက အလုပ်တွင်လုပ်သက်ရခါစအခြေအနေသို့ ပြန်ရောက်သွားခဲ့ပါသည်။ ဌာနဆိုင်ရာသင်တန်းတက်စဉ် ကျွန်တော်တို့ဆရာက စာရင်းစစ်လုပ်ငန်းတွင် ရယ်စရာမောစရာများအဖြစ် အောက်ပါတို့ကိုသင်ကြားခဲ့ဖူးပါသည်။

**"စာရင်းစစ်ဆေးရာမှာ ခက်ခဲတဲ့လုပ်ငန်းတခု ရှိတယ်ကွယ့်။ အဲဒါကတော့ ကျောက်တုံးများရေနက်ထဲသို့ ပစ်ချခြင်း (The stones thrown into the deep water) လုပ်ငန်းပါပဲ။ မြစ်ရေတိုက်စားခြင်းမှကာကွယ်ရန်ကျောက်တုံးကြီးများ ရေနက်ထဲကိုပစ်ချရတယ်။ မြစ်ရေကြီးနေချိန်မှာ ရေနက်ထဲကို ကျောက်တုံးများပစ်ချရတာဆိုတော့ အားလုံးနီးပါး ရေထဲမျောသွားနိုင်တယ်။ ရေကျသွားတဲ့အချိန်မှာ ကျောက်တုံးမဖြစ်စလောက်ပဲ ကျန်နိုင်တယ်။ တာဝန်ခံအင်ဂျင်နီယာက ဘတ်ဂျက်ခွင့်ပြုငွေအားလုံး ထုတ်ပြီးသုံးလိုက်ရင်လည်း ရတာပဲ။ စာရင်းစစ်ချိန်မှာ ကျောက်တုံးတွေက ရေထဲမျောသွားပြီပေ့ါ။ ဒါကို စာရင်းစစ်ငိုလုပ်ငန်းလို့ ခေါ်သကွယ့်။ မှတ်ထားကြ။**

စာရင်းစစ်ဥပဒေအချို့တွင် ချို့ယွင်းအားနည်းချက်များရှိစမြဲဖြစ်၏။ ဆောက်လုပ်ရေးနှင့်ပတ်သက်သည့် ယင်းဥပဒေတွင်လုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာအင်ဂျင်နီယာလက်တွင် 'ဝ'ကွက်၍အပ်ထားသည်နှင့်တူ၏။ အင်ဂျင်နီယာသည် ယင်းကိစ္စနှင့်ပတ်သက်၍ဘတ်ဂျက်တွင်ပါလာသည်နှင့် အလွယ်ကလေးငွေထုတ်ယူပြီး အလွဲသုံးစားလုပ်နိုင်သည့်အခြေအနေတွင်ရှိ၏။ လုပ်ငန်းရာသီပြီးသည့်အခါတွင် မြစ်ရေစီးတွင်ပါသွားသည်ဟုမှတ်ယူ၍ အလွဲသုံးစားလုပ်နိုင်ခြင်းဖြစ်ပါ၏။ ဥပဒေကိုပြင်ဆင်၍မရပေဘူးလားဟု မေးခွန်းထုတ်စရာရှိ၏။ နောက်ဆက်တွဲနည်းဥပဒေ ညွှန်ကြားချက်များထုတ်ပြန်၍ အားနည်းချက်ကိုကာကွယ်နိုင်ပါသည်။ ဂုဏ်သရေရှိပုဂ္ဂိုလ်များပါဝင်သော လုပ်ငန်းကော်မတီတခုဖွဲ့ထားပြီး သက်ဆိုင်ရာအင်ဂျင်နီယာသည် ရေနက်ထဲသို့ကျောက်တုံးများပစ်ချခြင်း အလုပ်ကိုကော်မတီလူကြီးများရှေ့မှောက်တွင် ဆောင်ရွက်ရမည်ဟု ညွှန်ကြားပြဋ္ဌာန်းထားပါက ထိုကိစ္စကို သဲထဲရေသွန်မဖြစ်စေရန် ဟန့်တားပြီးဖြစ်လိမ့်မည် ထင်ပါသည်။

တိုင်းပြည်ဘဏ္ဍာငွေများ တော်တည့်မှန်ကန်စွာ သုံးစွဲနိုင်ရန် အင်္ဂလိပ်တို့သည် ဘဏ္ဍာရေးဆိုင်ရာနည်းဥပဒေ၊ စာရင်းစစ်နည်းဥပဒေများကို ပြဋ္ဌာန်းအုပ်ချုပ်ခဲ့သည်။ အင်္ဂလိပ်ထံမှလွတ်လပ်ရေးရယူသည့်အခါ အစိုးရဌာနယန္တရားတခုလုံးကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အတူ စနစ်တကျလွှဲပြောင်းယူခဲ့ပါသည်။ ကျွန်ုပ်တို့သည် ယင်းဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ထပ်တိုးခြင်းများ ပြုလုပ်နိုင်ခွင့်ရှိပါသည်။ ကောင်းသည့်အချက်များကို ဆက်လက်ယူဆောင်လာသင့်ပါသည်။



ရန်ကုန်တိုင်းစာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှ

> တိုင်းပြည်တိုးတက်ဖွံ့ဖြိုးလိုသော စိတ်တကယ်ရှိလျှင် ဒီမိုကရေစီခေါင်းဆောင်သစ်များသည် စာရင်းစစ်လုပ်ငန်းကို ပီပြင်စွာလုပ်ဆောင်စေသင့်သည်။ စာရင်းစစ်သည် မည်သူ့မျက်နှာကိုမှမကြည့်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း မျက်နှာကိုသာကြည့်၍ ဖြောင့်မတ်စွာလုပ်နိုင်လျှင် ကျွန်ုပ်တို့အလိုရှိနေသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိုလည်း မုချထောက်ကူပါလိမ့်မည် . . .

အစိုးရဌာနအသီးသီးတို့သည် လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီဆောင်ရွက်ပြီးစီးရုံနှင့် မပြီးပါ။ စာရင်းစစ်ဆေးပြီးမှသာလျှင် လုပ်ငန်းဆောင်ရွက်ပြီးစီးပါသည်။ စာရင်းစစ်ဆေးခြင်းလုပ်ငန်းတွင် အရပ်ဘက်၊ အစိုးရဌာနများကိုစစ်ဆေးရန် ငွေစာရင်းမင်းကြီး၊ ကာကွယ်ရေးဌာနစာရင်းများကိုစစ်ဆေးရန် ကာကွယ်ရေးဌာနငွေစာရင်းဝန်၊ ဒေသန္တရရန်ပုံငွေအဖွဲ့များကိုစစ်ဆေးရန်အတွက် ဒေသန္တရစာရင်းစစ်ညွှန်ကြားရေးဝန်၊ စာတိုက်လုပ်ငန်းကို စစ်ဆေးရန်အတွက် စာတိုက်နှင့်ကြေးနန်းငွေစာရင်းဝန်၊ စီးပွားရေးလုပ်ငန်းများကိုစစ်ဆေးရန်အတွက် စီးပွားရေးစာရင်းညွှန်ကြားရေးဝန် စသည်ဖြင့် စစ်ဆေးရေးဌာနများရှိခဲ့ပါသည်။ ဦးနေဝင်းသည် ဆိုရှယ်လစ်စနစ်တည်ထောင်ရန် အရပ်ဘက်စာရင်းစစ်ဌာနများကို ဗဟိုစာရင်းရုံးကာကွယ်ရေးဌာနအတွက် ကာကွယ်ရေးဌာနငွေစာရင်းဝန်ရုံးဟူ၍ နှစ်မျိုးသာထားရှိခဲ့သည်။ ယခင်အရပ်ဘက်စာရင်းစစ်ရုံးများကိုပေါင်းစပ်၍ ဗဟိုစာရင်းရုံးဟုခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဗဟိုစာရင်းရုံး၊ တိုင်းနှင့်ပြည်နယ်စာရင်းရုံး၊ မြို့နယ်စာရင်းရုံးဟူ၍ အဆင့်ဆင့်ဖွဲ့စည်းခဲ့သည်။

ဦးနေဝင်းက လုပ်ငန်းစစ်အဖွဲ့များကို အရပ်သား မဆလပါတီဝင်များဖြင့်ဖွဲ့သည်။ လုပ်ငန်းစစ်အဖွဲ့များသည် စာရင်းစစ်လုပ်ငန်းကိုနားလည်ထိတွေ့ဖူးသူများမဟုတ်။ ဗဟိုတွင်ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ထို့နောက် တိုင်းနှင့်ပြည်နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ မြို့နယ်တွင်မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းပြီး စာရင်းရုံးအဆင့်ဆင့်နှင့် တပ်ဆင်စေသည်။ စာရင်းစစ်လုပ်ငန်းကို နားမလည်သောလုပ်ငန်းစစ်အဖွဲ့အဆင့်ဆင့်သည် စာရင်းစစ်ရုံးအဆင့်ဆင့်တို့ကိုဦးဆောင်သည်။ ဤနည်းဖြင့် စာရင်းစစ်အနှစ်သာရပျက်ပါလေသတည်း။

ဖဆပလ ခေတ်စာရင်းစစ်နှင့် မဆလ ခေတ်စာရင်းစစ်တို့ကို နှိုင်းယှဉ်ပြသပါမည်။ ဖဆပလခေတ်က တိုင်းမင်းကြီးရုံးကိုစစ်ဆေးသောစာရင်းစစ်အစီရင်ခံစာတွင် ပါဝင်သောအချက်အလက်များကို ပြည်သူ့ငွေစာရင်းကော်မတီ (Public Account Commette) ရှေ့မှောက်တွင် တိုင်းမင်းကြီးက ရှင်းလင်းတင်ပြရပါက ထိုတိုင်းမင်းကြီးသည် ဘာမှအပြစ်မရှိဘဲရှင်းရသည်ဆိုကာမျှနှင့်ပင် ရာထူးတဆင့်ကျလေသည်။ အခြားသောအစိုးရဝန်ထမ်းများသည် ဤနမူနာကိုကြည့်ခြင်းဖြင့် စာရင်းစစ်အသံကြားရုံမျှဖြင့် ကျောချမ်းကြသည်။ ကြောက်ရွံ့ကြသည်။ ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း တသွေမသိမ်းလုပ်ကြရသည်။ စာရင်းစစ်အစီရင်ခံစာကြောင့် အဂတိလိုက်စားသူတို့ တရားစွဲထောင်ချခြင်းခံကြရသည်။ တနည်းအားဖြင့် အစိုးရယန္တရားကြီးကောင်းစွာလည်ပတ်နိုင်ခဲ့သည်။

မဆလခေတ်စာရင်းစစ်ဆေးခြင်းကို ကြည့်ကြပါစို့။ လုပ်ငန်းမကျွမ်းကျင်သူများက လုပ်ငန်းကျွမ်းကျင်သူများကိုဦးဆောင်သော လုပ်ငန်းစစ်အဖွဲ့သည် မုချမသွေလမ်းမှားသို့သာ ရောက်သွားသည်။ လုပ်ငန်းစစ်များက စာရင်းစစ်ဥပဒေဖြင့်မသွားလိုဘဲ 'လူခင်တော့မှုပြင်၊ လူမုန်းတော့ မှုသုံး'ဟူသော ရေးမထားသည့်ဥပဒေများဖြင့်လုပ်ဆောင်တတ်ကြပေရာ လုပ်ငန်းစစ်နှင့် စာရင်းစစ်ဝန်ထမ်းများသည် အနှစ်သာရအားဖြင့် အမြဲပင်ပဋိပက္ခအသွင်ကိုဆောင်ခဲ့သည်။ ပြဿနာကြီးများရှိလျှင် ဖုံးဖိထားလေ့ရှိကြသဖြင့် လွှတ်တော်တွင် ငမျောက်ငခြောက် ရယ်ဘွယ်ကောင်းသောကိစ္စများလောက်ကိုသာ တင်နိုင်ခဲ့သည်။ ၈၈ အရေးအခင်းကာလတွင် မဆလအစိုးရနှင့်အတူ လုပ်ငန်းစစ်အဖွဲ့တို့နိဂုံးကမ္ပတ်အဆုံးသတ်ခဲ့ကြလေသည်။

တိုင်းပြည်တိုးတက်ဖွံ့ဖြိုးလိုသောစိတ် တကယ်ရှိလျှင် ဒီမိုကရေစီခေါင်းဆောင်သစ်များသည် စာရင်းစစ်လုပ်ငန်းကိုပီပြင်စွာ လုပ်ဆောင်စေသင့်သည်။ စာရင်းစစ်သည် မည်သူ့မျက်နှာကိုမှမကြည့်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းမျက်နှာကိုသာကြည့်၍ ဖြောင့်မတ်စွာလုပ်နိုင်လျှင် ကျွန်ုပ်တို့အလိုရှိနေသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုလည်း မုချထောက်ကူပါလိမ့်မည်။ တရားဥပဒေစိုးမိုးရေးကိုလည်း ထောက်ကူပါလိမ့်မည်။ နိုင်ငံတော်တိုးတက်ရေးအတွက် အားဆေးကြီးတခုလည်း အမှန်ပင်ဖြစ်လိမ့်မည်ဟု ထင်မြင်မိပါကြောင်း။

**ကေမောင်မြင့်**

---

*စာ-၁၉ (ဆရာဝန်တယောက်ရဲ့အမှားသေးသေးလေးက လူနာတယောက်ရဲ့ အသက်တချောင်း) မှအဆက်*

ပြီးတော့ ဒီကိစ္စမှာ အားလုံးပါနေတယ်ဆိုပြီး ခြိမ်းခြောက်တယ်။ ဆေးရုံနာမည်နဲ့ သူ့ရဲ့သိက္ခာကိုကျလို့ မဖြစ်ဘူးပေ့ါ။ ဘာပဲဖြစ်ဖြစ် ကလေးအမေ နာဒီတာကတော့ သူ့သား အလောင်းကိုပွေ့ချီရင်း ဆေးရုံကနေ ထွက်သွားခဲ့ပါပြီ။ ပြီးတော့မှ အာဂျေးကားပေါ်တင်ပြီး အိမ်ကိုပြန်ကြတာပေ့ါ။

♛ ♛ ♛

ဒီကိစ္စကို လုံးဝမကျေနပ်တာက ရိုးမက်၊ ဒါဟာ တခုခုမှားနေတာကိုသိလျက်နဲ့ သူ့ချစ်သူ ရီယာကလည်း အမှန်အတိုင်းမပြောဘူး။ အမှန်အတိုင်းပြောလို့က သူပါဆရာဝန်ဘွဲ့ကဝေးပြီး မျှော်လင့်ချက်တွေ ပျောက်ဆုံးရမှာ။ ရိုးမက်က ကလေးသေသွားပေမဲ့ သူ့အမေကအဖြစ်မှန်ကို သိသင့်တယ်လို့ ခံယူခဲ့တာ။ ပြီးတော့ အူအတက်ခွဲရုံနဲ့ မသေပါဘူးဆိုပြီး သူက ကလေးကိုကတိပေးခဲ့တာ မဟုတ်လား။ အခုတော့ ကလေးက သေသွားတယ်။ ကာယကံရှင်တွေက အဖြစ်မှန်ကို ဖုံးကွယ်နေကြတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရိုးမက်က သူ့ချစ်သူရီယာနဲ့လမ်းခွဲပြီး အိမ်ပေါ်က ဆင်းခဲ့တယ်။

သူက ကလေးမသေခင် သုံးခဲ့တဲ့ဆေးတွေကို ကြည့်ပြီး စုံစမ်းတယ်။ ကလေးက အစာအဆိပ်ဖြစ်သွားတာ။ မခွဲခင် ကလေးအစာစားထားတယ်။ ဒါကို တင်ပြခဲ့တဲ့ နပ်စ်မရိုစီနာကိုတော့ ငွေပေးပြီးရွာကိုပြန်ဖို့ ဒေါက်တာအက်သနားက ပြန်လွှတ်လိုက်တယ်။ ပြီးတော့ စာရွက်ပေါ်က မခွဲစိတ်မီတနာရီမှာ မုန့်စားတယ်ဆိုတာကိုလည်း ၉ နာရီလို့ ပြင်ထားခဲ့တယ်။

နောက်တော့ အာဂျေးက အသိရှေ့နေမ ကာကျိုရီဆင် (Paoli Dam) ကိုငှားပြီး တရားစွဲခဲ့တာပေ့ါ။ ငွေလိုချင်၊ လျော်ကြေးလိုချင်လို့ မဟုတ်ဘူး။ အမှန်ဖြစ်ချင်လို့၊ ဆေးရုံနဲ့ ဒေါက်တာအက်သနား ဘက်ကလည်း ရှေ့နေရာဂျစ်မဲလာနစ် (Manish Chouldhary) ကိုငှားပြီး တရားပြိုင်ကြတာ။ နောက်ဆုံး ကလေးမုန့်စားထားတာကို သတင်းပို့တဲ့နပ်စ်မ ရိုစီနာကို ရွာက လိုက်ခေါ်ပြီး သက်သေတင်တော့လည်း ပထမ ဟုတ်မလိုလိုနဲ့ ရုံးကျတော့အမှန်ကို မထွက်ပေးဘူး။ ချစ်သူ ရီယာကို တရားရုံးမှာစစ်မေးတော့လည်း ရီယာက အမှန်ကိုမထွက်ဆိုဘူး။ တတ်နိုင်သမျှ ကြိုးစားပေမဲ့ နောက်ဆုံးမှာအမှုကို ပလပ်လိုက်ရတယ်၊ အမှုပြီးတော့ ရီယာလည်း ဒေါက်တာအက်သနားဆီမှာ ထွက်စာသွားတင်တယ်။ ရိုးမက်ကထွက်ပြီးတာကြာပြီ။

ဒေါက်တာအက်သနားက ရီယာကိုဒေါပွနေတယ်။ ဒါနဲ့အလုပ်ထွက်ရမလားဆိုပြီး "လူပဲအမှားရှိမှာပေ့ါ။ ဒါကနည်းနည်းလေးမှားခဲ့တာ။ နင်တို့ကိုးကွယ်နေတဲ့ဘုရားတောင် သေစေချင်တဲ့လူတွေသေစေပြီး ငါက သေမင်းနှုတ်ခမ်းဝက ကယ်ခဲ့ရတာ။ သူက ကလေးတွေမမွေးခင်ကတည်းက သေစေတယ်။ မွေးလာတော့ ခြေလက်မစုံတာတွေလည်း ပါတယ်။ ဒါတောင် ဘာမှအပြစ်မပြောဘူး။ ငါက ပိုက်ကလေး မသုံးခဲ့မိတာပဲ မှားတာ။ အစာတွေပြန်မထုတ်ခဲ့မိတာပဲမှားတာ။ ဒါနဲ့ငါက တရားခံဖြစ်ရောလား။ မင်းတို့ဘုရားက နာကျင်မှုတွေပေးချိန် ငါ့ဆီကိုရောက်လာကြတယ်။ ငါက နာကျင်မှုတွေသက်သာစေတယ်။ ငါလည်း ဘုရားပဲ"

ဒေါက်တာအက်သနား ပေါက်ကွဲနေပြီ။ သူပေါက်ကွဲပြီးပြောနေတာကို ရီယာက မသိမသာဖုန်းနဲ့ ဗီဒီယိုရိုက်ထားလိုက်တယ်။ နောက်တော့ ဒါကို အသံလွှင့်မီဒီယာဆီပေးလိုက်တယ်။ သူပေါက်ကွဲပြီး ပြောနေတာတွေ တနိုင်ငံလုံးသိသွားခဲ့တယ်။ နောက်ဆုံးတရားရုံးကိုပြန်ထိုင်ကြရပြီး တရားသူကြီးက ရုံးမှာ အမှန်အတိုင်းမထွက်ဆိုခဲ့တဲ့ ရီယာကို ဒဏ်ငွေ ၂၀၀၀၀၊ ဆေးရုံကိုလျော်ကြေးသိန်း ၂၀၀၊ ဒေါက်တာအက်သနားကို ပုဒ်မ ၄၀၃ နဲ့ ထောင်ဒဏ်အနှစ် ၂၀ ချမှတ်လိုက်တယ်။ ရီယာနဲ့ ရိုးမက်ချစ်သူနှစ်ဦးလည်း ပြန်ပြေလည်သွားခဲ့တယ်။

မြန်မာပြည်က တချို့အထူးကုဆေးရုံကြီးတွေ၊ အစိုးရဆေးရုံတွေ၊ သမားတော်တချို့နဲ့ ဆေးဝန်ထမ်းတချို့ရဲ့ လူနာတွေအပေါ် တာဝန်မဲ့လုပ်နေတာတွေ မြင်တိုင်း ဒီကားလေးကိုပဲ သတိရနေခဲ့မိတာ။

**နေသစ်နီ**

www.free4readers.com



# ရန်ကုန်မြို့သည် ပျော်ပွဲရွှင်ပွဲများဖြင့် စည်းကားသိုက်မြိုက်နေပြီး ·ပြည်သူများအတွက် စိတ်အပန်းဖြေမှုကိုဖြစ်စေချင်ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းပြော

ရန်ကုန်မြို့တော်ကြီးသည် ပျော်ပွဲရွှင်ပွဲများဖြင့် စည်းကားသိုက်မြိုက်နေပြီး ပြည်သူများအတွက် စိတ်အပန်းဖြေမှုကို ဖြစ်စေချင်ကြောင်း ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောကြားလိုက်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမျိုးသားကြက်တောင်ရုံရှေ့ ဖျော်ဖြေရေးစင်တွင် နိုဝင်ဘာလ ၉ ရက်ကပြုလုပ်သော(၈၁)ကြိမ်မြောက် လမ်းမတော်တန်ဆောင်တိုင်မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ်က ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

''ကျွန်တော်တို့ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်နေတဲ့ ကာလအတွင်းမှာ ရန်ကုန်မြို့တော်ကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို တဖက်ကဆောင်ရွက်နေသလို ပြည်သူလူထုတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့အတူ ပြည်သူလူထုတွေရဲ့ စိတ်ချမ်းမြေ့မှု၊ ပျော်ရွှင်သာယာမှုတွေကိုပေးနိုင်ဖို့ လိုပါတယ်။ လူမှုဘဝဆိုတာ အမြဲတမ်းအလုပ်အကိုင်တွေလုပ်နေဖို့၊ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနယ်ပယ်တွေမှာတင် မဟုတ်ဘဲနဲ့ သူတို့ရဲ့စိတ်အပန်းဖြေမှုကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးတဲ့ အခန်းကဏ္ဍတခုမှာရှိပါတယ်''ဟု ဝန်ကြီးချုပ်က ပြောသည်။

၁၂ လရာသီပွဲတော်များသည် ရန်ကုန်မြို့တော်ကြီးတွင် နေထိုင်သူများ၏ ဘဝအမောများကိုပြေစေမည့် ပျော်ရွှင်ချမ်းမြေ့မှုကိုပေးနိုင်မည့် ပွဲတော်များဖြစ်စေလိုသည်ဟုလည်း ဝန်ကြီးချုပ်ကပြောကြားခဲ့သည်။ လမ်းမတော်တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို အနော်ရထာလမ်းတလျှောက် လမ်းမတော်လမ်းနှင့် ၁ လမ်းကြားတွင် နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး ညစဥ်ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းထားသည်။



လမ်းမတော်တန်ဆောင်တိုင်ပွဲတော်နှင့်အတူ ၁၃ လမ်း(အောက်လမ်း)ရှိ အလင်္ကာကျော်စွာကာတွန်းဦးဘဂျမ်းလမ်း ကာတွန်းပြပွဲသည်လည်း မပါမပြီးပွဲတော်ကြီး၏ပုံရိပ်တခုအဖြစ်ရှိနေခဲ့သည်။ ယခု ၂၀၁၉ ခုနှစ်ဆိုလျှင် (၇၆) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ကာတွန်းလက်ရာပေါင်း ၄၀၀ ကျော်ပြသထားကြောင်း သိရသည်။ ယခုနှစ်တွင် 'ပြည်သူ့ဆန္ဒ' ကာတွန်းခေါင်းစဉ်ဖြင့် ကာတွန်းပြိုင်ပွဲ(ပေးပို့) ခေါ်ယူရာတွင် ကာတွန်းယှဉ်ပြိုင်သူ ၈၆ ဦး၊ ပြိုင်ပွဲဝင်ကားချပ်ပေါင်း ၁၃၂ ကားရရှိခဲ့သည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်ကာလအတွင်း ရန်ကုန်မြို့တော်ခန်းမရှေ့၊ မဟာဗန္ဓုလပန်းခြံ၊ မြေနီကုန်းတံတားအောက်၊ Juction City နေရာများသို့ လာရောက်လည်ပတ်သူများ၊ အမှတ်တရဓာတ်ပုံရိုက်ကူးသူများဖြင့် စည်းကားလျက်ရှိရာ မြို့တော်ခန်းမရှေ့ရှိ ညစဥ်ဖျော်ဖြေရေးအစီအစဉ်များကလည်း ရန်ကုန်နေပြည်သူများအတွက် စိတ်အပန်းဖြေရာ၊ ပျော်ရွှင်စရာနေရာတခုဖြစ်ခဲ့သည်။

**ကိုလင်း**

စာ-၁၃ (ဘွဲ့နှင်းသဘင်နဲ့ တရုတ်နဂါး) မှအဆက်

ဘီအိုစီကုမ္ပဏီမှ အင်ဂျင်နီယာနဲ့ သတ္တုတွင်းတူးဖော်တဲ့ ပညာသင်ကြားရန် ဆောက်လုပ်လှူဒါန်းတဲ့ စတာလင်ပေါင် ၁ သိန်းတန် အဆောက်အဦကို ဆောက်လုပ်လှူဒါန်းခဲ့တယ်။ ဘီအိုစီက အဲဒီ အဆောက်အဦလှူဒါန်းလိုက်တဲ့အတွက် လုပ်ပိုင်ခွင့်တွေ အများအပြားရခဲ့တယ်။ (ဘီအိုစီကောလိပ်ပါ)

နှစ်ပေါက် အကောက်အစားရတဲ့ငွေ အလှူခံရတဲ့ငွေက ၄၇ သိန်း ၇ သောင်း ၉ ထောင် ၉ ရာ ၃ ကျပ်၊ ၁ ပဲ ၅ ပိုင် (၄၇၇၉၉၀၃- ၁ ပဲ- ၅ ပိုင်)ရခဲ့တယ်။ အဲဒီရန်ပုံငွေမှာ အများစုက အကောက်အစားက အများစုရတာဖြစ်တယ်။ ဒါကြောင့် ဒီးဒုတ်ဦးဘချို တို့၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့က ''မင်းရို့တက္ကသိုလ်ဆိုတာ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တဲ့တက္ကသိုလ်ပါကွာ''လို့ မိန့်မြွက်ခဲ့ပါတယ်။

♛ ♛ ♛

၁၈၈၂-၈၃ ခုနှစ်တွေမှာ အင်းယားကန်ကို စတင်ဆယ်တယ်။ ကန်ပေါင်တင်တယ်။ အဲဒီကတည်းက အင်းယားကန်ပတ်လည်က သစ်တော၊ တောင်ကုန်း၊ ချိုင့်ဝှမ်းတွေကို ခုတ်တန်ခုတ်၊ ဖြိုတန်ဖြို၊ ဖို့တန်ဖို့ လုပ်ထားပြီးပါပြီ။ ရန်ကုန်တက္ကသိုလ်ဥပဒေကို ပြဋ္ဌာန်းလိုက်တဲ့အချိန်မှာ ကျောင်းသားတွေရော၊ ပြည်သူတွေပါ တက္ကသိုလ်ဥပဒေကို မကျေနပ်လို့ ကန့်ကွက်သပိတ်မှောက်လိုက်ကြတယ်။ အဲဒါအပြင် တက္ကသိုလ်အဆောက်အဦများ ဆောက်လုပ်ရေးအတွက် ငွေကြေးမပြည့်စုံသေးလို့ စောင့်ဆိုင်းခဲ့ရတယ်။ အဆောက်အဦတွေ စတင်ဆောက်လုပ်ဖို့ ၁၉၂၁ ခုနှစ်လောက်က မြေပြင်ဆင်တယ်လို့ သိရတယ်။ အဲဒီနေရာဟာ သစ်တောတွေ၊ တောင်ကုန်းတွေ၊ ချိုင့်ဝှမ်း တွေဖြစ်နေလို့ သစ်ပင်တွေ ခုတ်လှဲ၊ တောင်တွေဖြို၊ ချိုင့်တွေဖို့ လမ်းတွေဖောက်လုပ်ခဲ့တယ်။

အစောဆုံး ဆောက်လုပ်တဲ့ အဆောင်တွေက တကောင်း၊ ပြည်၊ ပုဂံဆောင်တွေပါ။ အဲဒီအဆောင်တွေက ကတိုက်ကရိုက်ဆောက်ရတာလို့ ဆိုတယ်။ လက်ရှိ ရန်ကုန်ကောလိပ်မှာ အိပ်ဆောင်မရှိလို့ ငှားရမ်းပြီး အဆောင်လုပ်ရတယ်။ ဒါလည်း ကျောင်းသားနဲ့မဆံ့ တကောင်း၊ ပြည်ဆောင်တို့ကို သစ်နဲ့ဆောက်ရတယ်တဲ့။ အဆောက်အဦတွေဆောက်လုပ်ဖို့ သစ်၊ သံ၊ အုတ်၊ ဘိလပ်မြေ စတာတွေ စုဆောင်းရတယ်။ တပြိုင်နက်ထဲမှာ အဆောက်အဦအတွက် နိုင်ငံခြား (ဥရောပ)က ဗိသုကာပညာရှင်တွေကို အဆောင်ပုံစံတွေနဲ့ ဘွဲ့နှင်းသဘင်ခန်းမပုံစံတွေ ရေးဆွဲစေခဲ့တယ်။

အစောဆုံးပြီးတဲ့အဆောင် ၂ ဆောင်က တကောင်း၊ ပြည် ကျောင်းဆောင်များဖြစ်တယ်။ ၁၉၂၃ ခုနှစ်စမှာ ပြီးသတဲ့၊ ပုဂံဆောင်ကတော့ ၁၉၂၅ ခုနှစ်ထိ ဆောက်ဆဲပါ။ အဲဒီအဆောင်တွေက ဗမာ့သမိုင်းထဲမှာ အစီအရီဖြစ်တည်လာခဲ့တဲ့ သမိုင်းစဉ်ကို လေးစားဂုဏ်ပြုတဲ့အနေနဲ့ အမည်ပေးခေါ်ဝေါ်တာလို့ သိရပါတယ်။

ကျန်တဲ့အဆောက်အဦတွေဆောက်ဖို့ ဥရောပက ဗိသုကာပညာရှင်တွေနဲ့ ပုံစံရေးဆွဲတာ။ အုတ်၊ သံ၊ သွပ်၊ သစ်၊ ဘိလပ်မြေ စတာတွေ စုဆောင်းဝယ်ယူရတာ။ ကျန်တဲ့ ပင်းယ၊ စစ်ကိုင်း၊ ပဲခူး၊ သထုံ ဆောင်တွေကို ၁၉၂၆ ခုနှစ်လောက်မှာ စတင်ဆောက်လုပ်ပြီး ၁၉၂၇ အကုန် ၁၉၂၈ စလောက်မှာ လက်စသတ်သတဲ့။

၁၉၂၆-၂၇ ခုနှစ်မှာ ဘွဲ့နှင်းသဘင်ခန်းမကို စတင်ပါသတဲ့။ ဥရောပဗိသုကာတွေက ပုံစံရေးဆွဲပြီး တရုတ်ပန်းရန်ဆရာတွေ၊ လက်သမားတွေကို စင်ကာပူကခေါ်ပါသတဲ့။ စင်ကာပူကလာတဲ့ ပန်းရန်ခေါင်းဆောင်၊ လက်သမားတွေအားလုံး တရုတ်တွေပါ။ အင်ဂျင်နီယာတွေက ဥရောပတိုက်သားတွေ။

စင်ကာပူတရုတ်ပန်းရန်ဆရာတွေဟာ အဆောက်အဦပန္နက်ရိုက်တဲ့အချိန်ကစပြီး ဗမာတွေလိုပဲ ဆိုင်ရာပိုင်ရာကိုတင်မြှောက်တာပွဲပေးတာလုပ်ပြီးမှ စဆောက်တာ။ အဲဒါကနေ့ထိပဲ။ စင်ကာပူတရုတ်တွေတင်လားဆိုတော့ မဟုတ်သေးဘူး။ ဗမာပြည်ကိုအုပ်ချုပ်နေတဲ့ ဘုရင်ခံကိုယ်တိုင်နဲ့ အာဏာပိုင်တွေအားလုံးနီးပါးဟာ ဗေဒင်တို့၊ စုန်း၊ နတ်၊ ကဝေတွေနဲ့ အစီအရင်တွေကို ယုံကြည်ဆိုကိုး။

ဗမာပြည်ဒုတိယဘုရင်ခံ ဆာရက်ဂျီနယ် ဟင်နရီ ကရက်ဒေါက် (Sir Reginald Henry Creddock)နဲ့ အာဏာပိုင်တို့က တက္ကသိုလ်တည်ဆောက်ရေးအတွက် မင်းတိုင်ပင်အမတ်အချို့၊ နယ်ချဲ့အလိုတော်ရိတချို့မှတဆင့် မန္တလေးမှ ပုဏ္ဏားပညာရှိတချို့ကို ပင့်ဖိတ်ပြီး တွက်ချက်စေပါသတဲ့။

မင်းဆရာပုဏ္ဏားတော်များက အသေအချာတွက်ချက်စစ်ဆေးပြီး ယတြာချေတာ၊ အဆောင်လုပ်တာ၊ အစီအရင်လုပ်တာကို လုပ်စေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နယ်ချဲ့အစိုးရဟာ ဗမာပြည်ကိုသိမ်းပိုက်စကတည်းက လက်နက်ကိုင်တော်လှန်ရေးတွေနဲ့ကြုံကြိုက်ခဲ့ရတယ်။ ၁၉၁၇ ခုနှစ်မှာ အုပ်ချုပ်ရေးတိုးပေးဖို့ တောင်းဆိုခဲ့တယ်။ ၁၉၁၉ ခုနှစ်မှာ အင်္ဂလန်ထိသွားပြီး အုပ်ချုပ်ရေးတိုးပေးဖို့ ထပ်မံတောင်းဆိုပြန်တယ်။ ၁၉၂၀ ဒီဇင်ဘာ ၅ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်ဥပဒေကို ကန့်ကွက်တဲ့အနေနဲ့ ကောလိပ်ကျောင်းသားတွေ သပိတ်မှောက်ရာက တနိုင်ငံလုံးသပိတ်မှောက်ခဲ့တဲ့အပြင် အမျိုးသားကျောင်းတွေ၊ အမျိုးသားပညာရေး၊ အမျိုးသားကောလိပ်တွေ ထူထောင်တဲ့အထိ နယ်ချဲ့အစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။

ဒီလိုဆန့်ကျင်တိုက်ခိုက်မှုမျိုးဟာ ဗမာပြည်မှာသာရှိတယ်။ ဒီလို ပြင်းထန်တဲ့တိုက်ခိုက်မှုမျိုး တခြားကိုလိုနီနိုင်ငံတွေမှာ မရှိခဲ့ဖူးဘူး။ ဗမာပြည်ရဲ့ ၁၉၂၀ သပိတ်ဟာ အင်မတန်စူးရှထက်မြက်တဲ့သပိတ်ဖြစ်လို့ နောင် ဒီလိုတိုက်ခိုက်မှုမျိုးမဖြစ်ရလေအောင် ယတြာနဲ့ အစီအရင်ထဲမှာ နဂါး ၂ ကောင်လည်း ပါတယ်။

· ပုဏ္ဏားတော်တွေက တက္ကသိုလ်ရဲ့ · အဓိကအဆောက်အဦဆောက်လုပ်ရာမှာ ယတြာအစီအရင်အနေနဲ့ အဓိကအဆောက်အဦရဲ့ အမိုး၊ နဖူးစည်းစတဲ့ အမြင့်ဆုံးနေရာမှာ တက္ကသိုလ်ကို အင်္ဂလိပ်က ထိန်းသိမ်းအုပ်ချုပ်မှုအောက်မှာရှိရမယ်ဆိုတဲ့ အဓိပ္ပာယ်သဘောပါတဲ့ အစီအရင်တခုပြုလုပ်စေပါသတဲ့။ အဲဒီအစီအရင်ဟာ တခြားမဟုတ်ဘူး။ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆိုတာ ရန်ကုန်တက္ကသိုလ်ရဲ့ အဓိကအဆောက်အဦမဟုတ်လား။ ဒါကြောင့် ဘွဲ့နှင်းသဘင်အဆောက်အဦနဖူးစည်းမှာ တက္ကသိုလ်အမှတ်အသားတံဆိပ်ကို နဂါးနှစ်ကောင်ကစောင့်ကြပ်နေတဲ့ သဘောဖြစ်ပါသတဲ့။

**ဒီနေရာမှာ နဂါးကို ဘာကြောင့်သုံးသလဲဆိုတာ နည်းနည်းရှင်းဖို့လိုမယ်ထင်တယ်။**

**နဂါးဆိုတာကို နေ့သင့်နံသင့်ယူမယ်ဆိုရင် နဂါးဟာ 'စနေ'နံပါ။ ဗြိတိသျှဆိုတဲ့ အင်္ဂလိပ်ကလည်း စနေနံပါ။ ဗြိတိသျှဆိုတာရဲ့ အလယ်စာလုံး 'တိ'ဆိုတာကိုယူလို့ စနေဖြစ်တယ်။ ဗြိတိသျှဟာ စနေဖြစ်တယ်**ဆိုတဲ့အကြောင်း အောက်မှာဖော်ပြခဲ့တဲ့ စာချိုးလား၊ တဘောင်လား စနည်းလား မသိပါဘူး။ ဖတ်ကြည့်ပါ။

''အင်း- ကို- ဟသာ- ဆင်းမည်။ ဆင်းရင်- လေး- နဲ့ခွင်းမည်။ ထို- မုဆိုး- ကို- ထီးရိုး- ရိုက်လိမ့်မည် ထီးရိုး-ကို- မိုးကြိုး- ပစ်မတဲ့စာရှိပါသည်။

ဒီတဘောင်စာချိုးက ဘာကိုပြနေသလဲဆိုရင်

အင်း- ဆိုတာက အင်းဝ- ဟသာ- ဆိုတာက ဟံသာဝတီပဲခူးမွန်တို့ကို ပြောတာ။ လေးမြားကိုင်တာက မုဆိုး-မုဆိုးဆိုတာ ရန်ကြီးအောင်၊ ကုန်းဘောင်၊ ရွှေဘို၊ မုဆိုးဘို၊ ရတနာသိင်္ခယ်ဆိုတဲ့ ကုန်းဘောင်ဆက်။ ထီးရိုးဆိုတာ ဗြိတိသျှအင်္ဂလိပ်။ မိုးကြိုးက မိနာမိကိကန်း (အာရှတောင်ပိုင်းသိမ်းပိုက်ရေးအဖွဲ့ခေါင်းဆောင်ကာနယ်ဆူဇူကီးခေါ် ဗိုလ်မိုးကြိုး။)

ဒါကို ဆက်စပ်ကြည့်တဲ့အခါ အင်းဝကို မွန်တို့တိုက်ခိုက်တယ်။ မွန်ကို အလောင်းဘုရားက တိုက်ခိုက်အောင်မြင်တယ်။ ကုန်းဘောင်ဆက်ကို ဗြိတိသျှနယ်ချဲ့က သိမ်းပိုက်တယ်။ ဗြိတိသျှကို ဂျပန် ဗိုလ်မိုးကြိုးက တိုက်ခိုက်အောင်မြင်တယ်။ ဒါကြောင့် ဗြိတိသျှကို စနေနံလို့ ကောက်ယူတာဖြစ်တယ်။

စနေနံဟာ နဂါးဆိုတာရှင်းပြီ။ ဒါကြောင့် ဗမာပြည်ရဲ့အခေါင်အထွတ်ဖြစ်တဲ့ တက္ကသိုလ်ရဲ့ အခေါင်အချုပ် ဘွဲ့နှင်းသဘင်ခန်းမရဲ့ ဦးကင်အထွတ်မှာ တက္ကသိုလ်အမှတ်တံဆိပ်ကို နဂါးနှစ်ကောင် စောင့်ကြပ်နေဟန်ဖြစ်တယ်။ ဒါပေမဲ့ ပန်းရန်ဆရာက တရုတ်ဖြစ်တော့ ဗမာနဂါးမဟုတ်ဘဲ တရုတ်နဂါးဖြစ်သွားသတဲ့။ ဆိုလိုရင်းအဓိပ္ပာယ်က နယ်ချဲ့ဗြိတိသျှအစိုးရရဲ့လက်အောက်မှာ ဗမာပြည်နဲ့ ဗမာလူမျိုး၊ ဗမာ့ပညာရေးစနစ်ဟာ ဗြိတိသျှတို့ ခြယ်လှယ်အုပ်ချုပ်မှုအောက်မှာ အမြဲဦးကျိုးနေအောင်စီရင်တဲ့ အစီအရင်နဲ့ ယတြာဖြစ်တယ်လို့ ဘကြီးဘဘောက ပြောပြပါတယ်။

ကိုယ်တိုင်သိတာ မဟုတ်ပါ။ ဘကြီးဘဘောလို ပုဂ္ဂိုလ်ပြောပြတာ မှတ်သားပြီး ပြန်လည်ရေးပြတာပါ။ ဟုတ်၊ မဟုတ် မသေချာ။ ဟုတ်လောက်ဖို့များပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေက လှည့်ဖြားပြောဆိုရမယ့်အကြောင်း တရားမဟုတ်ဘူးလို့ ဆိုချင်ပါတယ်။ အတိအကျသိသူရှိရင် ရေးကြစေချင်ပါတယ်။

♛ ♛ ♛

နာနတ်တော ရွာမှာနေတဲ့ စာရေးသူရဲ့သူငယ်ချင်း ကိုမြင့်ဆွေ ဖခင်ဦးဘအုန်းက သူတို့ငယ်ငယ်က အကြောင်းတွေ ပြောပြလေ့ရှိတယ်။ သူတို့ငယ်ငယ်ငယ်က လှည်းတန်းမှာ လှည်းတိုက်တယ်။ တက္ကသိုလ်ကြီးဆောက်တော့ အုတ်သဲကျောက် သူတို့နွားလှည်းနဲ့ သယ်ပေးရသတဲ့။ သဲနဲ့ကျောက်ကို ကမာရွတ်ချောင်းဝက သယ်ရတယ်။ အုတ်ကို အခု ခုနစ်မိုင် ၆ ရပ်ကွက် အုတ်ကျင်း နဲ့ အင်းစိန်လမ်းအုတ်ကျင်းက သယ်ရတယ်။ လှည်းမတိုက်ရတဲ့နေ့မှာ အုတ်သယ်၊ ကျောက်သယ် ပန်းရန်နောက်လိုက်လုပ်တယ်။ နေ့စားခရတယ်။ လှည်းမရှိတဲ့သူက အလုပ်ကြမ်းဝင်လုပ်ကြသတဲ့။ တချို့က လက်သမား၊ တချို့က ပန်းရန်နောက်လိုက် လိုက်လုပ်ကြတယ်။ ပန်းရန်၊ လက်သမားခေါင်းဆောင်တွေအားလုံး တရုတ်တွေ။ မိန်းမတွေလည်း အုတ်သယ်၊ သဲသယ်၊ မဆလာရွက်လုပ်ကြတယ်။

အဲဒီမှာ အလုပ်လုပ်ရတာက နှစ်နဲ့ချီလုပ်ရတာ။ ကြာတော့ တရုတ်ပန်းရန်ဆရာတွေ၊ လက်သမားတွေနဲ့ အုတ်၊ သဲသယ် မိန်းမတွေနဲ့ညားကြပါလေရောလား။ တို့ရွာထဲက မယ်အေး အဲဒီမှာအကြော်ရောင်းတယ်။ တို့နဲ့ မောင်နှမဝမ်းကွဲတော်တယ်။ သူနဲ့ ဘွဲ့နှင်းသဘင်ဆောက်တဲ့ တရုတ်ပန်းရန်ဆရာနဲ့ညားတယ်။ တရုတ်စင်ကာပူပြန်တော့ မယ်အေးလည်းပါသွားတယ်။ ခုထိ မယ်အေး သားသမီးတွေ စင်ကာပူမှာ ရှိသေးတယ်။ ၂၀၀၇-၂၀၀၈ ခုနှစ်က စာရေးသူ စင်ကာပူမှာ ၂ နှစ်နီးပါးနေခဲ့တယ်။ ဒေါ်အေးတို့ မိသားစုကိုရှာဖို့ ကိုမြင့်ဆွေက မှာလို့ရှာပါတယ်။ စင်ကာပူနဲ့ အရှေ့ဘက်ရထားလမ်းဆုံး 'ပါဆာရစ်'မှာနေတယ်။

ဒေါ်အေးတို့လင်မယားလည်း မရှိတော့ဘူး။ သားသမီးတွေ ကျန်ခဲ့တယ်။ သူတို့မိဘဓာတ်ပုံတွေ ပြတယ်။ ဗမာပြည်မှာမွေးခဲ့တဲ့ မမြဦးဆိုတာရှိသေးတယ်။ သူ့အဖေ ဗမာပြည်တက္ကသိုလ်ဆောက်စဉ်က အကြောင်းတွေ၊ သူ့မိဘတွေ ပြောပြတာကြားဖူးတယ်တဲ့။ ဘွဲ့နှင်းသဘင်နဲ့ နဂါးနှစ်ကောင်အကြောင်းလည်း ပါသတဲ့။ ဘွဲ့နှင်းသဘင်ခန်းမနဖူးစည်းမှာ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် တရုတ်ပန်းရန်ဆရာက တရုတ်နဂါးရုပ် ထည့်သွင်းဆောက်လုပ်ခဲ့တယ်ဆိုတာကတော့ အသေအချာပါပဲ။ ပြီးတော့ ဗမာပြည်က တရုတ်မဟုတ်ဘူးလေ။ စင်ကာပူတရုတ်ကို၊ ဗမာနဂါးရုပ်ဘယ်သိပ့်မလဲ။

**လှကျွန်း**

www.free4readers.com







# အရောင်မွဲမွဲနဲ့ ကျန်းမာရေး ခရမ်းချဉ်တို့ရဲ့ မနက်ဖြန်

အိမ့်သန္တာထွန်း

> "ပုံမှန်စိုက်ပျိုးကြတဲ့သူတွေက ပိုးသတ်ဆေးတွေကို သတ်မှတ်ထားတဲ့နှုန်းထက် ကျော်လွန်သုံးစွဲတာ၊ ခူးဆွတ်ရမယ့် ရက်မတိုင်ခင်စောပြီး ခူးဆွတ်ရောင်းချတာတွေ ပြုလုပ်ကြတာကြောင့် စားသုံးသူတွေကို ထိခိုက်စေတဲ့အပြင် အင်းလေးရေပြင်ကိုလည်း ဆိုးကျိုးတွေ သက်ရောက်စေပါတယ် . . ."

ဝါးခမောက်ကိုဆောင်း၊ ရှမ်းဘောင်းဘီကိုဝတ်ပြီး လှေပေါ်မှာ ရေစုပ်စက်ကြီးကိုတင်လို့ နေပူကျဲကျဲကြီးထဲမှာ ကျွန်းမျောပေါ် ခရမ်းချဉ်ပင်တွေကို လူတယောက် ရေလိုက်ဖျန်းနေပါတယ်။

နေရောင်အောက်က ခရမ်းချဉ်ပင်တွေမှာ အသီးသေးသေးလေးတွေက စိမ်းစိမ်းစိုစိုနဲ့ တွဲလောင်းသီးနေပါတယ်။ ဒီအသီးတွေဟာ ဈေးထဲက မြင်နေကျ အသီးတွေလို အပေါ်ခွံက ကြည်လင်တောက်ပနေတာမျိုးမဟုတ်ဘဲ အရောင်က အနည်းငယ်မွဲပါတယ်။

ကြည်လင်တောက်ပနေတာမျိုးက ဓာတုဆေးဝါး အများကြီးသုံးစွဲထားတာကြောင့် ဖြစ်တယ်လို့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices- GAP) ကို ဦးဆောင်လုပ်ကိုင်နေသူ တောင်သူဦးမျိုးမြင့်က သူ့ရဲ့ပါးစပ်ထဲက ကွမ်းတံတွေးကိုထွေးခံထဲ ထွေးထည့်ရင်း အားပါးတရပြောပြပါတယ်။

"ဝယ်သူတွေက အရောင်လှတာပိုကြိုက်ကြတယ်။ တကယ်က အဲလိုအရောင်လှနေတာက စားသုံးသူတွေအတွက် ပိုပြီးအန္တရာယ်ရှိတယ်။ ဓာတုဆေးတွေ သုံးတာများလို့ အဲလိုဖြစ်တာ။ အော်ဂင်နိကလိုရင်းလို့ ခေါ်တဲ့ဆေး။ ကျွန်တော်တို့ အင်းသားတွေ အခေါ်အရ သုံးဆင့်ခွဲပေါ့၊ အဲဒီဆေးက ဖျန်းထားတဲ့ အပင်ကို ဖလံကောင်စားရင် အဲဒီဖလံသေတယ်၊ အဲဒီသေတဲ့ ဖလံရေထဲကျသွားလို့ ငါးကစားရင် ငါးသေတယ်၊ အဲဒီငါးကိုစားမိရင် စားတဲ့အကောင် ထပ်သေတယ်"လို့ မဲ့ခြောက်တွေ၊ တင်းတိပ်တွေစွဲနေတဲ့ မျက်နှာဖြူဖြူကြီးကို ရှုံ့မဲ့ရင်း ဦးမျိုးမြင့်က ရှင်းပြပါတယ်။

GAPစနစ်ဆိုတာက အော်ဂင်းနစ်စိုက်ပျိုးရေးလို ပိုးသတ်ဆေးလုံးဝ မသုံးတာမျိုးမဟုတ်ဘဲ ပိုးသတ်ဆေးကို နည်းစနစ်တကျ သုံးစွဲရတာဖြစ်ပါတယ်။ ပိုးသတ်ဆေးတွေကို ဓာတုပိုးသတ်ဆေးတွေထက် ဇီဝပိုးသတ်ဆေးတွေကို ပိုမိုအသုံးပြုကြပါတယ်။ အသုံးပြုတဲ့ဆေးတွေနဲ့ အသုံးပြုတဲ့ရက်တွေကို စနစ်တကျ မှတ်တမ်းတင်ထားရပါတယ်။ ဒီစနစ်ကို ဖော်ဆောင်ဖို့အတွက် သီးနှံတွေ စတင်စိုက်ပျိုးဖို့ မြေရွေးချယ်ချိန်ကစလို့ စားသုံးသူတွေလက်ထဲ ရောက်တဲ့အထိ စိုက်ပျိုးထုတ်လုပ်မှု အဆင့်တိုင်းမှာ ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်တာဖြစ်ပါတယ်။ သီးနှံတွေထဲကို ဓာတုဆေးဝါးတွေ၊ ညစ်ညမ်းမှုတွေ မဝင်ရောက်ဖို့ ဂရုတစိုက်လုပ်ဆောင်ရပါတယ်။

GAP စနစ်ကို ဒီဒေသမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီက တောင်သူ ၅၄ ဦးနဲ့စတင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ၈၁ ဦးအထိတိုးလာခဲ့ပြီး ၂၀၁၉ ခုနှစ်မှာတော့ ၁၀၆ ဦးအထိ ရှိလာခဲ့တယ်လို့ ညောင်ရွှေမြို့နယ် စိုက်ပျိုးရေးရုံးရဲ့ အချက်အလက်တွေက ဖော်ပြနေပါတယ်။

ပုံမှန်စိုက်ပျိုးကြတဲ့သူတွေက ပိုးသတ်ဆေးတွေကို သတ်မှတ်ထားတဲ့နှုန်းထက် ကျော်လွန်သုံးစွဲတာ၊ ခူးဆွတ်ရမယ့် ရက်မတိုင်ခင်စောပြီး ခူးဆွတ်ရောင်းချတာတွေ ပြုလုပ်ကြတာကြောင့် စားသုံးသူတွေကို ထိခိုက်စေတဲ့အပြင် အင်းလေးရေပြင်ကိုလည်း ဆိုးကျိုးတွေ သက်ရောက်စေပါတယ်။

၁၉၉၉ ခုနှစ်လောက်တုန်းက ဒါရိုက်တာမင်းထင်ကိုကိုကြီးက အင်းသီးဆိုတဲ့ဇာတ်လမ်း ရိုက်လိုက်တာကြောင့် လူသိများသွားပြီး အင်းလေးဒေသမှာ စိုက်တဲ့ ခရမ်းချဉ်သီးတွေက ပိုးသတ်ဆေးသုံးတာ အင်မတန်များတယ်ဆိုတာကို စားသုံးသူတွေက သိလာခဲ့ကြပါတယ်။ ပိုးသတ်ဆေးတွေ အလွန်အကြူးသုံးစွဲမှုကြောင့် အင်းလေးကန်ရေ ညစ်ညမ်းပြီး ကျန်းမာရေးနဲ့ မညီညွတ်တာတွေ ဖြစ်လာတဲ့အတွက် ကျန်းမာရေး၊ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့အဖွဲ့တွေက ၂၀၀၀ ပြည့်နှစ်လောက်ကစပြီး ဝေဖန်ပြောဆိုတာတွေ ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ၂၀၁၀ ပြည့်နှစ်မှာ အင်းလေးကန်ရဲ့ရေတွေ ခန်းလာတာ၊ ညစ်ညမ်းမှုတွေ များလာတာကြောင့် အင်းလေးကန်ကြီး ပျက်စီးတော့မယ်လို့ လူပြောများခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ အင်းလေးကန်ရဲ့ သဘာဝကြီး မပျက်စီးဖို့အတွက် စိုက်ပျိုးရေးကို ကောင်းမွန်တဲ့ နည်းစနစ်တခုအဖြစ် ပြောင်းလဲနိုင်အောင် လုပ်ဆောင်လာခဲ့ပါတယ်။

ဒီပြောင်းလဲမှုကို သဘောကျတဲ့ တောင်သူတွေရှိသလို မနှစ်သက်တဲ့ တောင်သူတွေလည်း ရှိနေပါတယ်။ စိုက်ပျိုးရေးနည်းစနစ်က ပုံမှန်စိုက်ပျိုးနေကျပုံစံထက် ပိုပြီး တိကျသေချာအောင် မှတ်တမ်းမှတ်ရာတွေနဲ့ လုပ်ဆောင်ရတာကြောင့်ပါ။ ပိုးသတ်ဆေးတွေဖျန်းတဲ့အခါ ရက်သတ်မှတ်ချက်တွေကို အတိအကျလိုက်နာရတာကြောင့် သတ်မှတ်ရက် မပြည့်မချင်း ထပ်ဖျန်းလို့မရတဲ့အတွက် အထွက်နှုန်းကို ထိခိုက်မှာ စိုးရိမ်ကြတာကြောင့်ပါ။

GAP ရဲ့ အဓိကရည်ရွယ်ချက်က စားသုံးသူတွေနဲ့ တောင်သူများအတွက် အပြည့်အဝလုံခြုံရေးဖြစ်ပြီး လက်ရှိမှာ အပိုင်း ၃ ပိုင်းနဲ့ လုပ်ဆောင်နေတယ်လို့ ဆိုပါတယ်။ ပထမအပိုင်းမှာ မြန်မာ GAP ရဲ့ အားနည်းနေတဲ့ အပိုင်းတွေကို GIZ က အစိုးရကို ပေါ်လစီပိုင်းကူညီဖို့၊ ဒုတိယပိုင်းအနေနဲ့ အင်းလေးဟဲဟို၊ ပင်းတယက တောင်သူအစုအဖွဲ့တွေကို လက်တွေ့ Food Safity နဲ့ပတ်သတ်တဲ့ သင်တန်းတွေ၊ အကူအညီတွေပေးဖို့ ဖြစ်ပါတယ်။

နံပါတ် ၃ အချက်ကတော့ "စိုက်ပျိုးရေးတက္ကသိုလ်မှာ အရင်တုန်းက ဒီမေဂျာမရှိဘူး၊ အခုက ဒီ GAP မေဂျာနဲ့ ဘွဲ့တခုပေးဖို့ စီစဉ်နေတယ်ပေါ့"ဟု GIZ ရဲ့ နည်းပညာအကြံပေး တယောက်ဖြစ်တဲ့ ကိုသက်ဝင်းလှိုင်က ရှင်းပြပါတယ်။ GIZ ဆိုတာ GAP နည်းစနစ်နဲ့ စိုက်ပျိုးမယ့်တောင်သူတွေအတွက် GIZ သင်တန်းတွေပေးနေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

GAP စနစ်နဲ့ စိုက်ပျိုးသူတွေအတွက် ထောက်ခံချက်လက်မှတ်ကို စိုက်ပျိုးရေးဦးစီးဌာနက ပေးမှာဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်တဲ့ ကုမ္ပဏီတွေ၊ ခြံပိုင်ရှင်တွေ၊ ဌာနဆိုင်ရာခြံတွေအားလုံး GAP လျှောက်ထားရမှာပါ။ လျှောက်လွှာတွေကို မြို့နယ်ရုံးမှာ ရယူနိုင်ပြီး လျှောက်လွှာတင်ထားတဲ့ ခြံတွေကို GAP Inspector တွေက စစ်ဆေးမှာ ဖြစ်ပါတယ်။

GAP စနစ်နဲ့ ပုံမှန်စိုက်ပျိုးနေကျနည်းလမ်း ကွဲပြားခြားနားတာ သိပ်မရှိပေမဲ့ GAP စနစ်မှာ တောင်သူတွေအနေနဲ့ မစိုက်ပျိုးခင် မြေကြီးမှာလုပ်ဆောင်ရမယ့်အချက်တွေ၊ ပိုးသတ်ဆေးဖျန်းပုံတွေ၊ ရိတ်သိမ်းခြွေလှေ့တဲ့အခါ လိုက်နာရမယ့်အချက်တွေ၊ သိုလှောင်ပုံနည်းစနစ်တွေ၊ ထုပ်ပိုးတဲ့အခါ လိုက်နာရမယ့်အချက်တွေ၊ တနေရာနဲ့တနေရာ ပို့ဆောင်တဲ့အခါ လိုက်နာရမယ့်နည်းလမ်းတွေ ရှိပါတယ်။ စိုက်ပျိုးမယ့်မြေက အာဆင်းနစ်၊ ခဲ၊ ခရိုမီယမ်၊ ကတ်မီယမ်၊ မာကျူရီဓာတ်သတ္တုတွေရှိနေလို့ မရပါဘူး။ ရှိခဲ့ရင်လည်း ပြုပြင်ပြီးကင်းစင်အောင် လုပ်ရပါမယ်။ စိုက်ခင်းမြေပုံကိုလည်း သေချာထားရှိပြီး သီးနှံဓာတ်ကြွင်းတွေရှိ၊ မရှိ ဂရုစိုက်ကြည့်ရပါမယ်။

အင်းလေးဒေသက ကျွန်းမျောတွေဟာ ပေါင်းသတ်ဆေးသုံးလို့ မဖြစ်ပါဘူး။ ပေါင်းသတ်ဆေးသုံးရင် ကျွန်းမျောတွေ ပျက်စီးတတ်တယ်လို့ ဆိုပါတယ်။ ပြီးတော့ ပေါင်းသတ်ဆေးအသုံးမပြုရင် ရေထုညစ်ညမ်းမှုကိုလည်း အနည်းနဲ့အများ လျှော့ချနိုင်မှာပါ။ ဒါပေမဲ့ တချို့အင်းတောင်သူတွေကတော့ အင်းလေးရေက ရေသေမဟုတ်တဲ့အတွက် ရေထုညစ်ညမ်းမှုကို လျှော့ပြီးသားဖြစ်တယ်လို့ ဆိုကြတယ်။

အင်းခရမ်းချဉ်သီးကို မိုးရာသီနဲ့ ဆောင်းရာသီတွေမှာ စိုက်ပျိုးကြပါတယ်။ မိုးရာသီမှာစိုက်တဲ့ ခရမ်းချဉ်သီးက စိုက်ဧက ပိုများပါတယ်။ မိုးခရမ်းချဉ်သီးကို ဖေဖော်ဝါရီလနဲ့ မတ်လတွေမှာ စတင်ပျိုးထောင်ပြီး ပျိုးသက် ၂၀ ၊ ၂၅ ရက်သားမှာ ပြောင်းရွှေ့စိုက်ပျိုးပါတယ်။ ရက် ၆၀၊ ၇၀ လောက်မှာ အသီးကို စတင်ခူးဆွတ်ကြတာ ဖြစ်ပါတယ်။

GAP စနစ်နဲ့ စိုက်ပျိုးထားတဲ့ အင်းခရမ်းချဉ်သီးရဲ့ အခုလက်ရှိပေါက်ဈေးက တပိဿာကို ၈၀၀ကျပ်ရှိပါတယ်။ ဒီခရမ်းချဉ်သီးတွေကို မာလာမြိုင် စိုက်ပျိုးရေးအရောင်းစင်တာကို ပို့ပေးရတာပါ။ ပိဿာ ၃၀ ပါတတင်းကို ၁၃၅၀၀ ဈေး ရှိပါတယ်။ ပုံမှန်ခရမ်းချဉ်သီးဈေးနဲ့ GAP အသီးက ၂၀ ကျပ်လောက်ပဲ ကွာခြားမှုရှိနေပါတယ်။

အင်းတောင်သူတချို့ကတော့ GAP စနစ်နဲ့ စိုက်ပျိုးပေမဲ့ သိုလှောင်၊ ထုပ်ပိုး၊ တင်ပို့တဲ့နေရာတွေမှာ GAP မဖြစ်တဲ့အတွက် ပျက်စီးတာတွေရှိလို့ ထင်သလောက် ရှေ့မရောက်နိုင် ဖြစ်နေတယ်လို့လည်း ဆိုကြပါတယ်။ ဒီနည်းစနစ်ကို အစိုးရက GIZ အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်နေတယ် ဆိုပေမဲ့ အစိုးရက တောင်သူတွေကို လောက်ငတဲ့ထောက်ပံ့မှု မလုပ်ပေးနိုင်တဲ့အတွက် ပုဂ္ဂလိကကုမ္ပဏီတချို့က ကူညီပေးနေရပြီး အဲဒီလိုကူညီပေးတာတွေ ရှိနေတာကြောင့် ကုမ္ပဏီကထုတ်လုပ်တဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေကို ဝယ်ယူအသုံးပြုရတာမျိုးရှိတဲ့အတွက် ကုမ္ပဏီရဲ့လွှမ်းမိုးမှုကို ခံရတာတွေလည်း ရှိနေတယ်လို့ ပြောကြတယ်။

အင်းလေးဒေသရဲ့ အင်းတောင်သူများအသင်းက GAP စနစ် ပိုမိုအားကောင်းလာအောင် ဆောင်ရွက်နေပေမဲ့ ၂၀၁၇ ခုနှစ်မှာ စိုက်ပျိုးတဲ့နေရာတခုတည်းမှာသာ GAP အဆင့်မီအောင် လုပ်နိုင်ခဲ့ပြီး ၂၀၁၈ ရောက်မှသာ အသီးခြွေတဲ့စနစ်ကိုလည်း GAP စနစ်အဖြစ် ပြောင်းလဲလာနိုင်ခဲ့ပါတယ်။ ဒီနှစ်ထဲမှာတော့ GIZ အဖွဲ့နဲ့ပူးပေါင်းပြီး GAP နဲ့ပတ်သက်တဲ့ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပြီး ၂၀၂၀ မှာ စိုက်ပျိုးမှု၊ သိုလှောင်မှု၊ ထုပ်ပိုးမှု၊ တင်ပို့မှု အကုန်လုံးကို GAP ဖြစ်အောင် ဆောင်ရွက်ဖို့ ရည်မှန်းထားတယ်လို့ သိရပါတယ်။

GAP ဆိုတဲ့စနစ်နဲ့ ဂရုတစိုက်ပြုစုပျိုးထောင်ကြရတဲ့ အရောင်မွဲမွဲ ခရမ်းချဉ်သီးကရလာတဲ့ အကျိုးအမြတ်ကတော့ လက်ရှိအနေအထားမှာ သိသိသာသာ မရှိလှသေးပါဘူး။ ပုံမှန်ခရမ်းချဉ်သီးတွေနဲ့ တန်းတူညီနေတုန်းပါပဲ။ GAP အသီးတွေက ကျန်းမာရေးကို အထောက်အကူပြုနိုင်ပေမဲ့ ဈေးကွက်မှာ နေရာရှိမနေသေးတာကတော့ ဝမ်းနည်းစရာ ဖြစ်နေပါသေးတယ်။ အရောင်မွဲတဲ့ ကျန်းမာရေးခရမ်းချဉ်တို့ရဲ့ မနက်ဖြန်ကတော့ မျက်နှာပန်းလှဖို့ ရှန်းကန်နေရဆဲပါ။

**အိမ့်သန္တာထွန်း**

www.free4readers.com

# တိုက်ခန်းငှားမည်

စိတ်ဝင်စားသူများ ☎ 09 430 29106 သို့ အချိန်မရွေး ဆက်သွယ်နိုင်ပါသည်။







ရန်ကုန်မြို့ရဲ့ အချက်အချာ ပန်းဆိုးတန်းအလယ်ဘလောက်မှာ
ကြမ်းပြင်ဧရိယာစတုရန်းပေ ၉၀၀ + ထပ်ခိုး အခိုင်အခံ့ပါသည်။
ရုံးခန်းပဲဖွင့်ဖွင့်၊ ဆိုင်ခန်းပဲဖွင့်ဖွင့် အားလုံးအဆင်သင့်။
ပတ်ဝန်းကျင်တွင် ဘဏ်၊ ဟိုတယ်၊ ဈေးဝယ်စင်တာ၊
ဘတ်စကားမှတ်တိုင်နှင့် စာသင်ကျောင်းများ နီးနီးကပ်ကပ်ရှိသည်။
သပ်ရပ်သန့်ရှင်းပြီး ပြင်ဆင်မွမ်းမံစရာ လုံးဝမလို၊
အသစ်စက်စက်အတိုင်း ရှိနေသည် . . .



ADDRESS / No 199, 1st Floor, Pansodan Street (Middle Block), Kyauktada Township, Yangon.

www.free4readers.com



# ကြက်ဆူဆီ မျက်လှည့်ပြပွဲ

မောင်လင်းခိုင်



အထက်ပုဂ္ဂိုလ်ကြီးများက ကြက်ဆူဆီဖြင့်
စက်မှုနိုင်ငံထူထောင်မည်ဟု ကြွေးကြော်ကာ
ကြက်ဆူဆီဖြင့် စမ်းသပ်၍ စက်လာမောင်းခိုင်းသည်။
ကြက်ဆူဆီ လှွမ်းမယ့်သူတွေကို
ရတက်အပူငြိမ်းသွားအောင် တချက်ကလူပြီး
မျက်လှည့်ပွဲကြီး လုပ်ပြလိုက်သည်ကိုမူ သိမသွားရှာပေ . . .

၁၂-၁၀-၂၀၁၉ နေ့ထုတ် News Watch စောင့်ကြည့်ဂျာနယ်တွင် သရဝဏ်(ပြည်)၏ 'ကိုယ့်အလုပ် ကိုယ်မလုပ်ကြသူများ'ဆောင်းပါး ဖတ်မိသည်။ ထိုစာထဲတွင် ကြက်ဆူပင်များအကြောင်း ဖတ်ရသည်။ ကြက်ဆူပင်ဆို၍ ကျွန်တော်သည်လည်း ကြက်ဆူပင်များနှင့်ပတ်သက်ခဲ့ဖူးသည်။ လယ်/ ဆည်ဝန်ကြီးဌာနလက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ကိုယ်တိုင်ကိုယ်ကျ စိုက်ခဲ့ရသည်ကို သတိပြန်ရမိသည်။

ထိုစဉ်က ကြက်ဆူပင်နှင့်ပတ်သက်၍ ကျွန်တော်တို့ဌာနသည် အရေးပါသော တထောင့်တနေရာမှ ကခဲ့ကြရသည်။ စီမံချက်ဖြစ်သောကြောင့် ငြင်း၍လည်းမရ။ တနိုင်ငံလုံးက လယ်/ဆည်ဌာနအားလုံး ထိုအပင်ကို မစိုက်မနေရ စိုက်ကြရသည်။ ထိုသို့ စိုက်ရသည့်အတွက် မြေနေရာလိုလာသည်။

ကျွန်တော်သည် ဌာနဆိုင်ရာ၏ ပိုင်ဆိုင်သော ဝင်းကြီးတခုထဲတွင် ထိုအချိန်က နေရသည်။ ယင်းနေရာသည် သစ်ကြီးဝါးကြီးနှင့် နှစ်ရှည်ခံ သကြားပင်များ အလွန်ပေါလှသည်။ သကြားပင်များသည် ၁၂ ရာသီသီးပြီး စားလျှင် အလွန်ချိုမြိန်လှသည်။ ကြက်ဆူပင်စိုက်ရန် မြေနေရာလိုလာသောအခါ ညွှန်မှူး (ဗိုလ်မှူး)က ထိုသကြားပင်များကို ခုတ်ခိုင်းသည်။ သကြားပင်များနေရာတွင် ကြက်ဆူပင်များစိုက်သည်။

ကျွန်တော်စိုက်ထားသော အသီးတွေဝေဝေဆာနှင့် ပဲပုစွန်၊ ခရမ်းကစော့ပင်များမှာလည်း ကြက်ဆူပင်စီမံကိန်း ပေါ်လာသောအခါ အားလုံးခုတ်ပစ်လိုက်ရသည်။ ကိုယ့်မြေကိုယ့်ရေ ကိုယ်ပိုင်မဟုတ်သဖြင့် ဘာတခွန်းမှမပြောနိုင်ဘဲ ကြည့်နေလိုက်ရသည်။ ထို့နောက် မြေလွတ်မြေရိုင်းမှန်သမျှ ကြက်ဆူပင်တွေနှင့် ပြည့်နှက်သွားသည်။ သို့သော် ကြက်ဆူစိုက်ပုံစိုက်နည်း ကြည့်ရသည်မှာ အားမရပါ။ အပင်ကြီးလာတိုင်း အကိုင်းခုတ်ကာ ထပ်စိုက်ကြသည်။ အသီးသီးချိန်ပင် မရတော့။ သို့သော်လည်း ကျွန်တော်တို့ ရုံးစိုက်ရာ ဝင်းတခုလုံးသည် ထိုပင်များနှင့် ပြည့်လာခဲ့သည်။

ကျွန်တော်တို့ဌာနသည် စက်နှင့်ပတ်သက်သော ဌာနဖြစ်သည့်အတွက် ကြက်ဆူသီးများကို ကြိတ်ခွဲ၍ ဆီထုတ်ရသည်။ အထက်ပုဂ္ဂိုလ်များက ကြက်ဆူပင်မှ သီးသည့်အသီးနှင့် စက်မောင်းမည်ဟု ကြိမ်းဝါးထားသည့်အတွက် ဝန်ထမ်းများမှာ မနားမနေ အားကြိုးမာန်တက်စိုက်ကြရသည်။ တနေ့တွင် သက်ဆိုင်ရာတာဝန်ရှိသူအဖွဲ့မှ ကြက်ဆူဆီနှင့် စက်မောင်းပြရန် ညွှန်ကြားလာသည်။

ကျွန်တော်တို့ရုံးချုပ်အောက်တွင် ရုံးခွဲများရှိသည်။ မင်္ဂလာဒုံ၊ ရွာသာကြီး၊ ထောက်ကြန့်နှင့် ဇမိုင်တို့တွင် ရုံးခွဲများရှိသည်။ ထိုရုံးခွဲများထဲမှ မြို့အစွန်ရုံးခွဲတခုတွင် လူကြီးမင်းများလာကြည့်မည့် နေ့ရက်ကိုသိရှိရပြီးနောက် ကြက်ဆူဆီဖြင့် စက်မောင်းပြရန် စီစဉ်ရသည်။ ထိုအစီအစဉ်အတွက် ကျွန်တော်တို့ သေသေချာချာ ပြင်ဆင်ဇာတ်တိုက်ရသည်။

စက်မောင်းရန် စက်တလုံးကို အသင့်ထားရှိသည်။ ဒီဇယ်ဆီပုံးနှင့် ကြက်ဆူဆီပုံးတို့ကို B ဟု ခွဲရေးကာ အသင့်အနေအထားမှာ ပြင်ထားရသည်။ ဂိတ်ဝတွင်လည်း အစောင့်ချထားရသည်။ ကြိုးတပင်ကိုလည်း လျှို့ဝှက်သွယ်တန်းထားရသည်။ ခေါင်းလောင်းမြည်ရန် ယင်းကြိုးကို ဆွဲရမည်ဖြစ်သည်။ တာဝန်ရှိလူကြီးမင်းများလာလျှင် လျှို့ဝှက်ကြိုးကိုဆွဲ၍ အသိပေးမည်၊ ခေါင်းလောင်းမြည်လျှင် စက်မောင်းသူက စက်မောင်းရမည်၊ စက်မောင်းစဉ် ဒီဇယ်ဆီဖြင့် မောင်းရမည်။ တာဝန်ရှိသူတွေ အနားရောက်လာလျှင် ဒီဇယ်ဆီပုံးနှင့် ကြက်ဆူဆီပုံး လဲရမည်ဖြစ်သည်။

နေ့လယ် ၁၂ နာရီကျော်လောက်တွင် တာဝန်ရှိသူတွေရောက်လာကြသည်။ သူတို့လာနေပြီဖြစ်ကြောင်း ခေါင်းလောင်းသံက မြည်လာသည်။ စက်မောင်းသူကလည်း ဒီဇယ်ဆီဖြင့် စက်ကိုစမောင်းသည်။ စက်ရုံတာဝန်ခံက ဧည့်သည်တော်အဖွဲ့ကို ကြိုဆို၍ ခေါ်ဆောင်လာသည်။ တာဝန်ရှိလူကြီးမင်းများ စက်အနားသို့ရောက်လာသောအခါ ဝန်ထမ်းတယောက်က ဒီဇယ်ဆီပုံးထဲမှ ပိုက်ကိုချွတ်၍ ကြက်ဆူဆီပုံးထဲသို့ လူကြီးမင်းများ မမြင်ခင်ပြောင်းထည့်လိုက်ကာ ဒီဇယ်ပုံးကိုအခန်းတခုထဲသို့ အလျှင်အမြန်ယူသွားလေသည်။

စက်အင်ဂျင်ထဲတွင် ဒီဇယ်ဆီက အပြည့်ရှိနေသဖြင့် နောက်ထပ်ရောက်လာသည့် ကြက်ဆူဆီမှာ သိပ်အရေးမပါလှပါ။ ကြက်ဆူဆီဖြင့် စက်မောင်းသည်ကိုသိလို၍ ဝိုင်းကြည့်နေကြသော လူကြီးမင်းများသည် ပြုံး၍ ပီတိဖြစ်နေကြသည်။ သူတို့ပီတိဖြစ်သည်က အကြောင်းမဟုတ် စက်မောင်းသူရင်ထဲ စက်သံခုန်သလို တဒိန်းဒိန်းခုန်နေသည်။ ရင်တလှပ်လှပ် အသည်းတထိတ်ထိတ်နှင့် ကြာလာလျှင် အင်ဂျင်ထဲတွင် ကြက်ဆူဆီ များလာပါက ဒုက္ခလှလှ တွေ့တော့မည်။ စက်မောင်းနေသည်ကို ငုံ့ကြည့်နေသော လူကြီးတဦးက "ဒါ ကြက်ဆူဆီနဲ့ မောင်းနေတာလား"ဟု မေးသည်။

"ဟုတ်ကဲ့ ကြက်ဆူဆီနဲ့ မောင်းနေတာပါ"

**"ဟ ကောင်းတယ်ကွာ။ ဒါဆိုရင် မြန်မာနိုင်ငံမှာ ကြက်ဆူဆီများများထုတ်လုပ်နိုင်ရင် နိုင်ငံခြားငွေ အများကြီး သက်သာသွားပြီကွ။ ကြက်ဆူပင်တွေ တိုးချဲ့စိုက်ရအောင် ပြည်သူတွေကို စည်းရုံးရေးဆင်းပြီး စိုက်ချင်လာအောင် ဟောပြောရမယ်ကွ"**

ထိုကဲ့သို့ ပြောဆိုနေစဉ် ဝန်ထမ်းတဦးက"ဆရာတို့ ဒီကာကိစ္စပြီးရင် ဟိုဘက်ခန်းမှာ စားဖို့သောက်ဖို့အတွက် အားလုံးပြင်ဆင်ထားပါတယ်၊ ဒီကပြီးရင် အားလုံး ဟိုဘက်ခန်းကို ကြွကြပါခင်ဗျာ" ဟု လာရောက်ခေါ်လေသည်။

တာဝန်ရှိလူကြီးများမှာလည်း စိတ်ပါ၍ ကြည့်ချင်၍မဟုတ်ဘဲ သက်ဆိုင်ရာကလွှတ်ခြင်းကြောင့်သာလာကြရသည့်အတွက် သူတို့လည်း ဟန်ဆောင်ခြင်းတရပ်ပင်ဖြစ်သည်။ စားပွဲသောက်ပွဲ ပြင်ထားပါသည်ဆိုသောအခါ ဆီကိစ္စနိဂုံးချုပ်သွားလေတော့သည်။ စက်မောင်းသူခမျာမှာလည်း သူတို့ထွက်ခွာသွားကာမှ သက်ပြင်းချနိုင်ကာ လက်ဟန်ခြေဟန်ဖြင့် ဒီဇယ်ပုံးကို အမြန်ပြန်ယူခိုင်းရသည်။ ကြိုတင်ဇာတ်တိုက်ထားသလို ကြက်ဆူဆီမျက်လှည့်ပြပွဲက အထစ်အငေါ့မရှိဘဲ ပြီးမြောက်ခဲ့သည်။

လူကြီးမင်းများက စားကောင်းသောက်ဖွယ်များနှင့် နှစ်ပါးသွားနေစဉ် စက်မောင်းသမားဝန်ထမ်းကလည်း "ဒီလိုသာ ကြက်ဆူဆီနဲ့မောင်းလို့ရရင် အမေရိကန်တွေ ကမ်းလွန်ရေနံတောင် ရှာစရာမလိုတော့ဘူး။ သူတို့ဆီက လွင်ပြင်ကျယ်ကြီးတွေမှာ ကြက်ဆူပင်တွေ လိုမ့်စိုက်ကြရောပေါ့" ဟု တကိုယ်တည်းပြောရင်း စက်ထဲတွင် ကြက်ဆူဆီလက်ကျန်မရှိအောင် စက်ကိုအရှိန်မြှင့်ကာ ပြုံးနေပါသည်။

**အထက်ပုဂ္ဂိုလ်ကြီးများက ကြက်ဆူဆီဖြင့် စက်မှုနိုင်ငံထူထောင်မည်ဟု ကြွေးကြော်ကာ ကြက်ဆူဆီဖြင့် စမ်းသပ်၍ စက်လာမောင်းခိုင်းသည်။ ကြက်ဆူဆီ လှွမ်းမယ့်သူတွေကို ရတက်အပူငြိမ်းသွားအောင် တချက်ကလူပြီး မျက်လှည့်ပွဲကြီး လုပ်ပြလိုက်သည်ကိုမူ သိမသွားရှာပေ။** သူတို့အုပ်စု ပြန်သွားကြပြီး ကျွန်တော်တို့ဌာနတွင် 'ကြက်ဆူဆီမျက်လှည့်ပြပွဲကြီး'ဟု နာမည်တလုံး ပြောစမှတ်ဖြစ်ကာ ကျန်ခဲ့ပါသည်။

ယခုအခါ ကြက်ဆူဆီစီမံကိန်းသမားတွေရော၊ ကြက်ဆူဆီမျက်လှည့် ပြလိုက်သူတွေရော တယောက်မျှမရှိကြတော့ပါ။ သို့သော် "ကြက်ဆူဆီမျက်လှည့်ပြပွဲ"ဆိုသော စကားတလုံးကတော့ ကျွန်တော်တို့ဌာနတွင် ယခုတိုင်ကျန်ရှိနေပါသေးသည်။

မောင်လင်းခိုင်

# အင်းစိန်အကျဉ်းထောင်ပြုပြင်ပြောင်းလဲမှု အားရကျေနပ်ဖွယ်ကောင်းဟု လွှတ်တော်ကိုယ်စားလှယ်ဆို

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ အင်းစိန်အကျဉ်းထောင်တွင် နိုဝင်ဘာလ ၁၁ ရက် (တန်ဆောင်မုန်းလပြည့်)နေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ သွားရောက်အလှူဒါနပြုလုပ်ခဲ့ပြီး ကွင်းဆင်းလေ့လာမှုများပြုလုပ်ခဲ့ကြောင်းနှင့် အင်းစိန်အကျဉ်းထောင်၏ ပြုပြင်ပြောင်းလဲမှုသည် အားရကျေနပ်ဖွယ်ကောင်းကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က ပြောသည်။



ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ အလှူငွေဖြင့် အင်းစိန်အကျဉ်းထောင်တွင်း၌ နံနက်စာနှင့် နေ့လယ်စာ အလှူဒါနပြုလုပ်ခဲ့ပြီး ထောင်တွင်းပညာသင်ကြားနေမှု အခြေအနေများ အပါအဝင် ထောင်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လေ့လာခဲ့ရာ အခြေအနေ လွန်စွာကောင်းမွန်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

"ကျွန်တော့်ကို ဖုန်းဆက်ခေါ်လို့ သွားခဲ့တာ။ အလှူလုပ်တာကတော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ လုပ်တာပါ။ အကျဉ်းသားတွေကို နံနက်စာရယ်၊ နေ့လယ်စာရယ် ကျွေးမွေးတယ်။ ကျွေးမွေးတာကတော့ ပုစွန်တုပ်ဟင်းရယ်၊ ပုစွန်ငံပြာရည်ကြော် သီးစုံပဲကုလားဟင်းတွေ ကျွေးမွေးတယ်။ နောက်ပြီးတော့ အကျဉ်းဦးစီးဌာနက တာဝန်ရှိသူတွေရယ်၊ အကျဉ်းသားတွေရယ် တွေ့ဆုံပြီးတော့ လိုအပ်တာတွေကို ဆွေးနွေးခဲ့ကြတယ်။ ထောင်ထဲမှာ စာမေးပွဲဖြေမယ့် ကျောင်းသားတွေအတွက် စာစစ်ဌာနဖွဲ့စည်းထားပြီးတော့ အောင်ချက်ကောင်းအောင် လုပ်ဆောင်နေတဲ့အကြောင်းတွေ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အပိုင်းတွေကို တာဝန်ရှိတဲ့သူတွေက ရှင်းလင်းပြောကြားခဲ့သလို ကျွန်တော်တို့လည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရတယ်။ ကျွန်တော်တို့ ထောင်ကျတုန်းကနဲ့ အများကြီး ကွာနေတယ်။ တော်တော်များများကို ပြောင်းလဲနေပြီ"ဟု ဦးရန်အောင်က ပြောသည်။

ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းသည် အကျဉ်းထောင် တာဝန်ရှိသူများ အကျဉ်းသားများနှင့် တွေ့ဆုံကာ အကျဉ်းထောင်လိုအပ်မှုများကို ဆွေးနွေးခဲ့ကြောင်း၊ ဝန်ကြီးချုပ်က အကျဉ်းသားများ အနေနှင့် ကျန်းမာရေး ဂရုစိုက်ရန်နှင့် ပြစ်မှုတစုံတရာ ထပ်ကျူးလွန်မှု မပြုတော့ရန် မှာကြားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အင်းစိန်အကျဉ်းထောင်တွင် အကျဉ်းသားဦးရေ ၁၂၇၈၈ ဦးရှိကြောင်းနှင့် ယခုအခါ အကျဉ်းသားများကို တပတ်လျှင် အသားဟင်း ၄ ရက်ကျွေးမွေးနေကြောင်းလည်း သိရသည်။

ကျော်ကျော်

www.free4readers.com



# အိမ်ခြံမြေဈေးကွက် ပြန်လည်ဦးမော့လာမှာလား

စံထွန်း

**အိမ်ခြံမြေဈေးကွက်ကို အခွန်နှင့်ဆက်စပ်တွေးမြင်နေခြင်းကိုက အမှားတခုသာ ဖြစ်သည်။ မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်သည် နိုင်ငံတကာ အိမ်ခြံမြေဈေးကွက်၏ စံချိန်စံညွှန်းနှင့်မတူညီဘဲ ထင်ရာစိုင်း အိမ်ခြံမြေဈေးကွက်သာ ဖြစ်သည်။ သည့်အတွက်လည်း အိမ်ခြံမြေဈေးကွက် ပြိုလဲသွားခြင်းဖြစ်သည် . . .**

အိမ်ခြံမြေဈေးကွက်ဆိုရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တော်ကို အဓိကထားသော်လည်း အထက်မြန်မာပြည်၏ မြို့တော်ဖြစ်သော မန္တလေးမြို့တော်ကိုလည်း ချန်လှပ်ထား၍ မရပါ။ ထို့အတူ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများ၏ မြို့တော်ရှိ အိမ်ခြံမြေဈေးကွက်များသည်လည်း သူ့ဒေသနှင့်သူ ဦးမော့ခြင်း၊ ဦးဆိုက်သွားခြင်းများ အစီအရီရှိပါသည်။

စာရေးသူသည် အဓိကအိမ်ခြံမြေဈေးကွက်ဖြစ်သော ရန်ကုန်မြို့တော်၏ အိမ်ခြံမြေဈေးကွက်ကိုသာ လေ့လာတင်ပြလိုရင်းဖြစ်သည်။ အိမ်ခြံမြေဈေးကွက်ကို အဓိကမောင်းနှင်နေသူများသည် ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းရှင်များ ဖြစ်ကြသည်။ သည့်အပြင် အိမ်ခြံမြေ ဝယ်ရောင်းများသည်လည်း တထောင့်တနေရာမှ ပါဝင်ပတ်သက်နေပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်များတွင် မြို့ပြအိမ်ရာစီမံကိန်းများ၊ ၂၅ ထပ်နှင့် အထက် အဆင့်မြင့်အထပ်မြင့်ဖော်ဆောင်သည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများနှင့် မြို့နယ်အသီးသီးတွင် သုံးထပ်ခွဲတိုက်မှသည် ၇ ထပ်၊ ၈ ထပ်အထိဆောက်လုပ်သည့် လုပ်ငန်းရှင်များ ပါဝင်ကြသည်။ မြို့ပြအိမ်ရာစီမံကိန်းများနှင့် အထပ်မြင့်ဆောက်လုပ်သည့် လုပ်ငန်းရှင်များသည် ဆယ်ဂဏန်းမျှပင်မရှိပါ။ သာမန်ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှာမူ ရာဂဏန်းမျှရှိပါသည်။

အိမ်ခြံမြေဝယ်ရောင်းဆိုသည်မှာ လုံးချင်းတိုက်များ၊ မြေကွက်သီးသန့်ဝယ်ယူသိုလှောင်ကာ ဈေးကောင်းရလျှင် ပြန်ထုတ်ရောင်းကြသည့်သူများကို ဆိုလိုခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တွင် အယောက် ၃၀ ခန့်ရှိပြီး မန္တလေးမြို့တွင် ဝယ်ရောင်း ၁၀ ယောက်ခန့်ပင် မရှိပါ။ ထိုအုပ်စုများသည် အိမ်ခြံမြေဈေးကွက်ကို လှုပ်လှုပ်ရှားရှားဖြစ်အောင် စွမ်းဆောင်နိုင်သူများဖြစ်သည်။

အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်များ တနည်းဆိုရလျှင် အိမ်ခြံမြေပွဲစားများ ဖြစ်သည်။ ခနအင်အား တောင့်တင်းသူများက အသင်းအဖွဲ့၊ ကုမ္ပဏီများဖွဲ့စည်း၍ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းအားလုံးကို လက်ဝါးကြီးအုပ်ကာ လမ်းလျှောက်အိမ်ခြံမြေပွဲစားများ လုပ်ကိုင်စားသောက်မရအောင် ဘောင်ကျဉ်းသွားစေရန် ဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။ အိမ်ခြံမြေအကျိုးဆောင် ဥပဒေကြမ်းတွင် ယင်းတို့၏ အကျိုးစီးပွားအတွက် ရေးဆွဲထားသည်ကို တွေ့ရှိရသည်။ သို့ရာတွင် ယခုထိတိုင် အိမ်ခြံမြေဥပဒေထွက် ရှိမလာသေးပါ။ တဖန် ရန်ကုန်မြို့တွင် ဝါရင့်အိမ်ခြံမြေပွဲစားကြီးများ (Old Service) သည် ကိုယ့်အစီအစဉ်ဖြင့် တကိုယ်တော်ပွဲစားလုပ်ငန်း ဆောင်ရွက်နေကြသော်လည်း ယခုအခါ အယောက် ၂၀ ခန့်ပင်မရှိတော့ပါ။ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်များသည် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ဝယ်ရောင်းများနှင့်ချိတ်ဆက်၍ အရောင်းအဝယ်ပွဲတိုက်ပေးခြင်းဖြင့် ပွဲအောင်က ပွဲခရယူကြခြင်းဖြစ်သည်။ အချို့အကျိုးဆောင်လုပ်ငန်းရှင်များသည် အိမ်ခြံမြေဝယ်ရောင်းကိုပါ ဒွန်တွဲ၍ လုပ်ကိုင်လာသည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်သည် မဆလခေတ်တွင် လုံးဝမရှိခဲ့ပါ။ နဝတခေတ်ရောက်မှသာ အိမ်ခြံမြေဈေးကွက်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ နယ်စပ်ဒေသမှ တိုင်းရင်းသားအမည်ခံတရုတ်များသည် ဘိန်းရောင်းရငွေ၊ ငွေမည်းများဖြင့် မန္တလေးသို့ အလုံးအရင်းဖြင့်ဆင်းလာကာ မကြားဖူးသည့် တပေပတ်လည်နှုန်းနှင့် ဝယ်ရင်းကာလ ပေါက်ဈေးထက်များလွန်းသည့် ဈေးနှုန်းများဖြင့် အပြိုင်အဆိုင်ဝယ်ယူကာ မြို့တွင်းမြေပိုင်ရှင် ဗမာများကို မြို့ပြင်သို့ ငွေအားဖြင့် တွန်းပို့ခဲ့သည်။ ထိုမှတဖန်မြို့သစ်များရှိ ဗမာများကိုလည်း တရုတ်များက ချမ်းသာမပေးဘဲ မြို့သစ်များ၏ အပြင်ဘက်သို့ တွန်းပို့ခဲ့သည်။ ယခုအခါ မန္တလေးမြို့တော်သည် တရုတ်အများစု၏ နေထိုင်ရာ မြို့တော်ပမာဖြစ်ခဲ့သည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရသည်။

နယ်စပ်မှ တရုတ်များသည် မန္တလေးပြီးလျှင် ရန်ကုန်မြို့တော်ကို အဓိကပစ်မှတ်ထားလာပြီး အလုံးအရင်းဖြင့်ဆင်းလာကာ ရန်ကုန်မြို့ရှိ အချက်အချာကျသည့် အိမ်ခြံမြေများကို တပေပတ်လည်နှုန်းစနစ်ဖြင့် ပေါက်ဈေးထက် အမြင့်ဈေးနှင့် အပြိုင်အဆိုင်ဝယ်ယူကာ ငွေမည်းများကို မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများအဖြစ် အသွင်ပြောင်း၍ ငွေမည်းခဝါချခဲ့သည်။ ထိုခေတ်ကရှိခဲ့သည့် စစ်အာဏာရှင်အချို့သည်လည်း မိမိတို့လက်ဝယ်ပိုက်မိနေသည့် ဘီလီယံချီသည့် ကျပ်ငွေများကို ဘဏ်များဖွင့်လှစ်ခွင့်ပြုကာ ထိုဘဏ်များမှတဆင့် ငွေမည်းများကို ငွေဖြူအဖြစ် အသွင်ပြောင်းခဲ့သည်။ ထိုအချိန်က မြန်မာကျပ်ငွေများသည် ငွေတန်ဖိုး အလွန်အမင်းကျနေပြီး အုပ်ချုပ်နေသည့် အစိုးရအပေါ်ယုံကြည်မှုအားနည်းနေသည့်ကာလဖြစ်ရာ ငွေကြေးအတော်အတန် စုဆောင်းမိကြသူများကပါ မြန်မာကျပ်ငွေအပေါ် ယုံကြည်မှုမရှိ၍ ငွေထုပ်ပိုက်၍ အိမ်ခြံမြေဈေးကွက်အတွင်း ဝင်လာကြသည်။ တချိန်တည်းတွင် အိမ်ခြံမြေဝယ်ရောင်းများကပါ အပြိုင်အဆိုင်ဝင်ရောက်၍ အိမ်ခြံမြေဈေးကစားလာကြခြင်း ဖြစ်သည်။ ထို့အတူ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းရှင်များသည်လည်း အိမ်ခြံမြေဈေးကစားပွဲတွင် မီးလောင်ရာလေပင့်လုပ်ခဲ့ကြသည်။

၁၉၉၅-၉၆ ခုနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ အားကောင်းမောင်းသန်ဖြစ်လာခဲ့ကာ အိုးအိမ်ရုံးချုပ်နှင့် ပူးပေါင်း၍ အိမ်ရာစီမံကိန်းများ ဖော်ဆောင်လာခဲ့သည်။ ထိုအချိန်က ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းမပေါ်ရှိ အိုးအိမ်ရုံးချုပ် ဆင်ဝင်အောက်တွင် ပွဲစားများ တရုံးရုံးဖြင့် ကြက်ပျံမကျစည်ကားခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အိုးအိမ်ညွှန်ချုပ်ဦးအုံ့ကျော်က ပွဲစားများကို မောင်းထုတ်လိုက်သည့်အခါ မြို့နယ်အသီးသီးသို့ ပွဲစားများ ဖြန့်ထွက်သွားခဲ့သည်။ ၁၉၉၉ ခုနှစ် မလေးရှားအိမ်ခြံမြေဈေးကွက်ပျက်စီးခဲ့ကာ ထိုဂယက်ရိုက်ခတ်မှုသည် ထိုင်းနှင့် မြန်မာနိုင်ငံကိုပါ ဆွဲခါခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းများ လုံးဝပြိုလုနီးပါးဖြစ်ခဲ့ကာ ကန်ထရိုက်အကြီးစားများသည် ဆောက်လုပ်ရေးလုပ်ငန်းများရပ်ဆိုင်းကာ ကန်ထရိုက်တာအငယ်များသည် ဆောက်လက်စတိုက်များကို တန်းလန်းထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားမှုများ ရှိခဲ့သည်။ မြေကွက်များသည်လည်း အရောင်းအဝယ်တုံ့ဆိုင်းခဲ့သည်။

၂၀၀၂ ခုနှစ်တွင် အိမ်ခြံမြေဈေးကွက်ပြန်လည် ဦးမော့လာကာ ဆောက်လုပ်ရေးလုပ်ငန်းများသည် ပြန်လည်ပြည့်ဖြိုးလာခဲ့သည်။ ရန်ကုန်မြို့ရှိ စက်မှုဇုန် ၂၉ ခုတွင်လည်း စက်မှုဇုန်မြေနေရာများကို နည်းလမ်းပေါင်းစုံဖြင့် ရယူထားကြသည့် မြေပိုင်ရှင်များသည် စက်မှုလုပ်ငန်းများမလုပ်ဘဲ မိုးကောင်းကင်ဈေးနှုန်းများဖြင့် အရောင်းအဝယ်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံသို့ တိုက်ရိုက်လာရောက်ရင်းနှီးမြှုပ်နှံလိုကြသည့် FDI (Foreign Direct Investment) များမှာ ကမ္ဘာပေါ်တွင် မရှိသည့် မြေဈေးနှုန်းများ မြန်မာပြည်၌သာ တွေ့မြင်ခဲ့ရာ FDI အားလုံးသည် ကြောက်လန့်တကြား မြန်မာပြည်မှ စွန့်ခွာသွားကြသည်။ ထို FDI များသည် ဗီယက်နမ်နှင့် လာအိုနိုင်ငံများသို့ ရောက်ရှိသွားကြသည်။ ယခုအခါ ဗီယက်နမ်နှင့်လာအိုတို့သည် မြန်မာနိုင်ငံထက် အဆင့်ပေါင်းများစွာ ကျော်တက်သွားခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်သည် တက်တချိန်နိမ့်တချိဖြင့် မိုးကောင်းကင်ဈေးဖြင့် လည်ပတ်နေသည်။ ၂၀၁၆ ခုနှစ်နောက်ပိုင်း NLD အစိုးရ လက်ထက်တွင် အဆိုပါ ဈေးနှုန်းဖြင့် လည်ပတ်နေသည့် အိမ်ခြံမြေဈေးကွက်သည် လုံးဝပြိုကွဲသွားခဲ့သည်။

ဤသို့ဖြစ်ရခြင်းမှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့၏ စွမ်းဆောင်ရည်ကြောင့်ဆိုလျှင် လုံးဝမှားမည်မထင်ပါ။ ယခင်ခေတ်အဆက်ဆက်က မြေဝယ်ရောင်းစာ ချုပ်များသည် ရာနှုန်းပြည့် အခွန်တိမ်းရှောင်ခဲ့ကြသည်။ ထိုအခွန်တိမ်းရှောင်မှုများကို ပပျောက်သွားစေရန် ဝင်ငွေခွန်မဖော်ပြနိုင်သည့် စည်းကြပ်ခြင်းမှ လွတ်ကင်းနေသည့် ဝင်ငွေများဖြင့် ဝယ်ယူခဲ့ကြသည့် အိမ်ရာများ ခြံမြေတိုက်ခန်းများကို အခွန် ၃၀ ရာခိုင်နှုန်းအထိ ကောက်ခံခဲ့သည်။ ဝင်ငွေဖော်ပြနိုင်သည့် အိမ်ခြံမြေတိုက်ခန်းဝယ်ယူသူများကိုမူ အခွန် ၇ ရာ ခိုင်နှုန်းသာ ကောက်ခံခဲ့ပါသည်။

သည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် ဝယ်ရောင်းများမြေဈေး မကစားနိုင်စေရန်အတွက် လယ်မြေအပ အခြားနည်းအသုံးပြုခွင့် နည်းဥပဒေ ၃၀ (က)အပြင် ဥယျာဉ်ခြံမြေဆိုင်ရာ နည်းဥပဒေ ၃၀ (ခ)မြေ အဆင့်အတန်းမြှင့်ခြင်းကို တည်ဆဲလယ်ယာမြေ ဥပဒေအပေါ်ကျော်လွှန်၍ ယာယီမျက်ကွယ်ပြုကာ လုံးဝရပ်ဆိုင်းပစ်လိုက်ခြင်းဖြင့် အိမ်ခြံမြေမိုးကောင်းကင်ဈေးနှုန်းများကို အဝီစိသို့ ပစ်ချလိုက်ခြင်းဖြစ်သည်။ သည့်အတွက် အိမ်ခြံမြေဈေး ကွက်သည်လည်း လုံးဝအေးခဲသွားရသည်။ ထိုအခါအိမ်ခြံမြေဈေးကွက်နှင့် ပါဝင်ဆက်စပ်နေသူတို့သည် အခွန်ကြီးမြင့်နေခြင်းကြောင့် အိမ်ခြံမြေဈေးကွက် အေးစက်နေရခြင်း ဖြစ်သည်။ သည့်အတွက် အခွန် ၃ ရာခိုင်နှုန်းအထိ လျှော့ချပေးရန် တောင်းဆိုလာခဲ့သည်။ ဗဟိုအစိုးရအဖွဲ့မှ အောက်တိုဘာလ ၁ ရက်မှစ၍ အခွန် ၃ ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့သည်။ သို့ရာတွင် အိမ်ခြံမြေဈေးကွက်သည် အနည်းငယ်မျှပင် လှုပ်ခတ်မလာခဲ့ပါ။ အိမ်ခြံမြေအကျိုးဆောင်အသင်းမှ ပုဂ္ဂိုလ်တဦးသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မြေကွက် ၅၀၀ ကျော် ရောင်းချပေးမည်ဖြစ်၍ အိမ်ခြံမြေဈေးကွက်ယာယီတည်ငြိမ်နေခြင်းသာဖြစ်ရာမြေကွက် ၅၀၀ ကျော်ရောင်းပြီးလျှင် အိမ်ခြံမြေဈေးကွက် ပြန်လည်ဦးမော့လာနိုင်သည်ဟု မီဒီယာသို့ ပြောနေခြင်းမှာ စိတ်ကူးယဉ်တခုအဖြစ် ရှုမြင်မိပါသည်။

လက်ရှိအိမ်ခြံမြေကွက်သည် ဝယ်ရောင်းများ တဦးချင်းစီတွင် ကျပ်ငွေဘီလီယံချီ၍ ပိုက်ဘောမိနေသည်။ ထိုမြေကွက်များသည် အနိမ့်ဆုံးကျပ်သိန်း တသောင်းမှသည် ကျပ်သိန်းသောင်းချီတန်သည့်မြေကွက်များဖြစ်သော်လည်း ယခုအခါဈေးနှုန်းလျှော့၍ ထုတ်ရောင်းနေသော်လည်း တကွက်တလေမျှ ရောင်းထွက်ကြောင်း ဈေးကွက်အတွင်း မကြားသိရပါ။ ထို့အတူ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်နေသူများသည်လည်း သိန်းငါးထောင်အောက် အိမ်ခြံမြေများ အရောင်းအဝယ်ဖြစ်အောင် မနည်းရုန်းကန်နေရသည်။

စာ(၃၃)သို့



## စာ-၃၂ (အိမ်ခြံမြေဈေးကွက် ပြန်လည်ဦးမော့လာမှာလား) မှအဆက်

အိမ်ခြံမြေဈေးကွက်ကို အခွန်နှင့်ဆက်စပ်တွေးမြင်နေခြင်းကိုက အမှားတခုသာ ဖြစ်သည်။ မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်သည် နိုင်ငံတကာ အိမ်ခြံမြေဈေးကွက်၏ စံချိန်စံညွှန်းနှင့်မတူညီဘဲ ထင်ရာစိုင်း အိမ်ခြံမြေဈေးကွက်သာ ဖြစ်သည်။ သည့်အတွက်လည်း အိမ်ခြံမြေဈေးကွက် ပြိုလဲသွားခြင်းဖြစ်သည်။ အမှန်က မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်သည် အခွန်နှင့် လုံးဝမသက်ဆိုင်ဘဲ နိုင်ငံရေးအခြေအနေနှင့်သာ သက်ဆိုင်သည်။ လက်ရှိ NLD အစိုးရကို လူထုက ရာနှုန်းပြည့် ယုံကြည်ဝန်းရံနေခြင်း ဖြစ်သည်။ သည့်အတွက် တည်ငြိမ်သည့် အစိုးရတရပ်ရှိနေရာ မိမိတို့စုဆောင်းငွေကြေးအပေါ် စိုးရိမ်ကြောင့်ကြနေစရာမလိုဘဲ အိမ်ခြံမြေဈေးကွက်တခုတည်းပေါ် အားထားရင်းနှီးမြှုပ်နှံစရာမလိုပါ။ အများပိုင်ကုမ္ပဏီ အများအပြားရှိနေကာ မိမိတို့ စိတ်ကြိုက်ကုမ္ပဏီများ သို့ ရှယ်ယာထည့်ဝင်နိုင်ပါသည်။ အိမ်ခြံမြေဈေးကွက်၌ ရင်းနှီးမြှုပ်နှံမှုက တလလျှင် အတိုး ၃ ရာခိုင်နှုန်းပင်ရရန် လုံးဝမသေချာပါ။ ဘိန်းရောင်းသည့် ငွေမည်းများသည် ယခင်ကလို အိမ်ခြံမြေဈေးကွက်ထဲသို့ ဝင်လာရန် လုံးဝမရှိပါ။ ထိုငွေမည်းများသည် ဘယ်ကိုသွားနေသည်ကို သက်ဆိုင်သည့် အာဏာပိုင်အဖွဲ့အစည်းမှ မုချသိရှိပါသည်။

ထပ်မံဆိုရသော် ရန်ကုန်တိုင်းဒေသကြီးအစိုးရတွင် FDI များအတွက် မြေနေရာရောင်းချပေးရန် သီလဝါဇုန်ရှိ Phase A တွင် ရာနှုန်းပြည့် ရောင်းချပြီးဖြစ်သည်။ Phase B တွင် ၅၀ ရာခိုင်နှုန်းရောင်းချခဲ့ပြီး ဖြစ်သည်။ Phase C, Phase D တွင် ရောင်းချရန် မြေကေရာချို၍ ရှိနေသေးပါသည်။ ရန်ကုန်တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်တွင်လည်း စက်မှုဇုန် ဖော်ဆောင်ရန်နှင့် မြို့ပြစီမံကိန်းဖော်ဆောင်ရန် တောင်ကိုရီးယားနှင့် အကျိုးတူဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာရေးထိုးထားပြီး ဖြစ်သည်။ သည့်အတွက် FDI များသည် အိမ်ခြံမြေဈေးကွက်ထဲ မြေနေရာများ လာရှာမည်မဟုတ်ပါ။

တဖန် တိုင်းဒေသကြီးအစိုးရသည် ကျူးကျော်များ နေရာချထားပေးနိုင်ရန်အတွက် အိမ်ရာများ ဖော်ဆောင်နေသကဲ့သို့ မြေကွက်များလည်း ဖော်ဆောင်နေပါသည်။ ရန်ကုန်မြို့သစ်စီမံကိန်းအတွက် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အောက်တိုဘာ ၈ ရက်တွင် မူလမြေပိုင်ရှင်များသို့ မြေ ၂၀ ရာခိုင်နှုန်းအဖြစ် တောင်သူ ၁၈၇ ဦးသို့ မြို့မြေပြောင်းပြီး ဧရိယာ ၁၅၁၄ ဧကကို လက်ရောက်ပြန်လည်ပေးအပ်ခဲ့ပြီး ဖြစ်သည်။ လျော်ကြေးငွေကျပ်ငွေဘီလီယံ ၂၀၀ ကိုလည်း အမြန်ဆုံးပေးနိုင်ရန် စီစဉ်နေသည်။

အချုပ်ဆိုရသော် အိမ်ခြံမြေဈေးကွက် ပြန်လည်ဦးမော့လာစေရန်အတွက် အားလုံးကိုယ်စီ ကောင်းမွန်သည့်လမ်းကြောင်းများ ရှာဖွေကြရန်နှင့် ပကတိနိုင်ငံရေးအခြေအနေကို သိရှိရန် လိုအပ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အိမ်ခြံမြေဈေးကွက်ထဲဝင်လာစေဖို့ဆိုလျှင် မြေနေရာ အပြီးအပြတ်ရောင်းချခြင်းက ဖြစ်နိုင်ခြေမရှိဘဲ သင့်မျှသည့် ရာခိုင်နှုန်းဖြင့် အကျိုးတူဆောင်ရွက်ခြင်းက များစွာဖြစ်နိုင်ခြေရှိပါသည်။ သည့်အပြင် နိုင်ငံ၏ လူဦးရေ အများဆုံးဖြစ်သည့် အခြေခံလူတန်းစားများ လက်လှမ်းမီသည့် ဈေးနှုန်းများဖြင့် တန်ဖိုးနည်းအိမ်ရာများ စီစဉ်ဆောင်ရွက်ပေးနိုင်လျှင် အိမ်ခြံမြေဈေးကွက် ဦးမော့လာနိုင်စရာရှိပါကြောင်း တင်ပြလိုက်ရပါသည်။

**စံထွန်း**

## TRADEMARK CAUTION

HUAWEI TECHNOLOGIES CO., LTD. a company incorporated in P.R.China at Administration Building Huawei Technologies Co., Ltd, Bantian, Longgang District, Shenzhen, P.R.China is the Owner and Sole Proprietor of the following Trademark:-

# HUAWEI Ark Compiler

Reg : No.4/26876/2019

In respect of : Int'l Class 9 : Smartglasses; smartwatches; computer hardware; computer memories; integrated circuit cards (smart cards); sleeves for laptops; tablet computers; covers for tablet computers; stands adapted for tablet computers; flat panel displays; flexible flat panel displays for computers; laptop computers; notebook computers; bags adapted for laptops; computer keyboards; mouse (computer peripheral); computer programs, recorded; computer software applications, downloadable; black boxes (data recorders); interactive touch screen terminals; humanoid robots with artificial intelligence; electronic sheet music, downloadable; smart rings; security tokens (encryption devices); personal digital assistants (PDAs); computer software platforms, recorded or downloadable; thin client computers; hand-held electronic dictionaries; computer screen saver software, recorded or downloadable; computer software, recorded; downloadable graphics for mobile phones; wearable computers; downloadable mobile phone software applications; downloadable emoticons for mobile phones; computer operating programs, recorded; liquid crystal displays (LCD) with large screens; portable digital electronic scales; smartphones; wearable activity trackers; cases for smartphones; covers for smartphones; protective films adapted for smartphones; transponders; network communication apparatus; modems; switchboards; electronic diaries; liquid crystal displays (LCD); electronic pens; video image printers; computer styluses; computer programs, downloadable; pedometers; fingerprint identifier; human face recognition devices; scales; bathroom scales; scales with body mass analyzers; transmitters of electronic signals; transmitting sets (telecommunication); stored program controlled telephone switching apparatus; radios; telecommunication apparatus in the form of jewellery; selfie sticks for mobile phones; holders for mobile phones; intercoms; wrist-mounted smartphones; digital photo frames; microphones; cabinets for loudspeakers; headphones; earphones; virtual reality headsets; digital video recorder for vehicles; set-top boxes; loudspeakers; portable media players; sound transmitting apparatus; camcorders; monitoring apparatus, other than for medical purposes; video monitors; audio interfaces; electric and electronic effects units for musical instruments; equalizers (audio apparatus); security surveillance robots; wearable video display monitors; television apparatus; television apparatus for vehicles; ultra high-definition (UHD) televisions; liquid crystal display (LCD) televisions; selfie sticks (hand-held monopods); cameras (photography); thermal imaging cameras; selfie lenses; connected bracelets (measuring instruments); gas testing instruments; digital weather stations; biochips; infrared detectors; air analysis apparatus; laboratory robots; teaching robots; optical lenses; materials for electricity mains (wires, cables); USB data lines or data cables for mobile phones; USB data lines or data cables; electronic key fobs being remote control apparatus; video screens; integrated circuits; electronic chips; touch screens; electric plugs; electric sockets; sensors; digital door locks; alarm central units; electric batteries; chargers for electric batteries; mobile power source (rechargeable batteries).

In respect of : Int'l Class 35 : Presentation of goods on communication media, for retail purposes; advertising; online advertising on a computer network; price comparison services; business information; commercial information and advice for consumers (consumer advice shop); business management assistance; provision of an online marketplace for buyers and sellers of goods and services; sales promotion for others; marketing; providing information in the field of marketing; alcoholic beverage procurement services for others (purchasing goods for other businesses); providing marketing consulting in the field of social media; outsourcing services in the nature of arranging procurement of goods for others; goods import-export agencies; search engine optimization for sales promotion; data search in computer files for others; accounting; business auditing; account auditing; accounting services for mergers and acquisitions; accounting for third parties; consulting and information concerning accounting; marketing in the framework of software publishing.

In respect of : Int'l Class 36 : Insurance brokerage; insurance information; currency trading; on-line real-time currency trading; bill payment services; providing stock or securities market information; financing services; securities brokerage; financial information; electronic funds transfer; financial analysis; financial management; financial consultancy; online banking; providing financial information via a web site; providing rebates at participating establishments of others through use of a membership card; processing of debit card payments; credit and loan services; electronic banking via a global computer network (internet banking); money order services; electronic check acceptance services; processing of credit card payments; apartment house management; real estate management; trusteeship.

In respect of : Int'l Class 38 : Communications by cellular phones; videoconferencing services; video-on-demand transmission; computer aided transmission of messages and images; radio broadcasting; message sending; providing internet chatrooms; providing user access to a global computer network (service providers); providing access to databases; transmission of digital files; streaming of data; teleconferencing services.

In respect of : Int'l Class 41 : Training in the field of communication technologies; educational services; instruction services; training services provided via simulators; providing information about online education; organization of competitions (education or entertainment); arranging and conducting of colloquiums; arranging and conducting of symposiums; arranging and conducting of conferences; arranging and conducting of concerts; arranging and conducting of in-person educational forums; online publication of electronic books and journals; providing online electronic publications, not downloadable; providing amusement arcade services; preparing subtitles for movies; production of radio and television programmes; providing online music, not downloadable; providing online videos, not downloadable; providing films, not downloadable, via video-on-demand services; providing television programs, not downloadable, via video-on-demand services; providing recreation facilities; entertainment information; game services provided on-line from a computer network; conducting fitness classes; audio and video recording services; providing entertainment information via a website; entertainment services; conducting guided tours; ticket agency services (entertainment); television entertainment; news reporters services.

In respect of : Int'l Class 42 : Technological research; research and development of new products for others; scientific research; technical project studies; telecommunications technology consultancy; computer programming; computer software design; updating of computer software; consultancy in the design and development of computer hardware; maintenance of computer software; recovery of computer data; conversion of data or documents from physical to electronic media; computer system design; creating and maintaining web sites for others; data conversion of computer programs and data (not physical conversion); computer software consultancy; rental of web servers; providing search engines for the internet; web site design consultancy; information technology (IT) consultancy; electronic data storage; providing information on computer technology and programming via a web site; cloud computing; computer technology consultancy; computer security consultancy; developing of driver and operating system software.

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintip@mipadvocate.com
myint.advocate@mptmail.net.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 48/50, 1st Floor, 36th Street
Kyauktada Township, Yangon,
Myanmar., P.O. Box : 1126
PH : 95 1 373 344, 95 1 372 209
FAX : 95 1 371 990

16 November 2019

www.free4readers.com



"နားငြီးလိုက်တာ"ဟု ဘယ်နှကြိမ်မြောက်မှန်းမသိ ကိုယ့်ဘာသာ ရေရွတ်မိသည်။ မိမိ၏ညှိသည်တစုမှာ ခြောက်ယောက်ထဲသာ ဖြစ်သော်လည်း အချင်းချင်းလှည့်ပတ်ကာ စကားနိုင်လုနေကြသည်။ ယောကျ်ားဝါဒ၊ မိန်းမဝါဒစသည်ဖြင့် ငြင်းခုံ၍ မဆုံးနိုင်တော့မည့် အကြောင်းအရာတို့ကို သူကပဲ အမှန်၊ ငါကလည်းမမှား စသည့်ထုံးနှလုံးမူကာ ကလေးကလားအလုအယက်ပြောနေကြပုံတွေက ကြားထဲက နားထောင်နေသူ မိမိအဖို့ကလိကလိဖြင့် အသည်းယားကာ အော်ပစ်လိုက်ချင်စိတ်ပင် ဖြစ်မိတော့သည်။

ထို့အပြင် မိမိအားကြားဝင် ဆုံးဖြတ်ခိုင်းလိုက်သေးသည်။ တိုးဂိုက်ဆိုမှတော့ ကိုယ့်ဧည့်သည်တွေကို ဘယ်သူမှား၍ ဘယ်သူမှန်သည်ဟု ဝင်ပြီး လျှောက် ပြောနေ၍မဖြစ်။ ဒီတော့ တယောက်ချင်းအမြင်တို့ကို ကြားရသည်မှာ စိတ်ဝင်စားစရာကောင်းကြောင်း၊ ဘာကြောင်းလောက်သာ ပြောပြီး ကိုယ့်ဘာသာ လွတ်အောင်ရှောင်နေရတော့သည်။ သို့သော်လည်း အလိမ္မာဖြင့်နေသည်ကတခြား၊ ကိုယ့်ကိုယ်ပိုင်အမြင်က တခြားဖြစ်သောကြောင့် မြင်ရကြားရသည်မှာ နိုးလိုးခုလုတော့ ဖြစ်ဖြစ်နေသည်။ အထူးသဖြင့် အသက် ၇၀ ကျော် လင်မယားချင်း အတူတူ မိန်းမကချည်း အစစလိုက်လုပ်ပေးနေရပြီး ယောကျ်ားကြီးက မိန့်မိန့်ကြီးဖိမ်ခံနေသည်ကို တွေ့လေတိုင်း အသည်းယားသည့်ဝေဒနာက မိမိအား နှိပ်စက်တော့သည်။

ဘုရားတွေထဲသို့ဝင်လျှင် ထိုအဘိုးကြီးက ခြေအိတ်ပင်ကိုယ့်ဘာသာ မချွတ်၊ မိန်းမက ခြေအိတ်ချွတ်ပေး၊ ဖိနပ်ချွတ်ပေးလုပ်ရသည်။ လည်၍ ပတ်၍ ပြီးသောအခါတိုင်းလည်း အဘွားကြီးကပင် ခြေထောက်ကိုဖုန်သုတ်ပေးရ၊ ခြေအိတ်ပြန်စွပ်ပေးရ၊ ဖိနပ်ကြိုး ချည်ပေးရ လုပ်လုပ်ပေးနေရသည်ကို မြင်သောအခါ မနေနိုင်သည့်မိမိက "ဘာလဲ သူက နေမကောင်းဘူးလား။ ခါးမကုန်းနိုင်တော့ဘူးလား"ဟုပင် မေးယူရသည်။ ထိုအခါ အဘွားကြီးက "နေကောင်းပါတယ်၊ ဒါပေမဲ့ သူ့ကို ငါကပဲ အစစ လိုက်လုပ်ပေးနေရတာ"။

အဘိုးကြီးကား ပြုံးပြုံးကြီးလုပ်၍နေ၏။ ထိုအပြုံးကြီးကိုကြည့်ပြီး မိမိကမဆီမဆိုင်အမြင်တွေ လွန်စွာကတ်သွားသည်။ သက်တူရွယ်တူချင်းအတူတူ ဘာကိစ္စ ကိုယ့်ဘာသာမလုပ်ဘဲ မယားကိုပဲ လုပ်ခိုင်းနေရသလဲ၊ ထိုအဘွားကရော ဘာကိစ္စ မညည်းမညူ လုပ်ပေးနေရသလဲ၊ ဘာကိုကြောက်ရတာလဲ စသည်ဖြင့် ကိုယ့်ဘာသာတွေးကာ မကျေနိုင်မချမ်းနိုင် ဖြစ်နေမိသည်။

စားသောက်ဆိုင်တွေရောက်တိုင်းလည်း အဘိုးကြီးက ရေပင် ပုလင်းထဲက ငှဲ့မသောက်၊ ဘွားတော်မှပင် ရေကအစ ငှဲ့ပေးသည်။ ကျန်သည့်အမျိုးသမီးများကလည်း မိမိကဲ့သို့ပင် မျက်စိနောက်ဟန်တူပါသည်။ အဘွားကြီးကတော့ ကျေကျေနပ်နပ်ကြီးပင် "သူက အိမ်မှာဆိုရင် ဆေးတောင် ငါကမတိုက်ရင် မသောက်ဘူး။ ဆီးချိုရှိတော့ ငါကပဲ တချိန်လုံးဆေးကို အချိန်မှန်တိုက်နေရတယ်၊ နို့မို့ရင် သူ့ဘာသာဆေးယူ မသောက်ဘူး"။

မိမိက "ကိုယ့်ဘာသာ ဆေးတောင်ယူမသောက်မှတော့ ပစ်ထားလိုက်စမ်းပါ။ ရေလည်း တိုက်မနေနဲ့၊ သူ့ဘာသာအငတ်ခံမလား စောင့်ကြည့်ပေါ့၊ ကိုယ့်ဘာသာတော့ အသေမခံပါဘူး"ဟု စိတ်ထဲက ပြောနေသည်။ ထိုအဘိုးကြီး၏ ကျေနပ်ပြုံးကြီးကိုလည်း မုန်းလိုက်သည်မှာ ပြောဖွယ်မရှိ။ တကယ်တမ်းတော့ သူတို့ဘာသာ လင်မယားချင်းကျေနပ်၍ လုပ်ပေးနေခြင်းသည် ကိုယ်နှင့်ဘာမှမဆိုင်၊ ဘာမှအကဲသိလ်ဝင်ယူနေစရာမလို၊ ကိုယ်သာဆိုရင် တွေးနေပေမဲ့ သူတို့က ကိုယ်မဟုတ်သည့်အတွက် မတူသည့် ခံယူချက်တွေရှိနေမည်၊ ဖြတ်သန်းခဲ့ပုံချင်း၊ ခေတ်ချင်းမတူသလို၊ ခံယူချက်ခြင်းကလည်း မတူနိုင်ဟု ကိုယ့်ဘာသာ ပြန်ဆုံးမကာနေရသည်။

သို့ဖြင့်မိမိက သူတို့အားသံဃာအပါးသုံး၊ လေးရာလောက်ရှိသည့် စာသင်တိုက်ကြီးတတိုက်ဆီသို့ ခေါ်သွားသည်။ တိုးရစ်တိုင်းလိုလိုပင် စိတ်ဝင်စား သဘောကျတတ်သည်။ ဘာတွေသင်ကြားကြသလဲ၊ စည်းကမ်းတွေက ဘာတွေလဲ၊ ငယ်ရွယ်သေးသည့် ကိုရင်လေးတွေ မိဘတွေဆီပြန်ခွင့်ရှိလား၊ မိဘဆွေမျိုးတွေကရော ကျောင်းတိုက်ကို လာတွေ့လို့ရသလား၊ တသက်လုံး နေရတာလား၊ မပျော်တော့ရင် လူထွက်လို့ရသလား စသည်ဖြင့် မေးတတ်ကြသည်။ ငယ်ရွယ်သေးသည့် အရွယ်လေးတွေဖြစ်သောကြောင့် ဦးပြည်း ပြောင်ပြောင်လေးတွေဖြင့် စာသင်စာအံနေကြသည့်ကို မြင်သောအခါ သနားစိတ်၊ ကြင်နာစိတ်တို့လည်း ဖြစ်ကြ၏။

တချို့ကလည်းဆင်းရဲ၍၊ နေစရာမရှိ၍ ကျောင်းသို့ ရောက်လာပြီးနေကြ၊ ပညာသင်ကြသလားဟု ပွင့်ပွင့်လင်းလင်းပင် အနောက်တိုင်းသားတို့ ထုံးစံအတိုင်း မေးတတ်ကြသည်။ ထိုအခါ ဗုဒ္ဓဘာသာ မိသားစုတိုင်း ချမ်းသာသည်ဖြစ်ဖြစ်၊ ဆင်းရဲသည် ဖြစ်ဖြစ်၊ မည်သည့် အလှူမဆို သားယောကျ်ားလေးတွေကို သာသနာ့ဘောင်ကို သွတ်သွင်းကြသည့် ဓလေ့တွေရှိကြောင်း၊ ပျော်ရင်လည်းပျော်သလောက်နေ၍ ရကြောင်း၊ မပျော်ရင်လည်း ထွက်၍ရကြောင်း၊ အနည်းဆုံး တပတ်၊ ဆယ်ရက်တော့ ဝတ်ကြကြောင်း၊ တချို့ကတော့ ငယ်စဉ်ကတည်းကပင် ပါရမီပါလာဖြင့် သူတို့စိတ်ဖြင့်ပင် သာသနာ့ဘောင်ထဲဝင်ကြောင်း၊ စစ်မက်ဖြစ်ပွားသည့်နေရာမှ ကလေးတွေ၊ မိဘမဲ့ကလေးတွေလည်း ပါပါကြောင်း၊ သို့သော်လည်း အချိန်တန်၍ လူထွက်ချင်သောအခါ လူထွက်၍ရကြောင်း စသည်တို့ကို ရှင်းပြတိုင်း တိုးရစ်တို့က စိတ်ဝင်တစား နားထောင်လေ့ရှိကြ၏။ ထို့နောက် တရားအားထုတ်သည့်ဘက်ကိုလည်း စကားရောက်သွားပြန်၏။

ထိုအခါ ရေပင်ကိုယ့်လက်ဖြင့် ကိုယ်ယူမသောက်သည့် ဘိုးတော်ကြီးမှ အော်ကြီးဟစ်ကျယ်ဖြင့် အားမနာပါးမနာ "Brain Wash" လုပ်ခံနေရသည်ဟု ဆိုတော့သည်။ ဘေးနားက အဘိုးကြီး တယောက်ကလည်း မြှောက်ထိုးပင့်ကော်ဖြင့် မိမိအား မကြားမည်စိုးသဖြင့် တကူးတကပင်လာ၍ ပြောပြန်သည်။ သွေးပူသွေးဆူဖြစ်သွားလျှင် ကိုယ်က တပန်း ရှုံးတတ်သည်။ စိတ်ငြိမ်အောင်အရင် ကိုယ့်ဘာသာ ဆုံးမပြီး "ဦးနှောက်ဆေးတယ်လို့ ပြောလိုက်တာလား။ အင်းအဲဒီလိုယူဆရင်လည်း မမှားဘူးပေါ့လေ။ ဦးနှောက်ဆိုတာ မကောင်းတဲ့အတွေးတွေ၊ စိတ်တွေနဲ့ ပြည့်နေတာများတယ် မဟုတ်လား။ ဒီတော့ ဆေးသင့်ရင် ဆေးရမှာပေါ့။ ဆေးနည်းမသိရင် တတ်ကျွမ်းတဲ့ ဆရာတွေဆီမှာ သင်ရမှာပေါ့။ ဒါတွေဟာ ဘာသာ တရားနဲ့လည်းမဆိုင်ဘူးလို့ ယူဆကြလို့ အနောက်တိုင်းက စိတ်ပညာရှင်တွေ၊ စိတ်ကုဆရာဝန်ကြီးတွေသာမကဘဲ Google တို့၊ ဖေ့စ်ဘွတ်တို့လိုက ပိုင်ရှင်တွေကတောင် ဆီလီကွန်တောင်ကြားကို ဘုန်းကြီးတွေ၊ တရားပြဆရာတွေကို တကူးတက ဖိတ်ခေါ်ပြီး တရားထိုင်၊ တရားမှတ်တဲ့အလုပ်ကို သူတို့ဝန်ထမ်းတွေအတွက် အသုံးဝင်မှန်းသိလို့ ကျင့်ကြံခိုင်းနေကြပြီလေ။ အဘိုးလည်း အသက် ၈၀ နားကပ်နေမှတော့ တသက်လုံးစုထားတဲ့ စိတ်အညစ်အကြေးတွေ စုပုံနေမှာပဲ။ ကြုံတုန်း ဦးနှောက်ဝင် အဆေးခံသွားပါလား။ နိုင်ငံခြားမှာလို ပိုက်ဆံ မပေးရပါဘူး"

ဤတွင် ကိစ္စပြတ်လေတော့သည်။ စူးစမ်းသည့်စိတ်၊ သိချင်သည့်စိတ်ဖြင့် မေးသည်က တခြား၊ ပုတ်ခတ်ချင်သည့် စိတ်က တခြားဖြစ်သည်။ အလှလေးက ပါးသော်လည်း သိတော့သိသာပါသည်။ မြန်မာနိုင်ငံမှာ အိမ်တိုင်းလိုလို တယ်လီဗီးရှင်းရှိသလားဟု ပုံမှန်လေသံဖြင့် သိချင်ရုံသက်သက် မေးသည်နှင့် ကားဆရာကို မေးပေးစမ်းပါ သူ့အိမ်မှာ TV ရှိလားဆိုသည်မှာ ကွာခြားမှုရှိ၏။ နှိမ်ပေါက်နှင့်မေးသည်လား၊ သွေးရိုးသားရိုးလားဆိုသည်မှာ သိသာသည်။ တချို့က မြန်မာနိုင်ငံသည် ဆင်းရဲသားနိုင်ငံဖြစ်သောကြောင့် လူတိုင်း ဆင်းရဲမည်ထင်ကြသည်။ စားစရာသား၊ ငါးပင်မရှိဘဲ အများစုမှာ ပုရစ်တို့၊ ဖားတို့သာ ဖမ်းစားနေကြသလား မှတ်သေး၏။

တိုးရစ်ဂိုက်က တယ်လီဖုန်းကောင်းကောင်းသုံးနေလျှင် အံ့ဩတကြီးဖြင့် ဟုတ်မှ ဟုတ်ရဲ့လား၊ တရုတ်က ပေါပေါပဲပဲ အတုလားဟု သံသယဝင်ကာ မေးတာမျိုးလည်း တချို့ကြုံရတတ်သည်ဟု ကြားဖူးသည်။ သိချင်လျှင်လည်း ပညာရှိနည်းဖြင့် "မြန်မာပြည်မှာ ဖုန်းတွေက ဈေးပိုသက်သာလား။ ငါတို့ဆီမှာတော့ ဒီနောက်ဆုံးပေါ်ဖုန်းကတော့ ဘယ်ဈေးရှိတယ်"ဟု ဆိုလျှင် ဂိုက်က "ငါဝယ်တာတော့ ဘယ်ဈေးနဲ့ပဲ။ နင်တို့ဆီတော့ ဘယ်ဈေးပေါက်လဲ မသိဘူး"ဟု ပြန်ဖြေလျှင် အခြေအနေကို အကဲခတ်၍ရနိုင်ပါသည်။

သို့သော်တခါတည်းတန်းပြီး "နင့်ဖုန်းက တရုတ်မိတ်လား"ဟု မေးလိုက်ခြင်းသည် ရိုင်းခြင်းဖြစ်သည်။ သို့သော် ဘာကြောင့် မေးသနည်း။ တိုင်းပြည်ဆင်းရဲသောကြောင့် ဖြစ်သည်။ အမေရိကားက တိုးရစ်ဂိုက်တို့၊ ဂျပန်က တိုးရစ်ဂိုက်တို့ဆိုလျှင် ဤသို့ မေးမည်မဟုတ်။ တရုတ်မိတ်အတု ကိုင်ထားလျှင်တောင်မှ အစစ်ဟုသာ ထင်မည်ဖြစ်သည်။ ဆင်းရဲသည့်နိုင်ငံမှ လူတွေကျတော့ သိန်းနှစ်ဆယ် သုံးဆယ်တန်အိတ် ကိုင်ထားတောင်မှ အစစ်ဟုမထင်၊ အတုဟုသာ ထင်တတ်ကြ၏။

ထို့ကြောင့် လူ့စိတ်လူ့သဘောတို့ကို တဖြည်းဖြည်းနားလည်လာသည့်အခါ ထစ်ဆိုပေါက်ကွဲချင်စိတ်တို့၊ စိတ်တိုသည့်စိတ်တို့ လျော့ပါးလာတော့သည်။ ထင်စရာရှိ၍ ထင်ခြင်းဖြစ်သည်။ မိမိတို့ မြန်မာတော်တော်များများလည်း အသားဖြူသည့်အနောက်တိုင်းသားတို့နှင့် တွေ့လျှင် ဘုမသိဘမသိ အထင်ကြီးတတ်ကြလေသည်။ ဤသည်မှာလည်း သူတို့မြင်ဖူးကြားဖူးထားသည်တို့က အထင်ကြီးစရာဖြစ်နေ၍သာ ကြီးကြခြင်းဖြစ်သည်။ ဒါသည်ပင် အမှန်တရားဖြစ်၏။

မိမိသည်လည်း မြန်မာပီပီ သွေးဆူစိတ်ရှိသည်။ ကိုယ့်အမြင်နှင့် မတူလျှင် စိတ်ထဲကမကြိုက်။ တကယ်တော့ ကိုယ်ကကိုယ့်အမြင်ရှိသလို သူကလည်း သူ့အမြင်ရှိပေမည်။ ကိုယ်မကြားချင်သည်ကို ပြောလိုက်ရေးလိုက်သည်နှင့် စိတ်ဆိုးခြင်း၊ ပေါက်ကွဲခြင်း၊ ဆဲဆိုခြင်းတို့လုပ်ခြင်းသည် ကျဉ်းမြောင်းသည့် စိတ်ပါလားဆိုသည်ကို သိနေလျက်နှင့် လွတ်လွတ်သွားချင်သည့် မိမိ၏စိတ်ကိုလည်း ဘရိန်းဝှတ်ရှ် Brainwash လုပ်ရပေဦးမည်ဟုသာတွေးမိရင်း ထိုစကားလုံးကိုသုံးနှုန်းခဲ့သည့် အဘိုးကြီးကို ကျေးဇူးတင်နေမိတော့၏။

စူးစူး(ကောလင်း)



# ဘရိန်းဝှတ်ရှ်

စူးစူး(ကောလင်း)

"ကိုယ်မကြားချင်သည်ကို ပြောလိုက်ရေးလိုက်သည်နှင့် စိတ်ဆိုးခြင်း၊ ပေါက်ကွဲခြင်း၊ ဆဲဆိုခြင်းတို့ လုပ်ခြင်းသည် ကျဉ်းမြောင်းသည့် စိတ်ပါလားဆိုသည်ကို သိနေလျက်နှင့် လွတ်လွတ်သွားချင်သည့် မိမိ၏စိတ်ကိုလည်း ဘရိန်းဝှတ်ရှ် **Brainwash** လုပ်ရပေဦးမည်ဟုသာ တွေးမိရင်း ထိုစကားလုံးကို သုံးနှုန်းခဲ့သည့် အဘိုးကြီးကို ကျေးဇူးတင်နေမိတော့၏ . . ."




# ဧရာဝတီ စာပေပွဲတော်ကပေးတဲ့ ဆင့်ပွား အတွေးအမြင်များ

ခင်နှင်းဦး

မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်၌ ပြန်လည်ကျင့်သုံးလာသည့် တကျော့ပြန် ဒီမိုကရေစီစနစ်၏ အကျိုးဆက်အဖြစ် အာဏာရှင်စနစ်အောက်တွင် ပြားပြားဝပ်ခဲ့ရသည့် စာပေနယ်ပယ်သည် စာပေကင်ပေတိုင်ခေါ် စာပေစိစစ်ရေးလက်အောက်မှ ၂၀၁၂ ဩဂုတ်လတွင် ပြန်လည်လွတ်မြောက်လာပါသည်။ တဖန်သမ္မတကြီးဦးသိန်းစိန်လက်ထက် ၂၀၁၃ တွင် ပထမအကြိမ် ဧရာဝတီစာပေပွဲတော်ကို ကျင်းပခွင့်ရခဲ့ကြပါသည်။ ၂၀၁၃ ဧရာဝတီစာပေပွဲတော်သည် အမှောင်ခေတ်ကိုဖြတ်သန်းခဲ့ရသည့် မြန်မာစာပေလောကသားများအတွက် ပထမဆုံးအကြိမ် နိုင်ငံတကာမှ စာရေးဆရာများနှင့် တရားဝင်အတူတွဲပြော ဆိုခွင့်ရသည့်ပွဲလည်း ဖြစ်ပါသည်။ အရပ်သားတပိုင်း ဦးသိန်းစိန်အစိုးရအနေဖြင့် ဒီမိုကရေစီစံချိန်မီသည့် အစိုးရဖြစ်ကြောင်း ကမ္ဘာကိုပြသရန်ကြိုးစားနေရသည့် ကာလလည်း ဖြစ်ပေရာ၊ ဤစာပေပွဲတော်တွင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ပြောဆိုမည်ကိုလည်း တားမြစ်ခြင်းမရှိခဲ့ပေ။

ရန်ကုန်တွင် ပထမဆုံးအကြိမ်ကျင်းပသည့် ဧရာဝတီစာပေပွဲတော်ကို သာမန်လူများသွားလာရမလွယ်ကူသည့်အင်းလျားလိတ်ဟိုတယ်၌ ကျင်းပစေကာမူ စာပေပရိသတ်စည်ကားစွာလာရောက်ကြသည့်ပွဲဖြစ်ခဲ့ပါသည်။ ထိုစဉ်ကစာနယ်ဇင်းနှင့် ရုပ်သံမီဒီယာများက ဧရာဝတီစာပေပွဲတော်အကြောင်းကို အထူးဖောင်းပေးဖော်ပြခဲ့ကြပါသည်။ ထို့အတူ စနစ်တကျတန်းစီလေ့မရှိသည့် ရှက်ဖွယ်မြန်မာ့အကျင့်ဆိုးကို ကမ္ဘာကိုပြသခဲ့သည့်ပွဲလည်းဖြစ်ခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဆရာကြီးဦးသော်ကောင်းတို့ဆွေးနွေးပြောဆိုကြမည့် ကမ္ဘာ့စာပေအကြောင်းကျင်းပမည့်နေရာကို ခန်းမကျယ်ကြီး (Ball Room) တွင်ကျင်းပရန်နေရာပေးထားသည့်အပြင် ထိုနေ့တွင် ခန်းမကျယ်ကြီးတံခါးအားပိတ်မည့်အချိန်ကိုပါ ရှေ့သို့နာရီဝက်စောသတ်မှတ်လိုက်ပါသည်။ ထိုနေ့က အင်းလျားလိတ်ဟိုတယ်ရှိပွဲတော်သို့ ဝင်ရောက်ခွင့်လက်မှတ်များကို တိုးဝှေ့ဝယ်ယူသူများပြားလွန်း၍ ဝင်ခွင့်လက်မှတ်များပြတ်ထွက်သွားပါသည်။ ဒေါ်အောင်ဆန်းစုကြည် ဟောပြောမည့် ခန်းမရှေ့တွင် ခန်းမထဲဝင်ခွင့်ရရန် တိုးဝှေ့နေသည့် မြန်မာတို့ကြောင့် တန်းစီရပ်စောင့်နေကြသော နိုင်ငံခြားသားများပါ ရောတိုးကြရပေတော့သည်။ ခန်းမဝင်ပေါက်ကို ဗြိတိသျှသံရုံးမှတာဝန်ရှိသူများက လက်ချင်းချိတ်ဆက်၍ တိုးဝှေ့နေသော ရွှေမြန်မာတို့ကိုတားကာ ၃ ယောက်တတွဲဝင်ခွင့်ပေးစေကာမူ အတင်းတိုးနေသည့်လူအုပ်ကြီးကို သူတို့မထိန်းနိုင်ကြပေ။ အထဲဝင်ရပြီးရော တိုးဝင်ကြပြီး မတ်တတ်ရပ်နားထောင်ကြသည်ထိ ဒေါ်အောင်ဆန်းစုကြည်ဟောပြောမည်ကို လူထုကစိတ်ဝင်စားခဲ့ကြပါသည်။

သည်အဖြစ်ကိုနမူနာပြု၍ ၂၀၁၄ မန္တလေးတွင်ကျင်းပသည့် ဧရာဝတီစာပေပွဲတော်တွင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်ပြောဆိုမည့်ပွဲ၌ ရွှေမြန်မာတို့ ရုပ်ပျက်ဆင်းပျက်မတိုးဝှေ့စေရန် စီမံထားမည်ဟု တွေးခဲ့သော်လည်း လက်တွေ့တွင် မစီမံထားပါ။ ဒေါ်အောင်ဆန်းစုကြည်ပါဝင်ဆွေးနွေးမည့်နေ့တွင် မန်းတောင်ခြေရှိဟိုတယ်သို့ လူအုပ်ကြီးတဖွဲဖွဲရောက်လာသည်။ ကျင်းပမည့် ကွန်ဖရင့်ခန်းမထဲသို့ အင်းလျားလိတ်ဟိုတယ်တုန်းကနည်းတူ တိုးကြဝှေ့ကြပါသည်။ တာဝန်ကျသူများ ချွေးဒီးဒီးကျတားထားကြရပုံကို ပြန်သတိရမိပါသည်။ ၉-၁၁-၂၀၁၉ ရက်နေ့တွင် စတင်ကျင်းပသည့် ၅ ကြိမ်မြောက်ဧရာဝတီစာပေပွဲတော်ကျင်းပရာ မန္တလေးတောင်ခြေရှိဟိုတယ် (Mercure Mandalay Hill Resort) ညီ့ခန်းမတွင်ထိုင်နေစဉ်မြင်နေရသည့်ခြောက်ကပ်ကပ်ပရိသတ်ကို ငေးကြည့်ရင်းစိတ်ထဲ၌ ဒေါ်အောင်ဆန်းစုကြည်လာမည့်နေ့ဆိုပါက လူပရိသတ်များပြားတိုးဝှေ့ကြပုံကို ပြန်သတိရမိခြင်းဖြစ်ပါသည်။

အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပသည့်နှစ်ကကဲ့သို့ နေ့စဉ်ပရိသတ်များပြားခြင်းမရှိဘဲ ပုံမှန်လာရောက်ကြသည့်ပရိသတ်ဖြင့်သာ ဧရာဝတီစာပေပွဲတော်ကိုကျင်းပခဲ့သည်မှာ ၅ ကြိမ်တိုင်ခဲ့ပါပကော။ သည်တွင် မြန်မာတို့၏ပြန်လှန်သုံးသပ်မှုအလေ့အထအားနည်းပုံ၊ မှတ်တမ်းတင်မှုအားနည်းပုံနှင့် သုတေသနပြုမှုအားနည်းပုံများကိုတွေးနေမိပါသည်။ ပထမအကြိမ် ဧရာဝတီစာပေပွဲတော်မှစ၍ စတုတ္ထအကြိမ်ထိတိုင် ဦးစီးတာဝန်ယူခဲ့သူများ၊ ပါဝင်ဆွေးနွေးကြသည့်ခေါင်းစဉ်များ၊ ပါဝင်ဟောပြောသူအရေအတွက်နှင့် တက်ရောက်သူစာရင်းတိတိကျကျ မှတ်တမ်းကောက်ယူထားမှုရှိဟန်မတူပေ။

ရန်ကုန်အင်းလျားလိတ်ဟိုတယ်တွင် ပထမဆုံးအကြိမ်ကျင်းပသည့် ဧရာဝတီပွဲတော်သို့ စိတ်ဝင်တစားလာသူများပြားခဲ့သော်လည်း ဒုတိယအကြိမ် မှ ပဥ္စမအကြိမ်ထိ ၄ ကြိမ်ဆက်တိုက်ကျင်းပခဲ့သည့် မန္တလေးဧရာဝတီစာပေပွဲတော်တွင် လူသူအလာကျဲပါးရခြင်း အကြောင်းရင်းများကို စေ့ငုကြပါရဲ့လား။ သည်ပွဲအတွက် သုံးခဲ့ရသည့်ငွေကြေး၊ အချိန်၊ စိုက်ထုတ်ရသည့် လူ့အင်အားအရင်းအနှီးများနှင့် ပြန်လည်ရရှိသည့်စာပေဆိုင်ရာအကျိုးအမြတ် ကာမိ၊ မကာမိဆန်းစစ်မှုရှိကြပါရဲ့လား စသဖြင့်တွေးမိပြန်ပါသည်။

သည်နှစ်ကျင်းပသည့် ၅ ကြိမ်မြောက်စာပေပွဲတွင် ပညာရေးဆိုင်ရာဆွေးနွေးပွဲ ၄ ပွဲပါဝင်သဖြင့် မြန်မာ့ပညာရေးအပြောင်းအလဲအတွက် သတိတရအစီအစဉ် ၂ ရပ်ထည့်သွင်းထားသည်ကို ဝမ်းမြောက်မိပါသည်။ ဂီတနှင့် အခြေခံပညာရေး၊ ၄.၀ ပညာရေးအပေါ် စာပေ၏အကျိုးသက်ရောက်မှု၊ ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် မြန်မာ့ပညာရေးအပြောင်းအလဲ၏လားရာဟူသည့်ခေါင်းစဉ်များဖြင့် ပညာရေးဆိုင်ရာများအား ဆွေးနွေးခဲ့ကြပါသည်။ ပညာရေးဆိုင်ရာဆွေးနွေးပွဲများအပါအဝင် တခြားဆွေးနွေးပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်တဦးသာ ပါဝင်ဆွေးနွေးခဲ့ကြောင်းတွေ့ရှိရပါသည်။ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်လည်း မများပြားပေ။ အကယ်၍ ဒေါ်အောင်ဆန်းစုကြည်ပါဝင်သည့် အစီအစဉ်တရပ်ရပ်သာပါခဲ့လျှင် ထိုနေ့သည် ပင်နီရောင်လွှမ်းသည့်မန်းတောင်ခြေဟိုတယ်ဖြစ်မည်မှာ မြေကြီးလက်ခတ်မလွဲဆိုသော ငေါ့တော့တော့အတွေးကိုလည်းတွေးမိပါသည်။

လူထုကြားဝင်ရန်လိုသည့် နိုင်ငံရေးသမားများ၊ လူထုအသံနားထောင်ရမည့် နိုင်ငံရေးသမားများနှင့် မြန်မာတို့၏ပုဂ္ဂိုလ်ခင်မှု တရားမင်သည့်အလေ့ဆက်စပ်နေဆဲဖြစ်ပုံကိုလည်း ဆက်တွေးမိပြန်ပါသည်။ တဘက်တွင်မူ ပညာရေးဆိုင်ရာဆွေးနွေးပွဲများသို့ ဘုန်းတော်ကြီးများအပါအဝင် ပရိသတ်အများတက်ရောက်ကြသည်ကိုလည်း ဝမ်းမြောက်မိပါသည်။ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ကျူရှင်စနစ်ကို ပပျောက်စေလိုကြောင်း ထုတ်ဖော်ပြောကြားဖူးပါသည်။ သို့သော် ကျူရှင်စနစ်အမြစ်မပြတ်ခြင်းနှင့် မူလတန်းမှစပြီးတက္ကသိုလ်ထိတိုင် အလွတ်ကျက်နေကြသည်မှာ ပညာရပ်ဆိုင်ရာဘာသာရပ်များအား မိခင်ဘာသာစကားဖြင့် မသင်ကြားခြင်း၏နောက်ဆက်တွဲဆိုးကျိုးဟူသောအချက်ကိုအဆိုပါ ပညာရေးစကားဝိုင်းများတွင် ထည့်သွင်းဆွေးနွေးသွားခြင်းမရှိခဲ့ပါ။

ပညာရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သည့် ပညာရှင်တဦးက ကေဂျီအပေါင်း ၁၂ တန်းစနစ်ကို မိဘများက ယုံယုံကြည်ကြည်လိုက်သင့်ကြောင်း မယုံကြည်ကြ၍ ကေဂျီတန်းစာမသင်သည်ကို မိမိသားသမီး စာမတတ်ဟုယူဆလျက် ကျူရှင်ထားပေးနေကြကြောင်း ထည့်သွင်းဆွေးနွေးသွားပါသည်။ **စာရေးသူအမြင်အရ စနစ်တခုပြောင်းလျှင် ထိုစနစ်အကြောင်း မိဘကျောင်းသားကျောင်းသူဆရာဆရာမတို့အား ထောင်းလမောင်းကြေသည်ထိ နားလည်ဖို့ရှင်းပြရန် ပညာရေးပြောင်းလဲမှုကို ဖော်ဆောင်နေသောအဖွဲ့၏တာဝန်ဖြစ်ပါသည်။** ကျွပ်တို့နှစ်ရှည်လများတိုင်ပင် ညှိနှိုင်းခဲ့သည့်ကေဂျီအပေါင်း ၁၂ တန်းဖြစ်သည်ဟုမပြောနိုင်ဘဲ၊ KG + 12 ဟု ထပ်ခါခါတလဲလဲပြောသွားသည့် ပညာရှင်က မိဘများ KG+12 နားမလည်၍ ပညာရေးပြောင်းလဲမှု မအောင်မြင်ဟု သဘောသက်ရောက်စေသည့်အပြောမျိုးကို မပြောသင့်ဟု ယူဆမိပါသည်။

ပညာရေးစကားဝိုင်းသို့ တက်ရောက်လာကြသူများကမေးသည့်မေးခွန်းတချို့ကို သက်ဆိုင်ရာပညာရှင်များက ရိုးရှင်းပြတ်သားစွာ မဖြေဆိုကြပါ။ လိမ္မာပါးနပ်စွာ ဖြေဆိုကြပါသည်။ လူထုလိုချင်သည်က ရိုးရှင်းပြတ်သားသည့် တုံ့ပြန်မှုသာဖြစ်ပါသည်။ စာပေပွဲတော်များကျင်းပခြင်းတွင် ပါဝင်ဆွေးနွေးဟောပြောကြသည်များ၊ ပရိသတ်၏ တုံ့ပြန်မေးခွန်းများ၊ အဖြေများသည် ပွဲပြီးမီးသေ ပျောက်ပျက်မသွားဘဲ ယူကျူပေါ်တင်ပေးထားခြင်း၊ မှတ်တမ်းပြုစုသိမ်းဆည်းခြင်းတို့ကိုပါ ပူးတွဲဖော်ဆောင်သင့်ကြပြီဖြစ်ပါသည်။ အထူးသဖြင့် ပညာရေးဆိုင်ရာဆွေးနွေးမှုများ တုံ့ပြန်မေးခွန်းများနှင့်အဖြေများအား ပညာရေးပြုပြင်ပြောင်းလဲရေးဖော်ဆောင်နေသည့်တာဝန်ရှိသူများထံ မဖြတ်မတောက် မကျိုးမပေါက် ရောက်သင့်ပါသည်။

**စာပေပွဲတော်များကို စမိသည့် အစဉ်အလာကြောင့် အစဉ်အလာမပျက်ကျင်းပခြင်းမဟုတ်ဘဲ၊ စာပေပွဲတော်အပေါ် လူထုပိုမိုစိတ်ဝင်စားလာသလား၊ စိတ်ဝင်စားမှုလျော့ကျသွားသလား၊ ထိရောက်သည့် အကျိုးရှိသည့် စာပေပွဲတော်များဖြစ်လာစေရန်မည်သည့်အချက်များကိုပြုပြင်သင့်ကြောင်း အဖြေရှာသင့်ပြီထင်ပါသည်။** ထို့ပြင် ပေးအပ်ရသည့်လူအင်အား၊ ရင်းနှီးရသည့်ငွေနှင့် အချိန်ကာမိစေရန် စနစ်တကျစာရင်းပြုစုခြင်းပြန်လည်ရရှိသည့် အကျိုးကျေးဇူးကို လေ့လာဆန်းစစ်သုတေသနပြုခြင်းတို့ကို ဆောင်ရွက်ကြခြင်းဖြင့် အရေအတွက်မှအရည်အသွေးသို့ဦးတည်သည့်စာပေပွဲတော်များ ပေါ်ထွန်းလာသင့်ပြီဟု အတွေးနယ်ချဲ့မိပါသည်။

**ခင်နှင်းဦး**

> ''ရန်ကုန်အင်းလျားလိတ်ဟိုတယ်တွင် ပထမဆုံးအကြိမ်ကျင်းပသည့် ဧရာဝတီပွဲတော်သို့ စိတ်ဝင်တစားလာသူများပြားခဲ့သော်လည်း ဒုတိယအကြိမ်မှ ပဥ္စမအကြိမ်ထိ ၄ ကြိမ်ဆက်တိုက် ကျင်းပခဲ့သည့် မန္တလေးဧရာဝတီစာပေပွဲတော်တွင် လူသူအလာကျဲပါးရခြင်းအကြောင်းရင်းများကို စေ့ငုကြပါရဲ့လား။ သည်ပွဲအတွက် သုံးခဲ့ရသည့်ငွေကြေး၊ အချိန်၊ စိုက်ထုတ်ရသည့် လူ့အင်အားအရင်းအနှီးများနှင့် ပြန်လည်ရရှိသည့် စာပေဆိုင်ရာအကျိုးအမြတ် ကာမိ၊ မကာမိဆန်းစစ်မှုရှိကြပါရဲ့လား စသဖြင့်တွေးမိပြန်ပါသည် . . .''

www.free4readers.com

# လယ်သမားများအတွက် ယုံကြည်မျှော်လင့်ချက်များပေးခဲ့သော အောင်လအန်ဆန်း

TCM



ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၏အဓိက နေရာဖြစ်သော လွတ်လပ်ရေးပန်းခြံဘေးရှိ တိုးရွှေဝါ ခန်းမအနီး ညောင်ပင်ကြီးအောက်တွင် နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီကျော်တွင် လူကြီးမှ ကလေး အဆုံးလူ ၁၀၀ နီးပါးစုရုံးလျက် တစုံတခုကိုမျှော်နေ ကြသည်။ ခန်းမအရှေ့တွင်ထောင်ထားသည့် လက် ဝှေ့လေ့ကျင့်အိတ်ကို ကလေးများက ''အောင်လ၊ အောင်လ''ဟု အော်ကာ လက်ဝှေ့ရေးလေ့ကျင့် သည့်ပုံစံအတိုင်း ကစားနေကြသည်။ ခန်းမအတွင်းမှ ဖွင့်ထားသောလေးဖြူ၏ 'အမဲလိုက်အက' သီချင်းကို လည်း အားပါးတရလိုက်ဆိုနေကြသည်။

မွန်းလွဲပိုင်းသို့ရောက်လာသည်နှင့် လူများ တဖွဲဖွဲထပ်ရောက်လာပြီး ပို၍များလာသည်။ ဆိုင် ကယ်နှင့်လာသူများလည်းရှိသလို ခြေကျင်လာသူများ လည်းရှိ၏။ ခန်းမအရှေ့တွင် ပျားပန်းခတ်မျှရှုပ်ထွေး နေပြီး ရဲတပ်ဖွဲ့ဝင်များပင် လမ်းရှင်းပေးနေရသည် အထိဖြစ်လာခဲ့သည်။

''ဒီနေ့ ၁ နာရီခွဲမှာ အောင်လလာမယ်ကြားလို့ မနက်ထဲက လာစောင့်နေတာ''အသက် ၅၀ ကျော် အရွယ် မအူပင်ဒေသခံဦးထွန်းတင်ကပြောသည်။

ဦးထွန်းတင်သည် မအူပင်မြို့နှင့် ၄ မိုင်ခန့် အကွာရှိ ရွာလေးတရွာမှ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးနေသည့် အသက် ၆၀ ကျော်အရွယ် လယ်သမားတဦးဖြစ်သည်။ အောင်လအန်ဆန်းနှင့် တွေ့ဆုံရန်အတွက် တိုးရွှေဝါခန်းမသို့ နံနက် ၈ နာရီ ကတည်းက ၎င်း၏မြေးကိုဆိုင်ကယ်ဖြင့် လိုက်ပို့နိုင်း ခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်းကဲ့သို့ မြန်မာ့ ဂုဏ်ဆောင်တဦးနှင့်တွေ့ခွင့်ရပါက အတူဓာတ်ပုံရိုက် ရန် အားခဲထားသည်ဟုလည်း ပြောသည်။

''အခုချိန်မှာ ကမ္ဘာကျော်ပုဂ္ဂိုလ်ဆိုလို့ ကျွန် တော်တို့နိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အောင်လ အန်ဆန်းပဲရှိတယ်။ ဒီလိုကမ္ဘာကျော်ပုဂ္ဂိုလ်တဦး မြို့ကိုလာတာ ဝမ်းသာဂုဏ်ယူပါတယ်''ဟု မအူပင်မြို့ခံ ဆိုင်ကယ်ကယ်ရီသမား ကိုကျော်မင်းထွန်းကလည်း သူ့ခံစားချက်ကိုပြော၏။

တိုးရွှေဝါခန်းမရှေ့သို့ မွန်းလွဲ ၂ နာရီဝန်းကျင် တွင် အောင်လအန်ဆန်းရောက်ရှိလာသည့်အခါတွင် ရာနှင့်ချီသောလူအုပ်ကြီးက ''အောင်လ၊ အောင်လ'' ဟုအော်ဟစ်ကြပြီး လက်ခုပ်လက်ဝါးတီးကာ ကြိုဆို ကြသည်။ လက်ကိုင်ဖုန်းများထုတ်ကာ ဓာတ်ပုံများ တဖျတ်ဖျတ်ရိုက်ကြသည်။

''လက်ဝှေ့သမားဆိုပြီး ကြမ်းကြမ်းတမ်းတမ်း ထင်တာ။ အသားက ငါတို့တွေထက်တောင်ဖြူပြီး နုနေသေးတယ်''ဟု အဘွားအိုတဦးကလည်း မှတ် ချက်ပြု၏။

ထို့နောက် အောင်လအန်ဆန် ခန်းမအတွင်းသို့ ဝင်ရောက်သွားကာ စင်မြင့်ထက်မှ မအူပင်မြို့ပရိသတ် များကို အမှတ်တရစကားများကိုပြောသည်။

''ပြောချင်တာက မြန်မာပြည်သားဆိုပြီး စိတ် အားမငယ်နဲ့နော်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိ၊ ယုံကြည်မှုရှိမယ်ဆိုရင် ကျွန်တော်တို့သူများကို လိုက်မီ တယ်။ သူများနဲ့ကစားလို့ရတယ်။ သူများနဲ့စီးပွားရေး လုပ်လို့ရတယ်။ တခြားနိုင်ငံကလူတွေနဲ့ ကျွန်တော်တို့ ယှဉ်လို့ရတယ်။ အကယ်၍ စိတ်အားငယ်နေမယ်ဆိုရင် ဘယ်တော့မှ ယှဉ်လို့ရမယ်မဟုတ်ဘူး''ဟုဆို၏။

အမှတ်တရစကားပြောကြားပြီးချိန်တွင် အောင် လအန်ဆန်းနှင့် ပရိသတ်များ အမေး အဖြေအစီအစဉ် ကို စတင်သည်။ ပရိသတ်များက အောင်လအနေဖြင့် မိမိထက်အကောင်ကြီးသည့် ဘရန်ဒါဗီရာကို မည် သည့်နည်းကိုအသုံးပြု၍ အနိုင်ထိုးခဲ့သနည်း၊ မည် သည့်အချိန်တွင် ကြိုးဝိုင်းသို့ပြန်ဝင်မည်နည်း၊ အောင် လအန်ဆန်းသည် စိုက်ပျိုးရေးအဓိကဖြင့်ဘွဲ့ရသည်ဟု ကြားသိရသည့်အတွက် ယခုလက်ရှိအချိန် စပါးပေါက် ဈေးနှင့် တောင်သူများ၏ရင်းနှီးငွေ များစွာကွာခြား နေသည့်အတွက် အရှုံးပေါ်နေရသည်ကို အကြံဉာဏ် ပေးရန် စသည်တို့ကိုမေးမြန်းကြသည်။

မေးမြန်းမှုများနှင့်ပတ်သက်၍ ဘရန်ဒါဗီရာကို အနိုင်ရယူနိုင်ခြင်းမှာ ကြိုတင်ပြင်ဆင်မှုနှင့် ကိုယ့် ကိုယ်ကိုယ်ယုံကြည်မှု ရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ယင်း ပွဲတွင်ရရှိခဲ့သည့် ညာလက်မဒဏ်ရာ ခွဲစိတ်ကုသမှုခံ ယူထားပြီးအနားယူနေကာ လာမည့် ၂၀၂၀ ဖေဖော် ဝါရီနောက်ဆုံးအပတ်တွင် ကြိုးဝိုင်းအတွင်းသို့ ပြန် လည်ဝင်ရောက်မည်ဖြစ်ကြောင်း၊ လယ်သမားများ အရှုံးပေါ်နေမှုနှင့်ပတ်သက်၍ ဆန်၊ စပါးဈေးနှုန်းကို မသိသော်လည်း မိမိအနေဖြင့် အမေရိကန်တွင်နေစဉ် အတွင်း နွားမွေးမြူရေးလုပ်ငန်းတခုတွင် ဝင်ရောက် လုပ်ကိုင်ခဲ့ဖူးကြောင်း၊ ကာလပေါက်ဈေးက မူရင်း ထုတ်လုပ်သူများ၏ ကုန်ကျစရိတ်ထက်များစွာနည်း ပါးသည်ကို ကြုံတွေ့ခဲ့ဖူးကြောင်း၊ လယ်သမားများ အနေဖြင့် အားမလျှော့ဘဲ ကြိုးစားအားထုတ်မှုကို တိုးလုပ်စေချင်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပရိသတ်များနှင့် အမှတ် တရဓာတ်ပုံများရိုက်ကူးအပြီး ညနေ ၃ နာရီဝန်းကျင် ခန့်တွင် ညောင်တုန်းမြို့ရှိပရိသတ်များနှင့် ထပ်မံ တွေ့ဆုံရန် အောင်လအန်ဆန်း ထွက်ခွာသွားသည်။ မအူပင်ဒေသခံများလည်း အော်ဟစ်ဆူညံလက်ပြ နှုတ်ဆက်ကာ ကျန်ရစ်ခဲ့ကြသည်။

TCM

## မွေး နေ့ ဆု တောင်း

ဖေဖေ စာရေးဆရာ ကိုမာကျော်နှင့် မေမေ တွဲဖက်ပါမောက္ခ ဒေါ်သင်းသင်းမာ (အရှေ့ပိုင်း တက္ကသိုလ်)တို့၏သမီးလေး ခင်ခင်ငြိမ်းချမ်း WINKLE ၁၆-၁၁-၁၉ နေ့တွင် ကျရောက်သော မွေးနေ့မှသည် သက်ဆုံးတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အမျိုးဘာသာ သာသနာအကျိုး သယ်ပိုး နိုင်သည့် အမျိုးကောင်းသမီးလေးဖြစ်ပါစေ ...







51st Street Centre 09 7818 20710 အမှတ် (၁၀၅)၊ ပထမထပ်၊ (၅၁) လမ်းနှင့် အနော်ရထာလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်

www.free4readers.com



# ကရင်ပြည်နယ်နေ့ ရိုးရာဒုံးပြိုင်ပွဲတွင် ရသေ့ပျံဒုံးအဖွဲ့က ဘက်စုံထူးချွန်ဆုအပြင် ဆုကြီး ၃ ဆု စလုံးဆွတ်ခူးရရှိ



နိုဝင်ဘာလ ၇ ရက်မှ ၁၁ ရက်အထိကျင်းပခဲ့သော ၆၄ နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲတွင် အသင်း ၁၂ သင်း ယှဉ်ပြိုင်ခဲ့ကြပြီး ဒုံးအကညီညာလှပမှု၊ ဒုံးသီချင်းသီဆိုမှု၊ ဆုတောင်းပတ္တနာသီချင်း သီဆိုမှုတို့တွင် အကောင်းဆုံးယှဉ်ပြိုင်နိုင်ခဲ့သော ဘားကပ်တိုက်နယ် ရသေ့ပျံကျေးရွာဒုံးအဖွဲ့က ဘက်စုံထူးချွန်ဆုအပြင် ဆုကြီး ၃ ဆုစလုံး ဆွတ်ခူးရရှိသွားကြောင်း သိရှိရသည်။ ပြိုင်ပွဲတွင် ရသေ့ပျံဒုံးအဖွဲ့သည် ဒုံးအကတေးသီချင်းဆု၊ ဒုံးအကဆုတို့တွင် ပထမ၊ ဆုတောင်းပတ္တနာဆုတွင် ဒုတိယနှင့် ဘက်စုံထူးချွန်ဆုကို ရရှိသွားခဲ့ခြင်းဖြစ်သည်။

''ဒီနှစ်ဒုံးအသင်းတွေကတော့ နည်းသွားတယ်။ အရင်ကဆို တရွာတသင်းထွက်ပြိုင်ကြတာ။ အခုတော့ ဒုံးတသင်းပြိုင်ဖို့က သိန်းတရာကျော်ကုန်မှ။ နှစ်လလောက် နေ၊ စား၊ ငြိမ်း စီစဉ်ပြီး အကကိုညီနေအောင်လေ့ကျင့်ပြီးမှ ပြိုင်ကြရတာဆိုတော့ မတတ်နိုင်ကြတော့ဘူး။ ဒါပေမဲ့ ဒီနှစ်က အရည်အချင်းရှိတဲ့ ဒုံးအသင်းတွေချည်း ပြိုင်သလိုဖြစ်သွားတော့ အမှတ်ပေးရတာ တော်တော်ခက်ပါတယ်။ နောက်ဆုံးတော့ ကရင့်ဟန်ပန် ခြေချိုးလက်ချိုးသီချင်းဆိုတာတွေမှာ ကရင်ဟန်အပြည့်ပါတာကို အမှတ်ပေး အကဲဖြတ်ခဲ့ကြရပါတယ်''ဟု ကရင်စာပေယဉ်ကျေးမှုအသင်းတာဝန်ရှိသူ နန်းမြင့်တင်က ပြောသည်။

ယခုနှစ် ဒုံးပြိုင်ပွဲအတွက် ပြည်နယ်အစိုးရမှ တသင်းလျှင် ထောက်ပံ့ငွေ ၅ သိန်းကျပ်ပေးထားပြီး ဆုကြေးအဖြစ် ပထမဆု ၂၅ သိန်း၊ ဒုတိယဆု ၂၀ သိန်းအထိ တိုးမြှင့်ပေးထားသော်လည်း အမှန်တကယ် ကုန်ကျစရိတ်သည် သိန်း ၁၀၀ အထက်ရှိနေကြောင်း သိရသည်။ ကျေးရွာအုပ်စုများမှ ကပြမည့် မောင်မယ်များအချိုကျ ပါဝင်လေ့ကျင့်ကြရသလို နေထိုင်စားသောက်စရိတ်များ၊ အဝတ်အစား အသုံးအဆောင်ကုန်ကျစရိတ်များကို ဒေသခံများက စုပေါင်းထည့်ဝင်ကာ လုပ်ဆောင်ကြရသည့်အတွက် ယခင်နှစ်များထက် လာရောက်ယှဉ်ပြိုင်မှု လျော့နည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကုန်ကျစရိတ်များလာသည့်အတွက် တနှစ်ထက်တနှစ် ပြိုင်ပွဲဝင်အသင်းများ လျော့နည်းလာနေကြောင်း ဒုံးအသင်းဦးဆောင်သူများ၏ ပြောစကားအရ သိရသည်။

**ကဆောဝါး**


## TRADEMARK CAUTION

HUAWEI TECHNOLOGIES CO., LTD. a company incorporated in P.R.China at Administration Building Huawei Technologies Co., Ltd, Bantian, Longgang District, Shenzhen, P.R.China is the Owner and Sole Proprietor of the following Trademark:-

Reg : No.4/26872/2019

In respect of : Int'l Class 9 : Digital video recorder for vehicles; set-top boxes; loudspeakers; portable media players; sound transmitting apparatus; camcorders; liquid crystal display (LCD) televisions;selfie sticks (hand-held monopods); cameras (photography); thermal imaging cameras; selfie lenses; connected bracelets (measuring instruments); gas testing instruments; digital weather stations; biochips; infrared detectors; air analysis apparatus; laboratory robots; teaching robots; optical lenses; materials for electricity mains (wires, cables); USB data lines or data cables; USB data lines or data cables for mobile phones; electronic key fobs being remote control apparatus; video screens; integrated circuits; electronic chips; touch screens; electric plugs; electric sockets; sensors; digital door locks; alarm central units; electric batteries; chargers for electric batteries; mobile power source (rechargeable batteries); encoded identity cards; digital signal processors; short-range radio apparatus; electronic access control systems for interlocking doors; electronic publications, downloadable; chips (integrated circuits); printed circuit boards; printed circuits; central processing units (processors) for processing information, data, sound or images; central processing units (processors); multiprocessor chips; smartglasses; smartwatches; computer hardware; computer memories; integrated circuit cards (smart cards); sleeves for laptops; tablet computers; covers for tablet computers; stands adapted for tablet computers; flat panel displays; flexible flat panel displays for computers; laptop computers; notebook computers; bags adapted for laptops; computer keyboards; mouse (computer peripheral); computer programs, recorded; computer software applications, downloadable; black boxes (data recorders); interactive touch screen terminals; humanoid robots with artificial intelligence; electronic sheet music, downloadable; smart rings; security tokens (encryption devices); personal digital assistants (PDAs); computer software platforms, recorded or downloadable; thin client computers; hand-held electronic dictionaries; computer screen saver software, recorded or downloadable; computer software, recorded; scales; bathroom scales; scales with body mass analyzers; downloadable graphics for mobile phones; wearable computers; downloadable mobile phone software applications; downloadable emoticons for mobile phones; portable digital electronic scales; computer operating programs, recorded; liquid crystal displays (LCD) with large screens; electronic diaries; liquid crystal displays (LCD); electronic pens; video image printers; computer styluses; computer programs, downloadable; pedometers; fingerprint identifier; human face recognition devices; smartphones; wearable activity trackers; cases for smartphones; covers for smartphones; protective films adapted for smartphones; transponders; network communication apparatus; modems; switchboards; transmitters of electronic signals; transmitting sets (telecommunication); stored program controlled telephone switching apparatus; radios; telecommunication apparatus in the form of jewellery; selfie sticks for mobile phones; holders for mobile phones; intercoms; monitoring apparatus, other than for medical purposes; video monitors; audio interfaces; electric and electronic effects units for musical instruments; equalizers (audio apparatus); security surveillance robots; wearable video display monitors; television apparatus; television apparatus for vehicles; ultra high-definition (UHD) televisions; wrist-mounted smartphones; digital photo frames; microphones; cabinets for loudspeakers; headphones; earphones; virtual reality headsets.

In respect of : Int'l Class 35 : Presentation of goods on communication media, for retail purposes; advertising; online advertising on a computer network; price comparison services; business information; commercial information and advice for consumers (consumer advice shop); business management assistance; provision of an online marketplace for buyers and sellers of goods and services; sales promotion for others; marketing; providing information in the field of marketing; alcoholic beverage procurement services for others (purchasing goods for other businesses); providing marketing consulting in the field of social media; outsourcing services in the nature of arranging procurement of goods for others; goods import-export agencies; search engine optimization for sales promotion; data search in computer files for others; accounting; business auditing; account auditing; accounting services for mergers and acquisitions; accounting for third parties; consulting and information concerning accounting; marketing in the framework of software publishing.

In respect of : Int'l Class 38 : Radio broadcasting; message sending; providing internet chatrooms; providing user access to a global computer network (service providers); providing access to databases; transmission of digital files; streaming of data; teleconferencing services; communications by cellular phones; videoconferencing services; video-on-demand transmission; computer aided transmission of messages and images; broadcasting programmes via the internet; internet broadcasting services; transmission of sound and images via satellites.

In respect of : Int'l Class 41 : Providing recreation facilities; entertainment information; entertainment services; game services provided on-line from a computer network; conducting fitness classes; audio and video recording services; providing entertainment information via a website; conducting guided tours; ticket agency services (entertainment); television entertainment; news reporters services; training in the field of communication technologies; educational services; instruction services; training services provided via simulators; providing information about online education; organization of competitions (education or entertainment); arranging and conducting of colloquiums; arranging and conducting of symposiums; arranging and conducting of conferences; arranging and conducting of concerts; arranging and conducting of in-person educational forums; online publication of electronic books and journals; providing online electronic publications, not downloadable; providing amusement arcade services; preparing subtitles for movies; production of radio and television programmes; providing online music, not downloadable; providing online videos, not downloadable; providing films, not downloadable, via video-on-demand services; providing television programs, not downloadable, via video-on-demand services.

In respect of : Int'l Class 42 : Technological research; research and development of new products for others; scientific research; technical project studies; telecommunications technology consultancy; computer programming; computer software design; updating of computer software; consultancy in the design and development of computer hardware; maintenance of computer software; recovery of computer data; conversion of data or documents from physical to electronic media; computer system design; creating and maintaining web sites for others; data conversion of computer programs and data (not physical conversion); computer software consultancy; rental of web servers; providing search engines for the internet; web site design consultancy; electronic data storage; providing information on computer technology and programming via a web site; cloud computing; computer technology consultancy; computer security consultancy; developing of driver and operating system software; information technology (IT) consultancy.

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintip@mipadvocate.com
myint.advocate@mptmail.net.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 48/50, 1st Floor, 36th Street
Kyauktada Township, Yangon,
Myanmar., P.O. Box : 1126
PH : 95 1 373 344, 95 1 372 209
Fax : 95 1 371 990

16 November 2019

# ယာဉ်အမည်ပြောင်းခွန်နှင့် ကားဝယ်ရောင်းပြဿနာ

သာထက်စံ



လှိုင်မြို့နယ်ရှိ လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းတနေရာ ဓာတ်ပုံ-ရွှေဖီး

မော်တော်ကားတစီး ဝယ်စီးတာပဲဖြစ်ဖြစ်၊ အိမ်ခန်းတခန်း ဝယ်နေတာပဲဖြစ်ဖြစ် ဝယ်လိုက်တဲ့သူဟာ သူဝယ်လိုက်တဲ့ပစ္စည်းကို သူ့နာမည်နဲ့ပဲ အမည်ပေါက်ဖြစ်ချင်တာ သဘာဝပါပဲ။ သူများနာမည်နဲ့ ကိုယ်ပိုင်ဆိုင်ထားရတာဟာ မပိုင်ဝက်မွေးဘဝမျိုးမို့ စိတ်ထဲမှာစနောင့်စနင်းဖြစ်ရမှာလည်း အသေအချာပါ။ ကိုယ့်လက်ထဲမှာ ပစ္စည်းကို ခဏပဲထားပြီး မကြာခင်မှာ ပြန်လက်လွှဲရောင်းချမယ့် ဝယ်ရောင်းတွေမှတပါး ဘယ်လိုပိုင်ရှင်မျိုးကမှ ကိုယ့်လက်ထဲကပစ္စည်းကို သူများအမည်ပေါက်ဖြစ်နေမှာ မလိုလားကြဘဲ ကိုယ့်အမည်ပေါက်ဖြစ်အောင် ပြောင်းလဲချင်စိတ်ရှိကြမှာ အမှန်ပါ။

ဒါပေမဲ့ များသောအားဖြင့် မော်တော်ကား အရောင်းအဝယ်ပြုလုပ်သူတွေအနေနဲ့ ကားတစီးကို အရောင်းအဝယ်လုပ်တဲ့အခါ အမည်ပြောင်းရတယ်ဆိုတဲ့ ပြဿနာကြီးက ကန့်လန့်ခံနေခြင်းက အရောင်းအဝယ်ပျက်စေနိုင်သလို ဖြစ်နေပါတယ်။ အခွန်တွေကို ၁၅ ရာခိုင်နှုန်းကနေ ၃ ရာခိုင်နှုန်းအထိ ဖြေလျှော့ပေးထားတာကလည်း မော်တော်ယာဉ်တွေ အမည်ပြောင်းဖို့ လမ်းစတခုဆိုပေမဲ့ လက်ရှိအခြေအနေမှာ ကားတစီး ပြည်ပက စတင်တင်သွင်းစဉ်ထဲကပင် ပေးဆောင်ရသော အခွန်ပမာဏမှာလည်း သိန်း ၅၀ သာရှိသော ကားတန်ဖိုးမှာပေးခဲ့ရသော **အကောက်ခွန် ကညန အခွန်ဘီးခွန် စသည့် အခွန်များနဲ့ပေါင်းပါက ကားတန်ဖိုး သိန်း ၅၀ က သိန်း ၂၀၀ အထိ ကျသင့်နေပါတယ်။ ထပ်မံ၍ ဖြေလျှော့ထားရှိသော အမည်ပြောင်းခွန် ၃ ရာခိုင်နှုန်းမှာလည်း သိန်း ၂၀၀ တန်ကားတစီးကို အခွန်ငွေ ၄ သိန်းပေးသွင်းရတော့မည်ဖြစ်ပါတယ်။**

ကားဝယ်ရောင်းလုပ်ကိုင်သူများအဖို့ လွယ်လွယ်ကူကူနှင့် အမည်ပြောင်းလုပ်ဆောင်ပေးတာကို လိုချင်ကြပြီး အခွန်ပေးသွင်းလိုက်သော်လည်း ကားရောင်းချပြီး ထပ်ကာထပ်ကာ ကားအရောင်းအဝယ်ဖြစ်နေတိုင်း ယာဉ်အမည်ပြောင်းလုပ်ဆောင်နေရမည်ကို မလိုလားကြပေ။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှလည်း လာမည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ကနဦးမှတ်ပုံတင်ခြင်း၊ နှစ်လဲသက်တမ်းတိုးခြင်း၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ နယ်ဝင်/နယ်ထွက်ခြင်း၊ ခရီးလွန်စစ်ဆေးခြင်း၊ စက်/ဆေး/ပြောင်းလဲခြင်း၊ မှတ်ပုံတင်အထောက်အထား ပျောက်ဆုံးခြင်း စသည်ဖြင့် ဆောင်ရွက်ပါက ယာဉ်အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင် (သို့မဟုတ်) အမည်ပေါက်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများဖြင့် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်သွားတော့မှာဖြစ်ရာ အထက်ပါကိစ္စရပ်များ တင်ပြနိုင်ခြင်းမရှိပါက ယာဉ်လက်ဝယ်ရှိသူ၏ အမည်သို့ပြောင်းရန် ပြည်တွင်းအခွန်များ ဦးစီးဌာနတွင် ဝင်ငွေခွန်ပေးဆောင်စေမည်ဖြစ်ကြောင်း ကညနမှ အောက်တိုဘာလ ၂၄ ရက်တွင် သတင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

ထိုထုတ်ပြန်ချက်နှင့်ပတ်သက်၍ မော်တော်ကားရောင်းဝယ်ရေးအသင်း(ရန်ကုန်)မှဥက္ကဋ္ဌ ဦးအောင်သန်းဝင်းက ''ယာဉ်အမည်ပေါက် ၃ ရာခိုင်နှုန်းကောက်ခံတာကို အောက်ခြေပြည်သူလူထုအခြေအနေကိုသေချာလေ့လာပြီး ကွင်းဆင်းလေ့လာဖို့ပါတယ်။ အခွန်ကောက်တယ်ဆိုတာ ကောက်သင့်ကောက်ထိုက်တယ်ဆိုရင်ကောက်ပါ။ မော်တော်ကားဆိုတာ စပြီးသွင်းလာကတည်းက သိန်း ၅၀ လောက်ပဲရှိတဲ့ကားက အခွန်နဲ့ပေါင်းရင် သိန်း ၂၀၀ လောက်ဖြစ်နေတယ်။ အခွန်ပေါင်းမြောက်မြားစွာပေးပြီး ကားသွင်းရတာ။ ဒါကို အခုအမည်ပြောင်းခွန် ထပ်ကောက်မယ်ဆိုတာ မဖြစ်သင့်ပါဘူး။ နိုင်ငံတော်ကအခွန်ရဖို့တခုထဲကြည့်လို့မရဘူး။ ပြည်သူတွေ ကားအသုံးပြုတဲ့သူတွေ နစ်နာနေတဲ့အတွက် ပြန်လည်စဉ်းစားပေးရန် လိုအပ်ပါတယ်။ အခုအမည်ပေါက်အခွန်ကို ကောက်ခံတာ နိုင်ငံတကာစံချိန်စံညွှန်းနဲ့ကောက်ခံရင် လက်ခံပါတယ်။ ကားသစ်လည်း ၃ ရာခိုင်နှုန်း ကားဟောင်းလည်း ၃ ရာခိုင်နှုန်းဆိုတာ မဖြစ်သင့်ပါဘူး။ ကားဟောင်းဆိုတာက ထပ်ကာထပ်ကာ အခွန်တွေပေးနေရတာ။ ဒီအမည်ပြောင်းအခွန်ကိစ္စကို ကားလောကသားတွေ နစ်နာတဲ့အတွက် ကားအသင်းအနေနဲ့ မဖြစ်မနေ တင်ပြတာလုပ်သွားမယ်''လို့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားခဲ့ပါတယ်။

ကညနအနေနဲ့ကလည်း မော်တော်ယာဉ်တစီးဟာ ပိုင်ရှင်အမှန် နေရပ်လိပ်စာအမှန်ဖြစ်ဖို့ တွန်းအားပေးနေသလို ကားတစီးအမည်ပေါက်မလုပ်ကြတဲ့အခါကျတော့ ကားတစီးဟာ ဒုစရိုက်မှုတခုခုနဲ့ ဆက်နွှယ်နေပြီဆိုရင် ရှာရဖွေရ အင်မတန်ခက်ခဲလှပါတယ်။ ကားနံပါတ်ကို ကွန်ပျူတာအချက်အလက်တွေထဲမှာ ရိုက်ထည့်ရှာလိုက်ပြီဆိုရင် ပေါ်လာမှာက အရင်ပိုင်ရှင်ရဲ့နာမည်နဲ့လိပ်စာပဲဖြစ်နေမှာပါ။

လက်ရှိပိုင်ရှင်ရဲ့ နာမည်နဲ့လိပ်စာဟာ အမည်ပြောင်းမှတ်ပုံတင်လာလုပ်ထားမှသာ အချက်အလက်ဖိုင်တွေထဲမှာ ဖြည့်သွင်းလို့ရမှာဖြစ်တာကြောင့် အမည်ပြောင်းလာမလုပ်ထားရင် အရင်ပိုင်ရှင်ရဲ့နာမည်နဲ့ နေရပ်လိပ်စာအတိုင်း လိုက်စုံစမ်းရတဲ့အခါ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်ကုန်နိုင်ပါတယ်။ စကားပုံ ခပ်ရိုင်းရိုင်းနဲ့ ပြောရရင် ယုန်တောင်ပြေး ခွေးမြောက်လိုက်ဆိုတဲ့စကားလို ဖြစ်နိုင်တဲ့အခြေအနေဖြစ်နေပါတယ်။

''နိုင်ငံတော်အနေနဲ့ အခွန်ရာခိုင်နှုန်းတွေလည်း ၃ ရာခိုင်နှုန်းအထိ ဖြေလျှော့ထားတာဖြစ်လို့ မော်တော်ယာဉ် အမည်ပေါက် နေရပ်လိပ်စာမှန်ကန်ဖို့ လာရောက်လုပ်ဆောင်ပေးကြဖို့ လိုပါတယ်။ လာမယ့်နှစ်လောက်ကစပြီး မော်တော်ယာဉ်ပိုင်ရှင် အမည်မှန်ကန်ဖို့ နေရပ်လိပ်စာမှန်ကန်ဖို့ကို လုပ်ဆောင်သွားဖို့ရှိပါတယ်။ ယာဉ်လိုင်စင်သက်တမ်းတိုး မလုပ်ခင်ကိုယ့်အမည်မှန်ဖို့ ပြည်တွင်းအခွန်မှာ အမည်ပြောင်းခွန်သွားဆောင်ဖို့ လိုပါတယ်။ မော်တော်ယာဉ်ဥပဒေမှာ နေရပ်လိပ်စာနဲ့ ယာဉ်ပိုင်ရှင်အမည် မှန်ကန်ရမယ်လို့ ဖော်ပြထားပြီးဖြစ်လို့ နေရပ်လိပ်စာမှန်ကန်ဖို့ ပိုင်ရှင်အမည်မှန်ဖို့ လုပ်ဆောင်ရမှာပါ။ မှတ်ပုံတင်ဌာနရုံးတာတို့ကတော့ လုပ်ငန်းလုပ်တဲ့အချိန် လွှတ်ပေမဲ့တချိန်ချိန် အမှုတခုခုဖြစ်လို့ စစ်ဆေးလို့ပေါ်ပေါက်ခဲ့ရင်တော့ တကယ်ကားမပိုင်ဘဲနဲ့ တရားရုံးမှာ မှတ်ပုံတင်ဌာနရုံးတာ ပေါ်ပေါက်ရင် အရေးယူမှာပါ။ ကညနအနေနဲ့ အမည်ပြောင်းခကို ကျပ် ၅၀၀၀ ပဲကောက်ခံမှာဖြစ်ပါတယ်။ သက်တမ်းရှိတဲ့ယာဉ်ဆိုရင် ကားလာစရာမလိုပါဘူး။ ယာဉ်ပိုင်ရှင်ရဲ့ မှတ်ပုံတင်လိုမယ်၊ သန်းခေါင်စာရင်းလိုမယ်၊ ရပ်ကွက်ထောက်ခံစာလိုမယ်၊ ပြည်တွင်းအခွန်ဦးစီးဌာနရဲ့ အခွန်ပုံစံ ၁ အခွန်စိမ်းစာရွက်လိုမယ်၊ ယာဉ်ပိုင်ရှင်ရဲ့ ခံဝန်ချက်လိုပါမယ်။ ဒါတွေပြည့်စုံရင် ပိုင်ရှင်ကိုယ်တိုင်ဖြစ်ဖြစ် သန်းခေါင်စာရင်းဝင် တယောက်ယောက်ဖြစ်ဖြစ် လာရင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်''လို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရန်ကုန်တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလျှန်ကျင့်မန်က ပြောကြားထားပါတယ်။

ဝန်ကြီးဌာနဘက်မှလည်း ပြန်ကြည့်ပါက မော်တော်ယာဉ်တစီးဟာ ပိုင်ရှင်အမည် မှန်မှန်ကန်ကန်ရှိဖို့လိုသလို နေရပ်လိပ်စာအမှန်ဖြစ်ဖို့ လိုအပ်ပါတယ်။ သို့သော်လည်း ရန်ကုန်မှတ်ပုံတင်ဝယ်ယူထားသော အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွင်နေထိုင်သူများ အမည်ပြောင်းပါက ပိုင်ရှင်အမည် နယ်နေရပ်လိပ်စာအတိုင်း ပြောင်းလဲမှတ်တမ်းတင်၍ နယ်ဝင်၊ နယ်ထွက်ဆောင်ရွက်ပေးမည်ဖြစ်ပါတယ်။ သို့သော် ပိုင်ရှင်က YGN ဒေသ Code ဖြင့် ဆက်လက်ထားရှိလိုလျှင် အမည်လိပ်စာကိုသာ ပြောင်းလဲမှတ်တမ်းတင်ပေးပြီး ဒေသ code ကို မူလအတိုင်း ဆက်လက်ထားရှိခွင့်ပြုမည်ဖြစ်သောကြောင့် နောင်သက်တမ်းတိုးဆောင်ရွက်ပါက ယခင်မှတ်ပုံတင်ရန်ကုန်ရုံးတွင်သာ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး နယ်ဝင်ခွင့်ပြုသည့် အချိန်မှာတော့ မူလနေထိုင်ရာလိပ်စာသို့အမှန်ပြန်ပြင်ရမည်ဖြစ်ကြောင်း ကညနမှ အသိပေးကြေညာထားပါတယ်။

အခြားတိုင်းဒေသကြီး ပြည်နယ်မှတ်ပုံတင်ယာဉ်ကို ဝယ်ယူထားသော ရန်ကုန်နေသူများ အမည်ပြောင်းပါက ပိုင်ရှင်အမည် နေရပ်လိပ်စာအမှန်ကို ပြောင်းလဲမှတ်ပုံတင်ပေးမည်ဖြစ်ပြီး ယခင်ဒေသ code ဖြင့် ယခင်မှတ်ပုံတင်ရုံး၌သာ သက်တမ်းတိုးဆောင် ရွက်ပေးမည်ဖြစ်ရာ YGN သို့ နယ်ဝင်ခွင့် ပြန်လည်ခွင့်ပြုချိန်တွင် ရန်ကုန်ရုံးသို့ နယ်ဝင်ခွင့်ပြုမည်ဖြစ်တယ်လို့ ဆိုပြန်ပါတယ်။

မော်တော်ယာဉ်တစီး အမည်ပြောင်းလုပ်ရမယ်ဆိုတာလည်း မှန်ကန်သလို အမည်ပြောင်းခြင်းအတွက် ပေးဆောင်ရမယ့် အခွန်အခတွေအတိုင်း အခွန်ဆောင်သူများတွက်လည်း အတိုင်းအတာတခုအထိ အခွင့်အရေးရမယ်။ အခွန်ဆောင်သူတွေ ကျေကျေနပ်နပ်ကြီး အခွန်ဆောင်နိုင်အောင် မလိုအပ်တဲ့ လုပ်ငန်းစဉ်တွေ ဖြေလျှော့ပေးမယ်။ တရားမဝင် စီးနင်းနေတဲ့ကားတွေ၊ ဆိုင်ကယ်တွေ ထိထိရောက်ရောက် ဖမ်းဆီးတာလုပ်မယ် ကားဝယ်ရောင်းလုပ်သူတွေအတွက် ကားတစီးအမည်ပြောင်းပြီး ရောင်းချခဲ့ပြီးရင် နောက်ကားတစီးဝယ်ယူတဲ့အခါ အခွန်တွေ ချေပေးမယ်ဆိုခဲ့ပါလျှင် တကယ်ကို ရှုပ်လည်းလျှောက်သာ ပျားလည်းစွဲသာ အခြေအနေမျိုးနဲ့ ကားလောက လုပသွားမှာ ဖြစ်ပါတယ်။ ထိုသို့ဆိုပါမူ ကားစီးနေရတဲ့ ပိုင်ရှင်အသစ်တွေလည်း ကိုယ့်လက်ထဲကကား ကိုယ့်နာမည်ပေါက်အဖြစ် စိတ်ရှင်းရှင်းသန့်သန့်နဲ့စီးနိုင်ရုံသာမက နိုင်ငံတော်အနေနဲ့လည်း လစ်ဟာင်းနေတဲ့ အခွန်အခဘဏ္ဍာငွေတွေ ပြည့်မီစွာရရှိသွားမှာဖြစ်လို့ ရှုပ်လည်းလျှောက်သာ ပျားလည်းစွဲသာတဲ့ Win-Win Situation ဖြစ်သွားနိုင်တယ်ဆိုတဲ့ နှစ်ဖက်လုံ အတွေးအမြင်ကို လာမယ့် ၂၀၂၀ နှစ်သစ်အမည်ပြောင်းခွန်ပေးဆောင်ရာမှာ အဆင်ပြေတဲ့နည်းလမ်းများ ထွက်ပေါ်နိုင်ပါစေကြောင်း ကြိုဆိုလက်ခံမျှော်လင့်နေကြောင်း နိုင်ငံသားတယောက်အနေနဲ့ မဂ်လာမောင်းခတ်လိုက်ရပါတယ်ခင်ဗျား။ **သာထက်စံ**




## 'Premium ဆန်တဲ့ည' ပွဲကို မန္တလေးမြို့တွင် ဒုတိယအကြိမ်ပြုလုပ်

Myanmar Premium သည် သောက်သုံးသူများအတွက် ထူးခြားဆန်းသစ်သော ခံစားမှုများရရှိစေရန်အတွက် 'Premium ဆန်တဲ့ည'ခေါင်းစဉ်ဖြင့် ဖျော်ဖြေရေးများ၊ ဂိမ်းအစီအစဉ်များ၊ ကံစမ်းမဲအစီအစဉ်များ စဉ်ဆက်မပြတ်ပြုလုပ်ပေးလျက်ရှိပြီး လွန်ခဲ့သည့် နိုဝင်ဘာ ၁ ရက်လည်း မန္တလေးမြို့ရှိ The Square Bar & Restaurant တွင် 'Premium ဆန်တဲ့ည'ကို ဒုတိယအကြိမ်အဖြစ်ပြုလုပ်ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါပွဲတွင် နာမည်ကျော်တေးသံရှင်များဖြစ်သည့် အာဇာနည်နှင့် ဟန်ထွန်းတို့က တေးသီချင်းများစွာနှင့် ဖျော်ဖြေတင်ဆက်သွားပြီး ကံစမ်းမဲနှင့် ဂိမ်းအစီအစဉ်များတွင်လည်း ပရိသတ်အများအပြား ဝင်ရောက်ပါဝင်ခဲ့ကြသည်။

Myanmar Premium သည် Myanmar Brewery Limited ၏ ထုတ်ကုန်ပစ္စည်းတမျိုးဖြစ်ပြီး သံဘူး၊ ပုလင်းနှင့်စည်ဘီယာသုံးမျိုးကို ထုတ်လုပ်ဖြန့်ချိထားသည်။ ■

www.free4readers.com

www.free4readers.com



www.free4readers.com




- နေ့တိုင်းဘုရားထိုင်ရှိခိုးပြီး ကိုယ်ချမ်းသာကောင်းစားရေးကိုသာ အာရုံစိုက်နေတဲ့ အတ္တကြီးသူ
- ဆင်းရဲလွန်းလို့ ကိုယ့်ကလေးကိုပြုပြီး ကျန်းမာရေးဌာနက နို့မှုန့်ထုတ်ရောင်းစားရသူ
- အိမ်ခန်းကောင်းကောင်းလေး ငှားနေချင်လို့ နှစ်လုံး သုံးလုံး ချဲထီထိုးရင်း ဘဝပျက်ရသူ
- ကိုယ်တိတ်တခိုးလေး ချစ်နေရသူရဲ့မင်္ဂလာသတင်းလေး သတင်းစာထဲမှာ
ဖတ်လိုက်ရတဲ့ ဆယ်ကျော်သက်ကောင်မလေးတယောက်
စသဖြင့် စသဖြင့် လူ့လောက ထွက်ပြေးမရတဲ့ ဘဝအထွေထွေ

# တင်တင်ဦး

## ထွက်ပြေးချင်သူ

ဝတ္ထုတိုစုစည်းမှု

ထွက်ပြီ

အရှေ့နေခြည်စာပေ- ၀၁ ၃၈၈၇၆၃၊ ၀၉ ၂၆၀၀၂၅၃၅၅
ပင်ရင်း- အမှတ် ၁၉၉၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါပြီ။




www.free4readers.com

News Watch WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၃၅) ၁၆-၁၁-၂၀၁၉ (စနေ)

# တာမွေမြို့နယ် နေရာ ၄ ခုမှတိုက်များကို စည်ပင်အင်ဂျင်နီယာဌာနမှပညာရှင်များ တိုင်းတာစစ်ဆေးမှုပြုလုပ်ပြီး လူနေထိုင်ရန် သင့်၊ မသင့်တွက်ချက်မည်

လျှပ်ဒဏ်ကြောင့် တိမ်းစောင်းခဲ့သည်ဆိုသော တာမွေမြို့နယ်အတွင်းရှိနေရာ ၄ ခုတို့မှ တိုက်များကို ရန်ကုန်စည်ပင် အင်ဂျင်နီယာ(ယာ/အုံ)မှ ပညာရှင်များက သွားရောက်တိုင်းတာစစ်ဆေးမှုပြုလုပ်ခဲ့ပြီး အဆိုပါတိုက်များတွင် လူနေထိုင်ရန် သင့်၊ မသင့် တွက်ချက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ''လောလောဆယ်မှာကတော့ လူနေထိုင်ရန် သင့်၊ မသင့်ပေါ့။ ဘယ်လောက်အထိကို အတိမ်းအစောင်းခံနိုင်မလဲ။ ဒါတွေကို ပညာရှင်တွေအနေနဲ့ သုံးသပ်ကြမှာပါ''ဟု တာမွေမြို့နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးလင်းက ပြောသည်။ တိုင်းတာစစ်ဆေးမှုပြုလုပ်ခဲ့သည့်တိုက်များမှာ အချပ်ပို(ဂ)သို့

## ပါမောက္ခချုပ်ဆရာတော် စင်ကာပူနိုင်ငံသို့ မကြာခဏကြွရောက် ဆေးကုသနေရ၊ ကျန်းမာရေးကြောင့် သာသနာပြုတာဝန်မှ အနားယူခွင့်ပြုခြင်းသာဖြစ်ဟု သာသနာရေးဝန်ကြီးဌာနထုတ်ပြန် အချပ်ပို(ခ)သို့

အချပ်ပို



# မြန်မာနိုင်ငံတွင် တရားမျှတမှုနှင့် သဟဇာတဖြစ်မှု သေချာပေါက် ထွန်းကားလာမည်ဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြား

မြန်မာနိုင်ငံတွင် တရားမျှတမှုနှင့် သဟဇာတဖြစ်မှုသေချာပေါက်ထွန်းကားလာမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ကျင်းပသည့် မြန်မာနိုင်ငံတွင်အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ) အဖွဲ့၏ တတိယအကြိမ် အကြံပြုဆွေးနွေးပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ''မိမိတို့ မျှော်မှန်းတောင့်တလျက်ရှိကြသော စည်ပင်ဝပြောမှုရှိသည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးတွင် အချပ်ပို(ခ)သို့

## ကုန်သည်စက်မှုအသင်းချုပ် နှစ်(၁၀၀)ပြည့် အခမ်းအနားတွင် ပြောကြားမည့် ဒေါ်အောင်ဆန်းစုကြည်၏မိန့်ခွန်း စီးပွားရေးလုပ်ငန်းရှင်များအတွက် ခွန်အားဖြစ်စေမည်ဟုဆို

ကုန်သည်စက်မှုအသင်းချုပ်တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အခမ်းအနားတွင်ပြောကြားမည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းသည် ပြည်တွင်းပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များအတွက် ခွန်အားဖြစ်စေမည်ဖြစ်ကြောင်း အသင်းချုပ်၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးဝင်းက ပြောသည်။ အသင်းချုပ်၏ နှစ် ၁၀၀ ပြည့်အခမ်းအနားကို လာမည့်နိုဝင်ဘာ ၂၂ ရက်တွင် နေပြည်တော် MICC II ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အချပ်ပို(ဂ)သို့

## ဖိလစ်ပိုင် Ayala ကော်ပိုရေးရှင်းက ဦးသိမ်းဝေပိုင် လုပ်ငန်းများတွင် ဒေါ်လာ ၂၃၈ သန်း ရင်းနှီးမြှုပ်နှံ

ဖိလစ်ပိုင်နိုင်ငံ၏အကြီးဆုံးနှင့် သက်တမ်းအရှည်ကြာဆုံးလုပ်ငန်းစုတခုဖြစ်သည့် Ayala ကော်ပိုရေးရှင်းက Surge Pun (ခေါ်) ဦးသိမ်းဝေပိုင်ဆိုင်သည့် ရိုးမ(YSH) နှင့် ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ(FMI)နှစ်ခုတွင် ဒေါ်လာ၂၃၈ သန်း ရင်းနှီးမြှုပ်နှံလိုက်ကြောင်း သတင်းရရှိသည်။ Ayala ကော်ပိုရေးရှင်းက အဆိုပါကုမ္ပဏီ ၂ ခုမှ ရှယ်ယာ ၂၀ ရာခိုင်နှုန်းစီ အသီးသီးဝယ်ယူခြင်းဖြစ်ပြီး ယခုဝယ်ယူမှုနှင့်အတူ မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုတွင် အချပ်ပို(ခ)သို့

## ဂျပန်နိုင်ငံမှ အဆောက်အဦ သန့်ရှင်းရေး စီမံခန့်ခွဲမှု လုပ်သားများ ထပ်မံခေါ်ယူ တလလုပ်ခလစာ ၁၅ သိန်းကျော် ရရှိမည်

အခြေခံမူဘောင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (MoC)အရ မြန်မာကျွမ်းကျင်လုပ်သားများကို ၅ နှစ်နေထိုင်ခွင့်ဖြင့် လုပ်ငန်းနယ်ပယ် ၁၄ မျိုး ခေါ်ယူသည့်အနက် ဒုတိယအကြိမ်အနေဖြင့် အဆောက်အဦသန့်ရှင်းရေးလုပ်သား ၂၀၀ ကိုထပ်မံခေါ်ယူလျက်ရှိကာ တလလုပ်ခလစာမြန်မာငွေကျပ် ၁၅ သိန်းကျော် ရရှိမည်ဖြစ်ကြောင်း အလုပ်သမား အချပ်ပို(ဂ)သို့

## မြိတ်ကျွန်းစုရှိကျွန်းများကို ရေယာဉ်ပျံဖြင့် လည်ပတ်နိုင်မည့် ခရီးစဉ်လုပ်ကိုင်ရန် ထိုင်းလုပ်ငန်းရှင်တဦး လာရောက်ဆွေးနွေး

အချပ်ပို(ခ)သို့



## သူရဲကောင်းတို့ရဲ့နေရာ

၊ ဇေယျတု(မကွေး) ၊



ဆရာစံနဲ့ သခင်ဘိုးလှကြီးရုပ်တုထားရာ ဝင်းထဲမှာ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ အမြင်မတင့်ဖြစ်နေလို့ NLD မကွေးတိုင်း အစိုးရသစ်လက်ထက်မှာ ရှင်းလင်းခဲ့ကြပါသေးတယ်။ လတ်တလောအခြေအနေမှာတော့ ရုပ်တုတွေရဲ့ဆေးသားတွေ မကောင်းတာ၊ ချုံနွယ်တွေ ပြန်ထူထပ်နေတာ၊ ဆရာစံရဲ့လက်ချောင်းထိပ်တွေ ကျိုးပဲ့ပြီး သံချောင်းတွေပေါ်နေ . . . စာ(၁၅)သို့

## ရန်ကုန်လေဆိပ်မှ အဝေးပြေးဂိတ်နှစ်ခုကိုအခြေပြုသည့် YBS ယာဉ်လိုင်းအသစ် ယာဉ်အစီးရေ ၂၀ ဖြင့် စတင်ပြေးဆွဲမည် အချပ်ပို(ဂ)သို့

www.free4readers.com



ရှေ့ဖုံး (မြန်မာနိုင်ငံတွင် တရားမျှတမှုနှင့် သဟဇာတဖြစ်မှု သေချာပေါက်ထွန်းကားလာမည်ဟု ...) မှအဆက်

ငြိမ်းချမ်းရေးအရေးပါပုံကို မြန်မာနိုင်ငံရှိ မိမိတို့အားလုံး သံသယအလျဉ်းမရှိကြပါကြောင်း၊ ငြိမ်းချမ်းရေးထွန်းကားခြင်းမရှိပါက ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုမရှိနိုင်သကဲ့သို့ သဟဇာတဖြစ်မှုနှင့် တရားမျှတမှုတို့လည်း ရှိနိုင်မည်မဟုတ်ပါကြောင်း၊ သဟဇာတဖြစ်မှုနှင့် တရားမျှတမှုတို့သည် ဘာသာတရား အများအပြား၏ အဆုံးအမဩဝါဒများအနက် အခြေခံအကျဆုံးသော တရားများပင်ဖြစ်ပါကြောင်း၊ အဆုံးအမဩဝါဒများအတိုင်း နာခံကျင့်ကြံကြခြင်းဖြင့် မိမိတို့ မြန်မာနိုင်ငံ၌ အဆုံးတနေ့တွင် တရားမျှတမှုနှင့် သဟဇာတဖြစ်မှုတို့ ထွန်းကားလာမည်မှာ သေချာပါကြောင်း၊ ဘာသာရေးအဆုံးအမ သွန်သင်ချက်များသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လူသားမျိုးနွယ်တရပ်လုံး၏ ကောင်းကျိုးစီးပွားတို့အတွက် လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များပင်ဖြစ်ပါကြောင်း၊ ယင်းသို့သော အဆုံးအမများသည် လူသားတို့ကိုစိတ်ကောင်းနှလုံးကောင်းရှိသူများအဖြစ်သို့ ရောက်ရှိစေပြီး စိတ်၏ငြိမ်းချမ်းခြင်းကို ပေးစွမ်းပါတယ်''ဟု ၎င်းက ပြောကြားသည်။

အကြိုပြုဆွေးနွေးပွဲသို့ ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့၏ ပထမအကြိမ်အကြိုပြုဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင်လည်းကောင်း၊ ဒုတိယအကြိမ်အကြိုပြုဆွေးနွေးပွဲကို RfP အဖွဲ့နှင့်ပူးပေါင်းလျက် ၂၀၁၉ ခုနှစ်၊ မေ ၇ ရက်မှ ၈ ရက်အထိ နေပြည်တော်ရှိသင်္ဂဟဟိုတယ်တွင်လည်းကောင်း ပြုလုပ်ခဲ့ပြီးဖြစ်သည်။

# ပါမောက္ခချုပ်ဆရာတော် စင်ကာပူနိုင်ငံသို့ မကြာခဏကြွရောက် ဆေးကုသနေရ၊ ကျန်းမာရေးကြောင့် သာသနာပြုတာဝန်မှ အနားယူခွင့်ပြုခြင်းသာဖြစ်ဟု သာသနာရေးဝန်ကြီးဌာနထုတ်ပြန်

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသသည် စင်ကာပူနိုင်ငံသို့ မကြာခဏကြွရောက်ဆေးကုသနေရပြီး ဆရာတော်ကြီး၏ကျန်းမာရေးအရ သာသနာပြုတာဝန်မှ အနားယူခွင့်ပြုခြင်းသာဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နိုဝင်ဘာ ၁၄ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။

ဆရာတော်ကြီး၏ လက်ရှိကျန်းမာရေးအခြေအနေအရ စင်ကာပူနိုင်ငံသို့ မကြာခဏကြွရောက်၍ ဆေးကုသမှုခံယူနေရပြီး ဆေးစစ်ချက်မှတ်တမ်းများအရ အသည်းအကျိတ်သည် ၁ ဒသမ ၄၃ စင်တီမီတာမှ ၂ ဒသမ ၂၁ စင်တီမီတာအထိ ရောက်ရှိနေသောကြောင့် Radio Frequency Ablation(RFA) နည်းစနစ်ဖြင့် ဆေးကုသမှုခံယူနေရကြောင်း၊ စစ်ဆေးကုသပေးလျက်ရှိသည့် ဆရာဝန်ကြီးများက လက်ရှိအခြေအနေတွင် အနားယူရန် လိုအပ်ကြောင်း၊ ခရီးဝေးကြွရောက်ရန်မသင့်လျော်ကြောင်းနှင့် တရားဓမ္မဟောပြောခြင်းများကို အချိန်ကာလတခုအထိ လုံးဝရပ်နားထားရန် ညွှန်ကြားထားကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ''ပါမောက္ခချုပ်ဆရာတော်ကြီးက အခု နိုဝင်ဘာမှာ သက်တော် ၈၀ ပြည့်ပါမယ်။ ပါမောက္ခချုပ်ဆိုတာ နိုင်ငံ့ဝန်ထမ်းဖြစ်ပါတယ်။ အပြင်တက္ကသိုလ်က ပါမောက္ခတွေနဲ့ အတူတူပါပဲ။ ထေရဝါဒတက္ကသိုလ်ရဲ့ဥပဒေ၊ နည်းဥပဒေမှာ ရဟန်းသံဃာများဖြစ်တာကြောင့် သက်တော် ၆၅ နှစ်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိပါတယ်။ နှစ်ပြည့်လို့ ကျန်းမာကြံ့ခိုင်နေတယ်။ ဆရာတော်ကြီးတွေကလည်း စိတ်အားထက်သန်နေတယ်ဆိုရင် တနှစ်တနှစ်နဲ့ ငါးကြိမ်ထပ်တိုးထမ်းဆောင်ခွင့်ပြုပါတယ်။ သက်တော် ၇၀ ဆိုရင်တော့ လုံးဝနားရမှာဖြစ်ပါတယ်။ ဆရာတော်ကြီးက သက်တော် ၈၀ လည်းပြည့်ပါပြီ။ ပင်လည်းပင်ပန်းနေပါပြီ။ ဆရာတော်ကြီးကိုယ်တိုင်ကလည်း ပါမောက္ခချုပ်ဆရာတော်အဖြစ်က အနားယူလိုကြောင်း ပြောတာကြာပါပြီ။ ထေရဝါဒတက္ကသိုလ်ရဲ့ ဥပဒေ၊ နည်းဥပဒေအရ အနားယူခြင်းသာဖြစ်ပါတယ်။ အများထင်မြင်ယူဆနေသလို သတင်းတွေမှာဖော်ပြနေသလို ဖိအားပေးအတင်းအကျပ်မဟုတ်ပါ။ ဆရာတော်ကြီးကို သက်တမ်းထပ်ထပ်ပြီး တိုးပေးထားတာ ၁၄ ကြိမ်ရှိပါပြီ''ဟု နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

ဆရာတော်ကြီးသည် ၁-၄-၁၉၉၉ ရက်နေ့မှ ၉-၆-၂၀၀၅ ရက်နေ့အထိ ညွှန်ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၀-၆-၂၀၀၅ ရက်နေ့မှ ၁၃-၁၁-၂၀၀၅ ရက်နေ့အထိ ဒုတိယပါမောက္ခချုပ်အဖြစ်လည်းကောင်း၊ ၁၄-၁၁-၂၀၀၅ ရက်နေ့မှ ၁၃-၁၁-၂၀၁၉ ရက်နေ့အထိ ပါမောက္ခချုပ်အဖြစ်လည်းကောင်း သာသနာပြုတာဝန်များကို အဆင့်ဆင့်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ **NW**

# မြိုတ်ကျွန်းစုရှိကျွန်းများကို ရေယာဉ်ပျံဖြင့် လှည့်ပတ်နိုင်မည့် ခရီးစဉ်လုပ်ကိုင်ရန် ထိုင်းလုပ်ငန်းရှင်တဦး လာရောက်ဆွေးနွေး

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့တွင် နိုင်ငံတကာလေဆိပ်တည်ဆောက်၍ မြိတ်ကျွန်းစုရှိကျွန်းများကို ရေယာဉ်ပျံဖြင့် သွားရောက်လည်ပတ်နိုင်သည့် ခရီးစဉ်လုပ်ကိုင်ရန် ထိုင်းလုပ်ငန်းရှင်တဦး လာရောက်ဆွေးနွေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA) မှ သိရသည်။

''ဒီနေ့ပဲ ထိုင်းနိုင်ငံသားလုပ်ငန်းရှင်တယောက် ကျွန်တော်နဲ့လာတွေ့ပါတယ်။ ထိုင်းနိုင်ငံမှာရှိတဲ့ ဖူးခက်တို့၊ ဖိဖိတို့ စတဲ့ကျွန်းတွေနဲ့ မော်လဒိုက်မှာရှိတဲ့ ကျွန်းတွေကို သူသွားကြည့်ပြီးပြီ အဲဒီကျွန်းတွေထက် မြိတ်ကျွန်းစုမှာရှိတဲ့ ကျွန်းတွေက ပိုလှပြီးတော့ သဘာဝအတိုင်း ရှိနေသေးတာကို သူသိတယ်တဲ့။ အဲဒီမှာ ကျွန်းပေါင်း ၈၀၀ ကျော်ရှိတယ်။ လုပ်ငန်းလုပ်နေတဲ့ကျွန်းက ၁၀ ကျွန်းလောက်ပဲရှိတယ်။ သူပြောတာက ကျွန်းတွေကို နိုင်ငံခြားခရီးသွားတွေ လာရောက်လည်ပတ်နိုင်ဖို့အတွက် ကော့သောင်းမှာ နိုင်ငံတကာလေဆိပ်တခုဆောက်မယ်။ ကော့သောင်းကနေ ရေယာဉ်ပျံနဲ့ ခရီးသည်တွေသွားချင်တဲ့နေရာကို လိုက်ပို့မယ်။ ကျွန်းတွေနားမှာ Speed Boat စီးလို့ရအောင်လုပ်သွားမယ်ဆိုတဲ့ အစီအစဉ်ကို ဒီနေ့လာရှင်းပြသွားတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီလိုလုပ်ငန်းမျိုးလုပ်ချင်တယ်ဆိုရင် ဘယ်လိုတွေဆောင်ရွက်သင့်တယ်ဆိုတဲ့ အကြံဉာဏ်ကောင်းတွေပေးလိုက်ပါတယ်''ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန့်စင်လွင်က News Watch သို့ နိုဝင်ဘာ ၁၄ ရက်တွင် ပြောသည်။

ထို့ပြင် လုပ်အားခသက်သာသည့်အတွက် မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများတိုးတက်ဝင်ရောက်လျက်ရှိပြီး ထိုင်းနိုင်ငံ၏စီးပွားရေးလုပ်ငန်းရှင်များကလည်း လုပ်အားခသက်သာသည့်အတွက် မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လိုခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

''ထိုင်းနိုင်ငံအတွင်းမှာရှိနေတဲ့ လုပ်ငန်းတွေရဲ့လုပ်ခလစာကြောင့် မြန်မာနိုင်ငံကိုရွှေ့မယ်ဆိုပြီး လာဆွေးနွေးနေကြတာတွေရှိပါတယ်''ဟု ဦးသန့်စင်လွင်က ပြောသည်။



မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် လာရောက်ဆွေးနွေးကြသည့်အထဲတွင် LED လုပ်ငန်း၊ မော်တော်ကားအပိုပစ္စည်းထုတ်လုပ်ရေးနှင့် မော်တော်ကားအလှဆင်ပစ္စည်း ထုတ်လုပ်ရေးတို့ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်းကလည်း ထိုင်းနိုင်ငံအခြေစိုက် Amata Group အောက်ရှိ Yangon Amata Smart and Eco City Ltd မှ Development and Operation of Smart and Eco City and Related Businesses ကဏ္ဍကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းနှင့် တောင်ပိုင်းမြို့နယ်လေးထောင့်ကန်အနီးရှိ မြေဧရိယာ ဧက ၂၀၀၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအားဖြင့် အမေရိကန်ဒေါ်လာသန်း ၂၇၄ ဒသမ ၆၈၀ ကို ရင်းနှီးမြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ နိုင်ငံပေါင်း ၅၀ မှ လုပ်ငန်းပေါင်း ၁၈၃၇ ခု လာရောက်ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၈၇၄ ဘီလီယံရှိကြောင်းနှင့် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော်ရှိပြီး တတိယမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

**နန္ဒမျိုးဆောင်**

ရှေ့ဖုံး (ဖိလစ်ပိုင် *Ayala* ကော်ပိုရေးရှင်းက ဦးသိမ်းဝေပိုင်လုပ်ငန်းများတွင် ဒေါ်လာ ၂၃၈ သန်း ရင်းနှီးမြှုပ်နှံ) မှအဆက်



Ayala သည် အကြီးဆုံးသော ဖိလစ်ပိုင်လုပ်ငန်းဖြစ်လာခဲ့သည်။

Ayala လုပ်ငန်းစု၏ ပိုင်ရှင်ဂျေမီဩဂတ်စတို ဇိုဘယ်အာယာလာသည် ဖိလစ်ပိုင်နိုင်ငံတွင် ပဥ္စမမြောက်အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်ပြီး ၎င်း၏ကြွယ်ဝမှုမှာ ၃ ဒသမ ၇ ဘီလီယံရှိသည်။

Surge Pun (ခေါ်) ဦးသိမ်းဝေ၏ ချမ်းသာကြွယ်ဝမှုမှာ ဒေါ်လာသန်း ၈၀၀ ရှိပြီး စင်ကာပူနိုင်ငံတွင် အချမ်းသာဆုံးပုဂ္ဂိုလ်များစာရင်းတွင် နံပါတ် ၃၅ ချိတ်သည်။ ၎င်းသည် YSH နှင့် FMI ကုမ္ပဏီ ၂ ခုစလုံး၏ ဥက္ကဋ္ဌဖြစ်သည်။

စင်ကာပူစတော့ဈေးကွက်ဝင် YSH သည် ဒုတိယသုံးလပတ်တွင် အသားတင်အရှုံးငွေဒေါ်လာ ၄၄ သန်းရှိခဲ့ပြီး စုစုပေါင်းဝင်ငွေမှာလည်း ယခင်နှစ်ကထက် ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းသွားချိန်တွင် Ayala က ယခုကဲ့သို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံလိုက်ခြင်းဖြစ်သည်။ Ayala ၏ရှယ်ယာဝယ်ယူမှုသတင်းကြောင့် YSH ရှယ်ယာတန်ဖိုး ၃ ရာခိုင်နှုန်းကျဆင်းနေရာမှ ၁၄ ရာခိုင်နှုန်းခန့် ထိုးတက်သွားခဲ့သည်။ FMI ၏ရှယ်ယာဈေးနှုန်းမှာမူ တနှစ်ပတ်လုံးအပြောင်းအလဲမရှိလှဘဲ နိုဝင်ဘာ ၁၃ ရက်တွင် ရှယ်ယာတခုလျှင် ကျပ် ၁၁၀၀၀ ဖြင့် ဈေးပိတ်သွားခဲ့သည်။

''အခုလိုပူးပေါင်းလုပ်ကိုင်တယ်ဆိုတာ Ayala အနေနဲ့ မြန်မာနိုင်ငံရဲ့ အနာဂတ်ကိုယုံကြည်လို့ ဖြစ်ပါတယ်။ နောက်ပြီး မြန်မာနိုင်ငံမှာ Yoma ရဲ့ လုပ်ငန်းပုံစံကိုလည်း အသိအမှတ်ပြုတဲ့ သဘောဖြစ်ပါတယ်''ဟု ဦးသိမ်းဝေက ပြောသည်။

၂၀၁၇ ခုနှစ်နောက်ပိုင်း မြန်မာ့စီးပွားရေးအနာဂတ်နှင့်ပတ်သက်၍ နိုင်ငံတကာယုံကြည်မှုကျဆင်းသွားခဲ့သည်။ မြန်မာသည် နှစ်စဉ် GDP ၆ ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး အရှေ့တောင်အာရှဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုနှုန်းအမြန်ဆုံးဟုဆိုသော်လည်း Ayala ၏ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုမှာ လောင်းကစားဆန်ဆန် အရဲစွန့်မှုဖြစ်သည်။

''လာမယ့် နှစ် ၃၀၊ နှစ် ၅၀ မှာ မြန်မာနိုင်ငံဟာ လက်ရှိထက်အများကြီးပိုပြီး ကြွယ်ဝချမ်းသာပြီး ခေတ်မီတိုးတက်လာမယ်ဆိုတာ သံသယဖြစ်စရာမရှိဘူး''ဟု Yoma ၏ CEO၊ ဦးသိမ်းဝေ၏ သားဖြစ်သူ Melvin Pun က ပြောသည်။

မြန်မာနိုင်ငံသို့ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ အတက်ဘက်သို့ဦးတည်နေပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီအတွင်း FDI ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံဝင်လာခဲ့ကြောင်း ADB ၏ အချက်အလက်များအရ သိရသည်။

''ရိုးမနဲ့ မိတ်ဖက်ဆောင်ရွက်မှုကနေပြီး Ayala အတွက် မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာပါဝင်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်''ဟု Ayala က ပြောသည်။

Yoma နှင့် Ayala တို့၏မိတ်ဖက်ဆောင်ရွက်မှုသည် ယခုအကြိမ်ပထမဆုံးမဟုတ်ဘဲ ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက Ayala အောက်ရှိ စွမ်းအင်လုပ်ငန်းတခုနှင့် ရိုးမတို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများကို ဖက်စပ်လုပ်ကိုင်မည်ဟု ထုတ်ပြန်ခဲ့သည်။ **ဝီရ**

www.free4readers.com

# လောကပါလတရားများထွန်းကားရန် အရေးကြီး၊ ဘာသာတရားအဆုံးအမများမှာ မေတ္တာတရားဖြင့်နေထိုင်ပြီး မကောင်းမှုကို ရှောင်ရှားရန်ဖြစ်ဟု ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြော

လောကပါလတရားများထွန်းကားရန်အရေးကြီးကြောင်းနှင့် ဘာသာတရားအသီးသီး၏ တူညီသည့်လမ်းညွှန်မှု အဆုံးအမများမှာ မေတ္တာတရားဖြင့်နေထိုင်ပြီး မကောင်းမှုကို ရှောင်ရှားရန်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားသည်။

နိုဝင်ဘာ ၁၄ ရက်တွင် နေပြည်တော်သင်္ဂဟဟိုတယ်၌ ပြုလုပ်သည့် တတိယအကြိမ်မြောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တက်ရောက်အမှာစကားပြောကြားရာ ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ယင်းဆွေးနွေးပွဲကို ငြိမ်းချမ်းမေတ္တာ




အဖွဲ့ကစီစဉ်ပြုလုပ်ခြင်းဖြစ်ပြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် ပထမဆုံးအကြိမ် တက်ရောက်အမှာစကား ပြောကြားခြင်းဖြစ်သည်။

လူသားအားလုံးအတွက် အခြေခံလိုအပ်ချက်သည် စားဝတ်နေရေးဖူလုံရန်ဖြစ်ကြောင်း၊ အေးချမ်းစွာ လုပ်ကိုင်စားသောက်ခွင့် ရရှိရန်ဖြစ်ကြောင်း၊ ယင်းအခြေခံအချက်များအတွက် အရေးကြီးဆုံးမှာ ငြိမ်းချမ်းရေး၊ တနည်းအားဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်ချက်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ငြိမ်းချမ်းခြင်းဆိုသည့် လောကပါလတရားထွန်းကားရမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောသည်။

''ဒီအတွက် ဘာသာတရားအသီးသီးရဲ့တူညီတဲ့လမ်းညွှန်မှု အဆုံးအမတွေကတော့ မေတ္တာတရားဖြင့် နေထိုင်ကာ မကောင်းမှုအကုသိုလ်ကို ရှောင်ကြဉ်ပြီး ကောင်းမှုကုသိုလ်ကိုသာ လုပ်ဆောင်ကြဖို့ မေတ္တာနဲ့ ကောင်းမှု၊ မကောင်းမှုကို ခွဲခြားသိမြင်တဲ့ အသိဉာဏ်တွေကို ရှာမှီးကြဖို့၊ ကောင်းမှုကိုသာပြုပြီး မကောင်းမှုတွေကို မပြုတဲ့ ကိုယ်ကျင့်သီလ ကာရိုက်တာကို စောင့်ထိန်းကြဖို့တွေသာ ဖြစ်ပါတယ်'' ဟုလည်း ၎င်းက ပြောကြားသည်။

နိုင်ငံသားအများစုကိုးကွယ်ကြသည့် ဘာသာကို နိုင်ငံတိုင်းက အလေးအနက်ထားကြကြောင်း၊ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုတွင် ခရစ်ယာန်ဘာသာကို ကိုးကွယ်သူ ၇၃ ရာခိုင်နှုန်းခန့်၊ အိန္ဒိယနိုင်ငံတွင် ဟိန္ဒူဘာသာကိုးကွယ်သူ ၈၀ ရာခိုင်နှုန်းခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အစ္စလာမ်ဘာသာကိုးကွယ်သူ ၈၉ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံသားအများစုကိုးကွယ်သည့်ဘာသာကို ယင်းနိုင်ငံများက အလေးအနက်ထားကြသည်ကို သတိပြုမိမှာဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

**ထွန်း(နေပြည်တော်)**

# ဂျပန်နိပွန်ဖောင်ဒေးရှင်းမှ ပဋိပက္ခဒဏ်သင့်ပြည်သူများအတွက် လေးကေ့ကော်ကျေးရွာတွင် နေအိမ်အလုံး ၁၀၀ ထပ်မံတည်ဆောက်ပြီးစီး



ဂျပန်နိပွန်ဖောင်ဒေးရှင်းမှ မြဝတီလေးကေ့ကော်ကျေးရွာတွင် ပဋိပက္ခဒဏ်သင့်ရှောင်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဒုတိယအဆင့်လုပ်ငန်းဆောင်ရွက်ချက်၏ တစိတ်တပိုင်းအဖြစ် နေအိမ်အလုံး ၁၀၀ တည်ဆောက်ပြီးစီးကြောင်း သတင်းရရှိသည်။

နိပွန်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုတွင် ကူညီဆောင်ရွက်သည့်အနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ ဂျပန်အစိုးရ၊ မြန်မာအစိုးရ၊ သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများနှင့်လက်တွဲ၍ ပဋိပက္ခဖြစ်ပွားရာနေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကျေးရွာတွင် ပထမအကြိမ်နှင့် ဒုတိယအကြိမ် စုစုပေါင်းနေအိမ်အလုံး ၂၀၀ တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပထမအကြိမ်လုပ်ငန်းဖော်ဆောင်မှုကို ၂၀၁၆ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ် ဖွန်လအတွင်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပဋိပက္ခဒဏ်သင့်ပြည်သူ ၆၀၀၀ဦးအတွက် စုစုပေါင်းနေအိမ် ၁၂၅၀ လုံး၊ ကျောင်း ၇ ကျောင်း၊ ဆေးခန်း ၃ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁ ခု၊ တံတား ၁ စင်းနှင့် ရေတွင်း ၅ တွင်းကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဒေါ်လာ ၁၁ သန်း အကုန်အကျခံတည်ဆောက်ပေးခဲ့သည်။

ဒုတိယအကြိမ်လုပ်ငန်းဆောင်ရွက်မှုကို ၂၀၁၇ ခုနှစ် နိုဝင်ဘာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် ပဋိပက္ခဒဏ်သင့်ပြည်သူ ၁၀၀၀၀ အတွက် စုစုပေါင်း နေအိမ် ၁၆၅၀ လုံး၊ ကျောင်း ၂၇ ကျောင်း၊ ကျန်းမာရေးစင်တာ ၇ ခုနှင့် ရေတွင်း ၂၈ တွင်းကို အလားတူဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဒေါ်လာ ၂၅ သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့သည်။

နိပွန်ဖောင်ဒေးရှင်းအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပြင် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ယုံကြည်မှုတည်ဆောက်ရေး၊ တွေ့ဆုံဆွေးနွေးမှုများတွင်လည်း ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်ပြီး တတိယအကြိမ်လုပ်ငန်းဆောင်ရွက်ချက်အဖြစ် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ယခုနှစ် အောက်တိုဘာလမှစတင်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေါ်လာ ၂၅ သန်း အကုန်အကျခံ၍ ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

လေးကေ့ကော်ရွာသည် ပဋိပက္ခဒဏ်သင့်ဒေသအတွင်းတွင် တည်ရှိပြီး ယနေ့အချိန်အထိ အကန့်အသတ်ဖြင့်သာ ဝင်ထွက်သွားလာခွင့်ပြုထားသည့်နေရာဖြစ်သည်။ လေးကေ့ကော်ကျေးရွာတွင် နေအိမ် အလုံး ၁၀၀ တည်ဆောက်ပြီးစီးမှု အခမ်းအနားကို လာမည့် နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ဝိရ**

# ၉ တန်းအောင်ပြီးသူများ အကူသူနာပြုသင်တန်း လျှောက်ထားနိုင်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနက အခြေခံပညာ နဝမတန်း (၉တန်း) အောင်ပြီးသူများ လျှောက်ထားနိုင်သည့် အကူသူနာပြု (ပြင်ပ)သင်တန်း လျှောက်လွှာခေါ်ယူနေကြောင်း သိရသည်။

ယင်းသင်တန်းမှာ ၉ လကြာမြင့်မည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် လျှောက်လွှာခေါ်ယူခြင်းဖြစ်ကြောင်း ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှက News Watch သို့ ပြောသည်။

သင်တန်းကာလအတွင်း နေထိုင်စားသောက်စရိတ်ကို သင်တန်းသားအစီအစဉ်ဖြင့် ကျခံသုံးစွဲရမည်ဖြစ်ပြီး ဌာနက တာဝန်ယူမည်မဟုတ်ကြောင်း သိရသည်။

''နေထိုင်စားသောက်စရိတ်ကိုတော့ သင်တန်းသားက သူ့အစီအစဉ်နဲ့သူ ကျခံသုံးစွဲရမယ်။ တခြားသင်တန်းကြေးတော့ မရှိပါဘူး''ဟု

**အချုပ်ပို(၇)သို့**

# ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် စပါးဈေးအလွန်အမင်းကျဆင်းနေမှုကိုကုစားရန် စပါးဝယ်ယူရေးအတွက် အစိုးရက ကျပ် ၁၃ ဘီလီယံ အသုံးပြုမည်

စပါးဈေးအလွန်မင်းကျဆင်းမှုကို ကုစားရန်အတွက် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် အစိုးရက အခြေခံစပါးပေါက်ဈေးအတိုင်း ဝယ်ယူမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာနမှ သိရသည်။ လက်ရှိအချိန်တွင် ယင်းတိုင်းဒေသကြီးနှစ်ခုတွင် အစိုးရထုတ်ပြန်ထားသည့် အခြေခံရည်ညွှန်းစပါးဈေးနှုန်း တင်း ၁၀၀ လျှင် ကျပ် ၅ သိန်းနှုန်းအောက်ကျဆင်းနေသည့်အတွက် တောင်သူများနစ်နာမှုမရှိစေရန် ဝယ်ယူခြင်းဖြစ်သည်။

''ကျွန်တော်တို့ အတည်ပြုလို့ရတဲ့ အနေအထားအရ ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းတွေမှာ စပါးဈေးဆိုးဆိုးရွားရွားကျဆင်းနေတာ တွေ့ရတယ်။ အဲဒီလိုနေရာမျိုးတွေကိုပဲဝယ်မှာဖြစ်ပြီး တတိုင်းလုံးကိုဝယ်တာမဟုတ်ဘူး။ သတ်မှတ်တဲ့မြို့နယ်ရှိတယ်''ဟု စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆွေတင့်ကြူက News Watch သို့ပြောသည်။ အစိုးရအနေဖြင့် စပါးဝယ်ယူရန် ပဲခူးတိုင်းဒေသကြီးတွင် ကျပ် ၈ ဘီလီယံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကျပ် ၅ ဘီလီယံ စုစုပေါင်းကျပ် ၁၃ ဘီလီယံ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် အစိုးရကိုယ်စား စပါးဈေးကျဆင်းမှုကို ကုစားရန်အတွက် စပါးဝယ်ယူပေးရန် အရန်သင့်လုပ်ထားကြောင်း၊ အခြေခံစပါးဈေးထက် အလွန်အမင်ကျဆင်းနေသည့် နေရာများတွင်သာ ဝယ်ယူပေးမည်ဖြစ်ကာ ဝယ်ယူရာတွင်လည်း ဝန်ကြီးဌာနကသတ်မှတ်သည့် အခြေခံစပါးဈေးနှုန်းအတိုင်း ဝယ်ယူမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

''အခုလိုအစိုးရကနေ ဝယ်ပေးမယ်ဆိုတော့ ပိုကောင်းတာပေါ့။ ဖြစ်နိုင်ရင် မြန်မြန်ဝယ်ပေးစေချင်ပါတယ်။ အခုကျွန်တော်တို့ဘက်မှာ ကုန်သည်တွေလာကောက်နေတာက အမြင့်ဆုံး လေးသိန်းရှစ်သောင်း၊ တချို့ဆိုရင် လေးသိန်းငါးသောင်းနဲ့ဆိုတော့ အတော်ကိုနစ်နာပါတယ်။ အခြေခံစပါးဈေးနှုန်းနဲ့ ဝယ်ယူရင်တောင် ကျွန်တော်တို့တွေအသက်ရှူ မချောင်သေးပါဘူး''ဟု ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ လယ်သမားကြီး ဦးဝင်းအောင်က ပြောသည်။

အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ၊ ကင်းစင်ကာ အရောင်အသွေးသတ်မှတ်ချက်နှင့် ကိုက်ညီသော ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ကို ကျပ် ၅ သိန်းဖြင့်ဝယ်ယူရန် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က အောက်တိုဘာ ၁၅ ရက်က သတင်းထုတ်ပြန်ထားသည်။

**TCM**